www.burmeseclassic.com



# ပျိုး

## လေချွန်သံ
## ကျောတစ်ခင်းစာ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ဗျူး

လေချွန်သံ ကျောတစ်ခင်းစာ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ဖျူးစာပေ)
အမှတ်-၅၂၀(က)၊ အင်းဝ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၀၃၂၆) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ ဓော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
ဇော်ဝိုင်
အတွင်းဖလင်
ကိုဇင်ဦးနှင့်ညီများ
ပုံနှိပ်ခြင်း
ပထမအကြိမ် (ပြန်လည်စုစည်းမှု)
၂၀၁၇ ခုနှစ်၊ မေလ
တန်ဖိုး-၁၅၀၀ ကျပ်၊ အုပ်ရေ- ၅၀၀
ဖြန့်ချိရေး
ဖျူးစာပေ
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

ဖျူး
လေချွန်သံ ကျော်တစ်ခင်းစာ
ဖျူးစာပေ၊ ၂၀၁၇။
၃၂၈-စာ၊ ၁၂ x ၁၈ စင်တီ။
(၁) လေချွန်သံ ကျော်တင်ခင်းစာ

BURMESE CLASSIC

## အခန်း (၁)

"ရတယ် မင်းကြိုက်သလို ဆုံးဖြတ်"

သူ ဂရုမစိုက်စွာ နောက်ပြန်လှည့်၏။ သူမ အံကလေးတစ်ချက်ကြိတ်၍ ဖျတ်ခနဲ ပိတ်ရပ်သည်။

"ကျွန်မ ဘယ်လိုဆုံးဖြတ်မလဲဆိုတာ ရှင်မစောင့်တော့ဘူးလား"

မပြုံးမရယ်နှင့် သူ့နှုတ်ခမ်းက လှုပ်သည်ဆိုရုံလေး လှုပ်ရှားသွားသည်။

"ဆောရီး အိမ္မန် စိတ်ဝင်စားမှုဆိုတာ လစ်မစ်ရှိတယ်"

"ဘာ"

ပြာလဲ့လဲ့ မျက်မှန်နောက်က သူ့မျက်ဝန်းတွေမှာ အကြင်နာမရှိ ကျောခိုင်းသွားသည့် ခြေလှမ်းတို့က တွေဝေတွန့်ဆုတ်ခြင်းကင်းမဲ့နေသည်။ မိန်းမတို့ကို စိတ်မဝင်စားဘဲ တစ်ယောက်ပြီးတစ်ယောက် တွဲနေတတ်သည့် "ဆောင်းမင်းဆက်"။

ဘယ်အထိအောင် ခက်ခဲခက်ခဲ ချက်ချင်း သူ့ရှေ့ရောက်လာအောင် ယူနိုင်သည့် အရည်အချင်းတွေလည်း သူ့မှာရှိနေပြန်သည်။ သူ ဘယ်လောက်ထိ ချမ်းသာသလဲ။ ဘယ်သူမှ မခန့်မှန်းနိုင်သလို ဘာလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



တွေ လုပ်နေသူဆိုတာလည်း မသိကြ။

သေချာတာတစ်ခုပဲရှိသည်။ ဆောင်းမင်းဆက် ဘယ်နေရာရောက်နေနေ သူရှိနေသည့်နေရာသည် သူပိုင်တဲ့နေရာ ဖြစ်နေခြင်း။ သူ့ရဲ့ဘေးမှာ အဆင့်အတန်းမနိမ့်ကျသော ပြည့်စုံလှပသည့် မိန်းမချောလေးတွေ မရိုးနိုင်စွာ ရှိနေတတ်ခြင်းသည် ဆောင်းမင်းဆက်နှင့် ပတ်သက်သမျှ လူအတော်များများ သိထားကြသည့် အကြောင်းများပင်ဖြစ်သည်။

## အခန်း (၂)

"ဟိတ် မလုပ်နဲ့လေ"

အသံနှင့်အတူ ပခုံးကို ခပ်ဆတ်ဆတ် အပုတ်ခံလိုက်ရတော့ မေဝတီ မျက်လုံးဝိုင်းဝိုင်းလေးနှင့် လှည့်ကြည့်သည်။

"ဒီအံဆွဲဖွင့်မိတာ ဝတီမှာ အပြစ်ရှိလားမောင်"

ဆောင်းမင်းဆက် မွေ့ရာပေါ်မှာ ခုန်ထ၍ ချွတ်ထားသည့်အကျီကို လှမ်းယူလိုက်သည်။

"အဲဒါ တစ်ခုပြောချင်တယ်၊ ငါနဲ့ပတ်သက်သမျှ ငါပေးတာကလွဲပြီး ဘာတစ်ခုမှ မထိမကိုင်ပါနဲ့ ဝတီ"

မေဝတီ မွေ့ရာပေါ်မှာ ခြေထောက်ချထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။

"အဲဒီလို ရင့်ရင့်သီးသီး မပြောပါနဲ့ မောင်၊ မောင့်ကိုချစ်လို့ ဝတီက တစ်ဘဝလုံးကို ယုံယုံကြည်ကြည်ပုံအပ်ခဲ့တဲ့ မိန်းကလေးပါ၊ မောင်ကကျတော့ ဒါလေးတောင် အယုံအကြည်မဲ့တာ သဘာဝမကျဘူး"

ဆောင်းမင်းဆက် ဘာစကားမှပြန်မပြောဘဲ အိပ်ရာထက်မှ ထိုင်ရင်း ဘောင်းဘီအနားစကို ခြေသလုံးထိ လိပ်တင်၍ ဗိုနင်ပြီးနေသည်။ မေဝတီ မကျေနပ်နိုင်သလို စူးစူးရှရှ ပြန်ကြည့်၏။

www.burmeseclassic.com



"အဲဒီ အံဆွဲထဲမှာ ဘာရှိနေသလဲဆိုတာကို ဝတီ စိတ်ဝင်စားခဲ့တာမဟုတ်ဘူး၊ ဒါပေမဲ့ အမှတ်တမဲ့ စပ်စုချင်တဲ့စိတ်နဲ့ လှမ်းကိုင်လိုက်မိတာ၊ ဒါကို မောင် ဒီလိုပုံကြီးချဲ့တာ ဝတီ မကျေနပ်ဘူး"

"မင်းကျေနပ်အောင် ငါ ဖန်တီးမပေးတတ်တာ ဆောရီးပဲ ဝတီ၊ လာ သွားမယ်"

"ဟင့်အင်း ဝတီ ကျေနပ်အောင် မောင် တစ်ခုခုဖြေရှင်းသင့်တယ်၊ မောင့်ကို ဝတီ မကျေနပ်သေးဘူး"

ဆောင်းမင်းဆက် မျက်မှောင်ကုပ်သွားသည်။

"ဒီမှာ ဝတီ"

မေဝတီ့ပခုံးကို ခပ်ကြမ်းကြမ်း ဆွဲကိုင်သည်။

"ငါဟာ မင်းတွေ့ဖူးတဲ့ယောကျ်ားမျိုးတွေထဲက မဟုတ်ဘူးဆိုတာ မင်းနားလည်ရင် ငါ့ဆီကဖြေရှင်းဖို့ကို မင်း မမျှော်လင့်သင့်ဘူး"

မေဝတီ ဒေါသကြောင့် အသားတွေတဆတ်ဆတ်တုန်လာသည်။

သူ့လက်တွေကို အတင်းဖြေချ၍ မျက်နှာကိုမော့၏။

"ဝတီကလည်း ရှင်တွေ့ဖူးတဲ့မိန်းမတွေလိုမဟုတ်ဘူး မောင်၊ ဝတီမှာ ပညာရှိတယ်၊ စည်းစိမ်ဥစ္စာ အပြည့်ရှိတယ်၊ ဝတီ မောင့်ကိုချစ်ခဲ့တာ အားကိုးလို့လည်း မဟုတ်ဘူး၊ မက်မောလို့လည်း မဟုတ်ဘူး၊ မောင် အချစ်ကိုနားလည်ရဲ့လား၊ အချစ်ကို ခံစားတတ်ရဲ့လား၊ စည်းစိမ်နဲ့ချစ်ခြင်းကို လဲယူလို့ရတယ်လို့ မောင် ထင်လား"

ဝတီ့ဒေါသဖြင့် တုံ့ပြန်သောစကားလုံးပြင်းပြင်းတွေကို ဆောင်းမင်းဆက် ဂရုမစိုက်။

"မင်းလို ဆရာဝန်ဆိုတဲ့ ဂုဏ်လောက်တော့ ငါ့အတွက် စာမဖွဲ့လောက်ပါဘူး ဝတီ"

"ဘာ"



"ဒါပေမဲ့ ဒီဟိုတယ်ရဲ့ ဒီအခန်းထဲထိ ဝင်ခွင့်ရတာ မင်းတစ်ယောက်ပဲရှိသေးတယ်၊ အဲဒါ မင်းနဲ့ပတ်သက်လို့ ငါ့ရဲ့ထူးထူးခြားခြား အခွင့်အရေးပေးခဲ့တာပဲ၊ မင်းကျေနပ်ဖို့ ကောင်းတယ်"

"ရှင် ရှင် ကဲ စော်ကားဦး"

လွှဲချလိုက်သည့်လက်ကို ဆောင်းမင်းဆက် ဖျတ်ခနဲ ဖမ်းကိုင်၍ ခပ်ကြမ်းကြမ်း ဆောင့်တွန်းပစ်လိုက်သည်။ မေဝတီ မွေ့ရာပေါ် ပုံခနဲ လဲကျသွား၏။

ဆောင်းမင်းဆက်မျက်နှာမှာ ကြောက်မက်ဖွယ် အေးစက်တင်းမာနေသည်။ စားပွဲပေါ်က ဘဲလ်တစ်ခုကို ခပ်ဆတ်ဆတ်ပုတ်လိုက်ရာ မကြာမီ ဟိုတယ်က ကောင်လေးတစ်ယောက် အပြေးအလွှားရောက်လာ၏။

"မောင်အေး သူ့ကိုပြန်ပို့လိုက်"

"ဟုတ်"

အသားတွေတုန်အောင် ဒေါသလွှန်း ရှက်ကြောက်နေပါသော ဒေါက်တာ မေဝတီထွန်းကို ဆောင်းမင်းဆက် တစ်ချက်ကြည့်ကာ ချာခနဲ လှည့်ထွက်သွား၏။ အဲဒါလည်း ဆောင်းမင်းဆက်ရဲ့မထူးဆန်းသော ဖြတ်သန်းမှုတစ်ခုမျှသာဖြစ်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဟာ ကကြီး နင်မညစ်ပတ်နဲ့လေ၊ ရှုံးပြီ ရှုံးပြီ ပေး တို့နိုင်တယ်ကွ"

"ဘာလဲ ဘယ်သူရှုံးတာလဲ၊ ငါ မရှုံးဘူးနော် ရာဇ ရာဇ ပြောဦးလေ"

ကကြီးနဲ့လက်ရုံးကြားမှာ ရာဇ ဘာပြောရမှန်းမသိ ဖြစ်နေသည်။

"ဘာလို့ မရှုံးရမှာလဲ၊ ဒီမှာ နင်ပစ်လိုက်တဲ့မုန့်"

လက်ရုံးက စားပွဲနားမှာရှိနေသည့် အမှိုက်ပုံးလေးထဲက မရှုံမရှာ လိုက်စမ်းနေသည်။ လက်ထုတ်လိုက်တော့ ကိတ်မုန့်အပုံတစ်ခု ပါလာ၏။

"ဒါလေ ဒါဘာလဲ ဟဲ ဟဲ မုန့်နှစ်ခုနဲ့ လက်ဖက်ရည်တစ်ခွက် ပြိုင်စားတာ နင် ငါ့လောက် မမြန်နိုင်ပါဘူးဟာ"

"မဟုတ်ဘူး အဲဒါ ငါ့မုန့်မဟုတ်ဘူး၊ ငါ အကုန်စားပစ်တာ ရာဇ မြင်တယ်၊ ရာဇ"

"ဟင်"

"ဝင်ပြောဦးလေဟာ"

ကကြီး တမင်ညစ်နေမှန်းသိပေမယ့် ဝင်မပြောဘဲနေပြန်လျှင်လည်း ကကြီး ငြိုငြင်တာ မခံနိုင်သည့်ရာဇက လက်ရုံးဘက်လှည့်သည်။ လက်ရုံး



ကလည်း ပါးပြီးသား။

"ဟော့ ဘယ်သူမှ ဝင်မပြောနိုင်းနဲ့၊ ဒီမုန့်က စောစောက တို့စားခဲ့တဲ့မုန့်ပဲ၊ အစကတည်းက မစားနိုင်မှန်းသိလို့ ဝင်မပြိုင်ဘူး။ ပြောနေတာ သူ့ပဲဖင်ခေါင်းကျယ်ပြီး မရဘူး၊ ကတိအတိုင်း ကင်တင်းမှာ ဝမ်းတေဘယ်လ်"

ကကြီး ခြေလေးစောင့်၍ ဝဲရပ်သည်။

"ငါနိုင်ရဲ့သားနဲ့ သက်သက်အမှိုက်ပုံးထဲကမုန့်ကို ကောက်ပြပြီး အရှက်ခွဲတာ အစုတ်ပလုတ် လက်ရုံး၊ နင့်ကိုငါ မခေါ်တော့ဘူး၊ ငါ့ကို လုံးဝလာမခေါ်နဲ့"

"ဟာ ကကြီး"

ညစ်နေကျအတိုင်း ကကြီး ညစ်သွားပြန်ပြီ၊ ဘာလေးပဲလုပ်လုပ် သူတို့အမြဲပြိုင်ပွဲလုပ်တတ်တာ ငယ်ငယ်ကတည်းကအကျင့်။ အနားမှာက ရာဇက ဒိုင်လူကြီး။ မုန့်စားလည်းပြိုင်၊ ကားမောင်းလည်းပြိုင်၊ ရေကူးလည်း ပြိုင်၊ အတန်းထဲမှာလည်း အဆင့်ချင်းပြိုင်။

ပြိုင်ပြီး ကကြီးကနိုင်လျှင် လက်ရုံးကျွေးသမျှ တစ်ဖြုန်းဖြုန်းစား၍ အေးချမ်းစွာ ပြီးသွားခဲ့ပေမယ့် သူရှုံးပြီဆို ဘယ်တော့မှ ဝန်မခံတတ်၊ မရရ အောင် ငြင်းမည်၊ မရလျှင် စိတ်ကောက်မည်။ ကကြီး မျက်နှာညိုတာမခံ နိုင်တဲ့ လက်ရုံးတို့ညီအစ်ကို ချော့ရတဲ့အလုပ် ဝိုတိုးခဲ့တာပဲ အဖတ်တင်၍ မပြီးမချင်း ပူညံ့ညံ။ ဒါကိုသိလို့ ဘာဖြစ်ဖြစ် မပြိုင်ပါနဲ့ ပြောလည်းမရ၊ တစ်ဖက်သားမခံချင်အောင် ကလိကလိဖြစ်အောင် ကကြီးက စိန်ခေါ်တတ် သည်။

"ကကြီး နေဦးလေဟာ၊ နင်ကလည်း နင်ပဲ၊ ပြိုင်ချင်လွန်းလို့ ပြိုင်ရတဲ့ဟာ၊ တစ်ခါတလေများ ငါတို့ကိုကျွေးဖူးတယ်ရှိအောင် ကျွေးစမ်း ပါဟာ"

"ကျွေးမယ် စောင့်နေ အဲဒီမှာ လဲသေလိုက်"

www.burmeseclassic.com

www.burmeseclassic.com



ကကြီးကို ခလယ်မှာထား၍ ရာဇနဲ့လက်ရုံး ချော့လိုက်ရတာ အမော၊ ခက်ရချည်ရဲ့။ သူကလည်း ရှုံးသေး၊ တော်ပြီ နောက်ဆို ပြိုင်လည်း အရှုံးပဲပေးတော့မယ်။ သူတို့ ဆုံးဖြတ်တိုင်းလည်း မအောင်မြင်။ အဲဒီလိုကျတော့လည်း မယ်မင်းကြီးမက

"ငါ့ကိုသက်သက် အရှုံးပေးတာပေါ့၊ ငါ့ကိုအထင်သေးတာ၊ စော်ကားတာတဲ့ ကဲ"

"ဟာ ငါ ခုမှ သတိရတယ်၊ ငါ့မှာ ရုပ်ရှင်လက်မှတ်တွေ ရှိတယ်ဟ"

ရုပ်ရှင်မက်သည့် ကကြီး ခြေလှမ်းတွေ အနည်းငယ် နှေးသွားတာကိုကြည့်၍ ရာဇ ဟက်ခနဲရယ်သည်။

"ကကြီး နင်ပဲ ဘွန်အောကြက်သူခိုး ကြည့်ချင်တယ်ဆို"

"မကြည့်ချင်ဘူး"

လက်ရုံးက ခေါင်းကုတ်၍ အသံတိတ်နှင့်

"သွားကြည့်ရအောင်ဟာ၊ ရုပ်ရှင်လက်မှတ်တွေ ဒယ်ဒီ ငါးစောင်တောင်ရတာ၊ အဲဒါ တို့သုံးယောက်ကြည့်ဖို့ ဒယ်ဒီပေးလိုက်တာ၊ ကြည့်မယ်မို့လား"

လက်ရုံးတို့အဖေက စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့်အပြင် နိုင်ငံခြားဗီဇာရုံးမှာလည်း အရေးပါသည့် ရုပ်ရှင်အစည်းအရုံးတွင်လည်း လူကြီးဖြစ်သည်။

မာမီကလည်း ကိုယ်ကာယအလှသင်တန်းက နည်းပြဆရာမ တစ်ဦးဖြစ်သည်မို့ မိသားစုအားလုံး ခေတ်မီကြသည်။ ပွင့်လင်းကြသည်။

ကကြီးတို့မိသားစုနှင့် ခြံချင်းကပ်လျက်နေကြ၍ ရင်းနှီးကြသည်။ မိဘမရှိ၊ အဘိုးအဘွားတို့နှင့်နေရရှာသော ကကြီးသျှင်ဆိုသည့် တစ်ကောင်ကြွက်ကောင်မလေးကို လက်ရုံးတစ်မိသားစုလုံး အရေးပေးဂရုစိုက်ကြတာ



မိသားစုနှစ်ခု စတင်ဆုံစည်းမိကြကတည်းက ဖြစ်၏။

ထိုစဉ်က သူတို့သုံးယောက် သုံးတန်းကျောင်းသားလေးတွေပဲ ရှိသေးသည်။ ငယ်ငယ်ကတည်းက ချစ်စရာကောင်းသလောက် သိပ်ကျိုတိုက်တတ်တဲ့ ကကြီး။

"ရာဇ"

"ဟေ"

"နင်နဲ့လက်ရုံး လက်မကိုပါးစပ်မှာကိုက်ပြီး မိန်းကလေးလို မဲ့တဲ့ရှို့လေး မျက်စောင်းထိုးပြ"

"ဟာ မဟုတ်တာ"

လက်ရုံးအသံကြီးက ထိတ်ထိတ်ပျာပျာ။ ရာဇ မျက်လုံးပြူးသွား၏။ ကကြီးက လွယ်အိတ်ကို ပခုံးမှာပြောင်းလွယ်၍ နောက်ပြန်လှည့်ကြည့်လိုက်သည်။

"အဲဒီလို မျက်စောင်းမထိုးပြရင် ငါအတန်းမတက်ဘဲ ပြန်မှာပဲ၊ အိမ်ရောက်ရင် အန်တီမာ့ကို နင်တို့မခံနိုင်အောင်စလို့ ပြန်လာတာဆိုပြီး ငိုတိုင်မယ်"

"ဟာ ပြဿနာပဲကွာ"

"ကဲ လုပ်မှာလား၊ မလုပ်ဘူးလား၊ ပြောဟာ တစ်ကနေ တစ်ဆယ် ထိရေမယ်၊ တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်"

"တော်ပါပြီဗျာ ဒေါ်ကကြီးသျှင်ရဲ့"

လက်ရုံးက ယောက်ျားပီသ ချောမောသူမို့ သူ့ခမျာ မျက်စောင်းပင် ကောင်းကောင်းမထိုးတတ်တာ။ ရာဇက ခပ်သွယ်သွယ်ပါးပါးမို့ ကကြီးနိုင်သလို လုပ်ပြသွားတာ သိပ်ခက်ခက်ခဲခဲမရှိ။ ကကြီး ခိုးခိုးခစ်ခစ် ရယ်နေသည်။ လက်ရုံးက တောင်ကြည့်မြောက်ကြည့် ဖင်ကုတ်ခေါင်းကုတ်။

"ကဲ လက်ရုံး လုပ်ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ကကြိုးကဟာ နင် လုံးဝမတရားဘူး။ ငါကလည်း နိုင်သေး သူနိုင်းတာလည်း လုပ်ရဦးမယ်"

"ဘာနိုင်တာလဲ၊ နင်အရှက်ခွဲလို့ ဆိုင်ထဲမှာ ငါအရှက်ကွဲရတာ၊ ဘာလဲ နင်မလုပ်ဘူးပေါ့"

"ဟို နင်စားချင်တာ ငါဝယ်ကျွေးမယ်ဟာ"

"မစားချင်ဘူး"

လက်ရုံးက ကျောင်းမှာမိန်းကလေးတိုင်း သတိထားမိနေတဲ့သူမို့ လူအလစ်ကို ချောင်းပေမယ့် ဘယ်လိုမှမချောင်။

လက်ရုံး ဒုက္ခအကြီးအကျယ် ရောက်နေတော့သည်။

"ဟယ် ကကြိုး"

မေရီနဲ့ ဘာသာပြဆရာမတစ်ယောက် သူတို့နားရောက်လာသည်။

"ကကြိုးကို ဆရာမချစ်ချစ် ခေါ်နေတယ်ကွဲ့"

"ရှင် ဘာဖြစ်လို့လဲ ဆရာမ"

"စုံညီပွဲအတွက် ကကြိုးကို တစ်ခုခုအကူအညီတောင်းမလို့ ထင်တယ်"

"ဟုတ်ကဲ့ ဆရာမ"

ကကြိုးက လက်ရုံးကို မျက်စောင်းလှမ်းထိုးသည်။

လက်ရုံး မချိုမချဉ်မျက်နှာနှင့် မမြင်ချင်ယောင်ဆောင်၍ တစ်ဖက် လှည့်နေသည်။

ကျေးဇူးတင်လိုက်ပါဘိ ဆရာမရယ်။ ဟဲ ဟဲ။

■ ■ ■



## အခန်း (၄)

အအေးပုလင်းကို စူးစိုက်ကြည့်၊ မျက်ခုံးပင့်၊ မျက်လုံးပါပြူးလာ၍ 'ဟာ ငါသိပြီ' ဟု ထအော်လိုက်တော့ ကကြိုးကို စူးစိုက်ကြည့်၍ အားလုံးကို မြင်နေသည့် လက်ရုံး ခေါင်းကြီးသွားသည်။

"ငါ အကြံရပြီ လက်ရုံး"

"မကြံနဲ့ မပြိုင်ဘူး"

ရာဇကလည်း တစ်သဘောတည်းမို့ အသာငြိမ်နေရင်း ကကြိုးနှင့် မျက်လုံးချင်းမဆုံအောင် ဟိုကြည့်ဒီကြည့်။ ဘုရားစူးရစေရဲ့။ ကကြိုးကို အဲလောက်ကြောက်တာ။

ကကြိုးက ခစ်ခနဲရယ်၍ လက်ရုံးစုပ်သောက်နေသည့် အအေး ပုလင်းကို ဆတ်ခနဲ ဆွဲပစ်လိုက်၏။

"လက်ရုံး"

"ဘာလဲ"

"နင်နဲ့ငါ အလောင်းစားတစ်ခု ပြိုင်မယ်"

"အလောင်းအစား လုပ်မယ်ပြောပါ"

"အဲဒါလည်း ပြိုင်တာပဲ၊ အတူတူပဲ၊ ကဲ ဘယ်လိုလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မပြိုင်ဘူး ခင်ပျားလေးကို ကြောက်လွန်းလို့"

"မရဘူးဟာ ပြိုင်မယ်၊ နင်ပါရှိနေ့က ငါ့ကိုနိုင်သွားတာ ငါမကျေနပ်နိုင်ဘူး"

"ဟော ခုတော့ ဝန်ခံသွားပြီလား"

"အဟီး"

လက်ရုံးက ရှုတည်တည်ကြီးကြည့်၏။

"သူကလည်း ရှုံးသေးတယ်၊ ကံကောင်းလို့ ရောက်သီးဆေးပြားလည်းမရောင်းရတာ"

"တော်ပါဟာ ငါကလည်း နင့်ကို တကယ်မခိုင်းပါဘူး"

"ဖြစ်နိုင်ပါတယ် ဖြစ်နိုင်ပါတယ် နော် ဆရာမချစ်ချစ်ကယ်လို့"

"ကဲပါကွာ မင်းတို့ကလည်း တွေ့တာနဲ့ ရန်ဖြစ်နေကြတာပဲ"

ရာဇက ဝင်တားသည်။

"ဒါဖြင့် နင်နဲ့ငါ ပြိုင်မလား"

"ဘုရားရေ နင်တို့ပွဲတွေမှာ ငါက ဒိုင်လူကြီးဆို"

"ဒါ့ဆိုပြီးရော လက်ရုံး"

လက်ရုံးက မကြားဟန်ဆောင်၍ နာရီကြည့်ကာ ထရပ်လိုက်သည်။

"အချိန်နီးနေပြီ၊ သွားကြမယ်"

ရာဇက ထလိုက်ပေမယ့် ကကြိုးက ထိုင်နေဆဲမို့

"ကကြိုး ထလေ"

"ကိုယ့်ဟာကိုယ် သွားကြ"

"ဟာ ဒါက ဘာဖြစ်တာလဲ"

"စိတ်ကောက်တာ"

"ပေါ်တင်ကြီးပါလား"



"ပေါ်တင်ကြီးပဲ"

ကကြိုးက နှုတ်ခမ်းကိုတမင်စူ၍ ကိုယ်လေးလှုပ်နေသေးသည်။

"ငါရှုံးထားတဲ့အတွက် နင့်ကိုထပ်ပြိုင်ရမှဖြစ်မယ်၊ အဲဒီပွဲလက်မခံရင် သုံးရက်တိတိ သူငယ်ချင်းစာရင်း ပြတ်တယ်"

လက်ရုံးနဲ့ရာဇ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။

"ဟေ့ လက်ရုံး အတန်းချိန်နီးနေပြီ၊ သွားမယ်လေ"

ဆံပင်တွေ ခါးထိရှည်လျက်ဖွံ့ဖြိုးသွယ်သွယ်လေးနှင့် ချောနေသော ကလပ်စ်မိတ် ပြာလဲ့ရီက လက်ရုံးတို့ဆီ လျှောက်လာ၏။

"ယူ့အတွက် နမူနာမေးခွန်းတွေ တို့ကူးလာတယ်၊ စောစောက ရှာမတွေ့တာနဲ့ အတန်းထဲမှာထားခဲ့ရတယ်၊ သွားမယ်လေ"

"ခြော် အင်း ကျေးဇူးပဲ ပြာလဲ့ရာ၊ အတန်းထဲကျ ယူမယ်နော် ခဏ"

"လာ သွားမယ်လေ"

လက်ရုံးအတွက်ဆို အမြဲအဆင်သင့်ရှိနေတတ်သည့် ပြာလဲ့ရီရဲ့ အကူအညီတွေက မလိုလည်းပေး လိုလည်းပေးမို့ ဘေးလူတွေပင် သတိထားမိရသည်အထိ။ လက်ရုံးက ခပ်တည်တည်လေးထိုင်နေသည့် ကကြိုးကို ပြန်လှည့်ကာ ဟဲခနဲရယ်သည်။

"သွားနှင့် ပြာလဲ့၊ ဒီမှာ ပြောစရာရှိသေးလို့ ကျွန်တော်တို့ ခုပဲလာမှာပါ"

ပြာလဲ့ရီက ပြုံးနေသည့်နှုတ်ခမ်းကို ခပ်ပိပိပြန်စေ့၍ ကကြိုးကို မျက်လုံးစွေကြည့်သည်။

"ဒါဆို တို့သွားပြီ"

ဆံပင်တွေဝဲသွားစေသော စတိုင်တစ်မျိုးဖြစ်သွားအောင် ချာခနဲလှည့်ထွက်လိုက်ပုံက တကယ့်ကို နွဲ့နွဲ့ပျောင်းပျောင်းမို့ ကြည့်ကောင်းနေပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကကြိုးကတော့ ပြာလဲ့ရီ၏ကျောပြင်ကိုတစ်လှည့်၊ ထိုဆီကို လိုက်ကြည့်နေသည့် လက်ရုံးကိုတစ်လှည့်စီကြည့်၍ နှုတ်ခမ်းရော နှာခေါင်းပါ ရှုံ့မဲ့ပစ်သည်။

"ကဲ ပြော၊ ဘာပြိုင်မှာလဲ၊ ခု အတန်းချိန်နီးနေပြီ၊ ပြီးမှ ပြောလို့ ပြိုင်လို့ မရဘူးလား"

"မရဘူး ခုပြောမှဖြစ်မှာ၊ အနိုင်အရှုံးက အတန်းပြီးမှ"

"ကဲ ဒါဆိုပြော"

ကကြိုးမျက်နှာ ချက်ချင်းပြုံးရွှင်သွား၍ လက်ရုံးဘက်လှည့်လာသည်။

"ခုစပြီး အတန်းတက်တဲ့အချိန်ကနေ ပြီးတဲ့အထိ လက်တံထရိန်းနီး မဂိုးရဘူး"

"ဘာ"

ထူးဆန်းလှ၍ လက်ရုံး မျက်ခုံးတွေကုတ်သွား၏။

လက်ထံထရိန်းဆိုမှ ကိုယ့်ဗိုက်ထဲမှာ ခုတည်းက ရစ်ချင်သလိုလို ဖြစ်လာတာ သတိရသွား၏။

"ဘယ်နဲ့လဲ အပေ့၊ အလေး ဘာမှမသွားရဘူး၊ မနေနိုင်တဲ့လူ အရှုံး"

"နင့်ဟာကြီးက အဓိပ္ပာယ်မရှိတာ"

"ရှိတယ် ငါလည်း တစ်ခုခုပြိုင်ရရင် ပြီးရောဆိုပြီး အကြံရတာနဲ့ လုပ်တာ"

ရာဇက တဟားဟားရယ်နေသည်။ လက်ရုံး နှာရှိုကြည့်၍ ခေါင်းညိတ်လိုက်သည်။

"ကဲ သဘောတူတယ်၊ လာ သွားမယ်"

"နေဦးလေ ရှုံးရင်နိုင်ရင် ဘာလုပ်ရမယ်ဆိုတာ မပြောရသေးဘူး"



"ကဲ မြန်မြန်ပြောပါဟ"

လက်ရုံးက သူတို့သုံးယောက်ထဲမှာ စာအတော်ဆုံး။ ကကြိုးက အညံ့ဆုံး။ ပြီးတော့ ကကြိုးက ရေသာခိုတတ်တဲ့အကျင့်ရှိနေတာ၊ ကျောင်းစာနှင့်ပတ်သက်လျှင် လက်ရုံးက တလေးတစားရှိသလောက် ရာဇနဲ့ကကြိုးက အေးအေးပဲ။

"ပြိုင်လို့ နင်ရှုံးရင် ငါမမီတဲ့စာတွေ ကူးပေးရမယ်"

"မရှုံးလည်း နင် ဘယ်တုန်းက ကိုယ့်စာကိုယ် ကူးဖူးလို့လဲ"

"ကဲ သဘောတူတာ မတူတာ ပြောဟာ"

"ငါနိုင်ရင်ရော"

"နင်နိုင်ရင် အကောင်းဆုံး ဖောင်တိန်တစ်ချောင်း ငါ့မှာရှိတယ်၊ ငါ နင့်ကိုပေးမယ်"

အလောင်းအစားက သိပ်စိတ်ဝင်စားစရာ မရှိပေမယ့် သိပ်လည်း မခက်ခဲတာကြောင့် လက်ရုံး ခေါင်းညိတ်လိုက်သည်။ ထိုသို့ ခေါင်းညိတ်လိုက်ခြင်းသည် ပေါ့ပေါ့တန်တန်မဟုတ်မှန်း မိနစ်အနည်းငယ်အတွင်း လက်ရုံး သိရတော့သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

“ဟဲ့ လက်ရုံးရော”

ကကြိုးက ဘာမှမသိတဲ့ တကယ့် ကလေးငယ်လေးနှယ်။ ရာဇက မျက်နှာမှုန်မှုန်ကြီးနှင့် ဘာမှမပြောဘဲ စိုက်ကြည့်နေသည်။

“ရာဇ ငါမေးနေတယ်၊ လက်ရုံးရောလို့”

“ပြန်ပြီလေ ပြန်သွားပြီ၊ နင်က အခုမှ ဘာမသိသလို လုပ်နေတာလဲ”

“ဟယ် ဘာဖြစ်လို့လဲ”

ရာဇ တကယ်စိတ်တိုလာရသည်။

အတန်းထဲရောက်ပြီး ဘာကြာသေးလို့လဲ။

လက်ရုံး ဗိုက်နှိပ်ပြီး အိမ်သာပြေးသည်။ ပြန်ရောက်ပြီး မကြာ နောက်တစ်ခါ ပြေးရသည်။ ဘေးက သူငယ်ချင်းတွေ ရယ်တဲ့သူကရယ်၊ မေးတဲ့ကောင်ကမေး။ ညီအစ်ကိုနှစ်ယောက် ဘယ်သူ့လက်ချက်ဆိုတာ သိရက်နဲ့ ကိုယ်ပဲအစားမှားလာသလိုလို လက်ရုံး လိမ့်ခံနေရသည်။ နောက်ဆုံး အတန်းထဲ ပြန်မဝင်တော့ဘဲ အပြင်ကနေ လွယ်အိတ်တောင်း၍ ပြန်ပြေးရတဲ့အဖြစ်။



“ဖြစ်ရလေ ရာဇရယ်၊ ငါ အဲဒီလောက်ထိ မရည်ရွယ်ပါဘူး။ တကယ် ငါလိုချင်တာက လက်ရုံး မဖြစ်မနေ လက်ထရိန်ထဲ ပြေးရရုံလေး”

“ကောင်းပါတယ် နော်၊ ခင်ဗျား အဲဒီအတိုင်း ဆက်လုပ် အဆင်မသင့်ရင် ယပ်တောင်ပါ မှာနေရဦးမယ်”

“ဟယ် ဖွဟဲ့ လွှဲပါစေဖယ်ပါစေ၊ ရာဇကောင်စုတ် ပါးစပ်ပုတ်ကြီးနဲ့”

ဒီလိုကျတော့လည်း ပူတတ်နေလိုက်တာ သူ့အပြင်မှရှိ။ အိမ်ပြန်ရောက်တော့ လွယ်အိတ်ကို စလွယ်သိုင်းပစ်လွယ်၍ လက်ရုံး အခန်းထဲ သူပဲ အရင်ပြေးဝင်၏။ လက်ရုံးက ခုတင်ပေါ်မှာ ကွေးကွေးလေး။

“လက်ရုံး အိပ်နေတယ် သမီးရေ၊ သမီးသူငယ်ချင်း မနက်က ဘာတွေစားပြီး ဒုက္ခရောက်လာတယ်မသိဘူး။ ဝမ်းတွေသွားလို့ ဆရာဝန်ပင့်လိုက်ရသေးတယ်၊ ခုတော့ သက်သာသွားပါပြီ”

“ဟုတ် ဟုတ်”

ဘေးမှာရပ်နေသည့် ရာဇကို မလုံမလဲကြည့်၍ ကကြိုး ပြုံးနေပုံက မချိသွားဖြဲကြီး။

“ဒါ ဒါဆို လက်ရုံးနိုးတော့မှ ကကြိုးလာမယ်နော် အန်တီ”

“အေးကွယ် အေး အေး”

သူ အခန်းအပြင်ထွက်လာတော့ ရာဇက လက်သီးဆုပ်၍ မျက်နှာနားလာကပ်ပြ၏။ ဘာရမလဲ။ ကကြိုး လက်သီးဆုပ်နှင့် ဆတ်ခနဲ ပြန်ထိုးချလိုက်သည်။

“အား”

ရာဇ သူ့လက်သူပြန်ဆုပ်၍ မျက်နှာရှုံ့မဲ့သွားသည်။

“ဟယ် ရာဇ ငါလေ ငါ”

ကကြိုး ရာဇကို ပျာပျာသလဲ ငုံ့ကပ်ကြည့်ကာ

“သေလိုက်”

ကကြိုး ပြေးပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရာဇ မျက်လုံးကြီးပြူးကျန်ခဲ့၏။

■ ■ ■

"မမသစ်တော့ ဒေဝီစကားကြားရတာ သိပ်ဝမ်းသာသွားပြီ၊ မြေးလေးအတွက် တွေးမိတိုင်း မမသစ် အမြဲတမ်း စိုးရိမ်ပူပန်နေခဲ့ရတာ ဒေဝီရဲ့"

"မမသစ်အတွက် ရင်အေးသွားရပေမယ့် ဒေဝီအတွက်တော့ ပြည့်ပြည့်ဝဝ မအေးနိုင်သေးဘူး၊ မွေးထားတဲ့သားက နှစ်ယောက်တောင်လေ မမသစ်ရဲ့"

"အေးကွယ် မမသစ်တို့မှာလည်း သမီးလေးအပြင် နောက်ထပ်သမီးတစ်ယောက်ရှိရင် အကောင်းသား၊ ညီအစ်ကိုနှစ်ယောက် ညီအစ်မနှစ်ယောက် တစ်ခါတည်း ရွှေလမ်းငွေလမ်းဖောက်လို့ရတာပေါ့ အဟင်းဟင်း"

ဧည့်ခန်းထဲကအသံတွေကြောင့် လက်ရုံး ခြေလှမ်းတွေတုံ့ခနဲ ရပ်လိုက်ကာ အကွယ်နောက်ကရပ် နားစွင့်မိ၏။

"သားတို့ကျောင်းပြီးရင် ဒီကိစ္စကို စီစဉ်ပေးချင်တယ် မမသစ်"

"အမယ်လေး ဒေဝီရယ်၊ မမသစ်ဘက်က စိတ်ချ၊ အရေးကြီးတာက သားရှင်ဖြစ်တဲ့ ဒေဝီဘက်ကပဲ၊ သမီးလေးကို ဘယ်သူနဲ့စီစဉ်ချင်တာလဲ၊ သားကြီးလား သားငယ်လား"

"ဒါတော့ မပြောတတ်သေးဘူး မမသစ်ရဲ့၊ သူတို့ညီအစ်ကိုနှစ်ယောက်နဲ့ အသိပေး တိုင်ပင်ရဦးမှာပေါ့"

လက်ရုံးရင်ထဲ လှိုက်ခနဲ ဖြစ်သည်။ မာမီတို့စကားတွေက ရှင်းသည်။ ကကြိုးနှင့် သူတို့ညီအစ်ကိုကို လက်ထပ်ပေးမည့်ကိစ္စ။

"လက်ရုံးဖြစ်ဖြစ် ရာဇဖြစ်ဖြစ် မမသစ်က သဘောကျကြည်ဖြူပြီးသားပါကွယ်၊ နှစ်ယောက်စလုံးက သမီးလေးရဲ့ငယ်ပေါင်းကြီးဖော်တွေပဲ၊ သံယောဇဉ်လည်း ခိုင်မာနေကြမှာ သေချာပါတယ်"

"မမသစ်ပြောတာ အမှန်ပဲ၊ သားတို့ညီအစ်ကိုကလည်း ကကြိုး



ကို သိပ်ချစ်ကြရှာတာ၊ တစ်ယောက်က ခေါင်းညိတ်ရင် ကျန်တဲ့တစ်ယောက်ကလည်း မရိုးတော်ဖို့အတွက် ကျေကျေနပ်နပ် ရှိမှာပါ"

လက်ရုံး အိပ်ခန်းထဲကို သုတ်ခနဲပြန်ဝင်ခဲ့မိ၏။ စောစောက အိမ်သာတက်ချင်စိတ်တို့ပင် ဘယ်ဆီကို ရောက်ကုန်ပြီမသိပါ။ မထင်မှတ်ဘဲ သူကြားသိခဲ့သောအဖြစ်က တကယ့်ကို ကျေနပ်စရာ။ ကကြိုးကို လက်ထပ်ပိုင်ဆိုင်ရမယ့်အဖြစ်ကို ဘယ်လိုအကြောင်းနှင့်မှ ငြင်းစရာမရှိ။ ကကြိုးဆိုတာ ဟိုးငယ်ငယ်ကတည်းက ခင်မင်နှောင်တွယ်ခဲ့ရသည့် ငယ်သူငယ်ချင်းလေး။

အတူသွား အတူစား အတူကစားရင်း ကကြိုးအလိုကျ အနစ်နာခံလိုက်လျော သံယောဇဉ်ပိုခဲ့ရတာလေ။ အရွယ်လေးရလာတော့ သံယောဇဉ်ကြိုးတို့ဖြင့် အထပ်ထပ်ရစ်နှောင်သော နှလုံးသားမှာ ကကြိုးသည် ခိုင်မြဲစွာနေရာယူခဲ့တာကြာပြီ။ နှုတ်က ဖွင့်ပြောဖို့ မရဲလောက်အောင်ဖြစ်နေလို့ ရင်ထဲမှာပဲ တိတ်တဆိတ် မျိုသိပ်ထားခဲ့ရတာ ကိုယ်တိုင်ပဲအသိဆုံး။ တွေးမိကာမှ အာရုံထဲကို ရာဇမျက်နှာကြီးက ဘွားခနဲ ဝင်လာ၏။ဟုတ်ပါရဲ့ ဒီကိစ္စကို ရာဇသိရင် ဘယ်လိုနေမှာလဲ။

ရင်ထဲကအပျော်တွေ အရှိန်ကျိုးချချင်တောင် ဖြစ်ရ၏။ ရာဇဆိုတာ သူနဲ့တစ်အူထုံဆင်း သွေးရင်းညီအစ်ကိုပဲ။ ရာဇရင်ထဲကို သူ ခန့်မှန်းတွက်ချက်နိုင်သည်။

"ကွိုင်ပဲ ဒီကောင်လည်း ကကြိုးကိုကြိုက်နေရင် ဒုက္ခ"

စိတ်ထဲက ပူပူပန်ပန်ဖြစ်ကာ လက်ရုံး ရေရွတ်မိ၏။ သူ့လိုပဲ ရာဇကလည်း ကကြိုးမှကကြိုးဖြစ်နေလျှင် ဘယ်လိုလုပ်မှာလဲ။ ကိစ္စတော့မရှိပါ။ သူစိမ်းတွေမှမဟုတ်ဘဲ။ သူတို့ညီအစ်ကိုနှစ်ယောက် ပွင့်လင်းစွာညှိနှိုင်းကြရုံပေါ့။ တကယ်ဆို သူကအကြီး။ ဒီကောင် အလျှော့ပေးသင့်သည်။ စီနီယာသဘောအရတော့ ဒီကိစ္စမှာ သူ့ကိုရာဇ ဦးစားပေးသင့်သည်ဟု စဉ်းစားမိ၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"လက်ရုံး"

လက်ရုံး အနည်းငယ်လှည့်၍ စာဆက်ဖတ်နေ၏။ ကကြိုး ထိုင်ခုံဘေးမှာ ဝင်ထိုင်လိုက်သည်။ လက်ရုံးမျက်နှာက ဝမ်းလျှောထား၍ အနည်းငယ်ချောင်နေရှာသည်။

"လက်ရုံး နင် ငါ့ကိုစိတ်ဆိုးလား"

စာဖတ်ရင်း လက်ရုံးက ခေါင်းခါပြ၏။

လက်ရုံးပုံစံကို ကြည့်၍ ကကြိုး ဝမ်းနည်းသွားသည်။

မျက်ရည်ဝဲ့လာပေမယ့် မာနကလည်း ရှိနေသေးသည်မို့ နှုတ်ခမ်းလေးကိုက်၍ ဆတ်ခနဲ ထရပ်လိုက်၏။

"ဒါက ဘာဖြစ်တာလဲ"

"နင့်ကျတော့ ငါအမြဲချော့ရတယ်၊ ငါစိတ်ဆိုးတာကျတော့ နည်းနည်းမှ တောင်းပန်ဖို့စိတ်မကူးဘူး၊ တော်တော်တရားတယ်နော်"

"နင်ပဲ စိတ်မဆိုးဘူးဆို"

"ဟုတ်တယ်လေ တကယ်စိတ်မှမဆိုးဘဲ၊ စိတ်ဆိုးရင် မာမီကိုတိုင်ပြောလိုက်မှာပေါ့"

ကကြိုးက ပြန်ထိုင်ချလိုက်သည်။



"အဲဒါကြောင့် ငါကလည်း တောင်းပန်စရာမရှိတော့ဘူးပေါ့"

"ဘယ်ဟုတ်မလဲ၊ ငါက စိတ်မဆိုးပေမယ့် နင်လုပ်တာ မလွန်လွန်းဘူးလား"

ကကြိုးမျက်နှာလေး တကယ့်ကို အသွင်ပြောင်းသွားရသည်။

"အဲဒါ ငါ တကယ်မရည်ရွယ်ဘဲ လက်ဆမျှားသွားတာပါဟယ်၊ ငါ နင်သောက်မယ့်အအေးထဲကို နည်းနည်းပဲ ထည့်ဖို့ပါ၊ ခိုးကြောင်ခိုးဝှက် ထည့်ရတော့ လက်ဆမျှားသွားတာ"

လက်ရုံးက ကကြိုးအမူအရာလေးကို ပြုံးကြည့်နေသည်။

"နင် သိပ်ကလေးဆန်တာပဲ ကကြိုးရာ၊ ကိုယ့်ကိုယ်ကို တတိယနှစ်ကျောင်းသူဆိုတာရော သတိထားမိရဲ့လား"

"ဘာဖြစ်လဲ၊ ငါ့ဟာငါ လွတ်လွတ်လပ်လပ်နေတာ"

"နင့်ကို အဘွားသစ်က မပြောဘူးလား"

"ဘာလဲ"

"ကျောင်းပြီးရင် အိမ်ထောင်ချပေးတော့မယ်တဲ့"

"ဟင်"

ကကြိုး တအံ့တသြ ဖြစ်သွားသည်။

"တကယ်"

"အင်း"

"နင့်ကို ဘွားဘွားပြောတာလား"

"မာမီတို့ပြောတာ ကြားတာ"

"ငါ့ကို ဘာမှမပြောကြဘူး၊ ဒုက္ခပါပဲ"

"ဘာဒုက္ခလဲ"

"ဩော်"

ကကြိုးရဲ့ ဩော်သံကြီးက လေးပင်ရှည်လျားလျက်

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို လင်ပေးစားမယ့်ကိစ္စ ငါက ဒုက္ခမတလို့ ပျော်လိုက်တာ ပျော်လိုက်တာဆိုပြီး ထခုန်နေရမှာလား"

လက်ရုံးက ပခုံးတစ်ချက်တွန့်၍

"သိဘူးလေ၊ နင်များ ပျော်သွားမလားလို့"

"လက်ရုံး နင် ငါ့ကိုမစနဲ့နော်"

"တကယ်ပြောတာ ခုနေ ငါကတော့ မာမီတို့က ကျောင်းပြီးတာနဲ့ မိန်းမပေးစားမယ်ဆို ယူလိုက်မှာပဲ"

"ယူပေါ့ နင်က နှာဘူးပဲ"

"ကကြိုးနော်"

"ဘာ ကကြိုးနော်လဲ၊ ငါတို့ ငယ်ငယ်လေးတွေပဲ ရှိသေးတယ်၊ အိမ်ထောင်ပြုရမယ့်အရွယ်လား"

"အဲဒါ လူကြီးတွေက ပိုသိတယ်လေ၊ သူတို့ကောင်းမယ်ထင်လို့ စီမံတာကို နာခံမှ သားလိမ္မာဖြစ်မှာပေါ့"

"ဟေ့အေး သမီးမိုက်ဖြစ်ဖြစ်၊ မြေးမိုက်ဖြစ်ဖြစ် ငါကတော့ မယူနိုင်ဘူး"

"ငါကတော့ ယူမယ်"

"ယူရအောင် နင့်ကိုရော လက်ထပ်ပေးတော့မယ် ပြောလို့လား"

"အင်း"လို့ ပြောလိုက်ချင်ပေမယ့် လက်ရုံး မပြောရဲ။

ဘယ်သူနဲ့လဲမေးလာရင် ပြဿနာတွေ တက်ကုန်မည်။ တကယ်ဆို ဘွားသစ်က ဒေဝီသား တစ်ယောက်ယောက်နဲ့ဟု ပြောထားခဲ့တာ သူသိပေမယ့် ကကြိုး မသိသေး။

"ဟဲ့ ပြောလေ"

"ပြောလာရင်ပေါ့"

ကကြိုးက သူ့လက်ထဲက စာအုပ်တွေကို လက်ရုံးပေါင်ပေါ်



ဆောင့်တင်ပေးလိုက်၏။

"အဲဒါတွေ မပြောနဲ့တော့၊ ရော့ နင့်အတွက် ငါစာကူးပေးထားတာ"

"ဟား ဒါကြောင့် ဒီနေ့ မိုးအုံ့နေတာ"

"ဘာဖြစ်လို့လဲ"

"အပျင်းမလေး ငါ့ကို စာတွေဘာတွေ ကူးပေးနေလို့"

"လက်ရုံး"

လက်ရုံးပခုံးကို တအားပိတ်ထု၍ ကကြိုးထရပ်လိုက်သည်။

"သေနာကောင် တော်ပြီ၊ ငါ့ကို အပျင်းမလို့ခေါ်တာ၊ နင့်ကို မကျေနပ်ဘူး"

ကကြိုး ချာခနဲ လှည့်ထွက်ခဲ့သည်။

လက်ရုံး တဟားဟားရယ်၍ ကျန်ခဲ့လေသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ကကြီးရော"

"ထွက်သွားပြီ၊ အစောကြီးတည်းက"

ကကြီးတို့ခြံရှေ့မှာ ကားရပ်လိုက်ပြီးမှ ဟွန်းတီးတော့မည့်လက်ကို ရာဇာကကိုင်ထား၍ တားသည်။

"မင်း မနေ့က ဘာပြောလိုက်လဲ၊ ကကြီး မင်းကိုစိတ်ကောက်နေတယ်"

"ဟင်"

ရုတ်တရက် စဉ်းစားမရဖြစ်သွားပြီးမှ လက်ရှိုး ဟက်ခနဲ ရယ်၏။

"သြော် သိပြီ၊ ငါ သူ့ကိုအပျင်းမလို့ စလိုက်တာ"

"ကောင်းတယ်၊ မင်းရအောင် ပြန်ချော့ပေတော့"

လက်ရှိုး ကားမောင်းလာရင်း ရာဇာကို ငဲ့ကြည့်ကာ သက်ပြင်းချလိုက်၏။

"ရာဇ"

"ပြော"

"မင်းကို မာမီပြောလား"

ရာဇာကလည်း ချက်ချင်း သဘောပေါက်သည်။



"ပြောသားပဲ"

နှစ်ယောက်သား တိတ်ဆိတ်သွားကြပြန်သည်။

တစ်ယောက်ရဲ့စိတ်ကို တစ်ယောက်က သိနေသည်မို့ ရုတ်တရက် အစခက်နေကြသည်။

"ရာဇ"

"ပြောကွာ"

"ကကြီးကို မင်း ဘယ်လိုသဘောထားလဲ"

"ချစ်တယ်"

"ဘာ"

ကားက တုံ့ခနဲ ရပ်တော့မလို ဖြစ်သွားသည်။

ရာဇာက ဘာဖြစ်တာလဲဆိုသည့် မျက်လုံးနှင့်လှမ်းကြည့်သည်။

သူနဲ့လက်ရှိုး တစ်နှစ်ကျော်ကျော်လေးပဲ ကွာသည်။

မင်းနဲ့ငါနဲ့ပဲ ပြောဖြစ်ကြ၏။

ခုကိစ္စမှာလည်း မာမီက သူတို့နှစ်ယောက်လုံး ကကြီးအပေါ် သံယောဇဉ်ကြီးကြမှန်း သိ၍ ခေါင်းစဉ်မတပ်ဘဲ ဆွေးနွေးခွင့်ပေးထားသည်။

"ဘယ်သူနဲ့လက်ထပ်ပေးမယ်လို့ မာမီ မပြောချင်ဘူး၊ သားတို့ ဆွေးနွေးကြလေ၊ နှစ်ယောက်လုံး ခေါင်းခါတာတော့ မလုပ်ရဘူးနော်၊ ကကြီးကို မာမီချစ်တယ်၊ သဘောလည်းကျတယ်၊ ဒါပေမဲ့ နှစ်ယောက်လုံး ဆန္ဒတူနေကြလို့ တစ်ယောက်စိတ်ဆင်းရဲနေခဲ့ရင်လည်း မကောင်းဘူး၊ ပြေလည်အောင်ညှိကြဦး"တဲ့။

"မင်း ကကြီးကို ချစ်နေတယ်ပေါ့"

"အေးလေ ဒီလောက်ချစ်စရာကောင်းတဲ့ သူငယ်ချင်းလေးကို မင်းချစ်သလို ငါလည်းချစ်မိတာ ဆန်းသလား"

"ကျိုင်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



လက်ရုံး မျက်နှာအပျက်ကြီး ပျက်နေပုံကို ငုံ့ကြည့်၍ ရာဇာက နှုတ်ခမ်းတွန့်ပြုံးသည်။

"ကဲ ရှေ့နားမှာ ကား ခဏရပ်ဦး၊ တော်ကြာ ဟက်ဒ်ထိပြီး မထိန်းနိုင်မသိမ်းနိုင် လျှောက်မောင်းလို့ နှစ်ယောက်လုံး ရောပြီး ကကြိုးကို သူများသုတ်သွားဦးမယ်"

လက်ရုံး မျက်မှောင်ကုတ်ကြီးနှင့်ကြည့်၍ ကားကို လမ်းဘေး ဆွဲချလိုက်သည်။ လက်ရုံးက စတီယာရင်ပေါ် တံတောင်တစ်ဖက်တင်၍ ရာဇာဘက်ကို လှည့်လိုက်သည်။

"ကကြိုးကို ငါ အထက်တန်းမှာကတည်းက ချစ်တာ"

"မင်းလိုပဲလေ"

"မင်းကြည့်တော့ ရိုးသားနေတာပဲ"

"ဟ မရိုးသားလို့ ငါက မူလတန်းမှာကတည်းက ရည်းစားစကား ပြောထားရမှာလား။ မင်းကျတော့ရော"

လက်ရုံး ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

"ဒီကိစ္စ ကကြိုးက ဘာမှမသိသေးဘူး"

ရာဇာ ခေါင်းညိတ်သည်။

"ကကြိုးကရော မင်းနဲ့ငါ တစ်ယောက်ယောက်ကို ချစ်နိုင်လိမ့်မယ်လို့ မင်းထင်လား"

"ထင်တယ် သူ့မှာ တို့ကလွဲပြီး ရည်းစားမပြောနဲ့ ယောက်ျားလေး သူငယ်ချင်းတောင် ရှိတာမဟုတ်ဘူး"

"အဲဒီလို အဖြူထည်သက်သက်တွေက အရောင်ဆိုးဖို့ ခက်တတ်တယ်"

လက်ရုံးက ရာဇာကို သေသေချာချာကြည့်၍

"မင်းက ဘယ်လိုထင်လို့လဲ"



"ထင်သလောက် မလွယ်ဘူးလို့ထင်တယ်၊ လောလောဆယ် တို့စဉ်းစားရမှာက ကကြိုးကို လက်ထပ်ယူဖို့ထက် ကကြိုးရဲ့အချစ်ကို ရဖို့ပဲ"

"မင်းက ကြိုးစားတော့မယ်ပေါ့"

"စဉ်းစားနေတာ"

"ငါက ဆုံးဖြတ်ပြီးတာ ကြာပြီ ရာဇာ၊ ဒီတော့"

ရာဇာက မျက်နှာကို အတည်ငြိမ်ဆုံးထားလိုက်ပြီး လက်ရုံးကို ကြည့်နေသည်။

"အမြဲတမ်း ငါက ဘေးမှာနေခဲ့တဲ့ကောင်ပါ လက်ရုံးရာ၊ ကကြိုးကို ချစ်နေမိရင်တောင် နေရာယူဖို့ ငါဘယ်တော့မှ မကြိုးစားဘူး။ ကကြိုးကိုယ်တိုင် လည်း မင်းနဲ့ငါယှဉ်ရင် မင်းကိုသံယောဇဉ်ပိုပါလိမ့်မယ်၊ အစောကြီးကတည်း က ငါက လက္ခဏာမင်းသားလို လေးညို့ကိုတင်နိုင်ရင်တောင် အရှုံးပေးမှာပါ"

"စိတ်ဓာတ်တော့မကောင်းဘူး၊ ဒါပေမဲ့ ကျေးဇူးတင်တာတော့ ဖော် မပြတတ်အောင်ဘဲ"

ရာဇာက မချိပြုံး ပြုံးသည်။

လက်ရုံး ကားသော့ဖွင့်လိုက်၏။

"မင်း အချိန်မဆွဲသင့်ဘူး လက်ရုံး"

"အိုကေ"

■ ■ ■

"ကကြိုးသျှင်"

ခြေသံနှင့် နောက်ကကပ်လိုက်ခြင်းကြောင့် ကကြိုး လှည့်ကြည့် လိုက်မိသည်။ သူမကို အမြဲအရိပ်လို လိုက်နေတတ်သည့် နေသာ။ စက်မှု ကနေ စီးပွားရေးထိ ကျူးကျော်ပိုးပန်းနေရှာသည့် ကျောင်းသား။

"ကကြိုးသျှင် ဒီစာလေး ယူသွားပေးပါနော်"

သူ့ဘေးမှာ အဖော်တစ်ယောက်လည်း ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲက ဇလာစာအုပ်ကို အတင်းထိုးပေးနေ၏။

"ကကြီးသျှင် ယူပါဗျာ၊ ကကြီးသျှင်ကို ကျွန်တော် ပထမဆုံး ရင်ဖွင့်ခြင်းပါ၊ ကကြီးသျှင် ကျွန်တော့်ကို မျက်လုံးချင်းတော့ သိနေပါတယ် ဗျာ"

ကကြီးသျှင်ချင်း ထပ်အောင်ခေါ်၍ အတင်းကပ်လိုက်ပေးနေသည်။ ဒီနေ့မှ ဟိုကောင်တွေကို တမင်စိတ်ကောက်၍ ခွာထားခဲ့မိတာ မှားပြီ။ အတန်းပြီးသည်နှင့် ဘယ်သူမှမထခင် ကကြီးတစ်ယောက်တည်း လစ်ထွက် လာခဲ့မိတဲ့ ဒုက္ခ။

"ကကြီးသျှင်"

"ဒီမှာ"

ကကြီး ခြေစုံရပ်၍ ရင်ဆိုင်လိုက်သည်။

"မိန်းကလေးတစ်ယောက်ကို ရည်းစားစာပေးတာ အဲဒီမိန်းကလေး ရဲ့အခြေအနေကို အရင်လေ့လာဖို့ကောင်းတယ်၊ ဥပမာ ကိုယ့်ကိုပြန်ချစ်နိုင် မချစ်နိုင်"

"ချစ်လာတဲ့အထိ ကျွန်တော် ကြိုးစားမှာပဲ"

"ရှင့်ကြိုးစားချက်တွေကို ထိုင်စောင့်လက်ခံနေရအောင် ကျွန်မက စာတိုက်ပုံးကြီးမှ မဟုတ်တာ"

ကကြီးမျက်နှာ တင်းနေသည်။ နေသာကလည်း ဖွဲ့မလျှော့။

"ဘာပဲဖြစ်ဖြစ်ဗျာ ဟို"

"ဆောရီးပဲ ကျွန်မ ရှင့်ကို ဘယ်တော့မှ ပြန်ချစ်မှာမဟုတ်ဘူး"

ကကြီး ချာခနဲ လှည့်ထွက်သည်။

နေသာ တစ်ချက်တွေးနေပြီးမှ အတင်းဆက်လိုက်၏။

"ကကြီးသျှင် ဒီနေ့ ဒီစာကို ပေးခွင့်မရရင် ကကြီးသျှင်ရော ကျွန်တော်ပါ အေးချမ်းကြမှာမဟုတ်ဘူး၊ အဲဒါ သေချာတယ်"



"ရှင်က တကောက်ကောက် လိုက်နေမယ်ဆိုတဲ့ သဘောလား"

"ကကြီးသျှင် သဘောပေါက်ပါတယ်ဗျာ"

ဒေါသဖြစ်လွန်းသဖြင့် ကကြီးမျက်လုံးတွေ စူးရဲလာ၏။

"ကကြီး"

"ဟင်"

မထင်မှတ်စွာ ရောက်လာသူက လက်ရုံး။

လက်ရုံးက နေသာတို့ကို ခပ်စူးစူးကြည့်၍ ကကြီးလက်ကို ဆွဲ လိုက်သည်။

"ဘာဖြစ်နေတာလဲ လာ"

"နေပါဦး ကိုယ့်လူ"

လက်ရုံးရှေ့က သူတို့ ပိတ်ရပ်လိုက်၏။

အခြေအနေက ရုတ်တရက် တင်းမာလာသည်။

"ဒီမှာ ရှင်တို့ ရုတ်ရုတ် ရုတ်ရုတ်လုပ်ပြီး ကျွန်မကိုအရှက်ခွဲကြ မလို့လား ဟင်"

ပတ်ဝန်းကျင်ကိုကြည့်၍ ကကြီး မျက်စိမျက်နှာပျက် အော်တော့ နေသာက ကြိတ်၍ ပင့်သက်ရှိုက်သည်။

"ကောင်းပြီလေ၊ ကကြီးသျှင်ကို သနားလို့ ကျွန်တော်သွားမယ်"

နေသာက လက်ရုံးကို လှမ်းကြည့် ကြည့်၏။

"မင်း သတိထား"

သွားကြိတ်သံနှင့် ကပ်ကြိမ်းသွားသည်။ လက်ရုံး မတုန်မလှုပ် ကျန်ခဲ့၏။ ရန်မဖြစ်ချင်ပေမယ့် ယောကျ်ားချင်းကြိမ်းမောင်းတာကို ငြိမ်ခံနေ လိုက်သည့် လက်ရုံးကို ကကြီး မကျေမနပ်ဖြစ်သွားမိသည်။ လက်ရုံးကတော့ အဖက်မတန်လို့ဘဲ ရင်မဆိုင်ချင်တဲ့အတိုင်း။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဟာ ဘွားဘွားကလဲ့ည်း ခုမှ ကျောင်းတောင် မပြီးသေးဘူး၊ လက်ထပ်ပေးချင်နေပြီ၊ ကိုယ့်မြေးလေး လွတ်လွတ်လပ်လပ်နေတာများ မမြင်ချင်ဘူးလား"

"မြင်ချင်တာပေါ့ ကလေးရယ်၊ ဒါပေမဲ့ ဘွားတို့က ငါ့မြေးကို ထိုင်ကြည့်နေနိုင်ရင် နောက် နှစ်နှစ်သုံးနှစ်ပေါ့၊ ဒါတောင် သက်တမ်းအရ မှန်းကြည့်တာ၊ ဖြုန်းဒိုင်းဆို သေချင်ရင် သေသွားနိုင်တာပဲ"

ကကြီးက ဘွားဘွားဒေါ်ခင်သစ်ကို သေသေချာချာ ပြန်ကြည့်သည်။

"ဘွားဘွားက မာမာချာချာကြီးပါ ဘွားဘွားရယ်၊ နောင်ဆယ်နှစ်လောက်ထိ ဘာမှဖြစ်မှာမဟုတ်ပါဘူး၊ ဘိုးဘိုးလည်း ရှိသေးတယ်ဥစ္စာ"

ဒေါ်ခင်သစ်က ဘယ်လိုမှ လက်မခံ။

"ငါ့မြေးက ငယ်ပါသေးတယ်ကွယ်၊ ဇရာရဲ့သဘောကို ဘာမှ မသိပါဘူး၊ မြေးရဲ့ဘိုးဘိုးက ပိုဆိုးတာပေါ့၊ ခုဆို အရင်လိုတောင် လမ်းလျှောက်မထွက်နိုင်တော့ဘူး"

"ဟုတ်တယ် မြေး၊ မြေးရဲ့ဘွားဘွားပြောတာကို နားထောင်လိုက်ပါကွယ်"

စကားသံနှင့်အတူ ဘိုးဘိုးပါ ဝင်လာသည်၊ ကကြီးရဲ့စာကြည့်



စားပွဲကုလားထိုင်မှာ ဝင်ထိုင်၏။ ဒေါ်ခင်သစ်က မွေ့ရာမှာ တင်ပါးလွှဲထိုင်နေရင်း မြေးဖြစ်သူ့ကို တယုတယ ပွေ့ဖက်ထား၏။

"ဝင်ပြောပါဦး အဘိုးရယ်၊ ကျုပ်တော့ လက်မြှောက်ချင်လာပြီ"

ဒေါ်ခင်သစ်က စစ်ကူတောင်း၏။ ကကြီးမျက်နှာလေး ရှုံ့မဲ့နေသည်။

"ဘိုးဘိုးတို့မှာ စီးပွားရေးလုပ်ငန်းတွေတောင် တစ်ခုပြီးတစ်ခု ဖြုတ်ပစ်နေရတာကြည့်၊ လုပ်ငန်းတွေက ကျဆင်းလို့ ဖြုတ်ရတာမဟုတ်ဘူး၊ သေခြင်းတရားဆိုတာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မှာလည်း ကျရောက်လာနိုင်တာပဲ၊ မြေးလေးမှာ ဒီလိုအချိန်မရွေး သေဆုံးသွားနိုင်တဲ့ အိုမင်းနေတဲ့ အုပ်ထိန်းသူတွေပဲရှိတယ်ဆိုတာ မမေ့ရဘူး"

"ဟုတ်တယ် မြေး၊ ဒါကြောင့် ဘွားဘွားတို့မျက်စိမမှိတ်ခင် ကျန်းမာရေးကောင်းနေတုန်း မြေးလေးအတွက် စိတ်ချချင်တယ်၊ သင့်တော်တာကို စီမံပေးခဲ့ချင်တယ်၊ ခုဆို ဒီအတွက်ကြောင့် ဘွားဘွားတို့တစ်နေ့မှ စိတ်မချမ်းသာဘူး"

ကကြီးနှုတ်ခမ်းစူ၍ တစ်ဖက်လှည့်နေမိသည်။ ဒေါ်ခင်သစ်က သက်ပြင်းချ၏။

"ပြီးတော့ လက်ရုံးတို့ညီအစ်ကိုဆိုရင် ဘယ်သူနဲ့ဖြစ်ဖြစ် ဘာမှပြောစရာမရှိဘူး၊ နှစ်ယောက်စလုံး အကျင့်ကောင်း စရိုက်ကောင်းလေးတွေချည်းပဲ၊ မြေးလေးအနွံတာလည်း ခံကြတာပဲ၊ မြေးတို့ချင်းလည်း"

"သူငယ်ချင်းလိုပဲ ခင်ကြတာ ဘွားဘွားရဲ့"

"ဒါကြောင့် လွယ်တာပေါ့ကွယ်၊ အခြားသူစိမ်းတစ်ယောက်နဲ့ လက်ထပ်ပေးတာနဲ့စာရင် သံယောဇဉ်အခံရှိထားပြီးသားဆိုတော့ တနေ့ မေတ္တာရှိလာကြမှာပါ"

အဲဒါကိုပဲ ကကြီး လက်မခံနိုင်တာ။ ဒီချိန်ထိ စားထားဖို့တောင် စိတ်ထဲမှာ နည်းနည်းမှ မတွေးမိခဲ့ဘူး။ ဖြစ်မယ်ဆိုတော့ ရည်းစား

www.burmeseclassic.com

www.burmeseclassic.com



တောင်မဟုတ်သေးဘဲ လက်ထပ်ရမယ်တဲ့။

"ကဲ ကဲ မြေးလေး စဉ်းစားမှာပါ၊ ကျောင်းပြီးမှဆိုတော့ သူတို့ချင်းလည်း ခွေးနွေးကြပါလိမ့်မယ်ကွာ လာ လာ"

ဘိုးဘိုးက တစ်ဖက်လှည့်စကားနဲ့ တွန်းပို့သွားသည်။ ဘွားဘွားက ပြုံး၍ ခေါင်းညိတ်၏။ ကကြိုး လက်နှစ်ဖက်နှင့် ခေါင်းကိုစုံကုတ်၍ အိပ်ရာထဲ လှဲချကာ ခေါင်းအုံးပေါ် မျက်နှာမှောက်ထားလိုက်မိသည်။

ဒီအကြောင်းတွေ လက်ရုံးတို့ သိပြီးကြပြီလား။ သူတို့သိရင် ဘယ်လိုနေမလဲ။ သူတို့က ကိုယ့်ထက်အရင် သိနေကြတာရော မဖြစ်နိုင်ဘူးလား။ ကကြိုး ငေါက်ခနဲ ထထိုင်လိုက်မိပြန်သည်။ ဟိုတစ်နေ့ကပဲ အိမ်က မိန်းမပေးစားရင်တော့ ယူမှာပဲလို့ လက်ရုံးပြောခဲ့သည်ကို အမှတ်ရလိုက်သည်။ အဲဒီတုန်းက မျက်နှာက ပြုံးစေ့စေ့ရယ်။ ကကြိုး ချက်ချင်း ဖုန်းကောက်ဆက်လိုက်သည်။

"ရာဇလား အင်း လက်ရုံးကိုခေါ်ပေးစမ်းပါ"

တအောင့်ကြာလျှင် လက်ရုံး လာကိုင်၏။

"ဟဲ ဟဲ ကောက်တေးမ စိတ်ကောက်ပြေသွားပြီလား၊ မနက်ကျောင်းကို တစ်ယောက်တည်းမသွားနဲ့နော်"

ကကြိုး ဘာမှမပြောဘဲ ငြိမ်နေမိဆဲ။

"ဟိတ် ကကြိုး ဘာမှမပြောတော့ဘူးလား၊ ဘယ့်နှယ် ဖုန်းဆက်ပြီး မတ်တပ်ကြောင်နေပြီလား"

"လက်ရုံး"

"ပြော"

"ငါ့ဆီ ခဏလာခဲ့"

ဒါပဲပြောပြီး ဖုန်းကို ဂွပ်ခနဲ ချပစ်လိုက်သည်။ ရင်ထဲမှာ ဘာကို ဒေါသထွက်နေမှန်းမသိ။

■ ■ ■

## အခန်း (၉)

လက်ရုံးက ရှုပုတ်မဲမှောင်နေသည့် ကကြိုးမျက်နှာကို ရှုးစိုက်ကြည့်၍ ဒန်းပေါ်မှာ ဝင်ထိုင်လိုက်သည်။

"မျက်နှာက ဘာဖြစ်နေတာလဲ"

"လက်ရုံး"

သူမေးတာကို မပြောဘဲ ခပ်ဆောင့်ဆောင့် အော်သည်။

"လူကြီးတွေ စီစဉ်ထားကြတာ နင်တို့ သိတယ်မို့လား"

"သိတယ်လေ"

ကကြိုးမျက်နှာ ပိုတင်းသွားသည်။

"ဟင်း ပြောကြစမ်းပါဦး၊ ငါ့ကို နင်တို့ ဘယ်လိုမဲချပြီးယူဖို့ စီစဉ်ထားကြသလဲဆိုတာ"

"နင် ဘယ်လိုပြောလိုက်တာလဲ ကကြိုး"

ကကြိုး ဒန်းပေါ်ကနေ ဆတ်ခနဲ ထရပ်လိုက်သည်။

"ကြားတဲ့အတိုင်းပဲလေ၊ ငါ ဘာမှမသိခဲ့သေးတဲ့ကိစ္စကို နင်တို့ကတော့သိပြီး ငါ့ကို ဘယ်သူယူမယ်လဲ ဝေပုံချနေကြတာကို လုံးဝ မကျေနပ်ဘူး"

လက်ရုံး ကကြိုးရှေ့မှာ ရင်ဆိုင်ရပ်လိုက်သည်။

"ဘာဖြစ်လို့ ထင်ရာတွေ လျှောက်ပြောနေတာလဲ ကကြိုး၊ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



သူတွေက နင့်ကိုခွဲဝေနေကြလို့လဲ''

''နင်တို့လေ နင်တို့နှစ်ယောက်ပေါ့၊ ငါ့ကို ငါ့အဘွားက နင်တို့နဲ့ ပေးစားချင်လွန်းလို့ ဝကွက်အပ်ထားတယ်မို့လား''

''အဲဒါ လူကြီးတွေကိစ္စ ငါတို့နဲ့ ဘာဆိုင်လဲ''

လက်ရုံးအသံက မာနေသည်။ ဘယ်နေရာမှာ ဘယ်အထိ နိုင်နင်းနေပါစေ။ ယောကျ်ားမာနဆိုတာတော့ ကကြိုး ထည့်တွက်ဖို့ကောင်းသည်။ ကိုယ် သူ့အပေါ် အမြဲအလျှော့ပေး အလိုလိုက်ခဲ့တာဟာ အဖြူရောင်သံယောဇဉ်နဲ့ အရင်းခံခဲ့တာ။ တဖြည်းဖြည်း ချစ်ခဲ့မိတာ။ တကယ် မြတ်မြတ်နိုးနိုး။ ခုတော့ ကိုယ်ကပဲ သူ့ကိုမရအရ လိုချင်လွန်းလို့ အသေရရအရှင်ရရ ဖြစ်နေရတဲ့ဘဝမျိုး။

''ဒီမှာ ကကြိုး ငါတို့တွေခင်ခဲ့ကြတာ၊ လုံးဝ သန့်ရှင်းကြတယ်၊ လူကြီးတွေစီစဉ်တဲ့ကိစ္စ နောက်မှ ဘာဖြစ်လာလာ လောလောဆယ် ငါတို့ တစ်ယောက်အပေါ်တစ်ယောက် အရောင်မဆိုးဘဲ ရိုးသားစွာရှိနေကြတဲ့ သံယောဇဉ်ကို တတ်နိုင်သမျှ ဆုပ်ကိုင်ထားချင်တယ်၊ အဲဒါ ငါ့ဆန္ဒ''

တစ်ခါမှ မမြင်ဘူး မကြားဘူးခဲ့သော လက်ရုံးမျက်နှာနဲ့ လေသံမာမာကို ကကြိုး နင့်သည်းစွာခံစားရင်း မခံချင်ဒေါသကြောင့် မျက်ဝန်းမှ မျက်ရည်ကြည်တွေ ဝေ့တက်လာသည်။ ကကြိုးက နှုတ်ခမ်းကို လှလှပပလေး မဲ့ပစ်လိုက်၏။

''အေး ကြိုက်တယ် ငါကလည်း ဒီအသံမျိုးပဲ ကြားချင်တာ၊ ငါ့ဘက်က ဘယ်တော့မှဖောက်ပြန်မှာ မဟုတ်သလို နင့်ဘက်ကလည်း ပြောတဲ့အတိုင်း တည်ပါစေ''

ကကြိုး အေးစက်စွာပြော၍ လှည့်ထွက်ခဲ့သည်။ လက်ရုံး နောက်ကလိုက်လာကာ ကကြိုး၏လက်ကို လှမ်းဆွဲလိုက်၏။

''နေဦး ကကြိုး''



မျက်ဝန်းထဲက ဝဲတက်ပြည့်လျှံလုလု မျက်ရည်တွေကို မမြင်စေလို၍ ကကြိုး လှည့်မကြည့်ဘဲ ရပ်နေလိုက်သည်။

''အဖြူရောင်ဆိုတာ ငါတို့ဘက်အပိုင်း။ လူကြီးတွေစီစဉ်ကြတာ ဘယ်လိုလုပ်မှာလဲ''

သူကိုင်ထားသည့်လက်ကို ကကြိုး ဆတ်ခနဲ ရုန်းပစ်လိုက်၏။

''ငါ လက်မခံနိုင်တာ ပြောပြီးပြီ၊ မပေးတာကို မယူဘူးဆိုတဲ့ သဘောရှိရင် နင်လုပ်စရာရှိတာ နင်ဆက်လုပ်လေ''

လက်ရုံး တောင့်တောင့်ကြီး ရပ်ကျန်နေခဲ့သည်။

''ကကြိုး''

သူ မထင်မှတ်စွာ တင်းမာပြတ်တောက်ခဲ့သည်။

ချစ်ခဲ့ဖူးတဲ့ သူငယ်ချင်းလေးအချစ်တွေကိုတောင် မငဲ့ညှာသူကရော။

ကကြိုး ဒီစကားမျိုးပြောလာအောင် စကားတွေမှားသွားခဲ့သလား။ ကိုယ့်ကိုယ်ကို ပြန်မေးမိသည်။

မမှားဘူးဆိုသည့် မာနက တိကျစွာဖြေ၏။ ဘယ်နည်းနဲ့နိုင်နိုင် အချစ်ကိုတော့ အနိုင်မခံနိုင်တာ ကိုယ့်ခံယူချက်။

ရတယ် ကကြိုး။ ဒီပွဲမှာလည်း ငါတို့ အရှုံးမပေးစတမ်း ပြိုင်ကြတာပေါ့။

■ ■ ■

''ငါတော့ မင်းမှားတယ်ထင်တယ် လက်ရုံး''

ရာဇစကားကြောင့် လက်ရုံး မျက်မှောင်ကုပ်ကြည့်ရင်း

''ငါ ဘာမှားသလဲ ရာဇ၊ တကယ်ဆို ငါတို့နှစ်ယောက် သံယောဇဉ်ကိုထောက်ထားပြီး ကကြိုး ဒီလိုမပြောသင့်ဘူး''

''ဒါတော့ကွာ အခုကိစ္စမှာ သူက ဘာမှကြိုမသိဘူး၊ မာမီနဲ့

www.burmeseclassic.com

www.burmeseclassic.com



အဘွားသစ်တို့ စိစဉ်လိုက်တာ၊ ပြီးတော့ အရင်ဆုံးသိခွင့်ရတာ မင်းနဲ့ငါ၊ ဒါကို ကကြိုး စိတ်ဆိုးနေတာဖြစ်မှာပေါ့၊ သူ့ကို သက်မဲ့အရုပ်တစ်ရုပ်လို သဘောထားသလိုဖြစ်နေတယ်''

''ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ အခု သူပြောပုံကြီးက အစော်ကားခံရသလိုပဲ၊ ငါနဲ့မင်း သူ့ကိုခွဲတမ်းချယူကြတာတဲ့''

ရာဇမျက်နှာပေါ်မှာ သူမျှော်လင့်သော ခံစားချက်တို့ မတွေ့ပါ။ သူကသာ မာနနှင့်စိတ်တိုဒေါသထွက်နေတာ ရာဇအသွင်က ဘာမှ ထွေထွေထူးထူး ခံစားပုံမရပါ။

အမြဲတမ်း အနိုင်ယူတတ်သော ကကြိုးကို အလျှော့ပေးရင်း ရာဇ ယောကျ်ားတစ်ယောက်ရဲ့မာနတောင် မရှိတော့ဘူးလား။

''ဘယ်လိုဖြစ်တာလဲ ရာဇ၊ ခုကိစ္စမှာလည်း ကကြိုးကို မင်း အလျှော့ပေး လက်မြှောက်ပြန်ပြီလား''

''ကကြိုးကို တို့ညီအစ်ကိုနှစ်ယောက်စလုံး အမြဲတမ်း အလျှော့ပေးခဲ့တာပဲကွာ''

''ဒီတစ်ခါတော့ ငါ အလျှော့မပေးနိုင်ဘူး ရာဇ၊ ငါ နှလုံးသားကိစ္စကွ''

''ဒါဆို မင်းကို ငါ တစ်ခုမေးမယ် လက်ရုံး၊ မင်း ကကြိုးကို တကယ်ချစ်သလား''

''ဒီမေးခွန်းကို ငါဖြေဖို့တောင် မလိုပါဘူး ရာဇရာ''

''အိုကေ ငါလက်ခံတယ်၊ ဒါဆို ကကြိုးကို မင်း အရင်လိုပဲ အလျှော့ပေးနေတော့ကော ဘာဖြစ်မှာမို့လဲ''

''အခု သူ့ဘက်က လက်မခံနိုင်ဘူးလို့ ငြင်းနေတာကွ''

ရာဇ ခေါင်းကိုခါရမ်းရင်း ပြုံးသည်။

''ကကြိုး ငြင်းတာ သူက ဘာမှမသိသေးဘဲ စီစဉ်တဲ့ကိစ္စအတွက်ကွ၊ ပြီးတော့ မင်းနဲ့ငါ ဘယ်သူဘယ်ဝါဆိုတာ ရေရေရာရာမသိဘဲ ခေါင်းညိတ်ရမယ့်ကိစ္စကြီးကို ငြင်းတာကွ''



ရာဇစကားကြောင့် သူ တွေခနဲ ဖြစ်ရသည်။ မှန်တော့မှန်သား။ လူကြီးတွေ အစီအစဉ်က မရေရာသေးပါ။ ကကြိုးကို ပိုင်ဆိုင်ခွင့်ရမှာ သူလား ရာဇလား မကွဲပြားသေးတော့လည်း ကကြိုးအဖြစ်က သဘောကျ သူ ဝယ်ယူတာခံရမည့် အရုပ်တစ်ရုပ်လို ဖြစ်နေသည်ပဲ။

''အေး ဟုတ်တော့ဟုတ်တယ် ဒါကို ငါမစဉ်းစားမိဘူးကွ''

''ကကြိုး ခံစားချက်ကို မင်းနားလည်ပေးလိုက် လက်ရုံး၊ ပြီးရင် မင်းလုပ်ရမှာက ကကြိုးကို ဖွင့်ပြောဖို့ပဲ''

''အင်း လောလောဆယ်တော့ သူစိတ်ပြေဦးမှာ မဟုတ်သေးဘူး''

''ကကြိုး ဘယ်တုန်းက အကြာကြီး စိတ်ကောက်လို့လဲကွာ၊ မင်းဘက်က တစ်ထစ်လျှော့လိုက်ပေါ့၊ ပြီးရင် မင်း သူ့ကို ချစ်နေတာ ဖွင့်ပြော၊ သူ ဆုံးဖြတ်လိမ့်မယ်''

''အိုကေ ရာဇ မင်းစကားတွေမှန်တယ်၊ တစ်ခုတော့ ကူညီဦးကွာ၊ ကကြိုး စိတ်ဆိုးပြေအောင် မင်းလည်း ဝိုင်းကူချော့ပေးဦး''

ရာဇ ယဲ့ယဲ့ပြုံးရင်း ခေါင်းညိတ်၏။ တကယ်ဆို ကကြိုး တစ်ပါးသူ ရင်ခွင်ထဲ ရောက်သွားမည့်အဖြစ်ကို သူ မမြင်ရက်ပါ။ သို့ပေမယ့် အခု ကကြိုးကို ပိုင်ဆိုင်မှာ လက်ရုံး။

အရင်တုန်းကတော့ ကကြိုးနှင့်လက်ရုံး အလောင်းအစားပြိုင်ပွဲ လုပ်တိုင်း သူက ဒိုင်လူကြီး။ အခုတော့ နှစ်ဦးကြားမှာ ရင်ကြားစေ့ပေးရမည့် သူ မြားနတ်မောင်ပေါ့လေ။ စိတ်ချပါ လက်ရုံး။ မင်းအတွက် ငါ အသင့် ဖြစ်နေရမှာပေါ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ကုန်သည်ကြီးများဟိုတယ်မှ ထွက်ခဲ့ပြီး ကားမှတ်တိုင်တစ်ခုမှ အဖြတ်တွင် ထိုးရပ်လာသည့် အဲယားကွန်းဘတ်စ်ကားကြီးပေါ် တက်သူ ဆင်းသူတို့နှင့် ရှုပ်ယှက်ခတ်နေဆဲ။

သူ့ရဲ့ဘယ်တက်ရင်အုံ တည့်တည့်သို့ ဖြူတောင့်တောင့်အရာလေး တစ်ခု ထောင့်ချွန်လေးနှင့် တစ်ခန် ပြေးဆောင့်ကပ်တွယ်ကာ လျှော်ကျတော့ မည်ရှိစဉ် အကျင့်ပါနေသည့် သူ့လက်တွေက အုပ်ဖမ်းပြီးသားဖြစ်သွား၏။ ဘာလဲ။ သူကြည့်လိုက်တော့ ဓါတ်ပုံလေးတစ်ပုံ။ အုံ့ညြလွန်း၍ သတိလက်လွတ်နဲ့ ကြည့်နေမိစဉ်

"ဟော့ ဆောင်းမင်းဆက်"

ခေါ်သံနှင့်အတူ ကျရောက်လာသည့် အရိပ်တစ်ခုကြောင့် ဓါတ်ပုံကို ရှပ်အင်္ကျီအိတ်ထဲ ထည့်လိုက်၏။

"ကားမှတ်တိုင်မှာ ဘာလုပ်နေတာလဲ"

ဆောင်းမင်းဆက် ပြုံး၍ လမ်းဆက်လျှောက်သည်။

"ဒီနား ကိစ္စရှိလို့လာတာပါ၊ မင်း ဘယ်လဲ"

ရှပ်သွင်က ကောက်ဖွထားသည့် သူမဆံပင်တွေကို ခပ်ဆတ်ဆတ်ကလေး ပင့်တင်သည်။

"သမ္မတမှာ ရုပ်ရှင်သွားကြည့်မလို့၊ နင်အားရင် လိုက်ခဲ့ပါလား"

အထကမှာတည်းက သူငယ်ချင်းတွေမို့ ရှပ်သွင်က သူ့ရဲ့အနှံ့တာ



ကို ခံနိုင်ဆုံး ရဲတင်းပွင့်လင်း၍ ဆောင်းမင်းဆက်အတွက်ဆို ရှပ်သွင် ဘာမှ တွန့်ဆုတ်ခြင်းမရှိ ကူညီခဲ့သည်သာ။

"ရှပ်သွင်"

"ပြော"

"ကြာညိုဆိုတဲ့ အမျိုးသမီးကိုသိလား"

"သိတယ်လေ၊ ဂျီအက်စ်အမ်ရုံးကမို့လား။ အဲ့ဒါ ဘာဖြစ်လို့လဲ"

နှစ်ယောက်သား စကားပြောရင်း မီးပွိုင့်ကိုစောင့်၍ ကားလမ်းတစ်ဖက်ကို ဖြတ်ကူးကြသည်။

"ဟဲ့ ပြောလေ ဆောင်း၊ ကြာညို ဘာဖြစ်လို့လဲ၊ နင်နဲ့ငြိနေပြီလား"

"ကိုယ်က မငြိချင်ပါဘူး"

"အံမယ် အံမယ် ကြီးကျယ်လိုက်တာ ဒီလောက်ချောတဲ့ မိန်းမကိုများ"

"မင်း ကိုယ့်အကြောင်း နည်းနည်းပါးပါး ပြောပြထားလိုက်စမ်းပါ"

"ဟဲ့ ဘာအကြောင်းတွေလဲ နင့်အကြောင်း ငါက ဘာပြောရမှာလဲ၊ အောင်သွယ်ပေးရမှာဆိုလည်း ဟုတ်တုတ်တုတ်၊ မကြိုက်ဘူးလည်း ဆိုသေးရဲ့"

ကားဆီသို့ရောက်တော့ ဆောင်းမင်းဆက်က တံခါးကိုဖွင့်လိုက်သည်။

"မင်းသိသားနဲ့ ရှပ်သွင်၊ ကိုယ်အပျော်ရှာနေတာ၊ တစ်ခါတစ်ခါကျတော့ အတော်လေး ပျင်းရိစိတ်ပျက်ဖို့ကောင်းတယ်၊ အဲဒီအပျော်တွေကို စိတ်ပျက်လက်ပျက် စွန့်လွှတ်ပစ်ချင်စိတ်တောင် ပေါက်တယ်"

"ဖြစ်ရလေ"

ရှပ်သွင်က ရွှဲတဲ့တဲ့ ဆိုသည်။

"လောလောဆယ် မိန်းမတွေအလုပ်ကို စိတ်ပျက်တယ်ကွာ၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ကြာညိုဆိုတာကိုပဲ ကိုယ်နဲ့ပတ်သက်ပြီး စိတ်ပျက်သွားအောင် မင်း ကြိုးစားပေးစမ်းပါ''

''ဖြစ်ရလေ ဆောင်းရယ်၊ ရည်းစားထားရတာမျှား ပျင်းရတယ်လို့''

''မပျင်းရင် မင်းထားမလား''

''အို တော်ပါ၊ ရှင်ပဲ စာရင်းရှုပ်''

ရုပ်သွင်မျက်နှာ ရဲခနဲဖြစ်သွားရှာသည်။ ဆောင်းမင်းဆက် မပွင့်တပွင့်ရယ်၍ ကားထဲဝင်ထိုင်လိုက်၏။

''ဟဲ့ ဟဲ့ အို နင် ဘယ်လိုလုပ်တာလဲ ဆောင်း၊ ငါ့မှာ အဖော်မရှိလို့ပါဆို၊ ရုပ်ရှင်လိုက်ခဲ့ပါဟယ်''

ဆောင်းမင်းဆက်က ကားကိုစက်ဖွင့်ရင်း ခေါင်းခါလိုက်၏။

''မိန်းမတွေကို စိတ်ပျက်တာ အဲဒါပဲ၊ အဲဒီဝေယျာဝစ္စတွေ ကိုယ်သည်းမခံနိုင်ဘူး''

ရုပ်သွင် နှုတ်ခမ်းစူ၍ ကျန်ရစ်ခဲ့သည်။

''ပြီးရောနော် နင့်ကိစ္စလည်း ငါ လုပ်မပေးဘူး''

ခပ်ကျယ်ကျယ်လေး လှမ်းအော်လိုက်သေးသည်။ ဆောင်းမင်းဆက်တစ်ယောက်တည်း ပြုံးလိုက်မိသည်။ ကိုယ် အားမနာတတ်ဘူးဆိုတာ မင်းသိပါတယ် ရုပ်သွင်။

■ ■ ■

ခြံရှေ့မှာ ကားကိုထိုးရပ်ပြီး မေဝတီ ဆင်းခဲ့တော့ အတွင်းမှာသော့ပိတ်ထားသော သံပန်းတံခါးကြီးက ဆီးကြိုနေ၏။ ခြံတံခါးမှ လှမ်းမျှော်ကြည့်တော့လည်း လှပခန့်ညားသော တိုက်အိမ်ကြီးက တိတ်ဆိတ်နေသည်။ သူမရှိဘူးလား။ ဘာပဲဖြစ်ဖြစ် မေဝတီ လှည့်ပြန်ထွက်ဖို့ စိတ်မကူးပါ။

ခြံတံခါး အုတ်တိုင်က လူခေါ်ဘဲလ်လေးကို မေဝတီ ခပ်ကြာကြာလေး နှိပ်ပစ်လိုက်သည်။ မကြာလိုက်ပါ။ တိုက်တံခါးဆီမှ လူတစ်ယောက်ထွက်လာတာ လှမ်းမြင်ရသည်။ မေဝတီ နှုတ်ခမ်းလေးတွေ ကျေနပ်စွာ



ပြုံးလိုက်၏။ ခြံတံခါးဆီသို့ တည်တည်ငြိမ်ငြိမ် တစ်လှမ်းချင်းလျှောက်လာသော လူကြီးကို မေဝတီ အကဲခတ်ကြည့်နေမိသည်။ ခြံစောင့်တစ်ဦးမဟုတ်နိုင်မှန်း မြင်ရုံနှင့်သိသည်။ ဥပဓိရုပ်အသွင်အပြင်က ဆောင်းမင်းဆက်နှင့် ခပ်ဆင်ဆင်ရယ်။

ဘယ်လိုတော်စပ်သည်လည်းတော့ မေဝတီ မသိပါ။ ဆောင်းမင်းဆက်ကလည်း သူ့ရဲ့ဟစ်စထရီကို ပြောပြတတ်သည့်လူစားမှ မဟုတ်ဘဲလေ။

''ဘာကိစ္စရှိလို့လဲ ကလေးမ''

မေးသံက တည်ငြိမ်ပြီး ဩဇာပြည့်ဝသည်။

''ကိုဆောင်းမင်းဆက်နဲ့ တွေ့ချင်လို့ပါ''

''လူလေး မရှိဘူးကွဲ့''

ဒါ အမှန်တရားဟု မေဝတီ မယုံပါ။ ဆောင်းမင်းဆက် သူမကို ဥပေက္ခာပြုလိုက်ခြင်းဟု စိတ်ကသိနေသည်။

''ကျွန်မ မေဝတီပါ၊ ဒေါက်တာမေဝတီ မောင် အဲ ဆောင်းမင်းဆက်ရဲ့ချစ်သူပါ''

တမင်သိအောင် မေဝတီ ပြောလိုက်ခြင်းပေမယ့် ပုဂ္ဂိုလ်ကြီးမျက်နှာက ပကတိတည်ငြိမ်နေဆဲ၊ မထူးဆန်းလှသော စကားကို ကြားရသလိုနားထောင်ရင်း

''လူလေး မရှိဘူး၊ ခရီးထွက်သွားတယ်ကွဲ့''

''ကျွန်မ သူနဲ့တွေ့မှဖြစ်မယ်၊ ကိစ္စက သိပ်အရေးကြီးတယ်''

''ဒါဆိုလည်း သူရောက်လာရင် ဦးလေး ပြောလိုက်ပါ့မယ် ကလေးမ''

''သူ ပြန်ရောက်တဲ့အထိ ကျွန်မစောင့်လို့မဖြစ်ဘူး၊ သူ့ကိုဆက်သွယ်နိုင်မယ့် ဖုန်းနံပါတ်မရှိဘူးလား''

''မရှိဘူးကွဲ့၊ လူလေးက ခရီးသွားရင် သူ့ကိုအနှောင့်အယှက်ပေးတာမျိုး မကြိုက်ဘူး၊ သူရှိတဲ့နေရာကို ဆက်သွယ်တာမျိုး မကြိုက်ဘူးကွဲ့''

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စပြတ် ခြေရာဖျောက်လုပ်ခြင်းဟု ဝတီ သိလိုက်သည်။ စိတ်ထဲကလည်း နာကျင်ခံရခက်လှတာ အမှန်။

"ဒါဆိုရင် သူရောက်လာတာနဲ့ ပြောပေးပါ၊ ကျွန်မ သူ့ကိုတွေ့ချင်တယ်၊ သိပ်အရေးကြီးတယ်၊ ပွင့်ပွင့်လင်းလင်း ပြောရရင် သူနဲ့ကျွန်မ လွန်ထားတဲ့ကိစ္စက ရှင်းရခက်နေပြီ"

တည်ငြိမ်ဟန်ဆောင်နေသော လူကြီးမျက်ဝန်းတွေ လက်ခနဲ လှုပ်ရှားသွားတာကို မေဝတီ သတိထားမိသည်။ စိတ်ထဲမှာ ကြိတ်ပြုံးလိုက်မိရင်း

"သူရောက်တာနဲ့ ပြောလိုက်ပါ၊ သူ့ဘက်က ဘယ်လိုရှောင်ရှောင် ကျွန်မဘက်က ဖြစ်လာသမျှ ရင်ဆိုင်မယ်၊ ဘယ်လိုမှ ပြုပြင်မရနိုင်တဲ့အတိတ်ကို မေ့ပစ်လို့မရနိုင်ဘူးလို့ ပြောလိုက်ပါ"

စကားအဆုံး မေဝတီ လှည့်ထွက်ခဲ့သည်။ သူမကားမောင်းထွက်တဲ့အချိန်အထိ ငေးကြည့်ရပ်ကျန်ခဲ့သော လူကြီးကို မေဝတီ နောက်ကြည့်မှန်ထဲက မြင်နေရပါသည်။ မေဝတီ အပြုံးတွေ အခုမှပဲ လွတ်လပ်စွာပုံပေါ်လာသည်။ ကိုင်း ရှင်ဘာဆက်လုပ်မလဲ ဆောင်းမင်းဆက်။ မေဝတီဆိုတာ ရှင်အနိုင်ယူဆော့ကစားဖူးတဲ့ ယုန်သူငယ်လေးတွေလို မဟုတ်ဘူးဆိုတာ ရှင်သိစေရမယ်။ ရှင်အလွယ်တကူ သစ်စိမ်းချိုး ဥပေက္ခာပြုခံလိုက်ရတဲ့ မိန်းမတွေထဲမှာ မေဝတီ စာရင်းမရှိစေရဘူး"

အချစ်ဆိုတာ ရှင့်လိုပဲ ကျွန်မကစားဖူးတဲ့ ကစားနည်းတစ်မျိုးပါပဲ။ ရှင်နဲ့ကျမှ အရှုံးပေး လက်မြှောက်လိုက်ရမှာတဲ့လား။

တကယ်ဆို ဥစ္စာ၊ ပညာ၊ အလှမာနအားလုံး ပြည့်စုံတဲ့ မေဝတီကိုမှ ရှင် အလွယ်တကူသိမ်းပိုက် အလွယ်တကူ စွန့်ပစ်ခဲ့တာ ခံရမှာတဲ့လား။

ရှင့်စိတ်တွေ ဝေဝါးပြီး ကျွန်မရှေ့မှာ ဒူးထောက်လာစေရမယ်။ ယောက်ျားတစ်ယောက်ရဲ့ပျော့ကွက်ကို မေဝတီတို့က နောကြေပြီးသားပဲလေ။ ကိုင်း ရှင်ဘာဆက်လုပ်မလဲ ဆောင်းမင်းဆက်။

■ ■ ■

## အခန်း (၁၁)

လွယ်အိတ်လေးပိုက်လျက် မျက်နှာကိုခပ်စောင်းစောင်းလေး ပြန်လှည့်ကာ တစ်စုံတစ်ခုကို မျက်လွှာချ ငေးစိုက်ကြည့်နေသည့်ပုံ။

တင်ထားသလို စင်းကော့နေသည့် နှာတံလေးနှင့်အတူ မျက်ခုံးမျက်လုံးတွေက နက်မှောင်နေသည်။

အနည်းငယ် မေးရိုးကားသယောင်ရှိသည့်ပြင် လေးကိုင်းသဏ္ဍာန်နှုတ်ခမ်းလှုပြည့်ပြည့်လေးက တိကျပြတ်သားစွာ အနိုင်ယူချင်သည့်စတိုင်လေး ဖြစ်နေ၏။

ဆံပင်ကလေးတချို့ နောက်ဖက်သို့ လွင့်တက်ဝေ့ဝဲနေလိုက်တာ တကယ့်ကို ငေးကြည့်နေချင်စရာကောင်းတဲ့ပုံလေးပါပဲ၊ ကိုယ်တစ်ပိုင်းပုံပြည့်မို့ လွယ်အိတ်ကို ပိုက်ထားသည့်လက်ချောင်း ပြည့်ပြည့်သွယ်သွယ်လေးတွေမှ ရှည်လျားစွာဖုံးအုပ်နေသည့် မွေးညင်းရှည်လေးတွေကို အထင်အရှားမြင်နေရသည်။

ဆောင်းမင်းဆက် သဘောကျဆုံးက မိန်းကလေးတန်မှဲ့ နှုတ်ခမ်းမွေးရာလေးတွေ စိမ်းနေတာကိုပဲ ဖြစ်သည်။ ပြင်ဆင်ခြယ်သ၍ နှောင့်ယှက်နိုင်လွန်းသည့် နှုတ်ခမ်းမွေးတို့ကို မိန်းကလေးအတော်များများ ဖျောက်ဖျက်ပြုပြင်တတ်ကြသည်။

ဒီကောင်မလေးမျက်နှာမှာ ဖြူဖျော့သော စိမ်းမှောင်သော မွေးညင်းပါးလေးတွေ ပါးပြင်ထက်မှာတောင် ခပ်ပါးပါးမြင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဓါတ်ပုံထဲကမျက်နှာမှာ ဘာအခြယ်အသမှ မရှိနိုင်ဘူးဆိုတာ ထင်ရှားနေသည်။ သူ ဘယ်လိုကြည့်ကြည့် မဝ။ ကြည့်တိုင်းလည်း သဘောကျနေသည်။ သဘောကျတိုင်း တပ်မက်စိတ်ကဖြစ်၏။ ဒီမိန်းကလေး ဘယ်သူလဲ။ ထူးဆန်းအံ့ဩလောက်စွာ လမ်းမပလက်ဖောင်းပေါ်မှာ သူ့ရဲ့နလုံးသားတည့်တည့်ရှိရာသို့ ထိကပ်ကျရောက်လာပါသည့် မိန်းကလေး။ သူ့ရှာဖွေခေါ်ငင်ခြင်းမရှိဘဲ ကံတရားက ဆုံစည်းပေးတာလား။ ဘီယာလက်ကျန်ကို မော့၍ ဒရင်းဘတ်ဒ်ပေါ်က သူထသည်။

"ဘယ်သွားမလို့လဲ လူလေး"

"ကျွန်တော် အပြင်ခဏသွားမလို့"

ဦးမင်းထွတ်တင် သက်ပြင်းငွေ့ငွေ့ချ၍ ဆောင်းမင်းဆက်ပခုံးကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်၏။

"စောစောကပဲ ဝတီ လာသွားတယ် လူလေး။ သူ မင်းကိုအရေးတကြီး တွေ့ချင်နေတယ်"

ဆောင်းမင်းဆက် မျက်မှောင်ကုပ်သွား၏။

"သူနဲ့ကျွန်တော် ဘာမှမရှိဘူး"

"သူကတော့ သူ့မှာ ဘာလိုလို အခက်အခဲ ဖြစ်နေတဲ့အကြောင်း"

"ဘာ ဟား ဟား"

ဆောင်းမင်းဆက် အသံထွက်အောင် ရယ်၏။

"အဲဒါ ဘာဘယုံလား။ ကျွန်တော် မိန်းမဘယ်လောက်ပွေပွေ သွေးမရောဘူး"

ဦးမင်းထွတ်တင် ခေါင်းညိတ်သည်။

"အဲဒီလို ကာကွယ်ထားမှဖြစ်မယ် လူလေး၊ ရှေးမင်းမြတ်များလို ပျော်တော်ဆက်မယားတွေ ဘယ်လောက်ထားထား၊ တို့မဟေသီဟာ တို့မျိုးဆက်အတွက် တစ်ယောက်ပဲရှိတယ်၊ ကိုယ့်မျိုးဆက်ကို အဲဒီမဟေသီကပဲ



မွေးဖွားရမယ်"

"ဘာဘမာတာတွေ ကျွန်တော် သဘောပေါက်ပါတယ်၊ တစ်နေ့ကျရင် ကျွန်တော်မြတ်နိုးတဲ့ မိန်းမတစ်ယောက်ကိုပဲ ရာသက်ပန်ပေါင်းသင်းသွားမှာပါ"

ဦးမင်းထွတ်တင် သက်ပြင်းချပြန်ပါသည်။

"ဘယ်အရာပဲဖြစ်ဖြစ် ကိုယ်ထင်သလို အပြည့်အဝဖြစ်မလာနိုင်ဘူးဆိုတာ လူလေး သတိမပြတ်ပါနဲ့၊ ပြီးတော့ ကိုယ်ကမှန်တယ်လို့ ထင်ရာလုပ်နေပေမယ့် တစ်ဖက်က မှားတယ်လို့ထင်နေရင် ကိုယ့်မှာအန္တရာယ်များတယ်"

စကားတစ်ခွန်းကို အဓိပ္ပာယ်မဲ့ မပြောတတ်သည့် ဦးလေးဖြစ်သူကို ဆောင်းမင်းဆက် စူးစိုက်ကြည့်နေမိ၏။

"ဘာဘ ပြောချင်တာကတော့ ဒီလောက်ထိ ကိုယ့်လွတ်လပ်ခွင့်ကို သုံးစွဲနိုင်ခဲ့ပြီးပြီ၊ အသက်လည်း မငယ်တော့ဘူး၊ အတည်တကျ အိမ်ထောင်ပြုသင့်ပြီကွယ်"

"ဟုတ်ကဲ့ ဘာဘ၊ ကျွန်တော် စဉ်းစားမှာပါ"

"ရှိသေးတယ်၊ နောက်တစ်ခုက လူလေးရဲ့ဇာတာကို ဘာဘစစ်ပြီးပြီ၊ လာမယ့်နှစ်ပိုင်းမှာ နည်းနည်းညှို့နေတယ်၊ အဲဒါ ယတြာလုပ်ဖို့လည်း ဘာဘစီစဉ်ထားတယ်"

ဆောင်းမင်းဆက် ခေါင်းကုတ်လိုက်သည်။

"အဲဒီယတြာ ဘာညာတွေ ကျွန်တော် လုံးဝ စိတ်မဝင်စားဘူး ဘာဘ၊ ဘာဘပဲ လုပ်လို့ရရင် လုပ်တော့၊ ကျွန်တော်ကိုယ်တိုင်ပါမှဆိုရင်တော့ ဖြစ်မှာမဟုတ်ဘူး"

ဦးမင်းထွတ်တင် မသက်မသာနှင့် ကျန်ခဲ့ပြန်သည်။

ဆောင်းမင်းဆက်နှင့်ဘုန်းစက်ရှိန်ဝါ ညီအစ်ကိုနှစ်ယောက်မှာ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကတော့ မိန်းမပေးစားမှာစိုး၍ ဂျပန်ကိုထွက်သွားလိုက်တာ စာလေး တောင်မှ ရေးဖော်မရ။ ဒီတစ်ယောက်ကျတော့ မိန်းမတွေ တစ်ယောက်ပြီး တစ်ယောက် ထည့်လဲတွဲရ လက်ထပ်ဖို့ကျတော့ သူချစ်နိုင်တဲ့မိန်းမ မတွေ့ သေးလို့တဲ့။

မိဘ၊ ဘိုးဘွားတွေလက်ထက်က ကိုယ့်မျိုးဆက်တိုင်း မိဘလက် ထပ်ပေးတာကို ကြည်ဖြူစွာ လက်ခံခဲ့ကြပါလျက် သူတို့ကျမှ အိမ်ထောင်ရေး မှာ ချစ်တာတွေ မေတ္တာတွေရှုပ်ထွေးလို့ ရည်းစားထားတာ အချစ်နဲ့မဆိုင်ဘူး ဆိုတာကတစ်မျိုး။

အိမ်ထောင်ရေးကို မျိုးဆက်ပြန့်ပွားရေးလို သဘောထားပြီး ပေးစား တဲ့မိန်းမကို အရုပ်တစ်ရုပ်လို အိတ်ထဲကောက်ထည့်မထားနိုင်ဘူးဆိုတာက တစ်သွယ်။

ဦးမင်းထွတ်တင် စောင့်ကြည့်ရုံမှတပါး ဘာမှမတတ်နိုင်ပါ။ နှစ် ဆယ့်ခြောက်နှစ်ဆိုသည့်အသက်က မငယ်တော့ဘူးတဲ့။ အိမ်ထောင်ရေး ကို ရွေးချယ်ပါရစေတဲ့။ ကိုယ်တိုင်ကလည်း ကလေးစိတ်ဆင်းရဲအောင် မလုပ်ရက်တော့လည်း အခက်သားလား။

■ ■ ■

"ကကြီး"

"ဘာလဲ"

"နင်နဲ့လက်ရုံး ဘာဖြစ်တာလဲ"

သူငယ်ချင်းတွေ မေးကြပြီ။

ကကြီးက လက်ရုံးရှိရာ လှည့်ကြည့်၍ လက်ရုံးဆီကအကြည့်နှင့် ဆုံမိတော့ မျက်စောင်းထိုး၍ ဖျတ်ခနဲ ပြန်လှည့်လိုက်၏။

"ကကြီး ပြောလေ"

"ဘာပြောရမှာလဲ၊ ဘာမှမဖြစ်ဘူး"



"မညာပါနဲ့ နင်တို့တစ်ခုခု ပြဿနာဖြစ်ထားတာ သေချာတယ်၊ မဟုတ်ရင် ဘယ်တု ်းက ကြာကြာနေလို့လဲ၊ ခု ဟိုတစ်ယောက်ကလည်း ခေါင်းချင်တဲ့မျက်နှာနဲ့ တကြည့်ကြည့်ရှိနေပြီး လာချော့တာမတွေ့ဘူး"

သူတို့တောင် သတိထားမိနေကြပြီ။

ကကြီး လှိုက်ခနဲ ဝမ်းနည်းသွား၏။ ဒါပေမဲ့ ဘယ်သူမှ မသိလိုက် ပါ။

"ဟုတ်တယ် ငါနဲ့ ရန်ဖြစ်ထားတာ"

"ရာဇနဲ့ရော"

"အတူတူပေါ့"

"ထူးဆန်းလိုက်တာ"

တကယ်ပဲ အထူးအဆန်းကို သူငယ်ချင်းတွေဖြစ်ကုန်ကြ၏။ သူတို့ အုပ်စု ပွစိပွစိဖြစ်နေကြဆဲ လက်ရုံး အနားရောက်လာသည်။

"ကကြီး"

"အယ်"

ဝင့်က အတင်းပြောနေတုန်းမို့ ဇက်ကလေးပု၍ အသက်ထွက်သွား ၏။

"အပြင် ခဏသွားရအောင်"

"ငါမလိုက်ချင်ဘူး၊ စာကူးရဦးမှာ"

ပြောပြောဆိုဆို ကကြီးက စာအုပ်ထုတ်လိုက်သည်။

"အပိုတွေပြောမနေနဲ့ လာ"

သူ့စာအုပ်ကိုလည်း ဆွဲယူ၊ လက်ကိုပါဆွဲ၍ လက်ရုံးက အတင်း အကျပ်ပြောတော့သည်။

"လက်ရုံး နင် နင်"

အတန်းသားတွေလည်း ဝိုင်းကြည့်နေကြပြီမို့ ကကြီး ထွက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတော့သည်။

"လွှတ်စမ်းပါ လူကို ဘာများမှတ်နေလဲ၊ ဟင်း ကျောင်းသားတွေရှေ့မှာ ပိုင်စိုးပိုင်နင်း"

"နင် ဘာဖြစ်လို့ ငါ့ကိုရှောင်နေတာလဲ"

"မခေါ်ချင်လို့ပေါ့"

"ဘာဖြစ်လို့ မခေါ်ချင်ရတာလဲ"

"မခေါ်ချင်တာ မခေါ်ချင်လို့ပေါ့"

လက်ရုံး ပြုံးစိစိနှင့် ကကြိုးလက်ကို မလွှတ်ဘဲ ကုံကော်တန်းရှိရာ ဆွဲခေါ်လာခဲ့သည်။

"ဘာလုပ်မလို့လဲ ဒီနားထိ ခေါ်လာတာက"

"သိဘူး ဆွဲမိဆွဲရာ ဆွဲလာတာပဲ"

ကကြိုး နှုတ်ခမ်းစူ၍ ခုံတန်းမှာဆောင့်ခနဲ ထိုင်သည်။

လက်ရုံးက ဘေးမှာဝင်ထိုင်၍ ကကြိုးနောက်မှီမှာ လက်ဆန့်တင်ထားလိုက်သည်။

"ကကြိုး"

"ဘာလဲ"

"နင်စိတ်ကောက်နေရင် ငါမနေတတ်ဘူး"

ရင်ထဲမှာ ဆတ်ခနဲ တုန်သွားသလိုလို၊ အမြဲ ရိုးသားစွာနေလာကြမယ့် ခုတော့ ရင်ထဲက ဘာလိုလိုပါလား။

"ရာဇက မေးတယ် သိလား၊ မင်းတို့အတွဲ ခုလိုဖြစ်နေတာ လူတိုင်း သတိထားမိတယ်တဲ့"

"ဘာအတွဲလဲ"

"သူငယ်ချင်းလို့ ပြောတာပါ"

လက်ရုံး မရိုးသားခြင်းကို ဖုံးကွယ်၏။



"မာမီကလည်း ပြောတယ်၊ ကကြိုးနဲ့သားကို သားငယ်ကိုယ်တိုင်က သဘောတူနေတာတဲ့၊ သားတို့က ဘယ်လိုလဲတဲ့"

ကကြိုး ရင်တွေခုန်လာမိတာ တကယ်ပါ။ ဘယ်လိုကြီးမှန်းမသိ။

"ကကြိုး"

"ဘာလဲဟာ"

"နင်နဲ့ငါ ပြိုင်ပွဲတစ်ခုလုပ်မယ်"

"ဘာလဲ"

ပြိုင်ပွဲဆိုလို့ ကကြိုး စိတ်ဝင်တစား လှည့်လာသည်။

"ဟန်မဆောင်ကြေးလေ၊ ဟန်ဆောင်တဲ့လူက အရှုံး"

"ဘာ"

ကကြိုး မျက်လုံးပြူးသွားတာကို လက်ရုံးက ဟက်ခနဲရယ်၏။

"ငါ ကြိုးစားကြည့်ဖူးတယ်"

"ဘာကိုလဲ"

"နင်နဲ့ပတ်သက်ရင် ဟန်ဆောင်ထားဖို့ပေါ့၊ အလျှော့ပေးလွန်းလို့ နင် သိဝ်ဆိုးတာပဲဆိုပြီး တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကို အလိုမလိုက်မိအောင် ဟန်ဆောင်ဖို့ ကြိုးစားကြည့်တာ"

ကကြိုး ရယ်ချင်စိတ်ကို မျိုသိပ်ထားရသည်။

"အဲဒါ ငါမအောင်မြင်ဘူး၊ နင့်ကိုဥပေက္ခာထားပြီး လုံးဝကို နေလို့မရတာ"

ကကြိုးက မေးလေးပင့်၍ နှုတ်ခမ်းကို မဲ့လိုက်သည်။

"ကကြိုး"

"ဘာလဲ"

"နင်စိန်ခေါ်သမျှ ဘာပွဲမဆို ငါဝင်ပြိုင်ခဲ့တယ်နော်"

ကကြိုး ငြိမ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါ ငါကစပြီး စိန်ခေါ်တယ်"

"အဲဒါ ငါသဘောမတူဘူး၊ နင့်ပြိုင်ပွဲက ဆုပ်ကိုင်လို့မရတဲ့ပွဲ"

"ဘာပဲဖြစ်ဖြစ် လက်ခံနိုင်သူနဲ့ လက်မခံနိုင်သူအတွက် ပြိုင်ပွဲပဲ"

ကကြိုး ဘယ်လိုရှောင်ထွက်ရမှန်း မသိ။

"နင်နဲ့ငါ အဆုံးအဖြတ်တစ်ခုရဲ့အထိ မျက်လုံးချင်း ပြိုင်ကြည့်မယ်၊ စိတ်ထဲမှာရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်း ကြည့်မယ်၊ ဟန်ဆောင်တဲ့လူက အရှုံး"

"ဟာ ဟင့်အင်း ဟင့်အင်း မကြည့်ဘူး"

"ဒါဆို နင်မရိုးသားတာ သေချာတာပဲ၊ မျက်လုံးဟာစိတ်ရဲ့တံခါးလို့ ဆိုထားတာ နင့်စိတ်ကို အကဲမခတ်နိုင်တာ ဟန်ဆောင်ထားချင်တာ ပေါ်လွင်နေပြီ"

"လက်ရုံးနော် နင် ငါ့ကိုမစော်ကားနဲ့"

"ဒါဆို ပြိုင်မလား"

"အဓိပ္ပာယ်မရှိတာကို"

"ရှိတယ် အဲဒါ အချစ်ကိုသိမ်မွေ့စွာ ဖော်ထုတ်ခြင်းပဲ"

"အရူး"

"မရူးလို့ အဲလိုပြိုင်ချင်တာပေါ့၊ နင့်ကိုငါ ရည်းစားစကား ပြောခွင့်မရှိဘူးလေ၊ သူငယ်ချင်းပဲလို့ ကန့်သတ်ထားတယ်၊ ဒါပေမဲ့ နင့်ရင်ထဲမှာ ဒီလိုရှိမှာမဟုတ်ဘူးဆိုတာ ငါသိတယ်"

"ငါ့ရင်ထဲမှာ ဘာမှမရှိတာ အမှန်ပဲ"

ရည်းစားစကား ပြောဖို့ကျတော့ အမြဲတမ်း အရှုံးပေးနေကျအတိုင်း တောင်းပန်ဖွင့်ဟလာတာမျိုး မရှိတဲ့လက်ရုံး။

ကကြိုး လုံးဝမကျေနပ်နိုင်။

"ဒါဆို ငါတို့ ပြိုင်ပွဲစမယ်"



အချိန်ဘယ်လောက် သတ်မှတ်မလဲ"

"ငါးမိနစ်"

"ငါ ရိုးသားရက်နဲ့ နင်က ဟန်ဆောင်ဖုံးထားတာလို့ စွပ်စွဲရင်ရော"

"အဲလိုနည်းနဲ့ ငါ ဘယ်တော့မှ မကောက်ကျစ်ဘူး"

"ဒါဆိုပြီးရော"

"နင် ဘယ်နေရာမှာ ကြိုက်လဲ"

"အဲဒါ ငါ စဉ်းစားဦးမယ်"

"သိပ်မကြာစေနဲ့နော်"

"ရာဇဝင် ဒိုင်လူကြီးလား"

"ဒိုင်လူကြီး မလိုပါဘူး"

ကကြိုး သက်ပြင်းခိုးလေး ချလိုက်မိသည်။

ဟန်မဆောင်ကြစတမ်း ဆိုပါလျှင်

ခွေးစုတ်လက်ရုံး။ လူလည်။

■ ■ ■

အိမ်ပြန်ရောက်တဲ့အထိ ကကြိုး ရင်ထဲမှာ တစ်မျိုးကြီးခံစားနေရတုံး။

ဟိုးငယ်စဉ်ကတည်းက အတူနေခဲ့ကြတဲ့ သူငယ်ချင်းတွေပေမယ့် နေ့လယ်တုန်းက လက်ရုံး သူမလက်ကို ကိုင်ဆွဲတော့ ရင်ထဲမှာတစ်မျိုးကြီးပဲ၊ တလှပ်လှပ်နဲ့ လှိုက်ဖိုသလို ခံစားခဲ့ရတာ မမေ့သေး။ ပြီးတော့ လက်ရုံး မျက်ဝန်းအကြည့်တွေ စကားသံတွေက အရင်လိုမဟုတ်တာ သေချာသည်။ တစ်ချိန်တည်းမှာပဲ ကကြိုး သိလိုက်ရသည်က သူမကို လက်ထပ်ဖို့ ကြိုးစားနေတာ လက်ရုံးတဲ့လေ။

ရာဇလား လက်ရုံးလားမသိခင်က ကကြိုး ပေါက်ကွဲခဲ့ဒေါသတွေ ဖြစ်ခဲ့သမျှ အခုတော့ စိတ်ထဲက ပျောက်ကုန်သည်။ အမြဲတမ်း ကကြိုး

www.burmeseclassic.com

www.burmeseclassic.com



အနိုင်ယူသမျှ ခံယူခဲ့ရသည့် လက်ရုံး။ ရာဇနှင့်ယှဉ်လျှင် ယောကျ်ားပီသ ချောမွေ့သော လက်ရုံးကို ကျောင်းမှာလည်း ကြိတ်ကြိုက်နေသည့် မိန်းကလေးတွေအများကြီး။

ဒါပေမဲ့ အားလုံးထက် ကကြိုးကိုပဲ လက်ရုံး အလေးထား ဦးစားပေးခဲ့တာလည်း သိနေ၏။ အတူသွား၊ အတူစား၊ ကကြိုးအပေါ် သည်းခံစိတ်နှင့် လိုက်လျောခဲ့သော လက်ရုံးကို ချစ်သူတစ်ယောက်အဖြစ် ပြောင်းလဲလက်ခံရမှာ စိတ်ထဲမှာတော့ ရှက်ရွံ့သလိုလို၊ လက်ရုံးကလည်း နှုတ်ကပြောဖို့ ခက်ခဲနေသလားမသိပါ။ မျက်လုံးချင်း ပြိုင်ကြည့်မတဲ့လေ။ ဟန်ဆောင်တဲ့လူက အရှုံးဆိုပဲ။ ဒီလို လူလည်ကျတာမျိုးတော့ ကကြိုး လက်ခံမတဲ့လား။

အမြဲတမ်း အနိုင်ယူခဲ့တာပဲ။ ဒီပြိုင်ပွဲမှာ အရှုံးပေးရမှာတော့ ကကြိုး လက်မခံနိုင်ပါဘူး။ တစ်ခုတော့ရှိသည်။ ကကြိုးရင်ထဲမှာ မကျေနပ်စိတ်တွေတော့ ပြေပျောက်သွားခဲ့ခြင်းပင်။ လူကို အရုပ်တစ်ရုပ်လို သဘောထားနေတာထက်စာရင် ခုလို ချစ်ခွင့်ပန် ပိုင်ဆိုင်ဖို့ကြိုးစားတာ တော်သေးတာပေ့ါ။ ဒါပေမဲ့ ငါတော့ ဘယ်တော့မှ နင့်ကို အရှုံးမပေးဘူး လက်ရုံး။ နင်က ချစ်ခွင့်ပန်လာရင်တောင် နင့်ကိုအနိုင်ယူနှိပ်စက်ထားဦးမှာ။ သိတယ်မို့လား။ ငါ့နာမည်က ကကြိုးသျှင်လေ။

■ ■ ■

## အခန်း (၁၂)

"ဟယ် ဒုက္ခပဲ"

စားလို့ကောင်းကောင်းနှင့် စားလိုက်တာ အားရပါးရ။ ဗိုက်တင်းသွားလို့ ကြည့်လိုက်တော့ လွယ်အိတ်ထဲမှာ ပိုက်ဆံအိတ်မရှိတော့။

သွားပြီ ပိုက်ဆံအိတ်ထဲမှာ ငွေပါသွားတာက အရေးမကြီး။ ဘွားဘွားရဲ့နားကပ်ပါသွားသည်က ကကြိုးမျက်လုံးတွေကို ပုစွန်ဆိတ်လို ဝိုင်းစက်ပြူးကျယ်သွားစေခဲ့သည်။

"သွားပြီ ကုန်ပါပြီ"

တစ်ယောက်တည်း စကားတွေပြောရင်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

ဒီဆိုင်မဝင်မီတုန်း စီးခဲ့တဲ့ကားပေါ်မှာ အနိုက်ခံရတာ သေချာသည်။ စုမြတ်တို့ လမ်းထိပ်မှတ်တိုင်မှာတုန်းက တုတ်ထိုးဝင်စားခဲ့သေးသည်။ စုမြတ်အတွက်ပါ သူ့ပဲ ထုတ်ရှင်းခဲ့သေးသည်။ ကကြိုး ဟော့ပေ့ါဆိုင်ထဲမှာ ချွေးတွေပြန်လာ၏။ ရုတ်တရက် သူ့မြင်ကွင်းထဲကို လူတစ်ယောက်ဝင်လာသည်။

နှံသာရောင်စပို့ရှပ်ပွပွနှင့် ဘောင်းဘီရှည်အနက် ဝတ်ထားလျက် ယောကျ်ားလေးတိုင်းရှိသင့်တဲ့ အရပ်ထက် အနည်းငယ်ပိုမြင့်နေသောအနေနှင့် အသားလတ်လတ် ကိုယ်လုံးကျစ်သော ထိုလူ၏ငေးကြည့်ချင်စဖွယ် ရှပကာ စတိုင်ကျနမှုကို ကကြိုး စိတ်မဝင်စား၊ သူ့စိတ်ဝင်စားသည်က နောက်ဘက်

www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီအိတ်ထဲက ဟန်းဖုန်း။ ဟန်းဖုန်းကိုမြင်တော့ လက်ရုံးကို သတိရသွားသည်။

စထွက်လာတည်းက လက်ရုံးကိုခေါ်ဖို့ သတိရပါရက်နဲ့ လက်ရုံးနဲ့ရင်ဆိုင်ဖို့ ဝန်လေးနေတာကြောင့် မခေါ်ခဲ့မိတာ မှားလေခြင်းဟု နောင်တရ၏။ ပြာလဲ့လဲ့ မျက်မှန်နက်ကို တပ်ထားသည့်လူက ဘယ်လိုမှမကြည့်ဘဲ ကကြိုးရဲ့ကျောဘက်စားပွဲမှာ ဝင်ထိုင်၏။

ကကြိုး ဘယ်လိုလုပ်ရမှန်းမသိ။ သူ့ဘောင်းဘီနောက်အိတ်ထဲက ဖုန်းကို သွားတောင်းလို့ သင့်တော်ပါ့မလား။ လက်ထဲမှာ ချွေးစေးတို့နှင့် စိုရွဲလာသည်။

ဆောင်းမင်းဆက် ဟော့ဝေါ့ကို အကျအနခပ်၍ စားမည်ပြင်ဆဲ ဖုန်းကမြည်လာသည်။ သူ့ဟန်းဖုန်းကိုထုတ်၍ နားမှာကပ်လိုက်၏။ စားသောက်တော့မည်မို့ ဖုန်းနားထောင်လိုက်ရပေမယ့် စိတ်ကမကြည်။

"ရှပ်သွင်လား"

"..."

"မတတ်နိုင်ဘူးကွာ ဒါပဲလား ဟင်"

"..."

"အဲဒါ မင်းကိုယ်တိုင်သွားမှ ဖြစ်မှာလေ"

စကားကို ဘယ်လိုပဲဖြတ်ဖြတ် မရွှေရှပ်သွင်တို့က အရစ်ရှည်နေသည်။ ဆောင်းမင်းဆက် သည်းခံနိုင်မှုက အဆင့်လွန်လာ၏။ တစ်စုံတစ်ခု ပြောဖို့ပြင်စဥ်

"ဒီ ဒီမှာ"

သူ့ပခုံးကို ဖျတ်ခနဲ လာရိုက်သည်။

"ရှင်ကလည်း ဖုန်းပြောနေတာ မပြီးတော့ဘူး။ ဒီမှာ တအား အရေးကြီးနေလို့ ခဏငှားစမ်းပါ"



ပြောလည်းပြော ဆွဲလည်းယူ။ ဘာလဲ ငှားတာလည်းမဟုတ်၊ ခင်တာလည်းမဟုတ်ဘဲနဲ့ ဆိုးဆိုးဆတ်ဆတ် ဆွဲယူသွားတာ ဆောင်းမင်းဆက် အူကြောင်ကြောင်ဖြစ်သွားစဥ် မယ်မင်းကြီးမက ဖုန်းနံပါတ်နှိပ်နေပြီ။

"လက်ရုံး လက်ရုံးလား အေး ငါပါ၊ လက်ရုံး နင်မြန်မြန်လာခဲ့စမ်းပါ၊ အေး ငါ (...)က ဟော့ပေါ့စီးတီးမှာ၊ အေး ဒါဆို ဒီမှာ ငါ့ပိုက်ဆံအိတ်အနှိုက်ခံလိုက်ရလို့၊ ဟုတ်တယ် အေးပေါ့၊ ဟာ ငွေပါသွားတာလောက်နဲ့ ငါ ဒီလောက်ဖြစ်မလား၊ ဘွားဘွားဆီက မသိအောင်ယူပြီး ရှမြွတ်ကို ငှားထားတဲ့ စိန်နားကပ်လေ၊ အေး ဟုတ်တယ် အဲဒါ ဒီနေ့ ငါ ပြန်သိမ်းလာတာ အေး အဲဒါပါ ပါသွားတာ"

မယ်မင်းကြီးမလေးက မျက်ရည်ပေါက်တွေများကျလို့။ ဖုန်းပြောရင်း နှပ်ကလည်း ရှုံ့ခနဲ ညှစ်လိုက်သေးသည်။

ပြီးတော့ အဲဒီလက်ကို တင်စောင်းမှာ နှစ်ချက်သုံးချက် ပွတ်သုတ်ပစ်လိုက်၏။ ပတ်ဝန်းကျင်မှာ လူတွေရှိနေကြတာများ မေ့နေသလားမသိ။ လူတွေ သူမကိုကြည့်နေကြသလို ဆောင်းမင်းဆက် နှုတ်ခမ်းတွေ ပြုံးယောင်သမ်းနေသည်။ ပြောရင်းငိုရင်း နှပ်ညှစ်ရင်း ထဘီကို ပွတ်သုတ်နေတတ်သည့် ကောင်မလေးကို သူပြောင်ပြောင်ပဲ ထိုင်ကြည့်နေလိုက်သည်။ ဒီမျက်နှာလေးကို သူ မေ့ပါ့မလား။

သူ့ရဲ့ဘယ်ဘက်ရင်အုံက အင်္ကျီအိတ်ထဲမှာ အမြဲရှိနေခဲ့သည့် ဓါတ်ပုံရှင်လေး ဘယ်နေရာသွားသွား ရှာလိုက်ရတာ။ တွေ့မယ့်တွေ့တော့လည်း သူကပဲ ကိုယ့်ကို ပတ်ပတ်သက်သက်ကွာ။

"အေး ခု အမြန်ဆုံးလာ ဘာ ဟာ ဘာမှမလုပ်နဲ့၊ ခု ဆယ်မိနစ်အတွင်း ရောက်အောင်လာ ဒါပဲ"

လက်ကျန်မျက်ရည်ကို လက်ခုံနှင့်ပွတ်သပ်၍ နှာခေါင်းကိုတော့ လက်မောင်းကိုပင့်၍ ပွတ်တိုက်ပစ်လိုက်သည်။ ပြီးတော့ ဖုန်းကိုပိတ်၍

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲ ပြန်ထည့်ပေး၏။

"ဆောရီးနော် ရှင့်ဖုန်းပြောနေတာ အားနာလိုက်တာ၊ ကကြိုး အရမ်းကို အရေးကြီးနေလို့ပါ၊ ပြန်ဆက်လိုက်နော်"

သူ ခေါင်းညိတ်ပြရင်း ဖုန်းကို အသာပဲချထားလိုက်၏။ ကျေးဇူးတင်စကားပြောဖို့လည်း ကကြိုး သတိမရ။ စားပွဲမှာ ပြန်ထိုင်မိမှ ပြာလဲ့လဲ့မျက်မှောင်နောက်က ညို့ခါတ်ပြင်းလွန်းသည့် မျက်လုံးအစုံကို သတိတရ ဖြစ်လာသည်။

ပါးပြင်မှာ ဝက်ခြံဖုအချို့ရှိနေခြင်းကြောင့် အနည်းငယ် မျက်နှာရင့်သယောင်ထင်ရပေမယ့် လွန်စွာကြည့်ကောင်းသည့် ယောကျ်ားတစ်ယောက်ဆိုတာ ဝန်ခံရမည်ပင်။

ကကြိုးကို ပြုံးသည်လည်းမမည်သော အကြည့်တစ်ချက်နှင့် အသိအမှတ်ပြုရုံ ခေါင်းဆတ်ပြလိုက်ပုံက လူစိတ်ဝင်စားအောင် တမင်လုပ်ယူတဲ့ စတိုင်မျိုးလား။

သူ့ပုံစံက မာနခပ်ကြီးကြီး တော်ရုံဂရုမစိုက်တတ်သည့်ပုံ။ ကကြိုး ရုတ်တရက် စိတ်လော၍ ခပ်ရိုင်းရိုင်းလုပ်လိုက်မိတာကို သူ့မျက်နှာ စိတ်အနှောင့်အယှက်ဖြစ်သွားခြင်း၊ မိန်းကလေးမို့ ခွင့်လွှတ်လိုက်လျော့လိုက်ခြင်း စသော မည်သည့်ခံစားချက်ကိုမှ ရှာမတွေ့။ ကကြိုး အကြည့်ကိုဖြတ်၍ လက်ရုံးကိုမျှော်သည်။

စိတ်ကမနိုင်းရပါဘဲ မျက်လုံးတို့က ကျောပေးထားသည့် အဲဒီကျောပြင်ကို ခဏခဏ ပြန်ကြည့်မိတာ ပဟေဠိတစ်ခုနှယ်။

ဟယ်တော့ ငါ့ကိုသူကြည့်နေပါလား။

မျှော်လင့်မထားဘဲ အကြည့်ခြင်းဆုံ၍ ကကြိုးသျှင် တစ်ကိုယ်လုံး တုန်တက်သွား၏။ သူကတော့ သွားမပေါ်အောင် ပြုံး၍ ကကြိုးကို လှမ်းပြောသည်။



"ဘာမှမပူနဲ့တော့ မင်းကိစ္စတွေအကုန်လုံး ကိုယ်ရှင်းပြီးပါပြီ"

ကြည့်စမ်း ကကြိုးအတွက်ဆို သူက ဘာကြောင့်များ ဒီလောက်အထိအောင် ပါးနပ်နေရသလဲ။

■ ■ ■

"ကျွတ် ဒုက္ခပဲ"

ကကြိုး ဦးတင်လျှောက်လာရာ လမ်းရှေ့တည့်တည့်မှာ မတ်တတ်ကြီးရပ်နေတာကိုမြင်လိုက်ကတည်းက စိတ်တွေညစ်ညူးသွားရသည်။

ဒီလိုမှန်းသိရင်က ကကြိုးတစ်ယောက်တည်း ကင်တင်းကို ထွက်ခဲ့မှာမဟုတ်။ မတတ်နိုင်ပါ။ အခုမှလည်း နောက်ပြန်လှည့်မရှောင်ချင်။ ကကြိုး ရှောင်ထွက်လျှင်လည်း ဒီကောင်က မာရသွန်ပြေး လိုက်လာမှာ သေချာသည်။

"ကကြိုးသျှင်ကိုလှမ်းမြင်လို့ ကျွန်တော် စောင့်နေတာ"

"ရှင့်ကို ဘယ်သူစောင့်ခိုင်းလို့လဲ"

"ကကြိုးသျှင်ရဲ့ ဒီလိုတစ်ယောက်တည်းတွေ့နိုင်မယ့် အခွင့်အရေးကို ကျွန်တော် မျှော်လင့်စောင့်ကြည့်နေခဲ့ရတာပါဗျာ"

"ဒီမယ် ကိုနေသာ ရှင်မနှောင့်ယှက်နဲ့နော်၊ ကျွန်မ ဗိုက်ဆာလို့ ကင်တင်းသွားမလို့"

"ဒါဆို ကျွန်တော် တစ်ခုခုကျွေးပါရစေနော်"

"မလိုဘူး သူစိမ်းယောကျ်ားတစ်ယောက်ကျွေးတာကို ကျွန်မ ဘယ်တော့မှ မစားတတ်ဘူး"

"ဒါတော့ ကကြိုးသျှင် ညာတာပဲ၊ ရာဇတို့ လက်ရုံးတို့ညီအစ်ကိုနဲ့ အမြဲထိုင် အမြဲစားနေတာပဲဗျာ"

"အဲဒါ ရှင်မှမဟုတ်ဘဲ၊ ရာဇနဲ့လက်ရုံးဆိုတာ ကျွန်မသံယောဇဉ်အရှိဆုံး ငယ်ပေါင်းကြီးဖော်တွေပဲ၊ ကဲ ရှင်ပြန်ပါတော့"

www.burmeseclassic.com

www.burmeseclassic.com



"မနှင်ပါနဲ့ ကကြီးသျှင်ရယ်၊ ဟောဒီစာလေးကို ယူသွားပါဗျာ၊ ပြီးရင် ကျွန်တော့်အတွက် အဖြေ"

တွေ့တိုင်း လူနာအမဲခြောက်တောင်းသလို အမြဲလိုက်တောင်းနေတတ်သည့် နေသာကြောင့် ကကြီး စိတ်ပျက် စိတ်ညစ်လှပြီ။ သည်လောက်အထိ ခါးခါးသီးသီးဖြစ်နေတာကိုလည်း သဘောမပေါက်။ ဒီတော့ ပြဿနာကို အခုပဲ အပြီးဖြေရှင်းရတော့မည်။

"ကောင်းပြီ ရှင်လိုချင်တဲ့အဖြေ တစ်ခါတည်းပေးလိုက်မယ်၊ ကျွန်မကို မနှောင့်ယှက်နဲ့၊ ကျွန်မမှာ ချစ်သူရှိတယ်"

"ဗျာ မဟုတ်တာ၊ ကျွန်တော် မယုံဘူး၊ မညာပါနဲ့ဗျာ"

"ညာနေတာမဟုတ်ဘူး၊ တကယ်ပြောနေတာ၊ ကျွန်မချစ်သူကျောင်းပြီးတာနဲ့ အိမ်ကလက်ထပ်ပေးဖို့ စီစဉ်ထားတဲ့သူပဲ"

"အဲ အဲဒီကောင်က ဘယ်သူလဲ ကကြီးသျှင်"

"ငါပဲပေါ့ကွာ"

"ဟင်"

"အယ် လက် လက်ရုံး"

အသံကြားမှ လှည့်ကြည့်မိကာ လက်ရုံး အနောက်ကကပ်ပါလာတာကို တွေ့ရ၏။ ရှက်ရွံ့ထူပူစွာနှင့် ကကြီးမျက်နှာ ရဲရဲနီနေသည်။ နေသာရန်က ငြိမ်းရင်ပြီးရော ပြောလိုက်မိတာ လက်ရုံးပါလာမှန်းမသိ။ ရှက်လိုက်တာ။

"ဒီ ဒီကောင်ပြောတာ အမှန်ပဲလား ကကြီးသျှင်"

အရေးထဲမှာ နေသာဆိုတဲ့ကောင်က ထောက်ခံချက်တောင်းနေပြန်သည်။ ကကြီး လက်ရုံးမျက်နှာကိုတောင် မကြည့်ရဲဘဲ ခေါင်းကိုငုံ့ထားမိ၏။

"ကဲ မင်းသဘောပေါက်ပြီဆိုရင် ကကြီးကို ဘယ်တော့မှ နှောင့်



ယှက်ဖို့ မကြိုးစားနဲ့တော့ နေသာ"

နေသာ မျက်နှာကြီးရဲရဲနီမြန်းလျက် လက်ရုံးကို စူးစူးရဲရဲကြည့်သည်။ အောင်နိုင်သူအပြုံးနှင့် လက်ရုံးမျက်နှာကို ရင်မဆိုင်ရဲတော့တာလားမသိ။ ချာခနဲလှည့်ကာ ထွက်သွားတော့သည်။

"ဝမ်းသာလိုက်တာ ကကြီးရယ်"

လက်ရုံးအသံကြားမှ ကကြီး သတိဝင်လာကာ ခေါင်းမော့ရင်း

"ဘာလဲ နင်က ဘာကိုဝမ်းသာတာလဲ"

"စောစောက နင်အဖြေပေးလိုက်တာလေ၊ နင့်ချစ်သူဆိုတာ"

"အူကြောင်ကြောင်လာလုပ်မနေနဲ့ လက်ရုံး၊ နေသာ နှောင့်ယှက်နေတာ မခံနိုင်လို့ ပြီး ပြီးရောပြောလိုက်တာ"

လက်ရုံးမျက်နှာ မဲခနဲဖြစ်သွားရင်း

"ကကြီး နင် ဒီလိုတော့ မကျီစားနဲ့ဟာ"

"နင့်ကို ကျီစားနေတာ မဟုတ်ဘူး၊ တကယ်ပြောနေတာ၊ ငါ့ရဲ့ချစ်သူလို့ပြောတာ နင့်နာမည်ပါသွားသလား ပြော"

"ကကြီး နင် နင်"

လက်ရုံး ဒေါသနှင့် သတိလက်လွတ် ကကြီးလက်ကို ဆုပ်ကိုင်၏။ ကကြီး ဆတ်ခနဲ ရုန်းထွက်ရင်း

"ဟိုတစ်ယောက် နှောင့်ယှက်လို့မပြီးသေးဘူး၊ နင်က လာနှောင့်ယှက်ဦးမလို့လား လက်ရုံး"

"ဘာ ငါက နင့်ကိုနှောင့်ယှက်စရာလား ကကြီး၊ ငါက နင့်ကိုလက်ထပ်ရမယ့်သူ၊ နင့်ချစ်သူလေ"

"လဲသေလိုက်စမ်း နင့်ကိုငါ ဘယ်တုန်းက ပြောခဲ့ဖူးလဲ"

"ကကြီး နင် နေဦး"

ကကြီး တစ်ချက်လှည့်မကြည့်ဘဲ ထွက်ခဲ့၏။ လက်ရုံးမျက်နှာကြီး

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်ကျန်ရစ်ခဲ့သည်လဲ ကကြိုးမသိပါ။ ရှက်ဒေါသနှင့် ခရမ်းချဉ်သီးပုပ်ကြီးလို ဖြစ်နေမည်ထင်ရဲ့။

ကကြိုးစိတ်ထဲက ကြိတ်ရယ်ရင်း ပြုံးနေမိတာကို လက်ရုံး မြင်နိုင်မည်မထင်ပါ။

မျက်လုံးချင်း ဟန်မဆောင်တမ်း ပြိုင်ကြမည်ဆိုတဲ့ လက်ရုံး။ အခုတော့ ဘယ့်နှယ်ရှိစ။ နင့်ကိုအမြဲတမ်း အနိုင်ယူလာတဲ့ ကကြိုးလေ။ အချစ်ဆိုတာကို နင့်နှုတ်က ဖွင့်မပြောသေးဘဲ ငါက လက်ခံရမတဲ့လား။

ပြီးတော့ နင်အရမ်းလိုချင်နေတဲ့အဖြေကို ငါက အလွယ်တကူ ပေးလိုက်ရမှာတဲ့လား။ မထင်လိုက်ပါနဲ့ လက်ရုံးရယ်၊ နင်ရှုံးပွဲတွေဆက်နေတာ ကြည့်ပြီး ငါ ကြိတ်ရယ်ပါရစေဦး။

■ ■ ■

## အခန်း (၁၃)

"ဟော့ ဖြည်းဖြည်းချလေ"

ဆောင်းမင်းဆက် အသံကြား၍ ဦးစိုင်းလူ ပြေးထွက်လာသည်။

"ဟာ တူတော်မောင် အသံမပေး ဘာမပေးနဲ့"

ဒီခြံကြီးတစ်ခုလုံးမှာ ရှိသမျှ အဆောင်ဆောင်တိုက်ခန်းတွေရဲ့သော့ သူ့မှာရှိသည်မို့ တစ်ခါတလေ ဆောင်းမင်းဆက် ဒီလိုပဲ အသံမပေးဘဲ ဝင်နေတတ်ပေမယ့် ဒီလိုမြင်တိုင်းလည်း ဦးစိုင်းလူ မချင့်မရဲ အမြဲဆိုနေကျ ဒီခြံကြီးကို ခင်တွယ်သလို ဆောင်းမင်းဆက်ကို သူချစ်သည်။

အမြဲတစ်ယောက်တည်း နေလာခဲ့ရသည့် သူ့အဖို့ သူချစ်သော ဒီကလေးရောက်လာခြင်းကို ဝမ်းသာအားရ ထွက်ကြိုချင်သည်။

အထဲရောက်နေမှသိရတော့ သူ့မှာ မချင့်မရဲ။

ကားထဲမှ ကောင်လေးနှစ်ယောက် တယုတယ မထုတ်နေကြသည်။ သစ်သားပြားလို အရာကြီးကို သူ ဝင်သယ်ပေး၏။

"ဖြည်းဖြည်းချနော်၊ စင်းရာခြစ်ရာ လုံးဝမထင်စေနဲ့"

ယောက်ျားတစ်ရပ်စာမကသော အချပ်ရှည်ကြီးကို ဧည့်ခန်းမှာ အလွယ်တကူ ချထားလိုက်တာမျိုးမပြုဘဲ အပေါ်ထပ်သို့ တစ်ခါတည်းတင်နိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ကတ္တီပါ အဝါနုနှင့် အလုံပိတ်ထားသည့် ထိုမှန်ကဲ့သို့အရာကြီးကို ဘာကြီးလဲဟု ဦးစိုင်းလူ မမေးပါ။ ဆောင်းမင်းဆက် စိတ်ကို သူသိသည်။ မပြောဘဲနေတာ မပြောချင်လို့ဆိုတာ သဘောပေါက်ရမည်။

အပေါ်ထပ်က ဘုရားခန်းနှင့်ကပ်လျက်ခြံထဲ ရှုခင်းအတော်များများကို မြင်ရသည့် ပြတင်းနှစ်ခုရှိသော ထောင့်ခန်းထဲထိ နေရာချပြီးမှ သူစိတ်တိုင်းကျသည်။

"တူတော်မောင် စိုင်းကြီး ညနေစာပြင်ထားလိုက်မယ်"

"မပြင်နဲ့ စိုင်းကြီး။ စားချိန်းမှ တစ်ခုခုသွားဝယ်စားမယ်၊ ကျွန်တော်နဲ့ ဒီအခန်းကို ရှင်းပေးပါဦး"

"အေး အေး"

တစ်ခန်းလုံးကို ရှင်းလိုက်ရွှေ့လိုက် ပစ္စည်းအသုံးအဆောင်သစ်တွေ ထည့်လိုက် နှစ်ယောက်လုံး ချွေးပြန်လာကြသည်။

"တစ်ခုတော့ မေးချင်တယ် တူတော်မောင်"

"မေး"

"ဒီအခန်းမှာ ဘယ်သူနေဖို့ ပြင်တာလဲ၊ စိုင်းကြီးအထင်တော့ ယောကျ်ားလေးဧည့်သည် မဖြစ်နိုင်ဘူး။ မိန်းကလေး ဖြစ်ရမယ်"

ဆုပ္ပုခြင်းမပြုဘဲ အနည်းငယ် ပြုံးယောင်သမ်းသွားသည့် ဆောင်းမင်းဆက်မျက်နှာကို အကဲခတ်၍ ဦးစိုင်းလူ ခပ်ရဲရဲ ဆက်ပြောလိုက်သည်။

"ပြီးတော့ ဒီအခန်းဟာ ဧည့်သည်ထားတဲ့အခန်း မဟုတ်ဘူး။ ကေန္တ"

ဦးစိုင်းလူ စကားမဆက်ရဲဘဲရှိစဉ် ဆောင်းမင်းဆက်က သွားတွေပေါ်အောင်ရယ်၍ မွေ့ရာပန်းနုလေးထက်မှာ အားပါးတရ ထိုင်လိုက်၏။

"ဆက်ပြောပါဦး စိုင်းကြီးရဲ့၊ ကေန္တ ဘာဖြစ်လဲ"

"ဟဲ ဟဲ တူတော်မောင် မိန်းမယူဖို့များ စိတ်ကူးပေါက်နေပြီလားလို့"



"အဟား စိုင်းကြီး သိပ်တော်တယ်"

လက်ဖျစ်တက်ချက်တီး၍ ဆောင်းမင်းဆက် ထရပ်လိုက်သည်။

"ခင်ဗျားတော်တယ် စိုင်းကြီး၊ အသက်ကြီးပေမယ့် ကွာလတီမကျသေးဘူး"

ပြောပြီး ဆောင်းမင်းဆက်က အခန်းထဲရဲ့ မျက်နှာစာဖက်မှာ ဒီတိုင်းထောင်ထားဆဲရှိသည့် ပျဉ်ချပ်လိုလို မှန်လိုလိုအပြားကြီးကို ညွှန်ပြကာ

"အဲဒီကတ္တီပါစတွေ ခွာကြည့်ပါဦး"

သိချင်လွန်းလို့ ဦးစိုင်းလူလက်တွေက လှုပ်ရှားသွားလိုက်တာ မြန်မြန်ဆန်ဆန် ကတ္တီပါစကြီး ကွာကျသွားလျှင်

"ဟာ"

တကယ်ပဲ အာမေဋိတ်သံ ထွက်သွားသည်။

"လှလိုက်တဲ့ မိန်းကလေး၊ လက်ရာမြောက်လိုက်တဲ့ ပန်းချီ"

"သူ့ သူ့ကို တူတော်မောင် လက်ထပ်မှာလား"

"ဟုတ်တယ်"

လှပသော ရွှေကနုတ်ပေါင်ကြီးထဲက အသက်ဝင်လှပလွန်းသော မိန်းကလေးပုံကို ဦးစိုင်းလူ စေ့စေ့စပ်စပ်ကြည့်နေလျက်

"တော်တော့်ကို ကျက်သရေရှိတဲ့ မိန်းကလေးပဲ၊ ကောင်းတယ်၊ ဒီလိုဖြစ်သင့်တာကြာပြီ၊ ဆရာကြီးလည်း ဝမ်းသာမှာပဲ"

"ဘဘ မသိသေးဘူး"

"ဘာဖြစ်လို့လဲ၊ ဆရာကြီးက သဘောမတူလို့လား"

"မပြောဖြစ်တာပါ၊ ဘဘ ဘာမှပြောမှာ မဟုတ်ဘူး"

နှစ်ယောက်သား ဓါတ်ပုံပန်းချီကားရှေ့မှာ ရပ်လျက် အတန်ကြာတိတ်ဆိတ်သွားကြသည်။ ရည်ရွယ်ချက်တို့ ပြည့်လျှမ်းသော မနက်ဖြန်တိုင်းက စိမ်းလန်းလတ်ဆတ်လွန်းလှသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"အန်တီ"

"ဟော ကကြိုးလေး လာ သမီး"

ဒေါ်ဒေဝီခင်က မျက်နှာပေါ်က သနပ်ခါးတွေကို လက်တစ်ဖက်နှင့် ပွတ်ညှိရင်း အခန်းထဲက ထွက်လာသည်။

"ဘွားဘွားက သစ်ခွပန်းမျိုးတွေပေးခိုင်းလို့ အပြင်မှာထားခဲ့တယ်"

"ဪ အေး သမီး၊ ခုပဲ အန်တီလာမလို့၊ ဒီမှာလည်းလေ သင်တန်းသူတစ်ယောက်လာပို့သွားတာ၊ ဒူးရင်းသီးတွေ ကောင်းလိုက်တာ ကွယ်၊ အဲဒါ အန်တီကိုယ်တိုင် အလုပ်သွားရင်း လာပို့မယ်ဆိုပြီး ဟောဒီမှာ အဆင်သင့်ထုတ်ထားတာ"

ဆူးတွေကားနေသည့် ဒူးရင်းသီးကြီးသုံးလုံးက အက်ကွဲကြွရှနေလေသည်။

"သမီး ယူသွားလိုက်ရမလား အန်တီ"

"နေပစေ သမီး၊ အန်တီတို့စကားပြောစရာလည်း ရှိတယ်၊ သမီး သူငယ်ချင်းလေး ရာဇလေး နေမကောင်းဘူး၊ သွားမေးလိုက်ပါဦး"

ပြောပြောဆိုဆို ဒေါ်ဒေဝီခင်က ဒူးရင်းသီးတွေဆွဲ၍ ထွက်သွား၏။

"ကကြိုး"



"ဟယ် ရာဇ"

ကကြိုးက အခန်းထဲက ထွက်လာသည့် ရာဇကို တအံ့တသြ ကြည့်ပြီး နေမကောင်းဘူးဆိုပြီး လူပုံက စွပ်ကျယ်လက်ပြတ် ပုဆိုးတိုတိုနှင့်၊

"ဒါနဲ့ နင် နေမကောင်းဘူးဆို"

"အေး စောစောက မအီမလည်ကြီးဖြစ်ပြီး ချွေးစေးတွေထွက်လာ လို့ ခုကောင်းသွားပြီ"

ရာဇက ရေခဲသေတ္တာကို ဆွဲဖွင့်ကာ ဒူးရင်းသီးမှာတွေထည့်ထား သည့် ပန်းကန်ပြားလေးကို ယူလာသည်။

"ရာဇ နင် ခုနကပဲ မအီမလည်ကြီးဆိုပြီး ဒူးရင်းသီးတွေ စားမလို့"

"ခုနဖြစ်တာ ခုဖြစ်တာမှမဟုတ်ဘဲ၊ လာ နင်နဲ့ငါနဲ့ စားမယ်"

ဆိုဖာပေါ်မှာ အတူယှဉ်ထိုင်ကာ နှစ်ယောက်သား ဒူးရင်းသီးစား ကြသည်။

"နင်နဲ့လက်ရုံး အဆင်ပြေသွားပြီလား"

"ဒီလိုပါပဲ၊ ခု သူဘယ်သွားလဲ"

"မွေးနေ့"

"ပြာလဲ့ရီ မွေးနေ့မို့လား"

ရာဇက ကကြိုးကို ဖျတ်ခနဲငဲ့ကြည့်၍

"နင် မြင်လိုက်လား"

"မြင်သားပဲ၊ ကိုယ်တိုင်ကိုယ်ကျ လာခေါ်သွားတာ"

"လက်ရုံးက ရိုးပါတယ်"

"သူ့ဟာသူ ရိုးရိုး မရိုးရိုး ငါနဲ့မဆိုင်ပါဘူး"

"ကကြိုး"

"ဘာလဲ"

"နင်တို့ကို လက်ထပ်ပေးဖို့ လူကြီးတွေ စီစဉ်နေကြပြီနော်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာဖြစ်လဲ"

"အမြင်တွေ ပြောင်းသင့်ပြီ"

ကကြိုးက ဒူးရင်းသီးအစေ့တွေကို ပလပ်စတစ်အမှိုက်ခြင်းလေးထဲ စုထည့်၍ လက်ကို တစ်သျှူးနဲ့သုတ်လိုက်၏။

"ငါ ပြန်တော့မယ်"

"ဟား ဖည့်သည်ကလည်း စားသောက်ပြီးတာနဲ့ ပြန်တော့မယ် တဲ့"

"ဟီး"

ကကြိုးက ချစ်စရာလေး ရယ်သည်။

"နင်က ငါမကြားချင်တာကို ပြောတာကိုး"

"ဘာလဲ လက်ရုံနဲ့လက်ထပ်ဖို့လား"

"ဟုတ်တယ်"

ကကြိုးက နှုတ်ခမ်းစူ၍ မျက်နှာလွှဲထားသည်။

"နင် လက်ရုံးကို နည်းနည်းလေးမှ မချစ်ဘူးလား"

"ခုတော့ မချစ်ဘူး။ လက်ထပ်ဖို့တွေးလိုက်တိုင်း ငါ့ရင်ထဲမှာ ရှက်သလိုလို၊ လက်မခံနိုင်သလိုလို တစ်မျိုးပဲ၊ အဲဒီအဖြစ်ကို ငါမလိုချင်ဘူး"

ရာဇ ဆိုဖာကိုမှီချလိုက်ပြီး သက်ပြင်းချသည်။ တကယ်ဆို ကကြိုး အပေါ် သူ ဘယ်လိုရိုးသားနိုင်ပါ့မလဲ။ ဒါပေမဲ့လေ။ ကကြိုးရင်ထဲမှာ သူရှိဖို့ဆိုတာ လက်ရုံးထက်ပင် ဝေးကွာဦးမှာပါ။ သူ့အချစ်က လက်ရုံးရဲ့ဇနီးအဖြစ် ကကြိုးနဲ့ တစ်စုံတစ်ခုပတ်သက်နေရမှာမျိုးကိုပဲ ကျေနပ်နေနိုင်တဲ့အချစ်မျိုး။

■ ■ ■

## အခန်း (၁၅)

"မရာဇူးဟာ ဒီတစ်ခါ ထပ်စဉ်းစားဖို့ မလိုတော့ဘူး။ လာ သွားမယ်"

"နေဦး လက်ရုံးနော်"

သူ လက်ရုံးလက်ထဲက အတင်းဆောင့်ရုန်းလိုက်သည်။

"ဒီမှာ နင် ငါ့ကို ဖြိုင်ပွဲဝင်နိုင်းနေတာလား၊ တစ်ခါတည်း အဖြေ တောင်းနေတာလား"

ကကြိုးက ပြောပြီး အခန်းထဲလှည့်ဝင်သည်။ လက်ရုံး ဖျတ်ခနဲ ဖမ်းဆွဲလိုက်၏။

"ကကြိုး"

ကကြိုး လက်မောင်းနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်၍ မျက်နှာ ချင်းနီးကပ်သွားအောင် ရင်ဆိုင်ကြည့်လိုက်သည်။ တစ်အိမ်လုံးမှာ သူတို့ နှစ်ယောက်တည်းမို့ ရုတ်တရက် တိတ်ဆိတ်ခြင်းက ကြီးစိုးသွား၏။

"နင် ငါ့မျက်နှာကို သေသေချာချာကြည့်စမ်းပါ၊ ငါ့မျက်လုံးတွေထဲ ကို မြင်အောင်ကြည့်လိုက်စမ်းပါ"

နှစ်ယောက်သား သတိလက်လွတ် ငေးစိုက်ကြည့်နေမိကြ၏။ ယောကျ်ားပီသချောမောသော လက်ရုံးမျက်နှာက နူးညံ့နေလျက် မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



တွေက မျက်ရည်ချစ်သွေးကြောင့် ရွှန်းလက်နေကြ၏။

"နင့်ကိုငါ သိပ်ချစ်တယ်"

ကကြိုး မျက်နှာလွှဲပစ်လိုက်၏။

"နင်လည်း ငါ့ကိုချစ်တယ်မို့လားဟင်"

လက်ရုံးလက်တွေကို အတင်းဖယ်ချ၍ ကကြိုး နောက်ဆုတ်ရပ်လိုက်သည်။

"ငါ စဉ်းစားဦးမယ်"

လက်ရုံး ကျွတ်ခနဲ စုတ်သပ်၍ စိတ်ပျက်လက်ပျက်နှင့် သူ့ဆံပင်တွေ သူပြန်ဖွနေသည်။

"ကကြိုးကကွာ အဲ့ဒါ နင် သက်သက်ဟန်ဆောင်တာ၊ တကယ် ရေရေလည်လည် ခံရခက်တယ်"

"မခံနိုင်ရင် ကြိုက်သလိုဆုံးဖြတ်လေ၊ ငါပြောတာ ငါ့ရဲ့ဆုံးဖြတ်ချက်ပဲ၊ ဟန်ဆောင်တယ်လို့ထင်တာကတော့ နင့်ကိုယ်နင် အထင်ကြီးတာ ဖြစ်မှာပါ"

"ဟုတ်တယ် အထင်ကြီးတယ်၊ အဲ့ဒါ ငါတို့ရှိခဲ့တဲ့ သံယောဇဉ်ကို အထင်ကြီးခဲ့တာ၊ ခင်တာနဲ့ ချစ်တာကြားမှာ ဘာမှခြားမထားဘူး၊ မျက်နှာမူရာ ကျော့ပေးရာပဲကွာတယ်၊ နင်ဘာဖြစ်လို့ တစ်ဖက်ကိုလှည့်ရင်မဆိုင်ချင်ရတာလဲ"

လက်ရုံးက မတိုးသောအသံနှင့် ကြိတ်အော်သည်။ ကကြိုး လက်သီးလေးဆုပ်၍ ရှေ့တိုးလာ၏။

"ဒီနေရာမှာ နင်နဲ့ငါ လုံးဝအမြင်မတူတာဘဲ လက်ရုံး၊ နင်ပြောတဲ့ ခင်တာနဲ့ချစ်တာကြားမှာ ဘာမှခြားမထားဘူးဆိုတာကို ငါ လုံးဝလက်မခံဘူး၊ ဘာလဲ ခင်တယ်ဆိုတာ မိတ်ဆွေတစ်ယောက်အပေါ် ခင်မင်တာမျိုးလား၊ အဲ့ဒါကို နင် ရည်းစားစကားပြောတာ လူမှားနေပြီ"



"ဘာမှမဆိုင်ဘူး၊ ငယ်သူငယ်ချင်းဖြစ်တာနဲ့ပဲ တစ်သက်လုံးချစ်သူ မဖြစ်ရတော့ဘူးလား၊ အဲဒီ ငယ်ငယ်တည်းက ဖွဲ့တည်ခဲ့ရတဲ့ သံယောဇဉ်က ပိုပြီး မြတ်မြတ်နိုးနိုးချစ်တာ မဖြစ်နိုင်ဘူးလား၊ ဒီမှာ ကကြိုး"

လက်ရုံးက ကကြိုးမျက်နှာနား တိုးကပ်ကာ

"နင့်သူငယ်ချင်းက ယောကျ်ားလေးနော် ယောကျ်ားလေးနဲ့ မိန်းကလေးငယ်ငယ်တုန်းက သူငယ်ချင်းပေမယ့် ကြီးပြင်းလာကြရင် ချစ်ကြတာပဲ"

"တော်ပြီ လက်ရုံး နင်ပြန်တော့"

ကကြိုး အသံတွေတုန်နေသည်။

"ငါ့အပေါ် တစ်သက်လုံး သည်းခံခွင့်လွှတ်လာခဲ့တဲ့ သူငယ်ချင်းဆိုပြီး ခင်မင်လာခဲ့ရသမျှ ဒီနေ့ နင့်ကိုငါ နားလည်သွားပြီ၊ တကယ်တော့ နင်က ကိုယ်လိုချင်တာ ကိုယ်ဖြစ်ချင်တာကို မရရင် မဖြစ်ရင် စိတ်မရှည်စွာ တစ်ကိုယ်ကောင်းဆန်ဆန် ဆုံးဖြတ်ရဲတဲ့လူ၊ အတ္တသမား"

"ကကြိုး နင် နင့် ငါ့ကို"

"သွားတော့လို့ နင့်ကိုငါပြောနေတယ်နော် လက်ရုံး"

"နင့်ရဲ့ စိတ်ဆိုးဒေါသတွေကိုပွေ့ပြီး ငါ မပြန်နိုင်ဘူး ကကြိုး"

လက်ရုံး ပင့်သက်ရှိုက်လိုက်သည်။

ခေါင်းမော့၍ မျက်လုံးတွေကို အံတင်းကြာမှိတ်ထားလိုက်ပြီး စိတ်ကို တည်ငြိမ်အောင် ကြိုးစားသည်။

"ဆောရီး ကကြိုးရယ်၊ ငါ ဆန္ဒစောသွားတယ်၊ နင်ပြောတာ မှန်ပါတယ်၊ ငါ သိပ်အတ္တကြီးသွားတယ်၊ တကယ်တော့ နင့်ကိုချစ်လို့ပါ၊ လက်မထပ်ကြသေးခင် နင်နဲ့ငါ ချစ်သူတွေအဖြစ် ပျော်ပျော်ရွှင်ရွှင် အပြန်အလှန်လည်လည်ဘဝမျိုးနဲ့ ဖြတ်သန်းချင်တာ ငါ့ဆန္ဒပါ"

ကကြိုး အံကြိတ်နေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



"နင့်ဘေးမှာ နင့်ရဲ့ခင်မင်မှုမှာ ဘယ်ယောက်ျားမှ ရှိမနေဘူးဆိုတာ သိနေတော့ မဖြစ်မနေ ငါ့ကိုချစ်မှာပဲ ငါထင်ထားတာ၊ ငါ့ရင်ထဲမှာရှိသလို နင့်ရင်ထဲမှာ ရှိလိမ့်မယ်လို့ ယုံခဲ့တာ၊ ငါ လောဘကြီးသွားတယ်ပဲထားလိုက်ပါ။ ဒီနေ့ကိစ္စကို တို့ မေ့လိုက်ကြမယ်နော်၊ နင် ကျေနပ်ရဲ့လား"

"နင်ကြိုက်သလိုယူဆပြီး ပြန်တော့"

"ကကြိုး"

ကကြိုး လုံးဝလှည့်မကြည့်တော့ဘဲ တံခါးကို တအားဆောင့်ပိတ်ပစ်လိုက်သည်။

■ ■ ■

"ဘုန်း"

အခန်းထဲဝင်လာပြီး စားပွဲပေါ်ကို လက်ထဲကစာအုပ်တွေ ခပ်ဆောင့်ဆောင့်ပစ်ချလိုက်သည့် လက်ရုံးကို ရာဇ မော့ကြည့်ရင်း

"ဘာလဲ မင်းနဲ့ကကြိုး ဘာဖြစ်လာရပြန်တာလဲ"

"ဘာဖြစ်ရမှာလဲကွ၊ ကကြိုး သိပ်စော်ကားလွန်းတယ်၊ ငါ့အချစ်ကို စော်ကားလိုက်တာကွ တောက်"

"မင်းရင်ထဲက ဒေါသတွေ အရင်ထုတ်ပစ်လိုက်ပြီးမှ ဘာဖြစ်လာသလဲဆိုတာ ပြောပြကွာ လက်ရုံး"

လက်ရုံး ပင့်သက်မောကြီးကို မှုတ်ထုတ်သည်။ ပြီးမှ ဒရင်းဘတ်ပေါ် ခြေပစ်လက်ပစ်ထိုင်ချသည်။ လက်ရုံး လှုပ်ရှားနေသမျှ ရာဇ တည်ငြိမ်စွာ စောင့်ကြည့်သည်။ ကကြိုးနှင့်ဖြစ်ခဲ့ ပြောခဲ့သမျှကို လက်ရုံး ပြောပြနေတော့လည်း ရာဇ တစ်ခွန်းမှ ဝင်မမေးဘဲ နားထောင်နေသည်။

"ငါဖွင့်ပြောတော့လည်း သူက ဟိုလိုလို ဒီလိုလို လုပ်ရှောင်ထွက်သွားတယ်၊ ငါ အရမ်းကို အလေးမထားသလိုလုပ်တာ အခံရအခက်ဆုံးပဲ"

"ဒါကတော့ကွာ ကကြိုးက ငါတို့ကို အမြဲအနိုင်ယူချင်တဲ့ညဉ်



လေးကြောင့်ပါ"

"ဩော် ငါတို့ဘက်ကချည်း အမြဲတမ်း အလျှော့ပေးခဲ့တော့ သူက အနိုင်ကျင့်ဖို့ပဲ ကြိုးစားနေတာပေါ့"

"ကကြိုးစိတ်ကို သိနေရက်နဲ့ မင်းက ဘာလို့ ဒေါသဖြစ်နေရတာလဲ လက်ရုံး"

"ဟေ ဒေါသဖြစ်ရတာပေါ့ကွ၊ သူ့အပြုအမူတွေက ငါ့ကိုအလေးမထားသလို ငါ့အချစ်ကို မယုံသလိုလုပ်နေတာကိုး ရာဇရဲ့"

လက်ရုံး ဒေါသတွေအရှိန်မသေသေးသလောက် ရာဇကတော့ တကယ့်ကို တည်ငြိမ်စွာနဲ့ ပြုံးယဲ့ယဲ့တောင်လုပ်နေသေးရဲ့။

"မင်းက ဘာပြုံးတာလဲ၊ ငါ့ကိုလှောင်တာလား"

"မဟုတ်ဘူး လက်ရုံး၊ မင်းထူပူနေတာကြည့်ပြီး သဘောကျလို့ပါကွာ"

"ငါ ကကြိုးကိုသိပ်ချစ်တယ်၊ ဆုံးရှုံးရမှာကြောက်တယ်ကွာ"

ရာဇ နားလည်ပါသည်။ လက်ရုံးရင်ထဲကို သူဝင်ကြည့်စရာမလိုပါ။ ကကြိုးကိုချစ်သော ပိုင်ဆိုင်ဖို့ကြိုးစားနေသော လက်ရုံးရင်ထဲမှာ မီးတောက်နေမှာအမှန်။ သူ့အတွက်တော့ အားလုံး ငြိမ်းချမ်းသည်။ ကကြိုးကို မချစ်လို့မဟုတ်။ သူ့အချစ်က လက်ရုံးထက်မပိုတောင် မလျော့။ ဒါတော့ သေချာသည်။

ကကြိုးကို စွန့်လွှတ်ဖို့ ကြိုးစားပြီးတာမို့ ရင်ထဲမှာ ငြိမ်းချမ်းနေသည်။ လက်ရုံးလိုလည်း မကြမ်းတမ်း။ နူးညံ့စွာ သိမ်သိမ်မွေ့မွေ့လေးရှိနေသည်။ ဒါကို လက်ရုံး သဘောပေါက်အောင် ဘယ်လိုပြောရပါ့။

"အချစ်ဆိုတာ အရမ်းကို သိမ်မွေ့နူးညံ့တယ်ကွ"

ရာဇစကားကြောင့် လက်ရုံး မျက်မှောင်ကုပ်မော့ကြည့်၏။

"ငါ တကယ်ပြောတာ၊ ခုချိန်မှာ မင်းက ကစားကွင်းထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ကစားနေတဲ့သူ၊ ငါက ဘေးကထိုင်ကြည့်နေတဲ့သူ၊ ဒီတော့ မင်းမမြင်တာတွေကို ငါမြင်နေတယ်''

လက်ရုံးမျက်ဝန်းတွေ လက်ခနဲ။ သူ့စကားကို စိတ်ပါဝင်စားလာတာ သေချာသည်။ ဒရင်းဘတ်ပေါ်က ကုန်းထ,လျက် ရှေ့တိုးထိုင်ကာ နားစွင့်နေမိ၏။

''ရှင်းရှင်းလေးပဲ လက်ရုံး၊ ကကြိုးမှာ ချစ်သူမရှိဘူး၊ သူ့ဘဝ တစ်လျှောက်လုံး သံယောဇဉ်တွယ် ပေါင်းသင်းခဲ့တာ ငါတို့နှစ်ယောက်ပဲရှိတယ်၊ တို့တွေကို သံယောဇဉ်ကြီးတယ်၊ အနိုင်ယူနဲ့ဆိုးဆိုးတယ်၊ ဒါပေမဲ့ ကကြိုး ရက်ရက်စက်စက်လုပ်ခဲ့တာ မရှိပါဘူးကွာ''

ရာဇ စကားကိုရပ်ကာ လက်ရုံးကိုကြည့်၏။ လက်ရုံး မငြင်းဘဲ ဆက်နားထောင်နေမှ စကားကိုဆက်သည်။

''ကကြိုးဘဝက သနားစရာပါကွာ၊ အမေနဲ့အမေ မရှိတော့ဘူး၊ အဘွားသစ်တို့လင်မယားလက်ထဲမှာ ကြီးပြင်းခဲ့ရတာ၊ ပြီးတော့ အလိုလိုက် ဦးစားပေးခံခဲ့ရတယ်၊ လူကြီးတွေဆန္ဒကိုလည်း သူ ငြင်းမှာမဟုတ်ဘူး၊ ဒီတော့ မင်းဘက်က ဖြစ်ချင်တဲ့ဆန္ဒတွေကို လျှော့၊ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ကိုင် တွယ်၊ ကကြိုး ရင်ထဲမှာ အချစ်ဆိုတာ မင်းအတွက်ပါပဲ''

လက်ရုံး မျက်နှာကြီး ပြုံးလာသည်။ သူ့ထက် တစ်နှစ်သာသာ ပဲငယ်သော ရာဇကို ဒီတစ်ခါတော့ အထင်ကြီးစွာ ကြည့်၏။

''မင်းသိပ်တော်တယ် ရာဇ၊ မင်းပြောတာမှန်တယ်၊ ငါ ဆန္ဒတွေစောပြီး ကကြိုးကိုစွန့်လွှတ်ရမှာစိုးရိမ်နေတာကွ''

''အခု မင်း ဘာဆက်လုပ်မလဲ လက်ရုံး''

''ကကြိုးရင်ထဲက ချစ်ခြင်းမေတ္တာကို သိမ်မွေ့နူးညံ့ခြင်းနဲ့ပဲ ဖော်ထုတ်ရမှာပေါ့ကွာ''

လက်ရုံး ဒရင်းဘတ်ပေါ်က ဝေါက်ခနဲထရပ်ကာ ရာဇပခုံးကို



တစ်ချက်ဆုပ်ကိုင်၏။

''ကျေးဇူးပဲ ရာဇ၊ မင်းစကားတွေက တကယ့်အနှစ်တွေပဲ၊ ကဲ ငါ ရေချိုးလိုက်ဦးမယ်ကွာ''

လက်ရုံး ပေါ့ပါးစွာထွက်သွားတာ သူငေးကြည့်ရင်း ပြုံးမိသေးရဲ့။ အစကတော့ လက်ရုံး ကကြိုးကို သည်လောက်ထိ တမ်းတမ်းမက်မက် ရှိမည်ဟု သူမထင်ခဲ့မိ။

လှသော၊ ချောသော၊ ချစ်စရာကောင်းသော ကကြိုးကို ပိုင်ဆိုင်ချင်လို၍ပဲ ထင်မိသည်။ အခုတော့ လက်ရုံးခံစားချက်ကို ရာဇ မြင်လိုက်ရသည်။ ဘာပဲဖြစ်ဖြစ် ကကြိုးကို လက်ရုံး မြတ်နိုးစွာ ချစ်နေတာ ကျေနပ်စရာပါပဲ။

လက်ရုံး ကံကောင်းသလို နင်လည်း ကံကောင်းပါတယ် ကကြိုးရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ကျောင်းပြီးဖို့ တစ်လပဲလိုတော့တယ်လေ မြေးရဲ့ ဘွားဘွားတို့ စိတ်စဉ်တာ မစောတော့ပါဘူး"

"ဟာ မဟုတ်သေးပါဘူး ဘွားဘွားရာ၊ မဖြစ်မနေဆိုလည်း စေ့စပ်ထားလိုက်ပါ၊ တစ်ခါတည်း လက်ထပ်ရမှာကတော့ မတရားဘူး"

ကကြိုး တကယ့်ကို စိတ်ပျက်လက်ပျက်ကြီး ငြင်းနေတာကို ဘွားဘွားက မျက်လုံးကြီးပြူး၍ ကြည့်သည်။

"နို့ နေစမ်းပါဦး၊ မြေးနဲ့လက်ရုံးက ဒီလောက်ချစ်ကြတာ လက်ထပ်ပေးတယ်ဆိုကာမှ ဘာဖြစ်လို့ ခါးခါးသီးသီး ဖြစ်နေရတာလဲ"

"ချစ်တာမဟုတ်ပါဘူး၊ သူနဲ့ကကြိုးက ခင်ကြတာပါ"

"ခင်တာပဲလေ လက်ထပ်ပြီးတော့ ချစ်သွားမှာပေါ့"

လာပြန်ပြီ တစ်ယောက်။ ကကြိုး စိတ်ညစ်လွန်းလို့ ကော်ဖီတောင် ကုန်အောင် မသောက်နိုင်။

"ဟိုတစ်ယောက်ကလည်း ကကြိုးက ကြည်ကြည်ဖြူဖြူ လက်မခံဘဲနဲ့ သူ လက်မထပ်ဘူးတဲ့"

"ဟင်"

သူက ဒီလိုပဲ ပြောလား။ ဒါမျိုးကျတော့လည်း ကကြိုး မခံနိုင်။



ကိုယ်ကပဲ ငြင်းမှာပေါ့။ သူက ငြင်းစရာလား။

"ပြောစမ်းပါဦး မြေးတို့က ဘာတွေ စိတ်အခန့်မသင့် ဖြစ်နေကြတာလဲ"

"ဘာမှ မဖြစ်ပါဘူး၊ လက်ထပ်ဖို့ စိတ်ကူးလို့ကို မရတာ"

"အဲဒီတော့ စိတ်ကူးမနေနဲ့၊ လက်တွေ့ ယူကြည့်လိုက်၊ အဲဒီတော့မှ ကိုယ်ထင်ထားသလောက် မရှိုးသားပါလားဆိုတာ သိလာမယ်"

"ဘွားဘွားနော်"

ဒေါ်ခင်သစ်က တဟင်းဟင်းရယ်လျက် ကကြိုး နဖူးလေးကို ထုသည်။

"ချွေးမများနဲ့ ငါ့မြေး၊ မြေးရဲ့အဘိုးက အားလုံး စိစဉ်ပြီးနေပြီ" ဟင်း သေချင်လိုက်တာများ မပြောပါနဲ့တော့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဘယ်သူနဲ့တွေ့ချင်လို့လဲ မိန်းကလေး"

"ကျွန်မ ကိုဆောင်းမင်းဆက်နဲ့ တွေ့ချင်လို့ပါ"

"သူ မရှိဘူး"

ချောချော မျက်နှာလေး တင်းသွားကာ

"ဒီမှာရှင့်"

တိုက်ထဲ ပြန်လှည့်ဝင်သွားသည့် အဘိုးကြီးကို လှမ်းခေါ်လိုက်၏။

"ကျွန်မ သူနဲ့တွေ့ချင်တယ်၊ တွေ့ရမှဖြစ်မှာ၊ သူရှိတယ်ဆိုတာလည်း ကျွန်မသိတယ်၊ ချောချောရောက်နေတယ်လို့ သွားပြောပေးပါ"

ဦးစံပိုးကလည်း ဒေါသဖြစ်သွားသည်။

"ဒီမှာ မိန်းကလေး သူမှာမထားဘဲနဲ့ တို့က ဘယ်ညသည်ကိုမှ ခြံထဲခေါ်ထားခွင့်မရှိဘူး။ ညည်း မောင်ဆောင်းရှိနေတယ်ထင်ရင် ထွက်လာတဲ့အထိစောင့်ရင်စောင့်၊ ဒါမှမဟုတ်ဘဲ အဲဒီခြံအုတ်ခုံကနေ သူပြန်လာတဲ့အထိ စောင့်နေပေတော့"

"တောက်"

ကောင်မလေးက ခပ်ရှိုင်းရှိုင်းလေး။ သူ့လို လူကြီးတစ်ယောက်ကို တက်ခေါက်ရုံမက တံခါးကိုပါ ပိတ်ကန်ပစ်၏။ စီးလာတဲ့ကားကလည်း



နောက်ဆုံးပေါ် ဖိမ်ခံကားကြီး။

ပုံစံလေးကလည်း တကယ့်အပျံစား ချောချောလှလှ၊ ခြေဘယ်ခက်တဲ့ 'မိန်းကလေးတွေပါလား။ ချောချော ခြံထဲက မြင့်မားလှပလှသော တိုက်ကြီးဆီ လှမ်းကြည့်၍ ဒေါသတွေ တလိပ်လိပ်တက်နေသည်။

■ ■ ■

ဆောင်းမင်းဆက်

ရှင်ဟာ ဘယ်လိုလူစားလဲ။

သူငယ်ချင်းတွေတားတဲ့ကြားက သူ ဖွတ်ချစ်ခဲ့သည်။ မောင်ဘွားတွေ မကြည်သည့်အထဲက သူ ရှေ့တိုးခဲ့သည်။ ဆောင်းမင်းဆက်နဲ့ ဟက်ပီးဝေါရှေ့မှာ အမှတ်မထင်တိုက်မိမလိုဖြစ်ခဲ့ဖူးရာမှ မြင်မြင်ချင်း စွဲလမ်းခဲ့တာက သူမ။

"အင် နင်ပြောပြောနေတာ သူလား"

"အမလေး ဆောင်းမင်းဆက်ဆိုတာ သူပေါ့"

အားလုံးက 'အမလေး' တအောင် နာမည်ကြီးတဲ့ ဆောင်းမင်းဆက်။

"ချမ်းသာတာတော့ မပြောနဲ့၊ ဘယ်လောက်ချမ်းသာသလဲဆိုတာကို မှန်းလို့မရတာ"

"ပွေလိုက်တာလည်း ဟောတစ်ယောက် ဟောတစ်ယောက်ပဲ"

"သူ့ဆို မိန်းမတွေကလည်း နီဗွာန်ဈေးတိုးတာကျနေတာပဲ၊ ရာထူးရှိတဲ့ဟာတွေရော၊ သူ့ထက်မက ချမ်းသာတဲ့ဟာတွေရော၊ အဲဒီကောင် ဘယ်လိုဆွဲဆောင်မှန်း မသိဘူး"

"အမလေး ကြိုက်လိုက်ရင်လည်း သူက မိန်းကလေးတွေကို ခပ်ကြောကြောပဲတဲ့"

"နင်က အဲဒီစီနီယာထဲ ပါမလို့လား"

နားထဲမှာ သူ့အကြောင်းတွေ မဆုံအောင် ကြားခဲ့ရသည်။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ချောချောက သူ့ဘဝ သူ့အလှအပေါ် ယုံကြည်ခဲ့တာ။ ချောချောဆိုတဲ့ ကိုယ့်အပေါ် ဘယ်မိန်းမနဲ့မှမတူအောင် သူ တုန်လှုပ်စေရမည်ဆိုသော အပိုင်တွက်ချက်နှင့် ချစ်ခဲ့တာ။

ခုတော့ သူမသည်လည်း ဆောင်းမင်းဆက်ရဲ့ညို့မျက်ဝန်းအောက်မှာ မလူးသာမလွန့်သာ ဆွဲငင်ခံနေရပြီ။ မြင်လိုက်ပြီးကတည်းက စွဲလမ်းခဲ့တဲ့သူ့ကို မကြာခဏ အမှတ်တမဲ့ ဆုံသလိုမျိုးဖြစ်အောင် ဖန်တီးခဲ့တာလည်း ကိုယ်။

ချစ်ကြတော့လည်း ယုယမှု၊ လိုက်လျောမှု ရှားပါးလှသော သူ့ရဲ့ညို့ပြုံးအစ်ချက်မှာပဲ အားလုံးကိုကျေနပ်နေခဲ့ရတာပဲ။ သူ လာလာမလာလာ စောင့်ရင်း ချိန်းတဲ့နေရာတိုင်းမှာ အထီးကျန် အချိန်ကုန်ခဲ့တာတွေ များလှပေမယ့် ခွင့်လွှတ်စေခဲ့ရတာလည်း ကိုယ်။

အို သူမ မိုက်မဲစွာ ယုံကြည်မိခဲ့တာတွေ များလျပါပကား။

"တီ"

ချောချော ကားပေါ်တက်ထိုင်၍ အတန်ကြာငိုင်နေဆဲ၊ သူမကားနောက်မှာ ထိုးကပ်ဆိုက်ရပ်လာသည်ကား စွဲလမ်းခဲ့ရသည့် ပုံရိပ်တစ်ခုကို ကားထဲမှာ မြင်လိုက်၏။

ဆောင်းမင်းဆက်၊ နောက်တစ်ချက် တီခနဲ ဟွန်းသံပေးရင်း ဘေးမှန်ချ၍ ဆောင်းမင်းဆက်မျက်နှာပေါ်လာသည်။ သူဆင်းလာပစေပေါ့။ ချောချော ကားပေါ်ကမဆင်းဘဲ ဒီတိုင်းထိုင်နေလိုက်၏။

"ဟေ့ ခြံဝက ရွှေ့ပေးလေကွာ၊ မင်း ဘယ်သူလဲ"

ချောချော ဆတ်ခနဲ ဖြစ်သွားသည်။ ဒေါသကြောင့် ကားပေါ်က ဘယ်လိုကနေ ဘယ်လိုဆင်းမိမှန်းမသိ။ သူက ဆုံနေကျ ဒီကား။ ဒီနံပါတ်ကိုတောင် မမှတ်မိဘူးတဲ့လား။ ကျောလယ်လောက် ဆံပင်ပွပွလေးနှင့် သူ့ဆီ ဘောက်ဆတ်ဘောက်ဆတ် လျှောက်လာသည့် မိန်းကလေးကိုမြင်မှ



ဆောင်းမင်းဆက် ကားတံခါးဖွင့်၍ ဆင်းလာသည်။

"ဆောရီး ချော၊ အလုပ်တွေများလို့ ကိုယ်မေ့သွားတယ်"

"သြော် သြော် ကိုကိုက ချောကိုမေ့တတ်နေပြီပေါ့"

သူ့ကိုစေ့စေ့ကြည့်၍ ဆောင်းမင်းဆက် သက်ပြင်းချသည်။

"လွန်ခဲ့တဲ့နှစ်လက ကိုယ်ခရီးသွားနေတယ် ချော၊ ဘယ်သူ့ဆီမှ ဖုန်းလည်းမဆက်နိုင်ဘူး၊ အကြောင်းလည်း မကြားနိုင်ဘူး။ အလုပ်တွေလည်း တအားများနေတယ်၊ မင်းရင်ထဲမှာ ခံစားနေရတာတွေပြောဖို့ စီထားတဲ့စကားတွေအားလုံး ပြန်သိမ်းပြီး ခဏဖြစ်ဖြစ် ပြန်နားလိုက်ပါဦး။ ကိုယ်ပင်ပန်းလာတယ် နားချင်ပြီ"

မြင့်မားမားအရပ်ကြီးကို မော့ကြည့်၍ ချောချော ဘာပြောရမှန်းမသိ။

"ချော မင်း ကိုယ်ပြောတာ ကြားရဲ့လား"

သူ့မျက်နှာမှာ နူးညံ့ခြင်းတို့မရှိ။ ချောချော မျက်ရည်တွေ ဝေ့တက်လာသည်။

"ကိုကိုရယ် ရှင် မိန်းကလေးတစ်ယောက်ကိုချစ်တာ မေ့တာလွယ်လှချေလားဟင်"

"ကျွတ်"

ဆောင်းမင်းဆက် သူ့မျက်ခုံးကို လက်မနှင့်ဆွဲပွတ်၍ စိတ်ပျက်သလို လုပ်သည်။

"ချော မင်းဖြစ်ချင်တာတွေ နောက်တော့ တောင်းဆိုပါကွာ။ ကိုယ် နားချင်ပြီ"

"နားပါ၊ ရှင်က မိန်းကလေးတစ်ယောက်ကို အပန်းဖြေဖော်တစ်ခုလို့ သဘောထားတဲ့သူပဲ၊ ရှင့်ကြောင့် ငိုကြွေ၊ မျက်ရည်ကျကြတော့ ညည်းသံရှိုက်သံတွေကို ဘယ်ကြားချင်ပါ့မလဲ၊ ဘာလဲ ချောက ရှင့်ဆီမှာ နစ်နာကြေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု ပြန်တောင်းလိမ့်မယ်လို့ ရှင်ထင်နေတာလား''

ဆောင်းမင်းဆက် ဘာမှမပြောတော့ဘဲ ကားထဲ ပြန်ဝင်သည်။

''တကယ်တော့ ရှင်မမှားပါဘူး။ ချောတို့မိန်းမတွေကိုက ဆင်ခြင်ဉာဏ်နည်းကြတာ၊ အားလုံးပါးစပ်ဖျားမှာရှိတဲ့ ရှင့်ကို ပိုးဖလံမီးကိုတိုးသလို ချောကအများနည်းတူ ဖွတ်မိုက်ခဲ့မိတော့ အများသွားတဲ့လမ်းပဲ သွားရမှာပေါ့။ ရှင် အမြဲတမ်းစိတ်ချမ်းသာ အဆင်ပြေနိုင်ပါစေ''

ချောချောက ဆောင်းမင်းဆက်မျက်နှာကို စိုက်ကြည့်ကာ ကြောက်မက်ဖွယ် အေးစက်လွန်းသည့်လေသံနှင့် မေတ္တာပို့သွားသည်။

နှစ်ယောက်စလုံး ကားထဲအသီးသီးဝင်ပြီးကြတော့ မိုးစက်မိုးဖွားလေးတွေ ခပ်စိပ်စိပ်ကျလာ၏။ ပြီးတော့ မိုးပေါက်ကြီးလာကာ ဝေါခနဲရွာချလေသည်။ မိုးစက်တို့အောက်မှာ ကားလေးနှစ်စီးက ဆန့်ကျင်ဘက် ကျောခိုင်းလျက်။ ဒါလည်း ဆောင်းမင်းဆက်၏မထူးဆန်းသော ဖြတ်သန်းမှုတစ်ခု။

■ ■ ■

## အခန်း (၁၈)

အင်းယားကန်ရေပြင်ကို ဖြတ်သန်းတိုက်ခိုက်လာသည့် လေနုနုက မအေးဘဲ နွေးနေသည်။ ကကြိုး ကားလမ်းရှိရာဘက်ကို ထကြည့်လိုက်၊ စိတ်ပျက်လက်ပျက် ပြန်ထိုင်လိုက် နာရီကိုကြည့်တော့ အချိန်ကမနည်းတော့ပြီ။

''ဟဲ့ ကောင်မလေး''

''အမေ့''

ရုတ်တရက်မို့ ကကြိုး လန့်သွားသည်။ သေသေချာချာမြင်တော့ မျက်လုံးပြူးသွားတော့သည်။

ဆံပင်ဘုတ်သိုက်က ရှုပ်ရှုပ်ပွပွ ပန်းပေါင်းစုံနွမ်းတချို့ လန်းတချို့က ထိုးထိုးထောင်ထောင်။

ပြူးကြောင်ကြောင် မျက်လုံးတွေအောက်မှာ ပါးကွက်ကျားကြီးတွေနှင့် နှုတ်ခမ်းနီတွေ ထူလပျစ်ဆိုးလို့။ တစ်ကိုယ်လုံး ပန်းကုံးတွေ ပိုက်ဆံဆယ်တန်ဟိုတစ်ရွက် ဒီတစ်ရွက် ချိတ်နဲ့ထိုးထားသည့် ဒီမိန်းမသည် စိတ်မနှံ့သူတစ်ဦးသာ။

''ညည်းက ငါ့ကို ဘာပြူးကြည့်နေတာလဲ''

ကကြိုး ရင်တွေ တဒိန်းဒိန်းခုန်လာလျက် မျက်နှာကို ကယျာကယာ

www.burmeseclassic.com

www.burmeseclassic.com



လွှဲပစ်လိုက်သည်။ ပတ်ဝန်းကျင်သည် နေ့လယ်ခင်းမို့ လူသူကင်းရှင်းလျက် ကကြိုး ဘာလုပ်ရမှန်းမသိ။

"ဒီမှာ ဒီမှာ ညည်း ငါနဲ့ ထဘီလဲဝတ်မယ်၊ ညည်းထဘီက ရဲ တောက်ပြောင်လက်နေတာပဲ၊ ငါကြိုက်လို့ပါ၊ ထစမ်းပါအေ"

ကကြိုးနေရာမှ ဆတ်ခနဲ ထရပ်လိုက်မိသည်။ အရူးမကလည်း ပြိုင်တူထရပ်၏။

"ညည်း ထွက်ပြေးမလို့လား"

"အ အစ်မကို ကကြိုး ပိုက်ဆံပေးလိုက်ပါမယ်၊ သွား ဝယ်ဝတ် နော်"

"ဟာ်ယ် မလိုချင်ပါဘူးအေ၊ ငါ့ကို ဘယ်သူမှ ဈေးထဲအဝင်မခံဘူး၊ လာစမ်းပါ ညည်းက ထပ်ဝယ်ဝတ်ပေါ့၊ ညည်းထဘီသာပေးခဲ့"

ကကြိုး ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။ ကြောက်စိတ် ကြောင့် တစ်ကိုယ်လုံး အဖျားတက်သလို ဒူးတွေချောင်လာ၏။ ကိုယ်က ထွက်ပြေးတော့လည်း အတင်းလိုက်လာမှာက အသေအချာပါ။

မပြေးဘဲ နေလို့ကလည်း မဖြစ်။ ကကြိုး ငိုချင်လာပြီ၊ အံကလေး တစ်ချက်ကြိတ်ကာ အရူးမရှေ့မှ ချာခနဲလှည့်ပြေးမိခဲ့တာ ခြေထောက်နဲ့ မြေကြီးထိသည်မထင်။

"အံမယ် ညည်းပြေးလို့ လွတ်မလား"

အရူးမက ထဘီတိုတိုပြင်ဝတ်ကာ လက်သီးလက်မောင်းတန်း လိုက်လာသည်။ ကန်ဘောင်ကိုပတ်ပြေးရင်း အသက်ရှူလို့မဝအောင် မွန်း ကျပ်လာ၏။ အရူးမက ကပ်ပါလာမြဲ၊ ရှေ့မှာ လူတစ်ယောက်၏အရိပ်ကို မြင်လိုက်လျှင် ကကြိုး အဲဒီကိုပြေးသွားကာ ပြေးကွယ်ဖို့ စိတ်ကူးမိထားပေ မယ့် အရှိန်မသတ်နိုင်သော ကိုယ့်အရှိန်ကြောင့် ထိုလူကို ခါးမှဆွဲဖက် မွှေ့ယမ်းလိုက်သလို သူ့ကိုဖက်ကာ တစ်ပတ်လည်သွား၏။ ရုတ်တရက်



ဆောင်းမင်းဆက် သူပါရောယိုင်ပါသွားမလို ဖြစ်သွား၏။

"ဟေ့ ဘယ်လိုဖြစ်တာလဲ"

ရုတ်တရက် ဒေါသဖြစ်သွားသည်မို့ ကိုယ့်ခါးကို တအားဖက်၍ ကွယ်နေသည့် မိန်းကလေးကို ခွာချဖို့ လက်ဖဝါးလေးနှစ်ဖက်ကို ကိုင်လိုက် သည့်တွင်

"ဟွဲ့ ကောင်မ အမလေး မောလိုက်တာ ထွက်ခဲ့စမ်း ထွက်ခဲ့စမ်း"

"ဟင့်အင်း ဟင့်အင်း ဒီမှာ ကကြိုးကို ကူညီပါရှင်၊ အဲဒါ အဲဒါ ကြီးကို မောင်းထုတ်ပေးပါ"

"ကကြိုး"

ဆောင်းမင်းဆက် မျက်မှောင်ကုတ်သွားသည်။ ဒီအသံကိုကြားမှ စိတ်ထဲမှာ ဖဝေဖဝါဖြစ်သွားရသည်၊ သူ့ရှေ့က တစ်ယောက်က နောက်က တစ်ယောက်ကို ဆွဲတော့မလို လွှဲတော့မလို ပတ်ချောင်းနေတာကို သတိပြု မိလိုက်၏။

"ဟေ့ သွား ထွက်သွားစမ်း ဘာလဲ"

အသံက ဟိန်းထွက်သွားသည်။

အရူးမ တွန့်ခနဲ ဖြစ်သွားသည်။

ဆောင်းမင်းဆက်ကို မိုက်ကြည့်ကြည့်ကာ နောက်က တစ် ယောက်ကို ချောင်းနေဆဲ။

"ပြောနေတာကြားလား သွားလေ"

"ဟင်း ရုပ်ကိုက ဖင်ကို ရေဲတ်သီးထက်ပိုင်းကျိုးနဲ့ပွတ်ထားတဲ့ အတိုင်း၊ ဟိုကောင်မ သတိထား၊ သူ့ရိုးမ သူ့လင်အားကိုးနဲ့"

အရူးမ ပွစိပွစိ ပေစောင်းစောင်းနှင့် ထွက်သွားသည်။ အားစက် စိုထိုင်းနေသည့် လက်ဖဝါးလေးနှစ်ဖက်ကို သူ အသာအယာခွာ၍ မျက်နှာ ချင်းဆိုင်လိုက်တော့ ကကြိုးဆိုတဲ့ကောင်မလေး သူ့ကိုမျှော်ပြန်နေသည်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာနှင့်မော့ကြည့်သည်။

"မင်းတစ်ယောက်တည်းလား"

"ဟုတ်တယ် ဟင့်"

ခေါင်းလည်းညိတ် ဖြေလည်းပြီးမှ ကကြိုး ဟီးခနဲ ငိုချလိုက်သည်။

"ဟာ မငိုနဲ့လေ၊ ဘာဖြစ်တာလဲကွ၊ သူများတွေမြင်လို့ တစ်မျိုး ထင်ဦးမယ်"

"ထင်ထင် ငိုမှာပဲ"

ပြောကာမှ ကန်ပေါင်မှာ အကျအနထိုင်ချ၍ ရှိုက်ကြီးတငင်ငိုနေပြန်သည်။ မျက်မှန်ကိုချွတ်၍ ကကြိုးဘေးမှာ သူ မှဆိုးဒူးထောက် ထိုင်လိုက်၏။

"အရှုံးမမှ မရှိတော့တာ မင်း ဘာကြောက်တာလဲ"

"ကြောက်တာက ပြေကိုမပြေတာ၊ ရှင်သာ ပေါ်မလာရင် ကကြိုး ရေထဲခုန်ချမှ လွတ်တော့မှာသိလား၊ သူတို့ သူတို့ရက်စက်တာ"

"ဘယ်သူတို့လဲ"

"ကကြိုး သူငယ်ချင်းတွေပေါ့၊ ရုပ်ရှင်သွားကြည့်မလို့ ချိန်းထားတာ၊ တစ်ယောက်မှ မလာဘူး"

"ရုပ်ရှင်ကြည့်ဖို့ချိန်းတော့ ရုပ်ရှင်ရုံမှာ ချိန်းပေါ့ကွ၊ ဒီနေရာမှာ မင်းတစ်ယောက်တည်းလာစောင့်တာ အန္တရာယ်များတယ်ဆိုတာ မင်းသိရမှာပေါ့"

"ဘယ်သိမလဲ၊ တစ်ခါမှ တစ်ယောက်တည်းမလာဘူးတာ"

တွေ့လိုက်တိုင်း တစ်ခါမှ သနပ်ခါးမိတ်ကပ် ရှိမနေတတ်သော မျက်နှာဝင်းဖန့်ဖန့်လေးကို ဆောင်းမင်းဆက် အနီးကပ်စူးစိုက်ကြည့်နေမိသည်။

မျက်ခုံးတန်းလေးတွေက ခပ်တိုတိုပေမယ့် ထူထဲနက်မှောင်လျက် အခြေနားတွေမှာ စိမ့်ညိုဖြူနုနေသည်က ထင်းနေသည်။



နီမြန်းပြည့်တန်းနေသည့် သူမြတ်နိုးခဲ့ရသော လေးကိုင်းသဏ္ဍာန် နှုတ်ခမ်းလေးက ထောင့်ချိုးညီ၍ ပုံဖော်ထားသည်။

"မင်း ကိုယ့်ကိုမှတ်မိလား"

မျက်ရည်သုတ်၍ ကကြိုး ခေါင်းညိတ်လိုက်သည်။

"ကျေးဇူးလည်းတင်ပါတယ်၊ တောင်းလည်း တောင်းပန်ပါတယ်"

"ဘာကို တောင်းပန်တာလဲ"

"ရှင်နဲ့တွေ့တိုင်း ကကြိုးက ဗရုတ်သုတ်ခနဲ့ အကူအညီတောင်းခဲ့ရတာချည်းပဲလေ၊ တိုက်ဆိုင်လွန်းလို့"

ဆောင်းမင်းဆက်ရင်ထဲမှာ အဆမတန် အံ့သြဝမ်းသာမိတာကို ဖုံးဖိထားလိုက်သည်။ ကိုယ်မောအောင် ရှာနေလိုက်ရတာ မတွေ့။

တွေ့လိုက်ရတိုင်း မထင်မှတ်စွာချည်းသာ။

"ထားလိုက်ပါတော့ မင်းနာမည်က ကကြိုးတဲ့လား"

"ကကြိုးသျှင်"

သူ ပြုံးလို့ ခေါင်းဆတ်သည်။ လှလိုက်တဲ့နာမည်လေးဟု စိတ်က တွေးဖြစ်၏။

"ဟိုတစ်ခါ ခါးပိုက်နှိုက်ခံရတဲ့ စိန်နားကပ်ဆိုတာရော ပြန်ရလား"

ကကြိုး ခေါင်းခါသည်။

"မင်း ဘွားဘွားဆိုတာက မင်းကို မဆူဘူးလား"

ကကြိုး သူ့ကို အံ့သြရိပ်နှင့်ကြည့်သည်။

"ရှင် အဲဒါတွေ ဘယ်လိုလုပ်သိလဲ"

"ကိုယ့်နားမှာ မင်းပြောနေတာပဲလေ၊ ဆောရီး မင်း မပြောချင် နေပါ"

"ပြောလို့ရပါတယ်၊ ဘွားဘွားသိသွားတယ်၊ ဒါပေမဲ့ သိပ်တော့ မဆူပါဘူး၊ နောက် လူကြီးမသိအောင် မလုပ်နဲ့လို့ပဲပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

သူ့အသံက ဩဇာသံအပြည့်နှင့် နားထောင်မဝဖြစ်နေသလိုပင်။

"ကဲ မင်းဘယ်သွားမလဲ၊ ကိုယ်ကူညီဖို့လိုသေးလား"

"ဟို ကကြီး ဖိနပ်တစ်ဖက် ဘယ်မှာ ကျွတ်ကျန်ခဲ့မှန်းမသိဘူး"

ဆောင်းမင်းဆက် ကကြီး ပြေးလာခဲ့သည့်လမ်းလေးကို မျှော်ကြည့်ကာ

"မင်းပြေးခဲ့တဲ့တစ်နေရာမှာ ရှိမှာပေါ့၊ လာ သွားကြည့်ရအောင်"

ကကြီးက ကျန်တဲ့ဖိနပ်တစ်ဖက်ကို ချွတ်ကိုင်လာရင်း နှစ်ယောက်သား ယှဉ်တွဲလျှောက်လာမိကြသည်။

"ဟင်"

တစ်ဖက်လမ်းဘေး ပလက်ဖောင်းပေါ်မှာ အရှုးမကာရှိနေဆဲ။

ဆောင်းမင်းဆက်က အရူးမနဲ့ကကြီး ဖြစ်ပျက်နေပုံကို ကြည့်၍ ပြုံးလိုက်သည်။

"မင်းကို သူ မကျေနပ်ဘူးဖြစ်နေတယ်၊ သူ့ကိုတစ်ခုခု စထား မိလို့လား"

"ဘယ်ကလာစရမှာလဲ၊ အရူးဆို ကကြီး သိပ်ကြောက်တာ၊ အမူးသမားရောပဲ"

"ဒီမှာတွေ့ပြီ"

ပျော့ဖပ်နူးညံ့နေသည့်အသားတွင် ရေကြိုးသိုင်းရောထားသည့် ဒေါက်မြင့်ဖိနပ်လေးကို သူ ငုံ့ကောက်လိုက်၏။

"ဟာ ပြတ်နေပြီကွ"

"ဒုက္ခပါပဲ"

"ပြတ်နေရင် လွှင့်ပစ်လိုက်ပေါ့ကွာ၊ အသစ်တစ်ရံ ထပ်ဝယ်ပေါ့"

"ဟင်၊ ကကြီးက ဒီတိုင်းကြီးလမ်းလျှောက်ရမှာလား"



"ကားမောင်းပြန်မှာ မဟုတ်ဘူးလား"

"ကားပါမလာဘူး"

"ကိုယ့်ကားနဲ့လိုက်ရဲလား"

"ဟင်"

ကကြီး မျက်နှာလေးပျက်သွားတာကို ဆောင်းမင်းဆက် သတိထားမိ၏။

"ဒါဆို ဒီလိုလုပ် မင်း ဒီမှာခဏစောင့်နေ၊ ကိုယ်သွားဝယ်ပေးမယ်၊ နံပါတ်ဘယ်လောက်လဲပြော"

ခေါင်းညိတ်၍ သူလှည့်ထွက်သွားတာကို ငေးကြည့်နေ၊ ကျေးဇူးတွေတင်နေပြီးမှ ကကြီး ရုတ်တရက် မျက်လုံးပြူးသွားကာ သူ့နောက် အတင်းပြေးလိုက်ခဲ့သည်။

"ဒီ ဒီမှာ ခဏနေပါဦး"

သူ ချာခနဲ လှည့်ကြည့်သည်။

"ဘာလဲ ချာတိတ်"

"ကကြီး မနေရဲဘူး"

ဆောင်းမင်းဆက် မျက်နှာ တစ်ဖက်လှည့်၍ ပြုံးလိုက်မိသည်။

"ရှင်နဲ့ပဲ လိုက်ခဲ့တော့မယ်"

နှစ်ယောက်သား ကားနားရောက်လာကြ၏။ ကားကြီးကဲ ထိရက်စရာမရှိလောက်အောင် နက်မှောင်ပြောင်လက်၍ ကြွကြွရွရွ ဝင့်ထည်နေ၏။

သူက ကားတံခါးဖွင့်ပြီး ကကြီးကို ငဲ့ကြည့်ကာ

"တက်လေကွာ"

"ဟို ဟို ဘယ်ကိုသွားမှာလဲ"

"ဟိုနား ဒီနားပဲကွာ၊ တက်စမ်းပါ"

တစိမ်းတရံစာ ယောကျ်ားသားနှင့်မို့ ကကြီး ရင်တွေတအားခုန်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ မတော်တဆ တစ်ခုခုဖြစ်မှဖြင့်၊ ပြောလို့ရမလား။

"ကကြိုး ကြောက်တယ်"

"ဟော မင်းက ဘာကိုကြောက်နေတာလဲ"

နီးကပ်နေပြီဖြစ်တဲ့ အရှူးမက မယောင်မလည်ကပ်ပါလာ၏။ ကြောက်ပေမယ့် ကကြိုး ကားပေါ်ရောက်သွားသည်။

"ကိုင်ထားနော်"

"ဘယ်ကို ကိုင်ရမှာလဲ"

အသံလေးက တုန်လို့။

"အလကားစတာပါကွာ၊ ကိုယ် ဖြည်းဖြည်းမောင်းမှာပါ"

ရင်ထဲမှာ ပို၍ မြတ်နိုးသွားမိ၏။ ကား သိမ့်ခနဲ ပြေးထွက်တော့ ကကြိုး ရင်ဖိုမိသေး၏။

စိတ်ထဲမှာလည်း အားနာသလိုလို ရှက်သလိုလိုမို့ လက်က ဘယ်နေရာကို ထားရမှန်းမသိ။ လမ်းအကွေ့တစ်ခုထဲ ကွေ့ဝင်လိုက်သည်မို့ လန့်ဖျပ်ယောင်ရမ်းပြီး သူ့လက်ကို ဆွဲကိုင်မိပြန်၏။

ဒုက္ခပါပဲ။ ဒီပုံစံကြီးသာ သိတဲ့တစ်ယောက်ယောက် မြင်သွားခဲ့လျှင်။ ကကြိုး တဟူးဟူးတိုးနေသည့် လေကြားထဲမှာ ချွေးပြန်လာ၏။ ကားက အမြန်ကြီးမဟုတ်ပေမယ့် ပြတင်းက တိုးဝင်လာသောလေကြောင့် ကကြိုးဆံနွယ်လေးတွေ သူ့မျက်နှာဘက် ပြေးကပ်ဝေ့ဝဲ၏။

သူက ဘာမှမပြောဘဲ ကကြိုးကို တစ်ချက်ကြည့်ပြီး ဆံနွယ်တွေကို နမ်းမလိုဟန်လုပ်တော့ ကကြိုး ခေါင်းငုံ့ကာ ဆံနွယ်တွေကို ပြန်ဆွဲယူလိုက်တော့ သူ တစ်ချက်ပြုံးပြန်သည်။

အို ဗိနပ်ဆိုင် မြန်မြန်ရောက်ပါစေ။

■ ■ ■

အချစ်ဆိုတာ သည်လောက်အထိ နူးညံ့သိမ်မွေ့မှန်း သူ မသိခဲ့တာ



တော့ ဝန်ခံရမည်။ ပန်းကလေးတစ်ပွင့်လိုလှပသော သူမကို သူချစ်သည်။ မြတ်နိုးသည်။

အုံ့ဩစရာကောင်းသည်က ဆောင်းမင်းဆက်ဆိုသော သူ့ဘဝမှာ ကြုံဆုံခဲ့ဖူးသောအချစ်တွေနှင့်မတူတာဘဲ ဖြစ်သည်။ အင်းလေ တကယ်တော့လည်း သူ ယခင်က ကြုံခဲ့သမျှတွေက အချစ်ဟုအမည်တပ်လို့ မရနိုင်ပါ။

လှပသော ပြည့်စုံသော မိန်းကလေးများစွာကို သူ ပတ်သက်ဖူးသည်။ သူ့ဘက်က အလိုရှိသည်ဟု အရိပ်ပြရုံနှင့်လည်း အားလုံးက ဝပ်ဆင်းကာ အနီးရောက်လာသည်ချည်း။ သူ့ဘက်က ခက်ခက်ခဲခဲ မကြိုးစားရ။

ဆန္ဒတစ်ခု၏တောင့်တရာ ပြည့်စုံပြီဆိုရင် သူ့ဘက်က ပြီးဆုံးခဲ့ပြီ။ သူတို့ထံမှ ထိုထက်လည်း ပိုမို၍ သူမလိုလား၊ မတောင့်တခဲ့မိပါ။

ဥပေက္ခာထားသည်လို့ပဲ ဆိုချင်ဆို။ ထိုမိန်းကလေးများစွာတို့ရဲ့ မျက်ရည်တွေကိုလည်း သူ မသနားတတ်ခဲ့ပါ။

အရာအားလုံး ပြည့်စုံသည်ဆိုသော မိန်းကလေးတွေနှင့် သူ တရင်းတနှီး ပတ်သက်ဖူးခဲ့၏။ သို့ပေမယ့် ဘာကြောင့်များ သူ့နှလုံးသားကို လှုပ်ခတ်စေသောအရာ သူတို့မှာ မရှိခဲ့တာလဲမသိပါ။

သူတို့နှုတ်ခမ်းလှလှလေးတွေမှ ပျားရည်ဖွဲ့စကားသံလေးတွေ။ ယုယကြင်နာမှုတွေ အားလုံးသည် သူ့အတွက် တဒင်္ဂကျေနပ်မှုတစ်ခုမှလွဲ၍ ထိုထက် ပိုမစွမ်းနိုင်ခဲ့ပါ။ သည်တော့လည်း။

နောက်ဆုံးမှာ သူတို့နှင့်သူ့ကြားမှာ အေးစက်စွာနှင့်ပဲ လမ်းခွဲဖို့ဖြစ်သွားခဲ့သည်။ အဲဒီလောက်အထိ ရင်ခုန်လှုပ်ခတ်ဖို့ ခက်ခဲသော သူ့နှလုံးသားက အမည်နာမ မသိသော သက်မဲ့ဖါတ်ပုံလေးတစ်ပုံကြောင့် တုန်ခါခဲ့ရတာတော့ သိဝ်ကိုထူးဆန်းသည်။

မမျှော်လင့်ဘဲ သူ့ထံရောက်ခဲ့သော ဓါတ်ပုံလေးတစ်ပုံ။ သက်မဲ့မျက်ဝန်း နှုတ်ခမ်းများက သူ့ရင်ခုန်သံတွေကို အံ့ဩစရာဖန်ဆင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝမှာ တစ်ကြိမ်တစ်ခါမှ မခံစားဖူးသော ခံစားမှုတွေဆိုတာ သေချာ၏။

သည့်နောက်ပိုင်းမှာတော့ သူ့ဘဝသည် လှပစွာ သက်ဝင်လှုပ်ရှားလာခဲ့သည်ဟုပဲ ဆိုရမည်။

သူမအမည်က ကကြိုးသျှင် တဲ့။ သူ့နှလုံးသားရဲ့ ရင်ခုန်သံတွေကို မွေးဖွားစေခဲ့သူ။ အချစ်ဆိုတာကို ပဋ္ဌလက်ဆန်ဆန် ဖော်ထုတ်ပေးခဲ့သော သူမသည် လက်ရုံးဆိုသော ယောကျ်ားတစ်ယောက်၏ရင်ခွင်ထဲ မကြာခင် တိုးဝင်ရတော့မည့်သူ တဲ့။

ထိုကန့်သတ်ချက်တစ်ခုနှင့် သူမကို သူ ဆုံးရှုံးခံရမှာတဲ့လား။ ဆောင်းမင်းဆက် ဆိုတဲ့ သူ့ဘဝမှာ ရာဇဝင်မရှိပါ။ ပြီးတော့ ဒီပွဲက သူ အရင်ယှဉ်ခဲ့သော ပြိုင်ပွဲတွေထက် သိပ်ကိုအရေးကြီးသည်။

သူ့ရင်ထဲက အတောင့်တဆုံး ချစ်သူကို ဘယ်လိုနည်းနှင့်မှ အဆုံးရှုံးမခံနိုင်ပါ။ အစီအစဉ်အားလုံး အနာဂတ်အားလုံးကို လှလှပပ ခန့်ညား သိမ်မွေ့စွာ သူ အစီအစဉ်ချထားခဲ့ပြီးပြီ။

ဆောင်းမင်းဆက် နှလုံးသွေးတွေ ဆက်လက်လည်ပတ် စီးဆင်းနေတာ မင်းကြောင့်ပဲ ကကြိုးသျှင်။ ဒါကို မင်း တစ်နေ့တော့ လက်ခံယုံကြည်လာမှာပါ။

■ ■ ■

## အခန်း (၁၉)

“ကကြိုးသျှင်တဲ့၊ ဘိုးအေဘွားအေတွေနဲ့နေတယ်၊ မဟာဝိဇ္ဇာနဲ့ နောက်ဆုံးနှစ်ဖြေနေတယ်၊ အသက်က နှစ်ဆယ့်နှစ်”

“အင် ငယ်တာလေးကလွဲရင် မဆိုးပါဘူး။ ဒါနဲ့ မင်းနဲ့သူက”

“ခုမှ သိကြတာပါ”

“ဟော”

ဦးမင်းထွတ်တင်က ပန်းချီဘောင်ကြီးကိုတစ်လှည့် ဆောင်းမင်းဆက်ကို တစ်လှည့်ကြည့်၏။

“မင်းပဲ လက်ထပ်တော့မှာဆို”

“ကျွန်တော့်ဘက်ကပါ သူ့ဘက်က”

“မသေချာသေးဘူးပေါ့”

“ဟုတ်တယ်”

“ဟော”

ဦးမင်းထွတ်တင် ဟောရပြန်ပြီ။

“သူ့ လက်ရုံးဆိုတဲ့ကောင်နဲ့ လက်ထပ်တော့မှာ”

“ဘယ်လို”

www.burmeseclassic.com

ဦးမင်းထွတ်တင် လက်ထဲကဆေးတံကို ချ၍ ခါးမတ်မတ်ပြင်ထိုင်လေ၏။

"ရှင်းစမ်းပါဦး လူလေးရာ၊ နားတွေရှုပ်ကုန်ပြီ"

"ဒီလို ဘဘ၊ သူက ကျွန်တော့်ချစ်သူ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်တော်ကတော့ ချစ်နေတယ်၊ သူကလည်း ချစ်သူမဟုတ်သေးတဲ့ကောင်နဲ့ လူကြီးတွေက လက်ထပ်ပေးစားတော့မှာပါ"

"သူ့ချစ်သူမဟုတ်သေးဘူးဆိုတော့ ဖြစ်လာမယ့် သဘောများလား"

ဆောင်းမင်းဆက် မျက်နှာပျက်သွားသည်။

"ကျွန်တော်နဲ့စာရင် သူတို့နှစ်ယောက်က ပြေလည်သွားနိုင်တယ်"

"ဒါဖြင့် လူလေးက တစ်ဖက်သတ်ပေါ့"

"ဟုတ်တယ် ဘဘ"

"ဒါဖြင့် မင်းလက်ထပ်တော့မယ်ဆိုတာက"

"သူ့ကိုပါပဲ"

ဦးမင်းထွတ်တင် သဘောပေါက်သွားသည်။

ဆေးတံကို ပြန်တပ်၍ ပန်းချီကားကို စူးစိုက်ကြည့်နေပြန်သည်။

"မင်းဟာ ထူးဆန်းစွာ ရက်စက်တတ်ပြီး ထူးဆန်းစွာ ချစ်တတ်တဲ့ လူသားတစ်ယောက် ဖြစ်နေတယ် လူလေး၊ အဲဒါ မကောင်းဘူး"

ဆောင်းမင်းဆက် 'ကကြိုးသျှင်'ဟု ခေါင်းစဉ်တပ်ထားသည့် ပန်းချီကားကို ငေးကြည့်နေမိသည်။

"မင်း ဒီပွဲမှာ ဒဿဂီရိ ဝင်မလုပ်သင့်ဘူး၊ ဘဘ မေတ္တာရပ်ခံချင်တယ်၊ အဲဒီလို တိုက်ယူရမယ့် မိန်းကလေးကို မင်း ရှောင်သင့်တယ် လူလေးရယ်"

"ကျွန်တော် သူ့ကိုရမှဖြစ်မယ် ဘဘ"



ကကြိုးရဲ့ဓါတ်ပုံလေးကို မြင်ကတည်းက သူ စွဲလမ်းခဲ့ရတဲ့ မိန်းကလေး။ တွေ့လိုက်ဆုံလိုက်တိုင်း စွဲလမ်းနှစ်သက်ဖွယ် အမူအရာလေးတွေ ပြည့်နှက်နေသည့် မိန်းကလေး။

ရင်ထဲမှာ ခိုင်ခန့်စွာ လျှို့ဝှက်ကြိတ်စည်နေခဲ့ရတာ ဘယ်လောက်ကြာပြီလဲ။ ကကြိုးရဲ့ပတ်ဝန်းကျင်မှာ သူမ လှုပ်ရှားတာက ဆောင်းမင်းဆက် ဆိုတဲ့ အရိပ် ကကြိုးရဲ့နားမှာ မကျန်ခဲ့စေချင်တာ။

ဆောင်းမင်းဆက်ရဲ့ရင်ခွင်ထဲမှာ ကကြိုး ရောက်နေတာကို ဘယ်လိုလူမျိုးမှ သဲလွန်စမဖော်နိုင်အောင် သူ ထိန်းချုပ်ခဲ့တာ ယုတ်စွအဆုံး။ ကကြိုး ကိုယ်တိုင် သူ့ရဲ့ချစ်ခြင်းကို သံသယမဝင်စေရအောင် သူ့ရဲ့စိတ်ဝင်စားမှုကို အတတ်နိုင်ဆုံး ဖုံးထားခဲ့တာ။

သူ့မျှော်လင့်ချက်တွေအားလုံးဟာ ကကြိုးနဲ့သူ့ရဲ့အနာဂတ်အတွက် ဒဿဂီရိရဲ့ဝိညာဉ် သူ့မှာပူးကပ်နေတာဆိုရင်တောင် ဒဿဂီရိဟာ မယ်သီတာကို ဒုတိယအကြိမ် လက်လွှတ်ဆုံးရှုံးခံမှာ မဟုတ်ဘူးဆိုတာ သေချာနေမှာပါ။ ကိုယ့်ရဲ့ရင်ခွင်နန်းတော်ဟာ မင်းအတွက် လုံခြုံစေမှာပါ ကကြိုးသျှင်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဘိုးဘိုးကျော်"

"ဟော့ လက်ရုံးနဲ့ရာဇလား လာကွ"

ဘိုးဘိုးကျော်က လက်ထဲက သတင်းစာကိုချထားလိုက်သည်။

"ဒီနေ့ ကျောင်းပြီးသွားပြီဆိုတော့ မင်းတို့ ဘယ်လျှောက်လည်ဖို့ အစီအစဉ်ရှိကြသလဲ"

"လျှောက်မလည်ပါဘူး ဘိုးဘိုးကျော်ရာ၊ ဒီနေ့ စတိတ်ရှိုးရှိတယ်လေ၊ လက်မှတ်တွေလည်း ဝယ်ပြီးပြီ၊ အဲဒါ ကကြီးကို ညကျသွားဖို့ လာပြောတာ"

"ဟုတ်လား အေး စတိတ်ရှိုးဆိုလို့ကတော့ မြေး မလိုက်မှာ မပူနဲ့ဟော့"

ဘိုးဘိုးကျော်က သူတို့နှစ်ယောက်ကို မုန့်လုံးရေပေါ်တွေ ချကျွေး၏။

"ဟာ မုန့်လုံးရေပေါ်တွေပါလား ဘိုးဘိုးကျော်တို့ လုပ်တာလား"

"မဟုတ်ပေါင်ကွာ မနက်က ဘယ်သူလာပို့သွားတယ် မသိဘူး၊ စားကြ ဘိုးဘိုးကျော်က ကောက်ညှင်းနဲ့လုံးဝ မတည့်ဘူး"

"စိတ်ချ ဘိုးဘိုးကျော်၊ အကုန်တီးမှာ"



ရာဇက တကယ်ပဲ မုန့်လုံးရေပေါ်ကြိုက်သူမို့ အားရပါးရစား၏။

"ကကြီး ဘယ်သွားလဲ ဘိုးဘိုးကျော်"

"သူ့သူငယ်ချင်းတွေ လာခေါ်သွားကြတယ်လေ၊ ဘုရားသွားကြမလို့ဆိုလား၊ အစောကြီးကတည်းက ထွက်သွားကြတာ"

"ဘိုးဘိုးကျော်"

"ပြော"

"ဟို ဟိုကိစ္စ ကကြီး ဘာပြောသေးလဲဟင်"

"ဘာကိစ္စလဲကွ"

"လက်ထပ်ဖို့ ဖိတ်စာရိုက်မယ့်ကိစ္စ ဘာဘာရေ"

ရာဇက ရေခဲသေတ္တာထဲက ရေဘူးထယူရင်း ရှက်နေသည့် လက်ရုံးအစား ဝင်ပြောသည်။

"သြော် ဒါနဲ့ ဒီရက်ပိုင်း မင်းလည်း ပျောက်နေသလားလို့ ဘာလဲ မင်းတို့ ရန်ဖြစ်ထားကြပြန်ပလား"

"မဖြစ်ပါဘူး ဘိုးဘိုးကျော်၊ ကကြီးကို ကျွန်တော် ဆွေးနွေးကြည့်ပါတယ်"

"အင်း ဘာတဲ့လဲ"

"သူ သူ သိပ်မကျေနပ်ဘူး"

"အင်း သူငယ်ချင်းတွေကိုးကွယ်၊ ဒါက အရေးမကြီးပါဘူး၊ နောက်တော့ ပြေလည်မှာပါ၊ မြေးက မင်းကိုခင်ရှာပါတယ်"

အဲဒီခင်တာကြီးက ရှုပ်နေတာ ဘိုးဘိုးကျော်ရဲ့ဟု လက်ရုံး ပြောလိုက်ချင်လှသည်။ သို့သော် မျိုသိပ်ထားလိုက်ပါသည်။

"ဟော မြေးတို့ ရောက်နေတာနဲ့ အတော်ပဲကွယ်"

ဘွားသစ် လက်ကိုင်အိတ်ကြီး မွေ့ပိုက်၍ ဝင်လာသည်။

"ကကြီးလေးတို့အုပ်စု ဘုရားမှာကျန်ခဲ့တယ်၊ ဘွားသစ်တော့

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲမှာ နောက်လာတာနဲ့ ပုတီးစိပ်ပြီး တန်းပြန်လာခဲ့တာ၊ မင်းသူငယ်ချင်းကို သွားကြိုလိုက်ပါဦး''

''သူ ဘယ်အချိန်လာကြိုဖို့ ပြောလိုက်လဲ ဘွား''

''ထမင်းစားသောက်ပြီးကြမှ ပြန်မှာတဲ့ကွယ်၊ အဲဒါ လူလေးမှန်းပြီး သွားကြိုပေးစမ်းပါ''

''ဟုတ်ကဲ့''

ရင်ထဲမှာတော့ လေးသွားတာ အမှန်။

ဟိုတစ်ခါ စကားများကြပြီးကတည်းက သူနဲ့ကကြိုး မတွေ့ခဲ့တာကြာပြီ၊ ကျောင်းမှာလည်း မျက်လုံးချင်းဆုံမိကြသည်မှလွဲ၍ သူ မခေါ်ဖြစ်ခဲ့။ ဒီတစ်ခါတွေ့ရင် ရန်ဖြစ်ရဦးမှာလား။

## အခန်း (၂၁)

''ဒါဆို ရန်အောင်တို့လို ပုံစံမျိုးလား''

''ဟုတ်တယ် ဟုတ်တယ်၊ အရုပ်အမောင်းပုံစံကတော့ ဆင်တယ်၊ ဒါပေမဲ့ အဲဒီလောက်မဟုတ်ဘူး၊ ရန်အောင်လို ပါးဖောင်းဖောင်း ပါးစပ်သေးသေးနဲ့လည်း မဟုတ်ဘူး၊ ဟို ခြုံကြည့်လိုက်ရင် ရန်အောင်လောက် မချောဘူးဟ၊ ဒါပေမဲ့ ရန်အောင်ထက် ကြည့်ကောင်းတယ်''

ကကြိုး လက်ဖက်သုတ်ချိုင့်ကို ဆွဲယူ၍ လက်ဖက်နှံ့ပဲကြော်ကို မွှေနှောက်လိုက်သည်။

''သူ့မျက်မှန်ကလည်း တအားလှတာပဲ သိလား၊ တော်တော်အဖိုးတန်လောက်တယ်ဟ၊ ငါနဲ့ဆုံတိုင်း မျက်မှန်နဲ့ပဲ၊ အဲဒီမျက်မှန်နောက်က မျက်လုံးတွေကများ ငါဖြင့် ကြောက်တောင်ကြောက်တယ်''

''ဘာလဲ စူးစူးရဲရဲ ခေါ်တောင်းရာအားနဲ့ ဆွဲတာမျိုးလား''

''ဟာ လုံးဝမဟုတ်ဘူး၊ တမင်ပြုစားနေတာမျိုး မဟုတ်ဘဲ သူ့မျက်လုံးကိုက နက်မှောင်ပြာလဲ့ပြီး မျက်မှန်နဲ့အရမ်းလိုက်တာ''

''မိန်းမ နင် ဆောင်းမင်းဆက်နဲ့များ တွေ့လာသလားကွယ်''

''ဘယ်သူ''

ကေသီက ထမင်းပိုင်းကို သွက်လက်စွာပြင်နေရာကနေ အားလုံးကို

www.burmeseclassic.com

www.burmeseclassic.com



ချထားလိုက်ပြီး ကကြိုးမျက်နှာကို စိုးရိမ်တကြီး ကြည့်သည်။

"နင်ပြောတဲ့ပုံစံ မှန်ရင် အဲဒါ ဆောင်းမင်းဆက်ပဲ"

"ဆောင်းမင်းဆက်"

"ဟုတ်တယ်"

"ဟဲ့ နာမည်က စားလှချေလား"

"အေးလေ ကြားလိုက်ရုံနဲ့ ခေါင်းညိတ်ဒူးတုပ်ချင်လာပြီ"

"ဟုတ်တယ် နာမည်တင်စားတာမဟုတ်ဘူး။ အဲဒါ တကယ့်ကို ဖိုက်တာကြီးနော်"

"ဟုတ်တယ်"

"ဩော် တကယ်ပြောတာပေါ့ ကကြိုးရယ်၊ တို့တိုက်ခန်းကို ငှားပြီးဖွင့်ထားတဲ့ ဆေးခန်းလေ"

"အေး"

"အဲဒီမှာ ညခုနစ်နာရီမှ ထိုင်ပေးတဲ့ သားဖွားနဲ့မီးယပ် အထူးကု ဆရာဝန်မ ဒေါ်မေဝတီထွန်း သိလား"

"မသိဘူး"

"ငါတို့က ညဘက် အဲဒီကိုမထွက်ဘူးဟ၊ ညနေခင်း အထွေထွေ ရောဂါကုဆီတော့ ငါမောင်လေးကြောင့် တစ်ခါ သွားပြဖူးတယ်၊ အဲဒီဆေးခန်းဟာ အိုဂျီတွေသိပ်တော်တာတဲ့"

"အေး မသိရင်မှတ်ထား၊ အဲဒီ မေဝတီထွန်းဆိုတဲ့ ဆရာဝန်မလေးက တအားကိုချောတာ၊ သူတို့အသိုင်းအဝိုင်းကလည်း ပညာတတ်တွေပဲ၊ ချမ်းလည်း ချမ်းသာတယ်"

"အဲဒါ ဘာဖြစ်သွားလို့လဲ"

"ဆောင်းမင်းဆက်နဲ့တွေ့ပြီး ကျွန်ရစ်ဖြစ်သွားတာလေ"

"ဟယ် တကယ်"



"ဩော် ကဲ"

ကေသီက စိတ်မရှည်သည့်ပုံစံနှင့် အားလုံးကို ဝေ့ဝိုက်၍ မျက်လုံးစောင်းထိုးသည်။

"ကေသီရယ်၊ သူလည်း ပညာတတ်တစ်ယောက်ပဲ၊ ပြီးတော့ ချောတယ်ဆို၊ ဆောင်းမင်းဆက်က ဘာဖြစ်လို့ကြတာလဲ၊ သူကရော ကိုယ့်ကိုကျောတာလား၊ ချစ်တာလားတောင် မခွဲခြားနိုင်ဘူးတဲ့လား"

"သူနဲ့တွေ့ရင် မိန်းမတွေ သည်လိုပဲ ကန်းကုန်ကြတာပဲ"

"သူက ဒီလောက်ပဲ ချောလို့လား"

"ချောမချောတော့ မသိဘူး၊ ရှင်တို့သူငယ်ချင်းကြီးတော့ မူးလာပြီလေ၊ ဒါ အစပဲရှိသေးတယ်"

ကကြိုးကို အားလုံးဝိုင်းကြည့်ကြတော့ ကကြိုးမျက်နှာ ရဲခနဲဖြစ်ကာ မခံချင်စိတ်က ခေါင်းထောင်လာ၏။

"ဘာမူးတာလဲ၊ ငါက သူတို့မေးလို့လည်း ပြောရသေးတယ်၊ အဲဒီလူအကြောင်း ဘာမှမသိသေးဘဲတောင် ငါ ဘာမှမခံစားမိဘူး သိလား။ ခုလိုသိရတော့ ဆောရီးပဲ၊ လှတာမြင်လို့ လှတယ်၊ ချောတာကို ချောတယ် ပြောတာနဲ့ပဲ မစွပ်စွဲနဲ့နော်"

"စွပ်စွဲတာမဟုတ်ဘူး ကကြိုးရယ်၊ စိုးရိမ်လို့ပြောတာပါ၊ သူနဲ့တွေ့တဲ့မိန်းကလေးတိုင်း တကယ့် ဒိတ်ဒိတ်ကြဲ၊ ချောတာတွေချည်းပဲ၊ အဲဒီလို ဟာမျိုးတွေကိုတောင် သူက ဘယ်သူ့မှ အတည်စိတ်မကူးဘူးဆိုတဲ့အကြောင်း နင်သိထားရအောင် ပြောတာ"

ကကြိုး မျက်မှောင်လေးတွန့်ကာ ထိုလူ့မျက်နှာကို ပြန်တွေးကြည့်နေမိသည်။

ဒီလူဟာ မိန်းမမြင်တိုင်း ခွဲငင်လိုတဲ့ ယောကျ်ားမျိုးပဲဟ။ သူနဲ့ဆုံတိုင်း ပထမဆုံး မြင်ရတတ်တာက စိတ်ရှုပ်ထွေးသည့်မခံနိုင်တဲ့မျက်နှာ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ စိတ်လျှော့ မျိုသိပ်လက်ခံလိုက်ရတဲ့ အသွင်။

ကကြိုး သူ့ကို အကာအကွယ်အတွက် လုပ်ခဲ့စဉ်ကလည်း 'ဘာလုပ်တာလဲကွ'ဆိုတဲ့ အသံကြီးက ကကြိုးကို ဆွဲဖြုတ်တွန်းလွှတ်ပစ်တော့မယ့်အတိုင်း။

ကူညီပါလို့ သေလုမျောပါး ကကြိုး တောင်းပန်လိုက်ရတာလေ။ ဩော် ဒါတွေလည်း သူ့ပရိယာယ်တွေပဲ နေမှာပေါ့။ ကကြိုး သူ့ကိုထူးဆန်းစွာ တိုက်တိုက်ဆိုင်ဆိုင် ဆုံမိတာတွေကြောင့် သတိတရ တွေးမိတတ်တာကလွဲ၍ တကယ့်ကို မပိုခဲ့ပါ။

သူ ဝယ်ပေးလိုက်သည့် အဖြူရောင်ဒေါက်မြင့်လှလှလေးကို မလုံမလဲ လှမ်းကြည့်မိကာ နောက်ဘယ်တော့မှ မစီးတော့ဖို့ ကြိတ်၍ဆုံးဖြတ်သည်။

"ဟဲ့ ဟိုမှာ လက်ရုံး လာနေတယ်၊ နင့်ကိုလာကြိုတာထင်တယ်"

"ဘယ်မှာလဲ"

"အောက်မှာ တက်လာနေပြီ၊ ငါ မြင်လိုက်တယ်"

လက်ရုံးဆိုသည်နှင့် ငြိမ်သက်သွားသည့် ကကြိုးကို သူတို့လှမ်းကြည့်၍ ပြုံးစိစိဖြစ်ကုန်ကြသည်။

"အေးဟယ် တို့တွေက စိုးရိမ်ပိုသွားတာပါ။ တို့သူငယ်ချင်းက ပိုင်ရှင်က အဆင်သင့်ရှိနေပြီးသားပဲဟ"

"အေးဟ နင်တို့ကျောင်းပြီးတာနဲ့ လက်ထပ်မှာဆို၊ ဘယ်တော့လဲ"

"မသိဘူးဟာ၊ သူတို့ဟာသူတို့ ကြိုက်သလိုသာ လုပ်ကြပစေ၊ ငါ ဘာမှမပြောတော့ဘူး"

"ဟင် နင့်ပုံစံကလည်း စိတ်ပျက်သလိုကြီးပါလား။ လက်ရုံးက နင့်ကို တော်တော်ချစ်ရှာပါတယ်ဟာ၊ ပြာလဲ့ရီဆို နင့်ထက်မချောပေမယ့်



သူလည်း ပေါ်လွင်တဲ့သူပဲ၊ လက်ရုံးအတွက်ဆို ဣန္ဒြေတောင်မဆည်ဘူး"

"အဲဒါ သူတို့ယူကြပါလား"

"လက်ရုံးကမှ မကြိုက်တာ၊ ယောကျ်ားလေးက မကြိုက်တော့ မိန်းကလေးက အတင်းကျောပိုးခေါ်လို့ မရဘူး။ တို့တွေ ဖန်ဖဲနေ့က နှင်းမလ ခင် အတန်းထဲကကောင်တွေ သူတို့နှစ်ယောက်ကို ဝိုင်းပြီး လော်နေကြတာ ဒါတို့တောင် ကြားထဲက မျက်နှာပူတယ် သိလား"

"ဟုတ်ပ ဟိုမိန်းမမျက်နှာများ ပြုံးစိနေတာပဲ၊ လက်ရုံးက ချော်လဲ ရောထိုင်လုပ်လိုက်တာနဲ့ ပွဲသိမ်းတယ်၊ ဒါပေမဲ့ လက်ရုံးက ငြင်းတယ်တဲ့ ပြာလဲ့ရီ ရှက်သွားတာ သိသိသာသာကြီးဟယ်၊ အဲဒါပြီးကတည်းက တောင်ကြီးဆိုပြီး ထွက်သွားလိုက်တာ သူ့သူငယ်ချင်းတွေတောင် နှုတ်ဆက် မသွားဘူးတဲ့"

"ဒါပေမဲ့ လက်ရုံးကိုတော့ စာပေးသွားသတဲ့ဟ"

"ဟုတ်တယ်လေ အဲဒါ ဘာတွေရေးထားလဲ လက်ရုံးပဲသိမှာပေါ့"

"ဟဲ့ ကကြိုး နင် မေးကြည့်ပါလား"

"တော်စမ်းပါ နင်တို့ကလည်း"

လက်ရုံး အနားရောက်လာတော့ သူတို့မျက်နှာမှာ ဣန္ဒြေတွေနဲ့

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဘယ်ကိုမောင်းနေတာလဲ လက်ရုံး"

"အင်းယား ခဏဝင်ရအောင်လေ၊ စကားပြောစရာရှိလို့"

ကကြိုး တစ်ခုခုပြောမည်ပြင်ပြီးမှ ပါးစပ်ပြန်ပိတ်ထားလိုက်သည်။

"ကကြိုး ဆင်းလေ"

ကကြိုး လေးလေးကန်ကန် ဆင်း၍ ကားတံခါးပြန်ပိတ်ကာ အဲဒီမှာပဲ မှီရပ်လိုက်၏။

"ငါ လမ်းလျှောက်ချင်စိတ်မရှိဘူး လက်ရုံး၊ ပြောစရာရှိတာပြော"

လက်ရုံးက မကျေလည်သော ကကြိုးမျက်နှာကို စူးစိုက်ကြည့်ကာ ဘောင်းဘီအိတ်တစ်ဖက်တစ်ချက်မှာ လက်တွေသွင်းထားလျက် မျက်နှာချင်းဆိုင်ရပ်သည်။

"ငါ နင့်ဆီမလာဘဲ မခေါ်မပြောဘဲ တမင်အောင့်အင်းနေတာ၊ ဘာဖြစ်လို့လဲ သိလား"

"ဘာဖြစ်ဖြစ်လေ ငါ့အတွက် မထူးခြားပါဘူး"

သူ ကိုယ့်ဆီမလာပေမယ့် ပြာလဲ့ရီနဲ့ ဘယ်သွားသွား တတွဲတွဲဖြစ်နေတာ ကကြိုး မြင်နေတာပဲလေ။

လက်ရုံးက ခြေထောက်နားက မြေကြီးခဲသေးသေးလေးကို ဖိနပ်ဦးနှင့် တို့ထိကစားရင်း မျက်နှာငုံ့လျက်။



"ငါ နင်နဲ့သူငယ်ချင်းဆိုတဲ့အဖြစ်က အပြီးတိုင် စွန့်ခွာလိုက်တာပဲ"

သူ ဖျတ်ခနဲမော့တော့ စူးစိုက်ကြည့်နေသည့် ကကြိုးနှင့် မျက်လုံးချင်းဆုံသည်။

"ဒီနေ့ သိခဲ့ဖူးတဲ့ သာမာန်မိတ်ဆွေတစ်ယောက်အနေနဲ့ ငါ ချစ်ခွင့်တောင်းမယ်၊ နင် ပြောတဲ့ သူငယ်ချင်းဆိုတာကြီး မရှိတော့ဘူး ကကြိုး"

ကကြိုး ဖျတ်ခနဲ မျက်လွှာချလိုက်သည်။

"တကယ်ဆို နင်ဟာ ငါနဲ့မလွဲမသွေ လက်ထပ်ရမှာပါ၊ ဒါပေမဲ့ နှစ်ဦးသား ကြည်နူးချမ်းမြေ့စွာ ထူထောင်တဲ့အိမ်ထောင်ရေးကို ငါလိုချင်တာ"

ကကြိုး ငြိမ်သက်လျက်နေသည်။ လက်ရုံးက ကားကို လက်တစ်ဖက်နှင့်ထောက်၍ ကကြိုး လက်ဖဝါးလေးတစ်ဖက်ကို ဆွဲယူလိုက်သည်။

"နင့်ကို ငါချစ်တယ် ကကြိုးရယ်၊ ငါ့ကိုပြန်ချစ်လိုက်စမ်းပါ၊ ဆက်ဟန်ဆောင်မနေပါနဲ့တော့၊ ငါ့ကို တစ်ခုခု မကျေနပ်တာဆိုလည်း ဖွင့်ပြောလိုက်ပါ၊ အားလုံး နင့်စိတ်ကြိုက်ဖြစ်ရမှာပါ"

"လက်ထပ်ဖို့ကိစ္စကို စိတ်မဝင်စားသေးတာကလွဲရင် ငါ့ရင်ထဲမှာ ဘာမှမရှိဘူး"

"ဘာဖြစ်လို့ လက်မထပ်ချင်တာလဲ၊ ငါ့ကို မုန်းနေလို့လား"

"လက်ထပ်ကြဖို့ထိ ဘယ်တုန်းကမှ မတွေးခဲ့ဘူးလို့ အဲဒီအချိန်ကို ရင်ဆိုင်ဖို့ ငါ့မှာ ဘာမှပြင်ဆင်မှုမရှိဘူး"

"အဲဒါ ချစ်တဲ့စိတ် မွေးမကြည့်လို့ပါ၊ နင့်အမြင်ထဲမှာ သူငယ်ချင်းဆိုတဲ့ ကန့်လန့်ကာကြီးကို ဖြုတ်ချလိုက်ရင် အားလုံး ရှင်းသွားမှာ"

"အေးလေ လက်မထပ်ခင် တစ်ရက်ရက်တော့ အဆင်ပြေနိုင်အောင် ငါ ကြိုးစားမယ် ပြန်ကြစို့"

ကကြိုး ကားထဲအတင်းဝင်ထိုင်တော့ လက်ရုံး မကျေမနပ်နဲ့ တက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကကြီး"

"ဟင်"

"ငါ့ကို ရက်အတိအကျပြောပါဟာ၊ ငါ အတိုင်းအတာမဲ့ မျှော်လင့်နေရတာ မခံစားနိုင်ဘူး"

အနားတိုးလာ၍ ပခုံးချင်းတိုက်ကာ လက်ရုံးက ကကြီးလက်ဖျားလေးကို မချင့်မဲ ဆုပ်ညှစ်လိုက်သည်။ သူငယ်ချင်းလိုမဟုတ်တော့သည့် ထိတွေ့မှုကြောင့် ကကြီး မျက်နှာလေးနီရဲကာ မနေတတ်မထိုင်တတ် ဖြစ်နေသည်။

"ကကြီး"

အို ကကြီး ထူးဆန်းစွာ ရင်တွေတအားခုန်လို့ပါလား။

အမြဲ ဖြူစင်သွက်လက်နေတတ်သည့် ကကြီး၏ မျက်နှာနုနုလေးက နီမြန်းငုံ့ကျလျက်၊ အရှက်သည်းနေတာမြင်တော့ လက်ရုံး စိတ်မထိန်းနိုင်။

ပခုံးလေးနှစ်ဖက်ကို ကိုင်၍ သူ့ဘက်ဆွဲလှည့်လိုက်သည်။

"သိပ်လှတာပဲ ကကြီးရယ်၊ ကြည့်လို့ကို မဝဘူး"

"ဟာ ဖယ်စမ်းပါ"

ကကြီး အသံတွေတုန်နေပြီ။

ဆုံးဖြတ်ချက်မပါဘဲ လက်ရုံး ကကြီးရဲ့နဖူးလေးကို ငုံ့နမ်းလိုက်မိသည်။ အရှက်သည်းစွာ ရှန်းထွက်ခဲ့သော ချစ်သူမျက်နှာ နီနီလေးမှာ အချစ်ရှိနေမလား။

■ ■ ■

## အခန်း (၂၃)

"ဟေ့"

အနားက ကပ်ခေါ်လိုက်သံကြောင့် သူ လှည့်ကြည့်လိုက်တော့ အိမွန်ရယ်။ သူမအနားမှာ ခပ်သွယ်သွယ် အရပ်မနိမ့်မမြင့်နှင့် စတိုင်ဖြောင့်သည့် အမျိုးသားတစ်ယောက်ကို တွဲလျက်တွေ့ရသည်။

"ယူ တစ်ယောက်တည်းလား"

အနည်းငယ်အံ့သြဟန်နှင့် အိမွန်က ဘေးဘီကို ဝေ့ကြည့်၍မေးသည်။ ဆောင်းမင်းဆက်က ကြည်ကြည်လင်လင်ပဲ ပြုံးပြလိုက်သည်။

"အင်း တစ်ယောက်တည်းပဲလေ၊ ရှုပ်ရှင်ကြည့်တာ အဖော်ပါရင် နားငြီးတယ်"

အိမွန် မဲ့ရွဲ့သွားတာကို စိုက်ခနဲကြည့်၍ ကျောခိုင်းလိုက်သည်။ အအေးတစ်ဘူးဝယ်၍ ရုံထဲဝင်ခဲ့၏။ အိမွန် သတိလက်လွတ် တောင့်တောင့်လေး ကျန်ခဲ့၏။ ပန်းနုရောင် ရှပ်လက်တိုပွပွနှင့် ဘောင်းဘီရှည်အနက်ကို ဝတ်ထားသော ဆောင်းမင်းဆက်၏မျက်နှာဖွေးဖွေးနှင့် မျက်မှန်ပြာတပ်ထားသည့်ပုံစံကို နမြောတသ ယူကြုံးမရခြင်းနှင့် မခံချင်ဒေါသများကလည်း အပြိုင်ဖြစ်နေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းမဲ့ဆွဲဆောင်မှုများကိုပဲ သူမ တပ်မက်စွဲလမ်းစွာ ဒီယောကျ်ား၏ခြေရင်းမှာ ကျဆုံးခဲ့ရဖူးသည်။ အချစ်သစ်ဆိုတာ အနားမှာရှိနေပြီဆိုပေမယ့် ကိုယ်တိုင်စွဲလမ်း ရူးသွပ်ခဲ့ဖူးသော၊ မေတ္တာပေး၍ မေတ္တာမရခဲ့သော၊ ဒီအချစ် ဒီမေတ္တာကိုတွေးမိတိုင်း တဆစ်ဆစ် နာကျင်မိန်းမောနေမိတာ မေ့မရနိုင်ခြင်းလား။ ကိုယ့်ရင်ထဲက ချစ်နေဆဲလား။

"အိမွန်"

"ဟင်"

ဆတ်ခနဲ ဖြစ်သွားမိသည်။

ချစ်သူမျက်နှာကို မလုံမလဲ အားနာစွာကြည့်ဖြစ်၏။

"မောင် ရုံထဲဝင်ရမှာလား၊ ဒီနေရာမှာပဲ ရပ်နေရမှာလား"

"ဆောရီး မောင်"

အိမွန် သတိလက်လွတ် ဆောရီးပြောပြီးမှ သတိတရရှိရပြန်သည်။ ရှင့်လိုပဲ ကျွန်မ ဆောရီးလို့ ပြောတတ်နေပြန်ပြီ။ ရုံထဲမှာ လူတွေပြည့်နေပြီ။ ဆောင်းမင်းဆက် ကိုယ့်ခုံနံပါတ်မှာ ဝင်ထိုင်၍ သက်တောင့်သက်သာ မှီနေလိုက်မိသည်။

တအောင့်ကြာတော့ အိမွန်တို့စုံတွဲ ဝင်လာကြတာ မြင်ရသည်။ သူ မျက်နှာလွှဲနေလိုက်၏။ မီးတွေအားလုံး မှောင်ကျသွားပြီး ရုပ်ရှင်စတင်ပြချိန်တွင် သူ့ဘေးက ခုံလွတ်သုံးလုံးမှာ ထိုင်မယ့်သူတွေ ရောက်လာ၏။

"ကကြီး နင် ဂျီမတိုက်နဲ့ဟာ၊ အအေးချင်းအတူတူပဲဥစ္စာ"

"မရဘူး အဲဒီအိတ်ကြီးနဲ့ လုံးဝမသောက်ဘူး၊ နင့်ဟာနင်သောက်"

ဆောင်းမင်းဆက် ခပ်လျော့လျော့မှီနေရာကနေ ကိုယ်လုံးမသိမသာ မတ်သွားသည်။

သူနဲ့ ကပ်လျက်က ကကြီး ထိုင်လိုက်တဲ့ခုံ။

တိုက်ဆိုင်ပြန်ပြီ ချာတိတ်ရယ်။



"ဘူးမရှိလို့ပေါ့ အစကတည်းက ဘူးမရှိရင် မသောက်ဘူးလို့ နင်ပြောခဲ့ပါလား"

"ငါမသောက်တာလည်း နင်သိပါလား၊ အလကားပဲ၊ နင်တို့ ဒို့အတွက်ဆို ဘာလုပ်ပေးပေး တလွဲချည်းပဲ"

ဘေးလူတွေကို ဂရုမစိုက်။ ကြိတ်ရန်ဖြစ်နေကြသည့် နှစ်ယောက်ကို ဘေးကတစ်ယောက်က လှည့်ကြည့်၍ ခေါင်းကုတ်နေသည်။

"ကဲ တော်ကြတော့ကွာ၊ မင်းတို့ကလည်း ဘယ်တော့မှ သင့်မြတ်တယ်မရှိဘူး၊ ဘေးလူတွေလည်း အားနာကြဦး"

"တကယ့်မီးခဲပဲကွ"

လက်ရုံးဆိုတဲ့ကောင်လေး သူ့ဒုက္ခကို သူမသိမ်းနိုင်။ ဆောင်းမင်းဆက် ပင့်သက်ရှိုက်၍ ချွတ်ထားသည့် မျက်မှန်ကို ပြန်တပ်လိုက်သည်။ သူ ရှေ့အနည်းငယ်ငိုက်၍ ကိုယ်ကို သိသိသာသာ လှည့်လိုက်တော့ ကကြီး သူ့ကိုသတိထားမိသွားသည်။

"ဟင်"

အံ့သြလွန်းသည့် နှုတ်ခမ်းလေးက ခပ်ဟဟဖြစ်သွား၏။

"ဆောင်းမင်းဆက်"

တိုးလျလွန်းပေမယ့် နှစ်ယောက်ကပ်နေတာမို့ ကကြီး ရွတ်လိုက်တာကို သူ ပီပီသသကြားလိုက်ရသည်။

"ရော့ ဒီဘူး ကိုယ်မသောက်ရသေးဘူး၊ မင်းယူလိုက်"

ကကြီး လက်ဝါးလေးထဲ သူထည့်ပေးလိုက်ပြီး နေရာမှထသည်။ အစီအစဉ်မဲ့သော သူ့ခြေလှမ်းများက ရုပ်ရှင်ရုံရဲ့အပြင်ဘက်ဆီ။

"ဟ တကယ့်အပျံစားပါလား"

လက်ရုံးအသံက မလိုလားသံ။ ကကြီး လှည့်ရှင်းမကြည့်မိပါ။ ဆောင်းမင်းဆက် ထွက်သွားရာသို့ မျက်စိတဆုံး လိုက်ကြည့်ရင်း

www.burmeseclassic.com



ထူးဆန်းလှသည့်တိုက်ဆိုင်မှုများစွာကို အံ့သြမဆုံးရှိနေဆဲ။

ဒီလူနဲ့တွေ့တိုင်း သူမမှာလိုအပ်ချက်များများနဲ့ချည်း ဖြစ်နေတာက မေ့လို့မရတဲ့ ဖြစ်ရပ်တွေအဖြစ် တည်ရှိနေပြီ။ လက်ထဲက အအေးဘူးကို ငုံ့လည်းကြည့်မိရင်း ခပ်တင်းတင်းလည်း ဆုပ်ကိုင်ထားမိရင်း ရုပ်ရှင် ဘာတွေ ပြနေမှန်းမသိ။

ဆောင်းမင်းဆက်။ ရှင့်ပုံစံကတော့ အမှတ်တမဲ့ ကူညီသွားတဲ့ပုံ တွေချည်းပါလား။

အပန်းမကြီးဘဲ အလုပ်တစ်ခုကို အမှတ်တမဲ့ လုပ်သွားခဲ့သလို ကြိုတင်စီစဉ်ထားလို့ရတဲ့ ဖြစ်ရပ်မျိုးတွေ မဟုတ်တာလည်း အထင်အရှား။

ဒါဖြင့် ဒီလိုအကြိမ်ပေါင်းများစွာ ဆုံစည်းခဲ့ ကူညီခဲ့သော ကကြီး အပေါ် သူတို့ပြောကြဝေဖန်ကြသလို မိန်းမများကိုစိတ်ဝင်စားရှိသည်ဆိုသော ဒီယောကျ်ားက ထူးခြားစွာ စိတ်ဝင်စားဟန် မရှိတာ အရောတဝင် ဇာတ်လမ်း ဆင်လိုတာမျိုးလည်း ရှိမနေတာ ကကြီး အကဲခတ်မှားတာလား။

သူငယ်ချင်းတွေဆီက သူ့သတင်းကြားပြီးကတည်းက ကကြီး သူ့ကိုထပ်၍ ဆုံစည်းရမှာကိုတောင် ကြောက်နေမိတာ အမှန်။

■ ■ ■

## အခန်း (၂၄)

"အဲဒီဘဲကို ငါသိတယ်"

"ဘယ်သူလဲ"

"ဆောင်းမင်းဆက်"

"ဆောင်းမင်းဆက်"

"ဟုတ်တယ်"

လက်ရုံးက ကကြီးမျက်နှာကို လှမ်းကြည့်သည်။

"အခြေအနေကတော့ တော်တော်မြင့်တယ်၊ နိုင်ငံခြားသစ်ကိုယ်စားလှယ် လုပ်ဖူးတယ်၊ တချို့ကတော့ ဆရာဝန်လို့လည်း ပြောတယ်၊ ဒါပေမဲ့ ဆရာဝန်ဖြစ်နိုင်တဲ့ အချက်တော့ မရှိဘူး"

"ဘာဖြစ်လို့လဲ"

"သူ့မှာ အကြင်နာမှမရှိတာ"

"သူက ဘာလဲ"

"ဘာမှန်း ဘယ်သူမှမသိဘူး။ ဒါပေမဲ့ တော်တော်မြင့်တာက သေချာတယ်"

"တွေမ်ကြီးလား"

"ဒါကို မြင့်တယ်လို့ပြောမလားကွ၊ မယုံမရှိနဲ့ ငါ သေသေချာချာ သိထားတာ၊ အစုံမပြောနိုင်ပေမယ့် သိရသမျှတော့ နိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငါတောင်မသိဘူး၊ မင်း ဘယ်ကသိလဲ"

"ငါ့သူငယ်ချင်း ကိုလင်းကိုယ်တိုင် ခံလိုက်ရတာ၊ ဒီကောင် တော်တော်လေးခိုက်ခဲ့တဲ့ ကောင်မလေးနဲ့ အဆင်ပြေကာနီးမှ သူ့နောက်ပါသွားတာ၊ ဟိုကောင်ကိုလင်းဆို ကြွေသွားတာပဲ"

"ကိုလင်းခိုက်ခဲ့တဲ့သူဆိုတော့ ဖြူစင်မင်းလား"

"ဟုတ်ပ"

"မင်းပြောခဲ့ဖူးတဲ့ကောင်က အဲဒီ ဆောင်းမင်းဆက်လား"

"မှန်ပါ့"

စကားပြောလိုက် သူ့မျက်နှာကို အကဲခတ်လိုက်နှင့် နှစ်ယောက်ကို ကကြိုး ဂရုမစိုက်စွာ မြီးရှည်ကို ငုံ့စားနေလိုက်သည်။

"မင်း မမြင်ဘူးလား၊ မြန်မာနိုင်ငံက ရုပ်ရှင်မင်းသားတွေ ငိုသွားမယ်"

လက်ရုံး ထောက်ခံခြင်း မပြု။

"ဟို ငတိမလည်း ခုတော့ ဝေါင်နေပြီ"

"ပြတ်သွားကြပြီလား"

"ဟုတ်မှာပေါ့ ဟိုကောင်က ရာဇဝင်ထဲက တိမ်ယွင်နိုးလိုကောင်ပဲ"

လက်ရုံး မနေနိုင်တော့။

ကကြိုးကို တည့်တည့်ကြည့်လိုက်သည်။

"ကကြိုး"

ကကြိုး သူ့ကိုမော့ကြည့်သည်။

"အဲဒီကောင်နဲ့ နင်နဲ့သိတာ ဘယ်လောက်ကြာပြီလဲ"

"သိပ်မကြာသေးပါဘူး"

ရိုးရိုးလေးပဲဖြေ၍ ကကြိုးက စားလက်စကို လက်စသတ်သည်။ ရာဇာက လက်ဖက်ရည်ကို အကုန်မော့နေရင်း လက်ရုံးနဲ့ကကြိုးကို အကဲခတ်သည်။



ဒီနှစ်ယောက် ထုံးစံအတိုင်း ထုံးစံတော့မှာ သေချာပြီ။

လက်ရုံးမျက်နှာက အခြေအနေမကောင်း။

"အဲဒီကောင်အကြောင်း နင် ဘာမှမသိခဲ့ဘူးလား"

ဒုတိယမေးခွန်းက မရိုးသားတော့။

ကကြိုး မျက်ခုံးလေးတွေ အနည်းငယ်စုကြို့သွား၏။

"ငါက ဘာသိရမှာလဲ"

"ဒီလိုလူမျိုးနဲ့ နင် မဆက်ဆံသင့်ဘူးဆိုတာကိုပေါ့"

"ငါ့ဟာငါ ဘယ်လိုလူမျိုးနဲ့ ဆက်ဆံဆက်ဆံ အဲဒါ ငါ့ကိစ္စပါ"

"ကကြိုး နင်ဟာလေ ငါပြောရင် ဘယ်တော့မှ လက်မခံဘူး။ ရင်ထဲက ဝန်ခံလက်ခံတာတောင် ခေါင်းမညိတ်ဘူး၊ ငါပြောတာ နင့်အတွက်"

"ငါက ဘာဖြစ်နေလို့လဲ"

"ဘာမှမဖြစ်ခင် သတိထားမှ မမှားမှာပေါ့"

"မလိုပါဘူး၊ ငါ့မှာ ဦးနှောက်ရှိတယ်၊ စဉ်းစားဆင်ခြင်နိုင်တဲ့ အတွေးအခေါ်ရှိတယ်၊ မျက်နှာချင်းဆိုင်စကားပြောမိတဲ့လူတိုင်းကို ကိုယ်ရေးရာဇဝင်လိုက်လေ့လာရအောင် ငါက ကြောင်မှမဟုတ်တာ"

"အစတော့ မျက်နှာချင်းဆိုင် စကားပြောရုံပဲလေ၊ နောက်တော့"

"လက်ရုံး"

ကကြိုး၊ စားပွဲကို ဖျတ်ခနဲပုတ်၍ အော်သည်။ ကပ်လျက်စားပွဲက လူတွေလှည့်ကြည့်ကြ၏။

"နင့်မှာ အဲလို ခပ်သေးသေးခပ်ကြောင်ကြောင် အတွေးတွေရှိနေတာ ငါ လုံးဝစဉ်းစားမရတဲ့အကြောင်းတွေပဲ၊ လူတစ်ကိုယ် စိတ်တစ်မျိုးဆိုတာ နင်မမေ့နဲ့"

ကကြိုး အိတ်ထဲက ပိုက်ဆံထုတ်ယူ၍ စားပွဲပေါ် ဖျတ်ခနဲချကာ နေရာမှထထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရာဇ ဖျတ်ခနဲထ၏။ လက်ရုံး ငူငူကြီးထိုင်နေဆဲ။ သူ လက်ရုံးလက်ကို အတင်းဆွဲသည်။

"မင်းကလည်းမင်းပဲ၊ လေသံက လူသတ်ချင်စရာ"

ကကြိုးနေရာမှာ ထောင်လျက်သားလေး ကျန်ခဲ့သည့် အအေးဘူးလေးကို လက်ရုံး မုန်းတီးစက်ဆုပ်စွာ စိုက်ကြည့်သည်။

မျက်လုံးထဲမှာ သူ့ထက်မြင့်မားသောအရပ် ချောမောသောရုပ်ရည်နှင့် လူတစ်ယောက်ကို ဖျောက်မရ။ သူတို့ အစကတည်းက သိနေကြတာသေချာပါသည်။ ဒါဖြင့် ခင်ကြတာရော ဟုတ်ရဲ့လား။

အအေးဘူးပေးပြီး ထပြန်သွားတာက ဘာသဘောလဲ။ သူနဲ့ကကြိုးတွဲလာကြတာကို မမြင်လိုတဲ့ သဘောစကာထင်ရှားသည်။

သူတို့လာမှာကို သိထားလို့ အအေးဘူးဝယ်ပြီး ကြိုစောင့်နေတာမျိုးရော။

"ဟိတ်ကောင် ထင်ကြေးတွေနဲ့ ရူးသွားမယ်ကွ၊ ငါသာ အအေးဘူးဆို ဒီလောက် မိုက်ကြည့်ကြည့်နေတာ ထထိုးမှာပဲ"

သူ့ကို ဆွဲခေါ်မရတော့ ရာဇ စိတ်တိုစွာ ပြောသည်။ လက်ရုံးအအေးဘူးကို လှမ်းယူလိုက်သည်။ အနည်းငယ် ကျန်နေသေး၏။ ဒီဘူးကိုဒီထိသယ်ချလာတာက ဘာလဲ။ ဒါ သယ်စရာလား။

ကကြိုးဆီက အဖြေမရသေးသမျှ သူ" ရင်မောတာတွေကအသက် တိုနိုင်သည်။ သူများဦးသွားရင်ဆိုတဲ့ အတွေးက နှိပ်စက်ဆုံး။ဆိုင်ရှေ့မှာ အအေးဘူးကို မြေပြင်နှင့် ကိုင်ပေါက်ပစ်လိုက်သည်။ ကကြိုးကသူ့ကို ခပ်သေးသေး ခပ်ကြောင်ကြောင်တွေးတဲ့လူစားတဲ့။

ချစ်တဲ့လူတိုင်း ဒီလိုပဲ ခံစားတတ်ကြတာ မင်းမသိဘူးလား ကကြိုး။ သူများစောင့်ကြည့်တာတောင် မကြိုက်ဘူး။ ဘာဖြစ်လဲ။ ခပ်ကြောင်ကြောင်ပဲထပ်ပြောမယ်။

ယောက်ျားတစ်ယောက် မင်းအနားက ဖြတ်လျှောက်သွားလို့



လေဟပ်ကျန်ခဲ့ရင်တော့ အဲဒီလေ မင်းရှူရှိုက်မိမှာ စိုးတယ်။

"ဟဲ့ လက်ရုံး စောစောက ငါ့ရှေ့က ဖြတ်သွားတဲ့ဘဲတွေ့လား။ သူစွတ်သွားတဲ့ရေမွှေးနံ့လေ၊ ငါကြိုက်လိုက်တာ၊ နင် သတိထားမိလား"တဲ့။ နင့်ရဲ့ အဲလို အမှတ်တမဲ့ အပြုအမူလေးတွေမှာတောင် ငါ သဝန်တိုခဲ့တာ။

တကယ်ဆို ငါက အချစ်ကြောင့်ကြောင်တာ ကကြိုး။

■ ■ ■

"မင်းခံစားချက်ကို ငါ နားလည်ပါတယ် လက်ရုံး"

အမြဲတမ်း ကကြိုးဘက်ကရှိတတ်သည့် ရာဇ၊ ဒီတစ်ခါတော့ သူ့ဘက်က စာနာပေးနိုင်ပြီပေါ့။ မစာနာလို့ကောရမတဲ့လား။ ရုပ်ရှင်ရုံထဲမှာ ဖြစ်ပျက်ခဲ့သည့်ကိစ္စက ဒီကောင်မျက်မြင်ပဲ။ ကကြိုး နံဘေးမှာ သူတို့ညီအစ်ကိုရှိနေတာသိရက်နဲ့ ဆောင်းမင်းဆက်ဆိုတဲ့ကောင်က လက်ရဲဖက်ရဲလုပ်သွားပုံက ခံရခက်စရာ။

"အဲဒီကောင် ရုပ်ရှင်ရုံထဲမှာ ကြိုရောက်နေတာ ငါ လုံးဝသတိမထားမိဘူးကွ"

"ငါတို့ဝင်တော့ မှောင်နေပြီကိုးကွ၊ အဲဒီကောင်နဲ့ကကြိုး ထိုင်ခုံကပ်လျက် ကျနေတာ ငါသိလို့ကတော့ ဒါတွေဖြစ်လာစရာမရှိဘူး"

လက်ရုံး နာနာကျင်ကျင် ပြောနေတာကို ရာဇ ခေါင်းညိတ်ထောက်ခံသည်။ ကံကိုကဆိုးလွန်းသည်၊ ကကြိုးနဲ့ဆောင်းမင်းဆက် ကပ်လျက်ထိုင်မိအောင် တိုက်ဆိုင်ပေးလွန်း၏။

"တော်တော်တော့ မျက်နှာပြောင်တိုက်တယ်ကွ၊ ကကြိုးလက်ထဲကို အအေးဘူးထည့်ပေးလိုက်တာကိုပဲ ကြည့်"

"အေးကွ ငါလည်း လုံးဝ သတိမထားမိဘူး၊ ရုပ်ရှင်ပြီးလို့လက်ဖက်ရည်ဆိုင်ရောက်မှ အအေးဘူး ကကြိုးလက်ထဲ ပါလာတာ သတိထားမိတယ်"

"ဟိုကောင်က ခိုးကြောင်ခိုးဝှက် ကကြိုးလက်ထဲ ထည့်ပေးပြီး

www.burmeseclassic.com

www.burmeseclassic.com



ရွံ့ထဲက ပြန်ထွက်သွားတော့တာ''

''တကယ်ဆို ကကြိုး အအေးဘူးကို မယူသင့်ဘူး''

''ဒါတော့ကွာ ဆောင်းမင်းဆက်က ကကြိုးလက်ထဲ ဖွတ်ထည့်ပေးသွားတာကိုး၊ မင်းကလည်း ကကြိုး အအေးသောက်ရင် ဘူးနဲ့မှကြိုက်တာ သိရက်နဲ့''

''ရုပ်ရှင်ပြခါနီးနေတော့ အဆင်ပြေတာပဲ ဝယ်ခဲ့တာပေါ့ကွ၊ ငါတင်းနေတာ အဲဒီအအေးဘူးကို ကကြိုး လက်ဖက်ရည်ဆိုင်ထဲအထိ သယ်လာတာကိုပဲ၊ တကယ်ဆို ငါတို့နှစ်ယောက်ရှေ့မှာ ဆင်ခြင်သင့်တယ်''

လက်ရုံးစကားကို ရာဇ အကြွင်းမဲ့ ထောက်ခံပါသည်။ ဆောင်းမင်းဆက်အကြောင်းကို သူသိသည်။ မိန်းကလေးတွေကို ထည်လဲတွဲတတ်သူ။ ပြီးတော့လည်း အလွယ်တကူနဲ့ စွန့်ပစ်ဖို့ ဝန်မလေးတတ်သူ။ ဆောင်းမင်းဆက်ဆိုသည့်ကောင်ကြောင့် အသည်းကွဲဖူးသည့် မိန်းမတွေ မနည်း။

မိန်းမတွေကလည်း ခက်သည်။ ဆောင်းမင်းဆက်ဆိုသည့်ကောင်အကြောင်း သိရက်နဲ့ ပတ်သက်ချင်ကြသည်။ အလွယ်တကူ တိမ်းညွှတ်လွယ်ကြသည်။ မီးမှန်းသိရက်နဲ့ ဝင်တိုးချင်ကြသော ပိုးဖလံတွေလိုဖြစ်နေသည်။ အဲဒီလိုကောင်ကိုက ကကြိုး ဆက်နွယ်သွားတာမျိုး သူတို့ လက်ပိုက်ကြည့်နေရမှာလား။

''ဒီကောင် ကကြိုးကို ပတ်သက်လာမှာ ငါစိုးရိမ်တယ် ရာဇ''

''အဲဒီလောက်ထိလည်း စိုးရိမ်မနေပါနဲ့ လက်ရုံးရာ၊ ဒီကောင်နဲ့ ကကြိုး ဆုံဖူးပုံမရှိပါဘူး။ ပြီးတော့ ငါတို့ပြောပြလို့ ကကြိုးလည်း ဒီကောင့်အကြောင်း ကြားပြီးနေပြီ''

ရာဇ ချင့်တွက်ပြတာနားထောင်ရင်း သူ့စိတ်မှာ စိုးရိမ်မှုတို့ ပြေပျောက်ရသည်။ ယောကျ်ားပီသခန့်ညားသော ဆောင်းမင်းဆက်အသွင်ကိုတော့ အာရုံထဲမှာ မနာလိုဝန်တိုစွာ ပြန်မြင်ယောင်မိသေး၏။ မိန်းကလေးတွေ



ကျလောက်အောင် စတိုင်ကျတာတော့ မငြင်းနိုင်။

''တို့တွေလည်း ကျောင်းပြီးနေပြီပဲ၊ မင်းနဲ့ကကြိုးကိစ္စကို အမြန်ဆုံး လူကြီးတွေကို စီစဉ်ခိုင်းလိုက်ကွာ''

''အေး ငါ မာမီ့ကိုပြောမလို့၊ ဒါပေမဲ့ ခက်တာက ခုချိန်ထိ ကကြိုး ငါ့ကိုချစ်တယ်လို့ အဖြေမပေးသေးဘူးကွာ''

''မကြာခင်ပဲ လက်ထပ်တော့မယ်၊ အဖြေက လိုသေးလားကွာ''

''လိုတာအမှန်ပဲ ရာဇ၊ ကကြိုးကို ငါလက်ထပ်မယ်၊ ပိုင်ဆိုင်ချင်တာမှန်ပေမယ့် သူ့နှုတ်က ချစ်တယ်ဆိုတဲ့အဖြေကိုတော့ ကြားချင်သေးတယ် မိဘတွေစီစဉ်ပေးလို့ ညားကြတဲ့လင်မယားဘဝတော့ မဖိုက်ပါဘူးကွာ''

''ဒါဆိုလည်း ကကြိုးဆီကအဖြေကို ရအောင်တောင်းကွာ''

''ကကြိုးမျက်ဝန်းတွေထဲမှာ ငါ့အတွက် အဖြေရှိနေတာ ငါ သိတယ်၊ ဒါပေမဲ့ ကကြိုးက ငါ့ကိုတမင်အနိုင်ယူနေတာကွ၊ ငါ လိုချင်မှန်း သိလို့ သူမဖြေဘဲ အချိန်ဆွဲနေတာကွ''

''ဒါဆိုလည်း ဒီပြိုင်ပွဲမှာ မင်းအရှုံးပေးလိုက်ပေါ့ကွာ၊ ခါတိုင်းလည်း အရှုံးပေးနေကြပဲဥစ္စာ''

''ဒါက နှလုံးသားကိစ္စကွ၊ ငါ အရှုံးမပေးနိုင်ဘူး''

ထုံးစံအတိုင်း လက်ရုံးဆိုနေပြန်သည်။ ဟိုးငယ်စဉ်တုန်းကလည်း ကကြိုးကို အရှုံးမပေးစတမ်း ယှဉ်ပြိုင်တတ်တာ လက်ရုံး။ ကကြိုးညစ်တော့လည်း မခံချိမခံသာနှင့် အရှုံးပေးရသော လက်ရုံး။

သူကတော့ အေးဆေးစွာနေတတ်သူပီပီ အမြဲတမ်း အရှုံးပေးခဲ့သူ။ ကကြိုးအတွက်သာမက လက်ရုံးအတွက်လည်း အရှုံးပေးနောက်ဆုတ်ခဲ့သူပါ။

သည်ပွဲမှာတော့ လက်ရုံးကို သူမရှုံးစေချင်ပါ။ လက်ရုံးနှင့်ကကြိုးကိစ္စမှာ သူ ကြားထဲက မာမီကို တွန်းပေးဦးမှဖြစ်မယ်။

အရေးကြီးတာက ကကြိုးနှင့်လက်ရုံး အမြန်ဆုံး နီးစပ်ကြဖို့ပဲလေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဆောင်းမင်းဆက်"တဲ့။

တကယ့် တိုးတိုးလေးထွက်ကျလာတဲ့ စကားသံလေးကို သူမေ့လို့မရ။ တိုးတိုးလေးပေမယ့် ပီသသည်။

ပီသခြင်းထဲမှာ စိုးရွံ့တုန်လှုပ်မှုတွေ ရှိနေသည်။ ဒါ ဘာဖြစ်လို့လဲ။ သူ့ ကိုယ့်နာမည်ကို ဘာကြောင့်သိနေတာလဲ။ ကိုယ်မပြောခဲ့ပါဘဲ ဘာကြောင့် သိနေတာလဲ။

မျက်ဝန်းလေးတွေရဲ့ နှုတ်ဆက်ခြင်းက ခါတိုင်းနဲ့မတူဘဲ ဘာကြောင့် အံ့သြချောက်ချားနေတာလဲ။ တစ်ယောက်တည်း မေးခွန်းများစွာထဲမှာ ရှုပ်ယှက်ခတ်နေဆဲ။ ကကြိုးရဲ့ပန်းချီကားကို တစိမ့်စိမ့်ကြည့်ရင်း လက်ကြားထဲက စီးကရက်မီးသေသွားတာ သူ သတိမထားမိခဲ့။

ကကြိုး ဘာကိုကြောက်တာလဲ။ ဒါကို အထပ်ထပ်တွေးမိနေသည်။ သေချာတာတစ်ခုပဲ ရှိသည်။ သူနဲ့ပတ်သက်သော အနာဂတ်အတွက် ကောင်းကျိုးမဖြစ်နိုင်သော အနှံ့ဆိုးတစ်စုံတစ်ရာ ကကြိုးအပေါ် သက်ရောက်သွားခြင်း။

ဘယ်လိုပဲတွေးတွေး သူ လုံးဝမဖြစ်စေလိုသော ဒီသက်ရောက်ခြင်း တစ်ခုကိုပဲ အဖြေကပြနေသည်။ အပြစ်မရှိဘူးထင်ခဲ့သော သူ့လုပ်ရပ်



တွေဟာ လွန်စွာ ရင်မောဖွယ်၊ ကြောက်မက်ဖွယ်ကောင်းသော အနာဂတ်အတွက် အဝါကဒ်ပြနေတာလား။

ကကြိုးသျှင် ဘယ်လိုအတားအဆီး အကြောင်းရပ်တွေပဲရှိရှိ ကိုယ့်မင်းကိုဆုံးရှုံးမခံနိုင်ဘူးဆိုတာ ယုံစေချင်တယ်။ တွေးတိုင်းချစ်သည်၊ ချစ်တိုင်းလည်း ရယူဖို့ အမြဲဆုံးဖြတ်ခဲ့သည်။ မင်း မကြောက်လိုက်ပါနဲ့ ကကြိုးသျှင်ရယ်။ ကိုယ်ဟာ ရာဇဝင် ဘာတွေရှိခဲ့ရှိခဲ့။

မင်းအပေါ် အချစ်တတ်ဆုံးလူသားဆိုတာ မင်းရင်ခွင်ထဲရောက်မှ မင်းသိမှာပါ။

"ဘဘ"

"ဟော် လာပြီ"

ဦးမင်းထွတ်တင် အခန်းထဲဝင်လာ၏။

"ဆောင်းကကြိုးသျှင်ကို တတ်နိုင်သမျှ အမြန်ဆုံးပြီးအောင် တွန်းပေးပါ"

"အေး ဘဘ စီစဉ်နေပါတယ်၊ ဒါနဲ့ အဲဒီ ဆောင်းကကြိုးသျှင် နာမည်ကို ခြံဝမှာရော ရေးမှာလား"

"မရေးဘူး ဘဘ၊ တိုက်နဖူးစည်းမှာ ဖောင်းစာလုံးနဲ့ပေါ်အောင် လှလှရှုရှုလေး ရေးမယ်၊ ဆေးရောင်ကို အပြင်တစ်ခုလုံး နို့စိမ်းရောင် အထဲကို အဝါနုနုသုတ်"

"ဆေးမခြယ်ခင် လူလေး လိုက်ကြည့်ဦးမယ်မို့လား"

"လာဖြစ်ချင်မှ လာဖြစ်မယ်၊ အဲဒီ ကျွန်တော်ပေးတဲ့ တိုက်ပုံအတိုင်းသာ တိတိကျကျလုပ်ပေးပါ ဘဘရယ်၊ ငွေဘယ်လောက်ကုန်ကုန် အမြန်ဆုံး ပြီးချင်တယ်"

"အေးပါ ဒါနဲ့ လူလေး ဘယ်တော့ ခရီးထွက်ဖြစ်မလဲ"

ဆောင်းမင်းဆက် ရုတ်တရက် မပြောဘဲ စီးကရက်ကို မီးညှိနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"အခြေအနေအရပဲ၊ ဘဘက ကလောကတိုက်မှာ ကျွန်တော် စီစဉ်ခိုင်းထားတဲ့ကိစ္စတွေ စီစဉ်ပြီးပြီလား"

"အားလုံးပြီးပြီ၊ လူလေးကို ဘဘ တစ်ခုပြောစရာရှိတယ်"

"ပြောလေ"

ဦးမင်းထွတ်စာင် ပြောသင့်မပြောသင့် ချင့်ချိန်နေဟန်နှင့် ခဏမျှ တိတ်ကျသွားသည်။

"မြပုလဲဆိုတဲ့ ကလေးမတစ်ယောက် ဖုန်းဆက်တယ်"

"ဘာပြောသွားလို့လဲ"

ဦးမင်းထွတ်တင် သက်ပြင်းတစ်ချက်ချ၍

"ခြံဝမှာ ကလေးကောက်ဖို့ လာစောင့်နေတော့တဲ့"

"ဘာ"

ဆောင်းမင်းဆက် တစ်ကိုယ်လုံး မတ်ခနဲ ဖြစ်သွားသည်။ ဒေါသ ရော မခံချင်တာရော စုပေါင်းလျက် မဲ့၍ ဖုန်းကောက်ဆက်လိုက်သည်။

ဦးမင်းထွတ်တင်က ဆက်တီခုံမှာ ဝင်ထိုင်လိုက်၍ တိတ်ဆိတ်စွာ ကြည့်နေသည်။

"မြပုလဲလား ကိုယ်ပါ"

"..."

"အဟင်း ဟား ဟား"

သာယာနာပျော်ဖွယ်လည်းကောင်း၍ ခံရခက်လွန်းဟန်လည်း ရှိသောအသံနှင့် ဆောင်းမင်းဆက် ရယ်လိုက်သည်။

ဒရင်းဘတ်ဒ်မှထ၍ ကကြိုးသျှင်ရဲ့ပန်းချီကားရှေ့ထိ လျှောက်သွား ကာ မျက်နှာချင်းဆိုင်၍ ခြေစုံရပ်သည်။

"စဉ်းစားပြီးပြီလား မြပုလဲ၊ တရားခံက ကိုယ်ဟုတ်ရဲ့လား"



လေသံက အေးစက်ခြင်းသို့ ချက်ချင်းပြောင်း၏။

"ကိုယ့်ကို အချဉ်ဖမ်းဖို့ ကြိုးစားရင်တော့ မင်းမှားသွားပြီ မြပုလဲ၊ ကိုယ့်ဘက်က ဘာချည်နှောင်မှုမှ ရှိမလာအောင် အားလုံးကာကွယ်ထား ပြီးသား၊ မင်းမယုံရင် (...)က ဒေါက်တာ နေမင်းဝင်းကို စုံစမ်းကြည့်လေ၊ မင်းပြောခဲ့တဲ့စကားဟာ တစ်ဖက်သား တုန်လှုပ်သွားစေဖို့သက်သက် တမင် ပြောတာ မဟုတ်ဘူးဆိုရင်တော့ ကိုယ့်ပြဿနာ ကိုယ်ရှင်းဖို့ မင်းအကြံထုတ် ဦး"

"..."

"အဲဒါလည်း ရှင်းရှင်းလေးပဲ၊ မိန်းမတစ်ယောက်ကို စိတ်ဝင်စား ဇိုင်း ပေးဆပ်ချင်နေရင် ဒီနေ့ ဆောင်းမင်းဆက်ဟာ မိန်းမတစ်ယောက်ရဲ့ ချည်နှောင်မှု သို့မဟုတ် အခု မင်းလိုမိန်းမမျိုးတွေရဲ့လက်ဝါးထဲမှာ မှုန့်မှုန့် ညက်ညက် ဖြစ်သွားပြီပေါ့"

"..."

"ဖောက်ပြန်တာနဲ့ အချစ်က တခြားစီပဲ ပုလဲ"

"..."

"သေချာတယ် ကိုယ် ဘယ်မိန်းမကိုမှ ကိုယ်တိုင်ချစ်ပါတယ်လို့ မပြောခဲ့သေးဘူး"

"..."

"အဲဒါ မင်းတို့မိန်းမတွေက ပိုသိမှာပါ"

"..."

"ဆောရီးပဲ ကိုယ် အချိန်မပေးနိုင်ဘူး"

ဆောင်းမင်းဆက် ဖုန်းပိတ်ပစ်လိုက်သည်။

"တကယ်ဆို ဒီလောက် ရင့်တဲ့စကားတွေ လူလေး မပြောသင့် ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းထွတ်တင်က ချက်ချင်းဝေဖန်၏။

"ကျွန်တော် ဘယ်မိန်းမကိုမှ ချစ်လှကြိုက်လှချည်ရဲ့ဆိုတဲ့အဖြစ်မျိုးနဲ့ မဆက်ဆံခဲ့ဘူး။ ဒီအတွက် သူတို့အလို့ရှိရာ ကျွန်တော် လိုက်လျောမပေးနိုင်ဘူး ဘဘ၊ ကျွန်တော့်ကို နှုနုလာရင် ကျွန်တော်နုမယ်၊ ကြမ်းကြမ်းလာရင် ကျွန်တော် ကြမ်းတမ်းမှာပဲ၊ ကိုယ့်လမ်းကို တည့်တည့်မလျှောက်ဘဲ သူတို့ဟာသူတို့ပဲ ဆင်းလာကြတာ၊ ခလုတ်ပဲတိုက်တိုက် ချော်ပဲကျကျ ကိုယ်ဖြစ်ကိုယ်ခံပေါ့"

ဆောင်းမင်းဆက် ဒေါ်သက စကားလုံးတိုင်းမှာ မိုးခြိမ်းသံလို မြည်ဟီးနေ၏။ ဦးမင်းထွတ်တင် တစ်ခွန်းမှ မဟတော့ပါ။

■ ■ ■

## အခန်း (၂၆)

"ဝင့်လား"

"ဟုတ်တယ် မိန်းမ၊ ကျုပ် အကြာကြီးမစောင့်ဘူးနော်၊ မြန်မြန်လုပ်"

ကကြီး ခေါင်းလေးပြူထွက်လာပြီး လှျာထုတ်ပြ၏။

"ဘွားဘွားရေ ဝင့်ကို ပုံကောင်းကောင်းလေး ပြောပြပေးပါဦး။ ဒီမှာ ကကြီး ခေါင်းလျှော်ချင်သေးလို့"

ကကြီး ခေါင်းလျှော်ရေချိုးပြီး ဒရိုင်ယာနှင့် ပလပ်ကြိုးကိုင်၍ ထွက်လာ၏။

"ဝင့်ရေ ရော့ပါဟဲ့၊ ငါ့ဆံပင်ခြောက်အောင် ကူပါဦး"

"ဖြစ်ရမယ် မယ်ကကြီး"

ကကြီး ဆံပင်ကို ခြောက်မွှာလာတဲ့အထိ ဝင့်က ဒရိုင်ယာနဲ့ မှုတ်ပေးနေသည်။

ဒေါ်ခင်သစ်က ပြုံးနေ၏။

"ကလေးတို့သူငယ်ချင်းက အဲဒီအတိုင်းပဲကွယ်၊ တစ်နေ့တစ်နေ့ ဘိုးအေဘွားအေကို ပြုစုမလားမှတ်တယ်၊ ခေါင်းလျှော်ပြီး ဆံပင်မှုတ်ပေးရတယ်၊ မိုးအေးရင် ရေနွေးစပ်ပေးရတယ်၊ အပြင်ထွက်ခါနီး လက်ကိုင်အိတ် အရောင် ရွေးရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွားကလည်း"

"မဟုတ်လို့လား သူ့ကိစ္စကို သူများလုပ်ပေးလည်း ကြိုက်တာ မဟုတ်ဘူး၊ ဘာလုပ်လုပ် ဒီဘွားအေးလုပ်ပေးမှ"

"အဲဒါ ကကြီး ဘွားဘွားကိုချစ်လို့ပါ၊ ဘွားဘွားလုပ်ပေးသမျှ ကကြီး ငြင်းလို့လား"

"ဟုတ်ပ ဟုတ်ပ၊ လိမ္မာလိုက်တာကိုလွန်ရော၊ ဒီနေ့ ဘွားဘွားကို တရားစာအုပ်ဖတ်ပြပါဆိုတာ ပျင်းလို့တဲ့ကွယ်၊ အခန်းထဲဝင်ပြီး အေရိုးဗစ်ကနေတာလေ"

"ဟား ဟား"

အားလုံး ဝိုင်းရယ်ကြသည်။

"ကဲ ပြောလေ ဝင့်၊ ဒီနေ့ ထူးထူးခြားခြားရောက်လာရတဲ့ အကြောင်း"

"ပြောပါမယ်၊ ငါ့ကို တစ်ခုခုမကျွေးတော့ဘူးလား၊ ဒီမှာ ဆာနေပြီ"

"ဘွားဘွား"

"ဟော ဟော တွေ့လား"

ကကြီးက ဟဲခနဲ ရယ်၏။

"ကကြီးတို့ကို စကားပွင့်သုတ်ကျွေးပါလားဟင်"

"ဟယ် နင်ကလည်း လူကြီးကိုမခိုင်းပါနဲ့"

"ပြောမနေနဲ့ သမီးရယ်၊ သူမခိုင်းလည်း ဘွားကိုယ်တိုင်က ခွံ့ကျွေးချင်နေတာ၊ ဘယ့်နှယ်လုပ်မလဲ"

ဒေါ်ခင်သစ်က ကကြီးခေါင်းလေးကို ခပ်ဖွဖွခေါက်၍ မီးဖိုထဲ ထဝင်သွားလေသည်။

"နင်ကလည်း ဘွားကို မခိုင်းရဘူး၊ ရဲကြီးတတ်တယ်"

"မခိုင်းပါဘူးဟယ်၊ ပြောသွားတာ မကြားဘူးလား၊ ဘွားဘွား ကိုယ်တိုင်က ငါ ထမင်းစားနေရင် အရိုးထွင်ပေးတာ၊ ရေချိုးခန်းဝကနေ



ရေစောင့်သုတ်ပေးတာ၊ အပြင်သွားတာတောင် တိုက်ဝကနေ မျက်စိတဆုံး ရပ်ကြည့်နေတတ်တာ၊ အားလုံး ဘွားဘွားပဲ အကျင့်လုပ်ထားတာဟ၊ အဲဒီတော့ ငါလည်းဘာလုပ်လုပ် ဘွားဘွားလုပ်ပေးမှ ကျေနပ်တာ အကျင့် ပါသွားတာပေါ့"

ရေချိုးထားစ မှန်ညက်နေသည့် မျက်နှာဝင်းဖန့်ဖန့်လေးကို ချစ်စနိုး ကြည့်နေရင်း ဝင့်က ကကြီးပါးလေးကို ဆွဲလိမ်သည်။

"နင်ကတော့ ယောက်ျားရလည်း ကံကောင်းမှာပဲ၊ နင့်ယောက်ျား က နင့်ကိုတုန်နေမှာ"

"အံမယ် ဘာတုန်တာလဲ"

"ချစ်လို့လေ၊ နင့်မျက်နှာလေးက ဘယ်လိုနေနေ လှနေတာပဲ၊ တစိမ့်စိမ့် ကြည့်နေဖို့ကောင်းအောင် ချစ်စရာကောင်းတယ်"

"လုပ်မနေနဲ့ စကားပွင့်သုတ်တစ်မျိုးပဲ၊ ကျွေးစရာရှိတယ်"

"တကယ်ပြောတာ နင်က လက်ရုံးနဲ့လက်ထပ်ရင် ခုတည်းက တောင် လက်ရုံးကို နင် တအားနိုင်ရတာ၊ လက်ထပ်ပြီးရင် မိဘလည်းချစ် ယောက်ျားလေးချစ်နဲ့ နင့်ဘဝက သာယာလိုက်မယ့်ဖြစ်ချင်း"

"နင့်ပြောပုံက နာကျင်နေသလိုပါလား၊ နင်တို့အဆင်မပြေကြဘူး လား"

ဝင့်က ခေါင်းလေးခါ၍ ကကြီး လက်ဝါးလေးကို ဆုပ်ကိုင်လိုက် သည်။

"ကိုဝေက နင်သိတဲ့အတိုင်းပဲလေ၊ တကယ့် အနုပညာသမား စစ်စစ်ဟ၊ သူက ဓာတ်ပုံရိုက်နေရရင် ထမင်းမေ့နေတဲ့လူ"

"သူ့ ပြိုင်ပွဲဝင်တိုင်းလည်း ဆုရတတ်တာပဲဟာ၊ သူ့အောင်မြင်မှု ကို သူ မက်မောမှာပေါ့"

"ဟုတ်တယ် အဲဒါ တို့ကနားလည်ပေမယ့် မေမေတို့က လက်မခံ

www.burmeseclassic.com



နိုင်ကြဘူး၊ ဖေဖေက အနုပညာသမားကို အထင်မကြီးဘူး၊ မေမေက ငါနဲ့ သဘောမတူဘူး။ သူ့ဘက်က အခေါ်ဆိုတဲ့မိန်းမကြီးက သူ့တူအိမ်ထောင်ကျလို့ တာဝန်ပိုမှာကို ကြောက်တယ်"

"နင်တို့ဟာကလည်း ဝင့်ရယ်"

"ဟုတ်တယ် ငါ့မှာ မိဘတွေကြားထဲ ပေါင်းဆုံနိုင်ဖို့ကို ရင်မောနေရတဲ့အချိန်မှာ သူက မြန်မာပြည်အထက်ပိုင်းကို ဓါတ်ပုံရိုက်မလို့တဲ့ ကဲ"

"လက်ထပ်ဖို့ကိစ္စကရော"

"မေမေတို့က သဘောမတူပေမယ့် ငါက ဇွတ်ရှေ့တိုးရင် ပေးစားကြမှာပါ၊ သူနဲ့ငါ လက်ထပ်ပြီးရင် သူ့အတွက် အလုပ်လုပ်ဖို့တောင် ဖေဖေနဲ့ စီစဉ်နေကြတယ်"

"အေးလေ ဒါဆို ပြီးတာပဲ"

"မပြီးဘူးဟဲ့ ကိုဝေ မာနကြီးတာ နင်သိသားနဲ့၊ သူက သူဝါသနာပါတဲ့ ဓါတ်ပုံအလုပ်ကိုစွန့်ပြီး ဖေဖေတို့ပေးတဲ့ စီးပွားရေးကိုလုပ်မှာမဟုတ်ဘူး"

"ဒါကတော့ အိမ်ထောင်ကျပြီးသွားရင် သားကျွေးမှု၊ မယားကျွေးမှုဆိုတာ လုပ်ရတော့မှာပဲလေ"

ဝင့်က ခပ်ရွှဲ့ရွှဲ့မျက်နှာနှင့် ကကြိုးကို မျက်စောင်းထိုးသည်။

"ငါ တစ်ခါ အဲဒီလိုပြောမိလို့ ကံကောင်းလို့ တစ်ယောက်နဲ့တစ်ယောက် ပြတ်ကြစဲကြတော့မလို့"

"ဘာဖြစ်လို့လဲ"

"သူ့ပညာနဲ့ ငါ့ကို ပြည့်စုံအောင်ထားနိုင်တယ်တဲ့၊ သူ့ကို မစော်ကားနဲ့တဲ့၊ သူ့ကိုချစ်ရင် အားကိုးရင် သူ့ဘဝထဲကို ယုံယုံကြည်ကြည် ဝင်ခဲ့ပါတဲ့၊ သူက ဆုတွေ ခဏခဏရနေတော့ ပညာမာနတက်နေတာပေါ့ **ကကြိုးရယ်၊ ငါ တကယ်စိတ်ညစ်နေတာ သိလား။ အဲဒါ ဘယ်သူ့ကို** ရင်ဖွင့်ရမှန်းမသိလို့ နင့်ဆီလာတာ၊ ငါ ဘာလုပ်ရမလဲ"



"နင် သူ့ကိုတအားချစ်တာ ငါတို့အားလုံး သိတာပဲ၊ သူကလည်း နင့်ကိုချစ်ပါတယ်"

"အဲဒါ ဘာဖြစ်လဲ ချစ်ကြဖို့ထက် လက်ထပ်ကြမှ ပေါင်းရမှာဟ"

"လက်ထပ်လိုက်ပေါ့၊ အခက်အခဲဆိုတာ သူ့ဘက်ကိုယ့်ဘက် အဲဒီလိုပဲ ရှိတတ်ကြတာပဲ၊ အိမ်ထောင်ဦးမှာ အဆင်ပြေခဲ့ကြပါတယ်ဟာ၊ စွတ်သာလုပ်ချလိုက်၊ မှားတော့ မှောက်အိပ်လိုက်"

"ဩော် ဩော် အကြံပေး တော်တော်ဖောင်းပါတယ်နော်"

"ဒါဆို နင်က ခွဲနိုင်လို့လား"

"မခွဲနိုင်ဘူး"

"မှောက်မအိပ်နိုင်ဘူးလား"

"အိပ်မယ်"

"အစုတ်ပလုတ်မ"

တစ်ယောက်ကထု တစ်ယောက်ရှောင်၍ လွှတ်လပ်ပေါ့ပါးစွာ ရယ်မိကြလေသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

ကကြိုး ဆီးသီးထုပ်ကို တစ်ဖက်က ကိုင်ထား၍ စားရင်း ဂျာနယ်ကိုဖတ်နေသည်။ ရုတ်တရက် ငြိမ်သက်နေသည့် ဒန်းလေးက သိမ့်ခနဲ ယိမ်းခါသွားသည်မို့ လန့်သွား၏။

"ဘာတွေ ဒီလောက်တောင် စိတ်ဝင်စားနေတာလဲ"

ကကြိုး မျက်စောင်းထိုး၍ ဂျာနယ်ကိုပြန်ဖတ်နေတော့ လက်ရုံးက သေချာငုံ့ကြည့်ကာ

"အမယ် မနောမယဂျာနယ်တွေဘာတွေ ဖတ်လို့ ဂမ္ဘီရလိုင်းတွေ ပူးနေပြီလား"

"လက်ရုံးကလည်းဟာ ဒီမှာ သူများရှာန်ဝင်နေတဲ့ဟာ"

"ရှာန်ဝင်နေလည်း စာအုပ်ဖတ်မနေပါနဲ့ဟာ၊ ဆရာကြီးရှိတဲ့မော်ဘီ ခြံထဲသွားမလား၊ ငါလိုက်ပို့ပေးမယ်"

"ဟင် ဆရာကြီးမင်းသိခ်က မော်ဘီရောက်သွားပြီလား၊ နင် သွားတတ်လား"

"သွားတတ်တာပေါ့၊ ငါတောင် သွားဖို့စိတ်ကူးနေတာ၊ ဆရာကြီး က အခက်အခဲ ဒုက္ခဗလပွနဲ့ သွားကြသမျှလူတွေ ဆရာကြီးရှေ့ရောက်တာနဲ့ အားလုံး ပြေလည်သွားကြတာပဲ"

"သူများ ပြောစကားနဲ့များ"

"ဒါပေါ့ ကိုယ်တိုင်တော့ မသွားဘူးပေါ့၊ ဒါပေမဲ့ ကျော်သန်းတို့



မိဘတွေက ချမ်းသာသလောက် ဗေဒင်ယတြာဆို မျက်ခြည်ပြတ်ခဲ့တာ မဟုတ်ဘူး။ ဆရာကြီးဆီ သိပ်အားကိုးတာ ယုံကြည်ကြတယ်၊ ငါ သူတို့ဆီက ကြားတာ၊ ပြေလည်သွားကြတဲ့ အခက်အခဲတွေလည်း အများကြီးပဲတဲ့၊ ငါလည်း အဲဒါကြောင့်"

"နင်က ဘာဒုက္ခတွေ တွေ့နေလို့လဲ"

"တွေ့တာပေါ့၊ ကိုယ်ချစ်တဲ့လူက ကိုယ့်ကိုပြန်မချစ်တာလေ၊ အဲဒီကောင်မလေး ကိုယ့်ကိုချစ်ပြီး ကိုယ့်ရှေ့မှာ ပြားပြားဝပ် အပိုးကျိုးနေ အောင် ဆရာကြီးကို အကူအညီတောင်းမယ်၊ ဒါမှ ဒီကောင်မလေး နောက် ကိုယ့်ကို မညှင်းဆဲနိုင်အောင် နောက် ညာဦးမလား၊ ဆိုးဦးမလားမေးမေးပြီး တုတ်ကလေးနဲ့ နာနာရိုက်ရမယ်"

"အံမာ ရိုက်ကြည့်ပါလား"

"ဟင် နင့်ကိုလား၊ ငါ နင့်ကိုမပြောပါဘူး၊ နင့်ကိုဆို ဘယ်ရိုက်မလဲ မြပုခက်ပေါ်တင်ပြီး ငြိမ့်ငြိမ့်လေး လွှဲသိပ်ချော့မယ်"

"ကြည့် ပြောင်လိမ်တယ် ကဲ ကဲဟာယ်၊ လိမ်ဦး၊ ငါ့ကိုရွဲ့ဦး"

လက်ရုံးက ကကြိုးလက်ကလေးတွေကို ဆွဲယူကာ ရင်ခွင်ထဲမှာ ပိုက်ထား၍

"ကကြိုး နင် ငါ့ကိုမချစ်သေးဘူးလား"

"မချစ်သေးဘူး"

"ချစ်မှာပါဟာ၊ ခု ချစ်လိုက်ပါ"

ကကြိုးက သူ့လက်တွေထဲက သူ့မလက်ကို ပြန်ဆွဲနုတ်ဖို့ ကြိုးစား သည်။

"ဘာထူးလို့လဲ သူငယ်ချင်းပဲဖြစ်ဖြစ် ချစ်သူပဲဖြစ်ဖြစ် ခုလည်း လွတ်လွတ်လပ်လပ် နေကြတာပဲမဟုတ်ဘူးလား"

လက်ရုံးက ကကြိုးလက်ကလေးတွေကို အတင်းချုပ်ကိုင်ထားကာ

"မတူလို့ပေါ့ ငါ့ချစ်သူလေးဖြစ်သွားရင် ဒီလိုမျက်နှာချင်းဆိုင် ထိုင်

www.burmeseclassic.com

www.burmeseclassic.com



နေမယ့်အစား ရင်ခွင်ထဲမှာဆွဲဖက်ထားပြီး''

''လက်ရုံးနော်''

ကကြိုး မျက်နှာကလေး နီရဲတက်လာကာ အတင်းရုန်းသည်။

''ငါက လက်မထပ်သေးခင် ချစ်သူတို့ဘဝနဲ့ ရင်ခုန်ချင်သေးတယ်၊ နင့်ကိုငါ သိပ်ချစ်တယ်သိလား''

''နင်နဲ့တွေ့ရင် ဒါပဲလက်ရုံးရာ၊ လက်ထပ်တော့မှာပဲဟာ၊ အဲဒီ အချစ်တွေပဲ''

''ဟာ ဒီလောက်အရေးကြီးတဲ့အချစ်ကို ဒီအချစ်ကိုပဲလို့ ပြောတယ်၊ ကကြိုးရာ နင် သိပ်ပေါ့ပျက်ပျက်နိုင်တာပဲ''

''ကဲ ဒါဆို နင် နောက်ထပ်မမေးနဲ့တော့၊ လက်ထပ်တဲ့နေ့ကျရင် ငါ အဖြေပေးမယ်''

''ဟင် လက်ထပ်တဲ့နေ့ကျမှ''

''မကျေနပ်ရင် နေလေ၊ ငါကလည်း''

''ဟာ မဟုတ်ဘူး၊ ကျေနပ်တယ်၊ ကျေနပ်တယ် အဲဒီနေ့ တကယ် ဖြေရမယ်နော်''

''အင်း''

''ချစ်တယ်လို့ ဖြေမှာလား''

''သွား လူလည်''

လက်ရုံး မချင့်မရဲ ဖျစ်ညှစ်လိုက်မိသည်က ကကြိုး လက်ကလေး တွေကိုဖြစ်သည်။ ချစ်လိုက်တာ ကကြိုးရယ်။

■ ■ ■

တွေးမိတိုင်း ကကြိုးရင်တွေ တလှပ်လှပ်ခုန်နေဆဲ၊ ဒါ အချစ်လား ဟု ကိုယ့်ကိုယ်ကိုယ် ကကြိုး မေးကြည့်မိသေးရဲ့။ မျက်နှာတွေရဲခနဲ နီမြန်း လာကာ လက်ရုံးပုံရိပ်က ပေါ်လာသည်။

အချစ်စိတ်က သည်မျှအထိ ဆန်းကြယ်စေသလား။ ကကြိုးမသိ



ပါ။ ကကြိုးနှင့်ဆုံတိုင်း လက်ရုံး အရင်လိုမဟုတ်တော့တာ သေချာသည်။ လက်ရုံးမျက်လုံးတွေက အရင်ကထက် စူးရှတောက်ပလွန်းသည်။ အရင်က ထက် သိမ်မွေ့ညင်သာသည်။

ကကြိုးနှင့်ဆုံလျှင် မခံချင်အောင် အမြဲနောက်ပြောင်နေတတ်သော လက်ရုံး။ နောက်ပိုင်းမှာ နောက်နောက်ပြောင်ပြောင် မရှိတော့ပါ။ ကကြိုး ထံက အချစ်ဆိုတာကိုပဲ မရအရ တောင်းဆိုနေတတ်၏။ မကြာခင် လက် ထပ်ကြရတော့မှာပေမယ့် လက်ရုံးက အချစ်ကို ပိုင်ဆိုင်ချင်သေးသတဲ့လေ။

ကကြိုးကလည်း သူ့ မခံချိမခံသာဖြစ်နေတာ ကြည့်ချင်တာမို့ တမင် အဖြေမပေးဘဲ နေခဲ့သည်။

ကကြိုးဘက်က သွေးအေးငြိမ်သက်နေလေလေ သူ့ စိတ်တို ဒေါသဖြစ်ကာ နေလေလေ။ နောက်တော့လည်း လေပြည်ကလေးနဲ့ ကကြိုး ကို အရှုံးပေးသွားပြန်ရတာပါပဲ၊ လက်ရုံးနဲ့ရာဇာမှာ မတူညီတာ ဒါပဲဖြစ်သည်။ သွေးရင်းညီအစ်ကိုဆိုပေမယ့် ရာဇာ သိပ်ပျော့လွန်းသည်။ အမြဲတမ်း ကကြိုးအတွက် အရှုံးပေးဖို့အသင့်ရှိတတ်၏။

လက်ရုံးကတော့ ဒီလိုမဟုတ်၊ ကကြိုးကို မခံချင်အောင် စတတ် သည်၊ ကကြိုး ဆန္ဒရှိတာမှန်သမျှ ကျေနပ်အောင် ခေါင်းညိတ်ပေးတတ်၏။ အနိုင်အရှုံးပြိုင်ပွဲတိုင်းဆိုလျှင်လည်း လက်ရုံး မငြင်းတတ်။ ကကြိုး အနိုင်ယူ ညစ်လျှင်လည်း အရှုံးပေးတတ်ပြန်ရဲ့။

နောက်ဆုံး ကကြိုးစိတ်ဆိုးစိတ်ကောက်ပြီဆိုလျှင် စိတ်ပြေအောင် လည်း ဉာဏ်နီဉာဏ်နက်တွေသုံးကာ ချော့တတ်သည်။ သည်တော့လည်း ကကြိုးစိတ်မှာ ရာဇာထက်စာလျှင် လက်ရုံးကို ပိုမိုမိတာအမှန်။

''ဘယ်လိုလဲ ကကြိုး၊ နင်က လက်ရုံးကို ဆက်ဆံနေတာ တစ် မျိုးပဲ''

''ဘာဖြစ်လို့လဲ ငါက ဘာထူးခြားနေလို့လဲ''

''ဟဲ့ နင်နဲ့လက်ရုံးက လူကြီးတွေ သဘောတူထားတာဆို''

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ အဲဒါ လူကြီးတွေကိစ္စ၊ ဘာဖြစ်လို့လဲ"

"လက်ရုံးဘက်က ကြည်ဖြူကျေနပ်နေပေမယ့် နင့်ဘက်က မထူးခြားသလိုပဲ၊ ဘာဖြစ်လို့လဲ နင် လက်ရုံးကို မချစ်ဘူးလား ကကြိုး"

"အဲဒီအဖြေကို ငါ လက်ရုံးမေးတာတောင် မဖြေသေးဘူး၊ နင်တို့က ဘာလို့သိချင်နေရတာလဲ"

"လက်ရုံးနဲ့ရာဇ နှစ်ယောက်ထဲက နင် တစ်ယောက်ရွေးပြီးရင် ကျန်တဲ့တစ်ယောက်ကို ငါတို့ မျှော်လင့်ချင်တာပေါ့ဟ"

"ဟုတ်တယ် နင်နဲ့လက်ရုံး သေချာပြီဆိုရင် ရာဇကိုတော့ ငါတို့ အတွက်စွန့်ကြပါ ကကြိုးရယ်"

"ကောင်မတွေနော် ငါနဲ့ဘာဆိုင်လို့လဲ၊ နင်တို့ဘာသာ ယူချင်တဲ့ လူယူ၊ ငါက ကြည်ဖြူပြီးသား"

"အေးပေါ့ နင်က ပြောအားရှိမှာပေါ့၊ ခုချိန်မှာ နင်က ကြိုက်ရာ ရွေးခွင့်ရှိသူကိုး။ ကြည့်ရတာ ရာဇကလည်း နင့်ကိုကြိုက်နေပုံပဲ"

"ဟုတ်ပ နင် ရွေးရခက်နေရင် မဲနှိုက်လိုက်ပေါ့ ကကြိုးရယ်"

"ကောင်မတွေနော် ကဲ ကဲ"

ကကြိုး ရှက်သည်းပိုစွာ လွယ်အိတ်ဆွဲရိုက်တော့ ဝင့်တို့တစ်အုပ်စု လုံး ကကြိုး နံဘေးက ရှောင်ပြေးကုန်ကြတော့သည်ချည်း။

သူငယ်ချင်းတွေဆိုသလို ရာဇနှင့်လက်ရုံး ရွေးချယ်စရာမလိုပါ။ လူကြီးတွေက လက်ရုံးနှင့်လက်ထပ်ပေးမည်ဆိုတာ ကကြိုးသိထားသည်။ သည်တော့ ဘာရွေးချယ်စရာလိုမှာလဲ။ လက်ရုံးကို ရာဇထက် ကကြိုး ခင်မင်သံယောဇဉ်ပိုပြီးသား မဟုတ်လား။

ကကြိုးဆီက အဖြေရဖို့အတွက် ပူဆာနေသော လက်ရုံးကိုတော့ သနားမိသည်။ ရုတ်တရက်ကြီးလည်း အဖြေပေးဖို့ ကကြိုးနှုတ်က မရဲ။ လက်ရုံးနှင့်ဆုံလျှင် အရင်ကလိုမဟုတ်ဘဲ ကကြိုး ရင်ခုန်နေတာကအမှန်။ ရှက်စိတ်နှင့် သိုဝှက်ထားပေမယ့် ကကြိုး ဘယ်အချိန်ထိ မျိုသိပ်ထားနိုင်မှာ



တဲ့လဲ။

လက်ရုံးရယ် ငါ့မျက်ဝန်းထဲမှာ နင်ကြားချင်တဲ့အဖြေတွေ ရှိပါတယ်။ နင်မြင်နိုင်မလားဟင်။ ငါ့နှုတ်ကအဖြေကို ကြားချင်လို့ မသိဟန်ဆောင်နေတာ လား။ နင်သိပ်လည်တယ် လက်ရုံး။ ငါတော့ ဒီပြိုင်ပွဲမှာ နင့်ကို အရှုံးပေးရ တော့မယ်ထင်ရဲ့။

"ဟိတ်"

"အိုး အမေ့ လန့်လိုက်တာ ရာဇရယ်"

"နင့်ရှေ့ကပဲ ငါဝင်လာတာတောင် မမြင်ရအောင် နင်ဘာတွေ တွေးနေတာလဲ ကကြိုးရဲ့၊ လက်ရုံးအကြောင်းလား ပြော"

"အိုး"

ရာဇစကားက ပစ်မှတ်ကို တည့်မတ်စွာထိတာမို့ ကကြိုးမျက်နှာ ပန်းနုရောင်လွှမ်းသွားသည်။

"ဟား ဟား ငါ့စကားမှန်သွားပြီထင်တယ်၊ နင့်မျက်နှာ အချဉ် ရည်တွေပက်ထားသလိုပဲဟ"

"ရာဇ နင်နော်"

"ဟား ဟား နောက်တာပါကကြိုးရယ်၊ ငါက နင့်ကို မရိုးတော်ချင် လှပြီဟ၊ နင်တို့အခြေအနေ ဘယ်လိုလဲ"

"မသိဘူး စိတ်မဝင်စားဘူး၊ ဘာမှလာမမေးနဲ့"

"မမေးတော့ပါဘူးဟာ၊ အိမ်မှာတော့ အစွားသစ်ရောက်နေ တယ်"

"ဟင် ဘွားက နင်တို့အိမ် ဘာလာလုပ်တာလဲ"

"နင်နဲ့လက်ရုံး မင်္ဂလာကိစ္စမှာဝတ်ဖို့ မင်္ဂလာဝတ်စုံကိစ္စဒိုလား ဆွေးနွေးတိုင်ပင်နေကြတယ်ဟ"

"လက်ရုံးရော ရှိနေသလား"

"အေး ဒီကောင်ကတော့ နင်နဲ့တိုင်ပင်ပြီး အကောင်းဆုံး မင်္ဂလာ

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံကို နင့်စိတ်တိုင်းကျ စီစဉ်ချုပ်ပေးမယ်''

ရာဇစကားကြောင့် ရင်ထဲမှာ ကျေနပ်ချင်သလိုလိုဖြစ်ရ၏။ လက်ရုံးက ဒီလိုဆိုတော့လည်း သူမကို ဂရုတံစိုက်ရှိသားပဲ။

ဒါပေမဲ့ လက်ရုံးနှင့်အတူ မင်္ဂလာဝတ်စုံကိစ္စပြောရမှာတော့ တကယ် ရှက်စရာကောင်းသည်။

အဖြေစကားပေးဖို့တောင် ကကြိုး ထူပူနေတာ။ မင်္ဂလာကိစ္စဆို ရှက်လွန်းလို့ ကကြိုးမျက်နှာ ရဲရဲနီနေမှာသေချာသည်။

''မင်္ဂလာပွဲအတွက် နင် ဘာရောင်ရွေးမှာလဲ ကကြိုး။ ငါကတော့ လက်ရုံးရဲ့လူပျိုရံလုပ်ရမှာလား''

''ဘာတွေလာပြောနေတာလဲဟာ၊ ငါ ဘာမှမသိဘူး။ လက်ရုံး စိတ်ကြိုက် စီစဉ်နိုင်းလိုက်''

''အေးလေ ငါ့မရီးလေးက ဘာဝတ်ဝတ်လှပြီးသားပဲ''

''ရာဇ နင်နော် ငါစိတ်တိုအောင်မစနဲ့''

''အေးပါ အေးပါ ငါက လက်ရုံးလို မချော့တတ်ဘူးဟ၊ လစ်ပြီ ဟဲ ဟဲ''

ရာဇ စပ်ဖြီးဖြီးနှင့် ချာခနဲ လှည့်ပြေးသွားသည်။ ကကြိုး ထူထူပူပူကြီး ကျန်ရစ်ခဲ့ရသည်။ လက်ရုံးနှင့်အတူ ရှင်သန်ရမည့်အနာဂတ်က တွေးကြည့်ရုံနှင့် ရင်ဖိုစရာ။

ငါတော့ ရှက်လွန်းတာနဲ့ သေလိမ့်မယ်ထင်ရဲ့ လက်ရုံးရယ်၊ နင် ပျော်နေသလား။ ငါတော့ ရင်တွေအရမ်းခုန်နေတယ်။ နင် သိပ် ကြားချင်လှပါတယ်ဆိုတဲ့စကားကို ငါ တိုးတိုးလေး ဖြေကြည့်ချင်တယ်။ နင့်ကိုငါ ချစ်ပါတယ် လက်ရုံးရယ်။

■ ■ ■

အခန်း (၂၈)

''ဟယ် လှလိုက်တာ''

''ဟာ ဘယ်လိုဖြစ်တာလဲ''

နှစ်ယောက်သားပါးစပ်က အသံနှစ်မျိုးထွက်လေတော့ လူကြီးတွေတောင် ကြောင်တောင်တောင်ဖြစ်ကုန်ကြ၏။

''ရွှေအိုရောင်လေးဟယ် လှလိုက်တာ''

''ကျွန်တော်ဝယ်တာ သခွားရောင်လေး မာမီ''

''ဟင့်အင်း ကကြိုး ဒါလေးကြိုက်တယ်''

''မဟုတ်ဘူးလေ''

''ဟုတ်ပါတယ် ငါက ဒီအရောင်မျိုးလေးတွေ ကြိုက်တာ ကြည့်စမ်း၊ ကြည့်စမ်း ငါတို့ကြည့်တုန်းက ဒီအရောင် မရှိဘူးနော်''

''သူများအကျီနဲ့ မှားလာတာနေမှာပေါ့၊ လာ သွားလဲမယ်''

လက်ရုံး မကျေနပ်။

ဒီအထည်ဆိုင်က ဖာကိုဝယ်၍ ဒီဆိုင်မှာပဲ ကိုယ်တိုင်ပေးပြီး ချုပ်နိုင်းထားတာ၊ မင်္ဂလာဆောင်ဖို့ကိစ္စဆို ကကြိုးက ဘာမှဦးမဆောင်ချင်၍ သူကိုယ်တိုင် သူ့စိတ်ကြိုက် သခွားရောင်ဝင်းဝင်းနုနုလေးရွေးပြီးအပ်ခဲ့တာ ခုသွားရွေးလာတော့ ကကြိုး မလိုက်ဘူးဆိုလို့ ကိုယ်အပ်ခဲ့တဲ့နာမည်နဲ့

www.burmeseclassic.com

www.burmeseclassic.com



နေ့စွဲနဲ့ အထုပ်ကိုပေးတဲ့အတိုင်း ယူချလာတာ။

ဖွင့်ကြည့်လိုက်တော့ ရွှေအိုရောင်စစ်စစ်မဟုတ်သည့် ဝင်းဝါလက်တောက်နေသော ပေါ်လွင်လှပလွန်းသည့်အရောင်။

အင်္ကျီပုံကလည်း သူအပ်ခဲ့သည့်အတိုင်း မဟုတ်ဘဲ ခါးရှည်ဘေးဖက်နှင့် လက်ရှည်ကိုယ်ကျပ်ဖြစ်နေသည်။ အရောင်လှသလို ချုပ်ထားပုံက သူမြင်တောင်မမြင်ဘူး။ ကကြိုးကတော့ ကြိုက်လွန်း၍ ဇွေ့ဇွေ့ခုန်နေသည်။

"ငါ သွားဝတ်ကြည့်မယ်"

"ဘာလို့ဝတ်ရမှာလဲ၊ သူများအင်္ကျီကြီး၊ ပေး ပေး သွားပြန်လဲမယ်"

"အဲဒီဆိုင်က တအားသေချာတာ၊ သူများအင်္ကျီတော့ မဖြစ်နိုင်ဘူး၊ မချုပ်ခင် ပိတ်စမှားပြီး ချုပ်ပစ်လိုက်တာနေမှာ၊ ငါဝတ်ပြမယ် ကြည့်"

"နေဦး မှားချုပ်ရင်လည်း ငါအပ်တဲ့ပုံစံအတိုင်း ဘာဖြစ်လို့မချုပ်တာလဲ"

"အဲဒါ နင့်ထက်ဟိုက တော်လို့ပေါ့၊ နင်က ပုံတုံးကြီးအပ်ခဲ့တာကိုး"

"ကကြိုး နင်ဖွတ်မပြောနေနဲ့၊ မင်္ဂလာဦးကိစ္စ ငါ ဘာတစ်ခုမှ အတိမ်းအစောင်းမခံနိုင်ဘူး၊ ဒါ မှားယွင်းမှုဆိုလည်း ငါလက်မခံနိုင်ဘူး၊ သူတို့မှာ လုံးဝတာဝန်ရှိတယ်"

"မှားတာကို ငါကတော့ ကြိုက်တယ်"

"ကကြိုး"

လက်ရုံးက အသံမာမာနှင့်အော်သည်။

"ဘာလဲ"

ကကြိုးကလည်း ပြန်အော်၏။

ကြားထဲကလူကြီးတွေ ဘယ်သူ့ကို ဘယ်လိုနားချရမှန်းမသိ။



"ဖုန်းဆက်ကြည့်ပါလား သားရယ်"

"ဟုတ်ပါရဲ့"

လွယ်တာကို သတိမရ။

လက်ရုံး တယ်လီဖုန်းနားရောက်သွားကာ လှမ်းဆက်လိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျ စောစောလေးကပဲ ရွေးသွားတဲ့အင်္ကျီပါ"

"..."

"ခင်ဗျာ"

လက်ရုံးမျက်နှာကြီး ပျက်ကျနေသည်။

"မဟုတ်ဘူး အဲဒါ မှားတာဖြစ်မယ်၊ ကျွန်တော်အပ်ခဲ့တာ သဒ္ဓါးကွက်ပါ"

"..."

"ဟာ အဲဒါ ခင်ဗျားတို့ရဲ့လွဲချော်မှုပဲ၊ ဒီမှာ"

"လက်ရုံး"

ကကြိုးက လက်ရုံးလက်ထဲကဖုန်းကို အတင်းဆွဲလု၍ ဝှပ်ခနဲချထားလိုက်သည်။

"ဒီလောက်ဆိုတော်ပြီ လက်ရုံး၊ ဒီအင်္ကျီကို ငါကြိုက်တယ်လို့ နင့်ကိုပြောပြီးပြီနော်၊ ဟိုက မမှားဘူးဆိုရင် ငြိမ်နေလိုက်တော့"

"ကကြိုး"

"ဘာလဲ"

"အစကတော့ နင်ကြိုက်သလိုလုပ်၊ ငါ့ကိုဘာမှမမေးနဲ့ဆို"

"ဟုတ်တယ်လေ နင်ကြိုက်တာလုပ်လာတာပဲ၊ ဒီရောက်မှ ငါ ထုတ်ကြည့်တာ အထည်ဆိုင်မှာ နင်အထည်ဖြတ်တာ အပ်တာ ငါ ဘာဝင်ပါလို့လဲ"

"ကိုယ့်ခြေကိုယ့်လက် လုပ်ခွင့်မရဘဲ သူဖြစ်ချင်သလို ဖြစ်လာတာ

www.burmeseclassic.com

www.burmeseclassic.com



ကို ငါ့မင်္ဂလာဦးမှာ ငါအဖြစ်မခံနိုင်ဘူး"

"အယူသည်းမနေနဲ့ ဒီအင်္ကျီ နင်ဝတ်မှာမဟုတ်ဘူး၊ ငါဝတ်မှာ နင့်ရဲ့မှားယွင်းမှုကို ငါလက်ခံပေးတယ်ဆိုတာ နင်မကျေနပ်ဘူးလား"

လက်ရုံး ခေါင်းတခါခါ လက်တခါခါ ဖြစ်နေသည်၊ ကကြိုးက အခန်းထဲဝင်ကာ အင်္ကျီကို အကျအနဝတ်နေ၏။

ထူးဆန်းလိုက်တာ ဒီအင်္ကျီပုံလေးက မလေးရှားခပ်ဆန်ဆန် လက်ရှည်၊ ခါးရှည်၊ ဘေးဇစ်နှင့် ကိုယ်ကျပ်လေးမို့ မိန်းကလေးဖြစ်တဲ့ ကကြိုးကိုယ်တိုင် အံ့သြယူရတဲ့ဒီဇိုင်းမျိုးလေ။

ဒီအင်္ကျီမျိုးလေး ဘယ်လိုမိန်းကလေးက ထွင်အပ်တာလဲ၊ ဘယ်သူနဲ့မှားတာလဲ။ အင်္ကျီဆိုင်က တကယ်ပဲ ပုံမှားချုပ်တာဆိုလည်း ကိုယ် ကံကောင်းတာပေါ့။

လည်ပင်းအဝိုက်ပုံထောင့်ချိုး၊ ခေတ်ဆန်ဆန်ပုလေးမှာ ပုလဲသီးသေးသေးလေးတွေကုံး၍ လည်ပင်းဘေးဆစ်နား ခါးစပ်နှင့်လက်ဝတွေမှာရော ထဘီနားတွေမှာပါ လိုက်ကုံးထားပုံက နန်းဆန်နေပြန်သည်။

"ဘွား ဘွား ဒီမှာ ကြည့်ပါဦး၊ ကကြိုးနဲ့ အကိုက်ပဲ"

ကကြိုးကို အားလုံး ဝိုင်းကြည့်ကာ ငေးမောကုန်ကြသည်။

တကယ်ကို ကောက်ကြောင်းလေးတွေထင်းနေသည့် ကိုယ်လုံးလေးမှာ ဝတ်စုံက ကွက်တိကပ်ချပ်နေသည်။

"ဟဲ့ ဒီနားတိုးစမ်း မြေး"

ဒေါ်ခင်သစ်က အံဆွဲထဲက မျက်မှန်အိတ်ကိုထုတ်ကာ ပါဝါမှန်ဘီလူးပါကိုင်လာ၍ ကကြိုးကို ပြတင်းနားဆွဲခေါ်လာသည်။

ပြီးတော့ ကကြိုးကို ရင်ဘတ်ကပုလဲလေးတွေနှင့် ပူးတွဲရှိနေသော လက်လက်တောက်နေသည့် ဘော်ကြယ်လိုအပွင့်သေးသေးလေးတွေကို မှန်ဘီလူးနှင့် သေသေချာချာကပ်ကြည့်နေသည်။



"ဘာထူးခြားနေလို့လဲ မမသစ်"

"ဟောဒီမှာ စိန်တွေ"

"ဘယ်လို"

"သေချာတယ် အင်္ကျီတစ်ထည်လုံးမှာ စိန်တွေနဲ့ ကွပ်ထားတာ"

"ဒါလေးတွေလား ဘွားဘွား၊ ဒါလေးတွေ ထဘီမှာလည်းပါတယ် ဘွားရဲ့"

"ဟင်"

"ဟုတ်ရဲ့လား မမသစ်ရယ်"

"ဟုတ်တယ် ဒေဝီ မမသစ် စိန်ကုန်သည်လုပ်စားလာတဲ့သက်တမ်းက နည်းတာမှတ်လို့၊ ဒါ စိန်တွေမှန်ရင် ဟောဒါ ပုလဲအစစ်တွေပဲ ဒေဝီ"

"မြတ်စွာဘုရား"

တစ်ခန်းလုံး တိတ်ကျသွားသည်။

လက်ရုံးမျက်နှာ သုန်မှုန်နေ၏။

ကကြိုး စောစောကလို မသွက်လက်တော့၊

အင်္ကျီတန်ဖိုးကို သူမ မှန်းဆမဝံ့တော့ပြီမို့ မက်မောဟန်ပြရမှာ မလုံမလဲ။

"ဒီကိစ္စ ဘယ်လိုလုပ်ကြမလဲ မမသစ်"

"ခုနက ဆိုင်က ဘာပြောလဲ"

လက်ရုံးက ခြောက်သွေ့နေသည့် လည်ချောင်းကိုရှင်း၍

"ဒီရက်ထဲမှာ သတို့သမီးဝတ်စုံရွေးတာ ကျွန်တော်နောက်ဆုံးပဲတဲ့၊ မှားစရာမရှိပါဘူးတဲ့၊ စိတ်မကျေနပ်ရင် နောက်ထပ်ပြန်ချုပ်ပေးမယ်၊ နောက်ထပ် ဒီတ်လာယူပါတဲ့"

"ဘယ်လိုဖြစ်မှာလဲ၊ မင်္ဂလာရက်က ကပ်နေပြီဘဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အရေးမကြီးဘူး၊ မာမီတော့ မင်္ဂလာဆောင်မယ့်ရက်ကျမှ အကျီပြဿနာပေါ်လာရင် ကိုးလို့ကန့်လန့်ဖြစ်ကုန်မယ်၊ အသစ်ချုပ်ဖို့ကျ တော့"

"အနောက်တိုင်းဝတ်စုံပဲ အဆင်သင့် ဝယ်လိုက်တော့မယ် မာမီ"

"အို ဒီလိုဘယ်ဖြစ်မလဲ ကိုယ့်မင်္ဂလာပွဲ အနောက်တိုင်းလို စီစဉ် ထားတာမှမဟုတ်တာ"

သူတို့ ခေါင်းခဲကုန်ကြသည်။

"အကျီတန်ဖိုးကပဲ သိန်းပေါင်းများစွာတန်နေတာ၊ တစ်ခုခုမှားတာ တော့ သေချာတယ်"

"ကျွန်တော် အဲဒီဆိုင်ကို ခုပဲသွားမယ်"

"လူလေးက အသစ်ထပ်အပ်မှာလား"

"မဟုတ်ဘူး သူတို့မှာတာဝန်ရှိတယ်"

"သူတို့ တာဝန်ရှိတဲ့အတိုင်း အသစ်ထပ်လိုချင် လာခဲ့ပါလို့ပြော ပြီးပြီလေ"

လက်ရုံးက ကကြိုးမျက်နှာလေး ညှိုးနေတာကို လှမ်းကြည့်သည်။

"သူလည်း ဒီလောက်ကြိုက်နေမှတော့ နောက်ပြဿနာ ရှုပ်မလာ အောင် သူတို့ကို သွားအကြောင်းကြားပြီး သေချာအောင်လုပ်နိုင်းရမှာပဲ"

ထိုစဉ် ဒေါ်ခင်သစ်တို့ အိမ်ဖော်ကောင်မလေး ခပ်သုတ်သုတ်ဝင် လာသည်။

"ဟေ့ ဘယ်သူလဲ"

သူတို့မှာ ရှုပ်ထွေးနေတုန်းမို့ စိတ်က သိပ်မရှည်ချင်။

"အထည်ဆိုင်က အပျိုကြီးတဲ့"

"ဟင်"

ကကြိုး အခန်းထဲပြေးဝင်သွားကာ သူတို့အားလုံး အိမ်ရှေ့ထွက်



လာမိကြသည်။

အပျိုကြီးမလွင်က ပေါ့ပါးစွာပဲ ပြုံးနေသည်။

"မောင်လေးတို့ သိပ်ကသိကအောင့်ဖြစ်နေမလားလို့ လာခဲ့တာပါ။ အကျီနဲ့ပတ်သက်ပြီး ကျေနပ်မှုမရှိရင် မမပြန်ပြင်ပေးပါ့မယ်၊ ဒါမှမဟုတ်လို့ ကျေနပ်မယ်ဆိုရင်လည်း စိတ်ချလက်ချ လက်ခံစေချင်ပါတယ်၊ အကျီနဲ့ ပတ်သက်လို့ ဘာမှ အနှောင့်အယှက်မဖြစ်ရဘူးဆိုတာ လုံးဝ အာမခံပါ တယ်"

စိန်တွေထည့်သီထားသည့်ကိစ္စကို သူတို့မေးလိုက်ချင်တာ ပါးစပ်ကို ယားနေကြသည်။ စိန်တွေပုလဲတွေ သီထားသည့်ဒီဝတ်စုံဟာ ဘယ်လိုမှား ယွင်းမှုမျိုး ဖြစ်နိုင်မလဲ။

အပျိုကြီးမလွင်က ဘာမှမထူးခြားသလို တောင်းပန်ပြောဆို၍ နှုတ်ဆက်ပြန်သွားသည်။ သူတို့မှာသာ ကြက်အစာနင်သလို မချိမရိရှိခဲ့ကြ ကာ ငိုရခက်ရယ်ရခက်။ လက်ရုံး စိတ်ထဲမှာ လေးကျသွားကာ လုံးဝ မကြည်လင်တော့ပါ။

ဒီအကျီကို တစ်လတိတိ ကြိုအပ်ထားရသည်။ နာမည်အကြီးဆုံး တဏာယ့်ကို ဒိတ်လုပ်ယူရသည့်ဆိုင်မှာ သေသေချာချာအပ်ခဲ့တာ။ ထွက်လာ တဲ့ဝတ်စုံက ပုလဲနဲ့စိန်ကိုရွှေချည်နဲ့ယက်ထားတဲ့အဖိုးတန်ကြီး။ ဒီဖြစ်ရပ်ဟာ မင်္ဂလာရှိတဲ့ အတိတ်နိမိတ်လို့ ယူရမှာလား။

မင်္ဂလာဦးမှာ လွဲချော်ခြင်းဟာ နိမိတ်ဆိုးတစ်ခုလို့ ယူဆရမှာလား။ လက်ရုံး ရင်ထဲမှာ နောက်ကျိလေးလံနေသည်ကတော့ အမှန်ပင်။ မကျင်းပ ရသေးသည့် မင်္ဂလာပွဲက စိတ်ဝင်စားဖွယ်များနှင့် ပြည့်နှက်နေခဲ့ပြီ။

■ ■ ■

"မင်းက ဘာမဟုတ်တဲ့ကိစ္စကို ဘာလို့ပြဿနာရှာနေရတာလဲ"

"သား ပြဿနာရှာတာမဟုတ်ဘူး ဒယ်ဒီ၊ အခုရောက်လာတဲ့

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဝတ်စုံကြီးက သားမှာထားတာမဟုတ်ဘူး၊ မှားယွင်းလာတာ"

"အေး မှားတယ်ပဲထားတော့ ဆိုင်ရှင်မိန်းမက ဘာပြဿနာမှ မရှိစေရဘူးလို့ ကိုယ်တိုင်လာပြောသွားတယ်၊ ပြီးတော့ သမီးလေးကလည်း ကြိုက်ပြီး လက်ခံနေတယ်၊ အားလုံးပြေလည်နေတာကို ဘာလို့ မင်းက စိတ်ညစ်အောင်လုပ်ချင်နေတာလဲ"

တော်တန်ရုံကိစ္စမျိုးဆိုရင်တော့ ဘာမှ ဝင်မပြောတတ်သော ဒယ်ဒီ၊ သူနှင့်မာမီ တစ်ယောက်တစ်ခွန်း ငြင်းခုန်နေတာကို နားမခံနိုင်တော့၍ ထင်၏။ ဖတ်လက်စ သတင်းစာကိုချကာ ဝင်ပြော၏။

"သား စိတ်ညစ်အောင်လုပ်တာမဟုတ်ဘူး၊ အသေအချာ စီစဉ်ထားရက်နဲ့ လွဲချော်ကုန်လို့ပါ"

"ကိုင်း ဒီလိုဖြစ်တာ မင်းမကြိုက်ဘူးဆိုရင်လည်း မှားလာတဲ့အင်္ကျီကို ပြန်ပေးလိုက်၊ မင်းနဲ့သမီးလေး တိုင်ပင်ပြီး စိတ်ကြိုက်တစ်စုံ ပြန်အပ်ပေါ့ကွာ"

"အဲဒါတော့ ဘယ်ဖြစ်မလဲ ကိုရဲ့၊ မင်္ဂလာဝတ်စုံတစ်ထည်ဆိုတာ တစ်လလောက်ကြိုအပ်ရတာ၊ ဒီလောက်ရက်ကပ်နေမှ ဘယ်မှာအပ်လို့ရမှာလဲ"

"ဒါဆိုလည်း အခုအဆင်ပြေနေတဲ့အတိုင်း ထားလိုက်ပေါ့၊ မင်းသားက ဘာဖြစ်နေတာလဲ"

"သားက သူအသေအချာစီမံတာ လွဲချော်လို့ စိတ်ထဲမှာ ကသိကအောက်ဖြစ်နေတာတဲ့"

"အယူအစွဲတွေမထားနဲ့၊ ခုကိစ္စမှာ အားလုံးအဆင်ပြေနေတာပဲ၊ မင်္ဂလာဝတ်စုံဝတ်မှာ သမီးလေး ကကြိုက်၊ သူကြိုက်ရင်ပြီးရောပေါ့"

"မင်္ဂလာဝတ်စုံမှာ စီခြယ်ထားတဲ့ စိန်တွေ ပုလဲတွေက တကယ့်အစစ်တွေလို့ ဘွားသစ်ပြောတယ် ဒယ်ဒီ"



"အဲဒါ ဘာဖြစ်လဲ ငါတော့ သိပ်မထင်ပါဘူး၊ စိန်အစစ်အတုဆိုတာ မျက်စိနဲ့ကြည့်ပြီး ခွဲလို့မသေချာပါဘူး၊ စစ်တယ်ပဲထားဦး၊ မူလပိုင်ရှင်က ချက်ချင်းသိမှာပေါ့၊ အရေးမကြီးတာတွေ တွေးမနေနဲ့ သား၊ အခုကက သားနဲ့ကကြိုးတို့မင်္ဂလာပွဲ ခမ်းခမ်းနားနား ပြီးမြောက်အောင်မြင်ဖို့ပဲ"

ဒယ်ဒီ စကားကို ယတိပြတ်ပြောကာ အခန်းထဲလှည့်ဝင်သွား၏။

မာမီကလည်း သူ့ပခုံးကို အသာဆုပ်ကိုင်ရင်း

"ဘယ်လိုကြောင့် မှားမှား သမီးလေးကိုယ်တိုင်က အဲဒီမင်္ဂလာဝတ်စုံကို ကြိုက်နေပြီသား၊ ဒီအချိန်မှာ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ သားတို့နှစ်ယောက် အဖုအထစ် မဖြစ်စေချင်ဘူးကွယ်"

မာမီ့စကားကို သူ တိတ်ဆိတ်နာခံလိုက်ရပေမယ့် ရင်ထဲကတော့ သိပ်အလိုမကျချင်ပါ။ မာမီ သူ့အနားက ရှောင်ထွက်သွားချိန်အထိ ဆိုဖာပေါ်မှာ ငုငုကြီးထိုင်နေမိဆဲ။

"မင်းမျက်နှာကြီးကလည်း မင်္ဂလာမရှိလိုက်တာကွာ"

ရာဇ သူ့ရှေ့ဆိုဖာမှာ ဝင်ထိုင်ရင်းဆိုသည်။ ဒီကိစ္စမှာ ရာဇလိုကောင်က ဘာမှတတ်နိုင်မှာမဟုတ်။ အားလုံးဘက်က ရပ်တည်မှာသိထားတာမို့ သူ ဘာမှမပြောချင်ပါ။

"ဒယ်ဒီပြောတာမှန်တာပဲ လက်ရှိ၊ မင်္ဂလာဝတ်စုံက တန်ဖိုးကြီးမားတာမှန်ရင် တကယ့်ပိုင်ရှင်တွေ ငြိမ်နေမှာမဟုတ်ဘူး၊ ခုလောက်ဆို မျက်ကလူးဆန်ပြာနဲ့ စုံစမ်းရောက်လာကြမှာပေါ့"

"အေး အဲဒီလိုရောက်လာပြီး ငါအပ်ထားတဲ့သတို့သမီးဝတ်စုံနဲ့ ပြန်လာလဲရင် ငါကျေနပ်တယ်"

"သူတို့လာလဲရင် ကကြိုးလည်း ငြင်းလို့မရဘူး၊ လက်ခံရမှာပဲ၊ နောက်ဆုံး မင်္ဂလာပွဲပြီးမှ လာလဲရင်လည်း လဲပေါ့၊ သတို့သမီးဝတ်စုံမှားတာ သတို့သမီးမှားတာမှ မဟုတ်ဘဲကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် နိမိတ်မရှိ နမာမရှိ လျှောက်မပြောနဲ့"

"အေး မင်းမျက်နှာကြီးလည်း မင်္ဂလာရှိရှိနေလေကွာ၊ ဒါမှ မင်းတို့ မင်္ဂလာပွဲက ကျက်သရေမင်္ဂလာပြည့်ဝမှာပေါ့ကွ"

ရာဇီ စကားနိုင်ပိုင်းကာ ထွက်သွား၏။ နောက်ဆုံး သူတစ်ယောက်တည်း ကျန်ခဲ့သည်။ မမျှော်လင့်သော လွဲချော်မှုကို အလိုမကျဖြစ်နေတာ သူတစ်ယောက်တည်း။ ကကြိုးကလည်း မှားလာသောဝတ်စုံကိုမှ သိပ်ကြိုက်နေ၏။

မင်္ဂလာဝတ်စုံက လှပခန့်ညားတာတော့ သူမငြင်းပါ။ ဒါပေမဲ့ စိတ်ထဲက မနှစ်မြို့တာအမှန်။ ကကြိုးနှင့်သူ့ကိစ္စမှာ ဘာတစ်ခုမှ လွဲချော်မှု မရှိစေချင်ပါ။

အပ္ပူသည်းသည်းဟုပဲ ဆိုချင်ဆို သူရွေးချယ်ပေးထားသော သခွားရောင်မင်္ဂလာဝတ်စုံလေးနဲ့ပဲ ကကြိုးကိုမြင်ချင်သည်။ စိတ်ကူးထဲမှာ မြင်ယောင်ပုံဖော်ပြီး ကြည့်ထားသမျှ လွဲချော်ကုန်ပြီ။

ကကြိုးရယ် နင်နဲ့ပတ်သက်ပြီး ငါ့အချစ်က ခိုင်မာစွာတည်ရှိနေသလို ငါ စီစဉ်ထားသမျှလည်း ခိုင်ခိုင်မာမာရှိနေစေချင်တယ်။ ထားပါတော့ ငါ အရှုံးပေးရဦးမှာပါ။ ဒါပေမဲ့ နင့်ကို မြတ်နိုးစွာချစ်ခဲ့တဲ့ အချစ်အတွက်တော့ ငါအရှုံးမပေးပါရစေနဲ့။ ငါ နင့်ကို သိပ်ချစ် သိပ်မြတ်နိုးလို့ပါ ကကြိုး။

■ ■ ■

## အခန်း (၂၉)

"ဒါ တူမကြီးအတွက် လက်ဆောင်သက်သက်ပါ၊ ယူပါကွယ်"

ရတနာဘူးလေးမှန်းသိ၍ အပျိုကြီးမလွယ် ထိတ်ထိတ်ပြာပြာ ငြင်းသည်။

"ဒီလောက်မလိုပါဘူး ဘဘရယ်၊ ကျွန်မတို့ဘက်ကလည်း မထိခိုက်ဘူး။ တစ်ဖက်သားအပေါ်လည်း မထိခိုက်နိုင်တဲ့ ကူညီမှုမျိုးပါ၊ တစ်ယောက်နဲ့တစ်ယောက် နည်းနည်းတော့ စိတ်ကသိကအောက် ဖြစ်သွားကြတာပေါ့၊ ဒါပေမဲ့ သူတို့ ကျေနပ်ကြပါတယ်၊ အဘ ချုပ်နိုင်းတဲ့ပုံစံလေးကလည်း အတော်ကိုလှနေလို့ ကျွန်မ တာဝန်ယူလုပ်ပေးတာပါ"

"ဘာပဲဖြစ်ဖြစ် ဘဘ ကျေးဇူးတင်လွန်းလို့ပါ၊ ဒါလေးကိုယူပါ။ ဘဘတို့သူဌေးကြီးက သူ့သမီးလေးကို ပေါ်ပေါ်ထင်ထင် မထောက်ပံ့ရဲရှာဘူးလေ၊ ဒါလည်း သူတို့အကြောင်းတွေ ရှိခဲ့တာကိုး၊ ခုလို သမီးမင်္ဂလာဆောင်မယ်ဆိုတော့ မဖြစ်မနေ ခုလို စီစဉ်ရတာ၊ ဒီကိစ္စ တူမကြီးတို့ညီအစ်မ ကလွဲပြီး ဘယ်သူမှ မသိပါစေနဲ့နော်"

"ဒီအတွက် စိတ်ချပါ သူတို့ဘက်ကလည်း တစ်စုံတစ်ရာ အနှောင့်အယှက်မရှိဘူးဆိုရင် ကျေနပ်ပါတယ်လို့ ပြောပါတယ်"

ဦးမင်းထွတ်တင် ပြုံးလိုက်သည်။ အကျီမှာ စိန်အစစ်တွေမှန်း

www.burmeseclassic.com

www.burmeseclassic.com



ချုပ်တဲ့သူကိုယ်တိုင် မသိခဲ့ပါ။ အထည်နဲ့အင်္ကျီကိုအပ်၍ ပန်းထိမ်မှာ သေသေချာချာသွား၍ သိနိုင်းခဲ့ရတာ။

ပြီးမှ အပျိုကြီးလက်ထဲပြန်အပ်ကာ စိန်လေးတွေနဲ့ပုလဲကို ရွှေကြိုးဖောက်သီထားတဲ့အကြောင်း ဖွင့်ပြော၍ ဝတ်စုံချင်းလဲနိုင်းလိုက်ရသည်။ အပျိုကြီးက အင်္ကျီပုံကို စိတ်ဝင်တစား ချုပ်ပေးသည်။ ပန်းထိမ်ကိုယူသွား၍ စိန်ရတဲ့အထိစောင့်ယူကာ ဝတ်စုံချင်းလဲပေးခဲ့သည်။

သူတို့ရဲ့ ဆိုင်နာမည်တစ်လုံး၏ ဂုဏ်သိက္ခာပိုင်းဆိုင်တာမို့ ဆောင်းမင်းဆက်က ထပ်တူသော ကျေးဇူးဆပ်ခြင်းနှင့် ရတနာလက်ဆောင်ပေးနိုင်းသည်။

တကယ်ဆို ဆောင်းမင်းဆက် ဘာတွေလုပ်နေမှန်း ဦးမင်းထွတ်တင်ကိုယ်တိုင် နားမလည်။ ဒီဝတ်စုံဒီဇိုင်းရဖို့ နိုင်ငံခြားကတ်တလောက်မျိုးစုံထဲက ပန်းချီထဲကအင်္ကျီပုံတွေကို အစောကြီးကတည်းက ရှာထားသည်။

သူတို့ထက် တစ်လကြိုအပ်ထားသည်။ စက်ဆိုင်မှာတစ်လ ပန်းထိမ်မှာတစ်လ။

"ကိုယ်လိုချင်တဲ့မိန်းကလေး သူများနဲ့လက်ထပ်မှာ ဝတ်စုံကို စိန်စီ ပြီးလက်ဖွဲ့မလို့လား၊ ဘာဘ နားလည်အောင်လည်း ရှင်းစမ်းပါဦး လူလေးရယ်"

သူ အဲဒီလို မေးဖူးသည်။

"ကျွန်တော်လုပ်သမျှ အားလုံး အဓိပ္ပာယ်ရှိပါတယ်၊ ဘာဘ မကြာခင် လက်တွေ့သိလာမှာပါ၊ ကိစ္စတွေပြီးစီးသွားရင် ဒါလေး အထည်ဆိုင်က အမျိုးသမီးကို လက်ဆောင်ပေးပေးပါ၊ ရအောင်ပေးပေးပါ"တဲ့။

ဦးမင်းထွတ်တင် သူဖြစ်စေချင်သလို လုပ်ပေးလိုက်ရတာပဲလေ။

■ ■ ■

## အခန်း (၃၀)

"ကီးကီး ကီးကီး လာဦး"

ဆောင်းမင်းဆက် ကားပေါ်ကဆင်းဆင်းချင်း အသံပေးလိုက်သည်နှင့် ဆိုင်ထဲက ဖြူဖြူသဏ္ဌာန်ကလေး ရိပ်ခနဲ ပြေးထွက်လာသည်။

"ကီးကီး ဒီမှာ မင်းဖို့မုန့်တွေဝယ်လာတယ်ကွ"

ကီးကီးဆိုသည်မှာ တစ်ကိုယ်လုံးဖြူစွတ်စွတ်လေးနှင့် ပြောင်လက်လက် အမွှေးစုတ်ဖွားလေးတွေကြားမှာ နီရဲတောက်ပသည့် မျက်လုံး။ ပုံကျသော နှုတ်ခမ်းချွန်ချွန်လေးနှင့် လွန်စွာချစ်စဖွယ်ကောင်းလှသည့် ခွေးလေး တစ်ကောင်ရယ်ပါ။

တစ်လောကလုံးမှာ ဆောင်းမင်းဆက် သံယောဇဉ်ပိုတာဆိုလို့ ကိုယ့်မိသားစုမှလွဲရင် ကီးကီးပဲဖြစ်သည်။

သူ မုန့်ဘူးတွေပွေ့ပိုက်၍ ကီးကီးနဲ့အတူ ညည်ခန်းဆိုဖာပေါ်မှာ ထိုင်ချလိုက်သည်။ ကီးကီးက သူ့ပေါင်ပေါ် ဖွေ့ခနဲ ခုန်တက်လိုက်၏။

"ဟော့ကောင် မင်း အရမ်းမတက်နဲ့ကွ ငါ့အင်္ကျီပေကုန်မယ်"

ကီးကီးက သူ့စကားနားလည်သလို ဆိုဖာပေါ်ဖွေ့ခနဲ ပြန်ဆင်းသွား၏။

"ရော့ မုန့်စား"

ကိတ်မုန့်ကိုဖွင့်၍ ကီးကီးကို သူချကျွေးသည်။ ကီးကီးကမစားဘဲ

www.burmeseclassic.com

www.burmeseclassic.com



လှစ်ခနဲ ခုန်ဆင်းသွားကာ ပျောက်ကွယ်သွားပြီး ချက်ချင်းပြန်ထွက်လာ၏။ ပါးစပ်မှ ပန်းကန်ပြားလေးတစ်ချပ် ကိုက်လာ၏။

"ဟာ အေး ငါမေ့သွားတယ် ယူခဲ့ ပန်းကန်"

ပန်းကန်ထဲထည့်ပေးမှ ကီးကီးက စားနေသည်။ ကိတ်မုန့် သုံးချပ်လောက်ကုန်မှ ကီးကီးကို သူ့ပေါင်ပေါ်ဆွဲတင်လိုက်၏။

"မင်း ပျင်းနေလား ကီးကီး"

ကီးကီးက ခွေးလေးဆိုပေမယ့် သူပြောသမျှ အကုန်နားလည်သည်။ နိုင်းတာလုပ်တတ်၏။

ဆောင်းမင်းဆက် ပို၍ချစ်တာက ကီးကီးသည် ခွေးပီပီ အရောဝင်လိုက်သည်နှင့် ပါးလျက်နားလျက်မလုပ်တတ်။ သခင့်မျက်နှာကိုကြည့်၍ အခြေအနေ အချိန်အခါလိုက်၍နေတတ်သည့် စည်းကမ်းရှိသည်။

ကီးကီးကို ကနေဒါကအပြန် မိတ်ဆွေတစ်ယောက်က လက်ဆောင်ပေးလိုက်ခြင်းဖြစ်သည်။ ကြောင်လေးတစ်ကောင်လောက်ပဲ ရှိပါဦးမည်။ စွတ်စွတ်ဖြူသော အမွေးလေးတွေ ရှဉ့်မွေးလေးတွေလို ထောင်နေတာရယ်။

နီရွှေးသော မျက်ဝန်းလေးတွေရယ်ကို သူ လွန်စွာသဘောကျခဲ့သည်။ ငယ်ငယ်ကဆို ကီးကီးကို သူ ဘယ်သွားသွားခေါ်သည်။ ဟိုနားဒီနားသွားတာကအစ ကားထဲမှာထည့်ခေါ်သည်။

အရွယ်လေးလည်း ကြီးလာပြီ။ သူနဲ့ပတ်သက်မိသော မိန်းကလေးအတော်များများက ကီးကီးကိုတောင်းကြ၊ ချစ်ကြ၊ ဟိုခေါ်မယ် ဒီသွားမယ်ဖြစ်လာသည်။

ဒါကြောင့် ကီးကီးအိမ်မှာ ချောင်ထိုးခံရတော့သည်။ ဘယ်လိုပဲနေနေ ကီးကီးက သူသင်သမျှ အားလုံးတတ်သည်။ အကင်းပါးသည်။

"မင်းမှာ အပြစ်ရှိတယ် ကီးကီး၊ ဒီနေ့ မင်းကို တစ်နေ့လုံး



ထမင်းမကျွေးဘူး"လို့ ဆောင်းမင်းဆက် ပြောထားခဲ့လျှင် ထမင်းဘယ်သူကျွေးကျွေး ကီးကီး မစားတော့။

အဲဒီလို အပြစ်ပေးထားမိလျှင် ဒီအပြစ်မျိုး ကီးကီး နောက်ထပ်ဘယ်တော့မှ ထပ်မကျူးလွန်တော့။ သခင်ကိုလည်း လွန်မင်းစွာချစ်တတ်သည့် ခွေးလေးပါ။ သူ ကီးကီးနဲ့အတူ ခြံထဲမှာ လမ်းလျှောက်ထွက်ခဲ့သည်။

"ကီးကီး လာစမ်း။ ဒီနားက နှင်းဆီနက်အိုး ဘယ်ရောက်သွားလဲ"

ကီးကီး တစ်ချက်မော့ကြည့်သည်။ ဆောင်းမင်းဆက် ပန်းအိုးနေရာကို ကိုင်ပြသည်။

"ဒီနားက နှင်းဆီအနက်အိုး ဘယ်သူဘယ်ရွှေ့ထားလဲ"

ကီးကီး ဖျတ်ခနဲ တစ်ချက်ကြည့်ကာ တိုက်ရဲ့ညာဘက်ဘေးဆီ ပြေးထွက်သွား၏။ ပြီးတော့ ချက်ချင်းပြန်ထွက်လာသည်။

သူ့ပုဆိုးစကို လာဆွဲ၏။

"ဩော် အေး တွေ့ပြီ"

တစ်ပွင့်တည်းသော နှင်းဆီနက်ပွင့်ကို သူ တယုတယ တို့ထိကာ ငေးစိုက်ကြည့်နေမိသည်။

"ကီးကီး မင်းခြံထဲမှာ စောင့်ရှောက်နော်၊ ဒီပန်းမျိုးက ရှားတယ်၊ ဘာကြောင့်မှ မပျက်စီးစေနဲ့"

ကီးကီးက ဝုခနဲအသံပေးကာ ပန်းအိုးကို သူ့ခေါင်းလေးနဲ့ တို့ကပ်ပြသည်။

"အိုကေ"

သူ့ခြံထဲက ပလပ်စတစ်ခုံလေးမှာ ထိုင်လိုက်သည်။

"ကီးကီး စိုင်းကြီးကို သွားခေါ်"

ကီးကီး လှစ်ခနဲ ပြေးထွက်သွားသည်။

မကြာမီ ဦးစိုင်းလူ ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"တူတော်မောင်"

"လာ ထိုင် စိုင်းကြီး"

အဘအရွယ်ပေမယ့် ငယ်ငယ်ကတည်းက ထိန်းကျောင်းလာခဲ့သော ဘကြီးစိုင်းလူကို ချစ်စနိုးနှင့် စိုင်းကြီးခေါ်နေခဲ့တာ ခုထိပျောက်မရတော့။ ဦးစိုင်းလူကလည်း သဘောတကျရှိ၏။

"စိုင်းကြီးကို ကျွန်တော် အကူအညီတောင်းချင်တယ်"

"ပြောလေကွယ်"

"ကလောခြံကို လုမ်းပြောပေးပါ၊ ဖြစ်နိုင်ရင် စိုင်းကြီးကိုယ်တိုင် သွားစေချင်တယ်"

သူစကားဖြတ်၍ ကီးကီးခေါင်းကို လှမ်းပုတ်ကာ

"ကီးကီး စားပွဲပေါ်မှာ စီးကရက်ဘူး ကျန်ခဲ့တယ်၊ သွားယူချေ"

ကီးကီးပြေးထွက်သွားမှ သူ စိုင်းကြီးကို လှည့်ကြည့်သည်။

"ကျွန်တော် အသက်လေးဆယ်ပတ်ဝန်းကျင် အမျိုးသမီးတစ်ယောက် အလုပ်သမားလိုချင်တယ်"

"ဒါက မခက်ပါဘူး"

"ခက်တယ် စိုင်းကြီး၊ ဒါပေမဲ့ စိုင်းကြီးကို သွားစေချင်တာ ချက်တတ်ပြုတ်တတ်၊ အိမ်တွင်းမှု နိုင်နင်းနေရုံနဲ့ မပြီးဘူး၊ ညကျတော့ ကျွန်တော် အသေးစိတ်ပြောမယ်၊ စိုင်းကြီးကိုယ်တိုင် သွားမှဖြစ်မှာ၊ ဒီမှာထားခဲ့လို့ရအောင် ကျွန်တော် စီစဉ်လိုက်မယ်"

"တူတော်မောင် ဒီမှာ အေးအေးဆေးဆေးပဲလား"

"အဲဒါလည်း ပြောလို့မဖြစ်ဘူး၊ ဟိုမှာ ဘဘလည်း မအားဘူး၊ ည ကျွန်တော်မရှိတုန်း ဘဘဆီဖုန်းလာရင် ကလောသွားဖို့ကိစ္စ စီစဉ်ထားပြီးပြီလို့ ပြောလိုက်နော်၊ ဘဘ လုပ်လက်စအလုပ်ကိုပဲ သေသေချာချာပြီးဖို့ ပြောပါ"



"အေး အေး စိုင်းကြီး ခရီးသွားဖို့ ပြင်ထားလိုက်မယ်"

"ဟုတ်ကဲ့"

ဦးစိုင်းလူ ထွက်သွားတော့ သူ့ဘေးမှာ ဆောင့်ကြောင့်လေးထိုင်နေသည့် ကီးကီးကို သူငုံ့ကြည့်မိသည်။

"ကီးကီး ဘယ်မှာလဲ စီးကရက်ဘူး"

ကီးကီးက လက်နှစ်ဖက်နှင့် စားပွဲပေါ်ထောက်ရပ်ကာ တင်ထားသည့် စီးကရက်ဘူးကို နှုတ်သီးလေးနှင့် ထိပြ၏။

"ဩော် ဆောရီး၊ ငါ သတိမထားမိလိုက်ဘူးကွ"

သူ စီးကရက်တစ်လိပ် ထုတ်သောက်ကာ ကီးကီးနဲ့လမ်းထွက်လျှောက်သည်။ စကားတွေ တတွတ်တွတ်ပြောလာခဲ့၏။ ကီးကီးက သူနဲ့ ဝေးကွာနေတာများလာခဲ့သည်မို့ သင်ထားတတ်ထားတာလေးတွေကို မေ့လျော့သွားမှာ စိုးလို့လေ။ ဒါပေမဲ့ ကီးကီးက အားလုံးကို ပါးနပ်စွာရှိနေဆဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"လက်ရုံး ငါ့ကို ကားရပ်ပေး ဒီမှာ ဆင်းနေခဲ့မယ်"

"ဘာလုပ်ဖို့လဲ တူတူသွားမှာပေါ့"

"ဟာ ငါ့ဟာငါ သွားချင်လို့ပါ။ ဝင့်နဲ့ကေသီကိုခေါ်ပြီး ငါ့အပေါင်းအသင်းနဲ့ ဖိတ်ချင်တဲ့လူတွေကို ဖိတ်မယ်"

"ပြီးရော"

လက်ရုံးက ကားရှိန်ကိုလျှော့ချလိုက်သည်။

"ဘယ်မှာ လာကြိုရမှာလဲ"

"မကြိုနဲ့တော့၊ ငါ့ဟာငါ ပြန်လာမယ်"

ကကြိုး လမ်းကူးသွားတဲ့အထိ လက်ရုံး လိုက်ကြည့်နေပြီးမှ ကားမောင်းထွက်ခဲ့သည်။

မင်္ဂလာဆောင်မယ့်ရက် နီးလာလေ ကကြိုးကို သူ မျက်စိအောက်က အပျောက်မခံချင်လေဖြစ်၏။

သူ့ရဲ့ဆန္ဒမအာရုံက တစ်ပုံတစ်ခုအတွက် ကြောင့်ကြနေသည်။ ရင်ထဲမှာ ခဲဆွဲထားသလို တကယ့်ကို အသက်ရှူမဝနိုင်အောင် လေးလေးဖင့်ဖင့်။ ကကြိုးကတော့ ဘာကိုမှ ဂရုမစိုက်။ ဝင့်တို့လမ်းဘက်ကို ကွေ့ဝင်လိုက်သည်နှင့် ကားတစ်စီးက ဘွားခနဲ ပေါ်လာသည်။



"အား"

အလန့်တကြား နောက်ဆုတ်ရှောင်လိုက်တော့ ကားနဲ့လွတ်သွားပေမယ့် လမ်းခွက်ထဲခြေတစ်ဖက်ကျကာ ခွေကျသွား၏။

လက်ထဲကထပ်ကိုင်လာသည့် ဖိတ်စာတွေ တစ်ခုစီလွင့်ဝဲပြန့်ကျဲသွားလေသည်။ ကားသည် တို့ခနဲရပ်သွားကာ လူတစ်ယောက် ကမန်းကတန်း ဆင်းလာသည်။

"ကကြိုးသျှင်"

ကကြိုး ရှက်ရှက်နှင့်ထဖို့ပြင်နေဆဲ အသံကြောင့် မော့ကြည့်လိုက်မိသည်။

"ဟင်"

"ဆောင်းမင်းဆက်"

သူမ ရုတ်တရက် မျက်နှာကို ဘယ်လွှဲပစ်ရမှန်းမသိ။

ဒီလူ့ကားနဲ့မှ ဘာဖြစ်လို့ လာတိုက်မိရတာလဲ။

အနီးအနားမှလူတွေလည်း ဝိုင်းအုံလာကြသည်။

"ဘာဖြစ်သွားလဲ၊ ဘယ်ထိသွားလဲ"

ဝိုင်းမေးကြသည်။ ခေါင်းပဲခါပြလိုက်မိသည် ထင်ပါသည်။ ကကြိုးကပျာကယာထရပ်ကာ ပြန့်ကျဲနေသည့်ဖိတ်စာတွေကိုလိုက်ကောက်သည်။

ဆောင်းမင်းဆက်နှင့်လူတချို့ပါ ဝိုင်းကောက်ပေးကြသည်။ ဆောင်းမင်းဆက်ရှေ့မှာ ကကြိုး ဒူးတွေတုန်နေသည်။ ပြေးပေါက်မှားနေသည့် သားသမင်ကဲ့သို့ သူမ စကားပြောရမှာ ကြောက်နေသည်။

"ကကြိုးသျှင်"

"ဟင်"

ထူးခြင်းမဟုတ်ဘဲ အလန့်လန့်အဖျပ်ဖျပ် မော့ကြည့်လိုက်မိတာမျိုး။ ကိုင်ထားဆဲဖိတ်စာကို ထုတ်ဖတ်လိုက်သည်။ ပြီးမှ ကကြိုးကို ခပ်ပြုံးပြုံး

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာနှင့် ပြန်ကြည့်ကာ

"မင်းကိုယ့်ကို မဖိတ်တော့ဘူးလား"

"ရှင်"

ကကြိုးသျှင် မျက်ဝန်းလေးတွေ ပြူးကျယ်နေတာ မျက်တောင်တိုစိပ်စိပ်ကလေးတွေပင် မျက်ခွံကျယ်မှာ ယပ်တောင်လေးဖြန့်ထားသလို ပင့်ကပ်နေသည်။ ဆောင်းမင်းဆက် မျက်နှာတစ်ချက်တင်းသွားကာ ချောက်ချားနေသည့် ကကြိုးမျက်နှာလေးကို စူးစိုက်ကြည့်ပြန်သည်။

"မင်းရဲ့မင်္ဂလာပွဲမှာ ကိုယ်လည်း မိတ်ဆွေတစ်ယောက်အနေနဲ့ တစ်ခုခုလက်ဖွဲ့ချင်တာပေါ့၊ ဘယ်လိုလဲ ဖိတ်မှာလား"

"ဟုတ် ဖိတ် ဖိတ်ပါတယ်၊ ဒါပေမဲ့ ဖိတ်စာအပိုတော့ ပါမလာဘူး"

"ရပါတယ် မင်းဖိတ်ဖို့ပဲလိုတာပါ၊ ကိုယ်သွားမယ်"

ကိုင်ထားသည့်ဖိတ်စာကို ကကြိုးလက်ထဲ ပြန်ထည့်ပေး၍ သူကားပေါ် ပြန်တက်သွားသည်။ ကကြိုး ဝင့်တို့ခြံရှေ့ ဘယ်လိုဘယ်လို ရောက်လာမှန်းပင် မသိ။

ငါ ဘယ်လိုဖြစ်နေတာလဲ။ သူက ဘာများထူးခြားနေလို့လဲ။ သာမန် အသိမိတ်ဆွေတစ်ယောက်လို သူနှုတ်ဆက်တာကို ငါ သက်သက် အတွေးချော်ပြီး ကြောက်နေတာဖြစ်မှာပါ။ ကိုယ့်ကိုယ်ကိုယ် ပြန်ဖြေရင်း ဆောင်းမင်းဆက်အပေါ် အားနာသလို ဖြစ်မိရပြန်သည်။ သြော် ဒုက္ခပါပဲ။

■ ■ ■

## အခန်း (၃၂)

"ကကြိုး ရော့ နင့်အတွက် ပန်း"

ရာဇ လက်ထဲက ပုစွန်ဆီရောင်ရွှန်းနေသည့် နှင်းဆီပန်းတွေက ငွားငွားစွင့်စွင့်။

"ဟယ် လှလိုက်တာ ယူ သိပ်ကိုအိုင်ဒီယာကောင်းပါလား၊ ဒီမှာ ဆံထုံးမှာပန်းပန်ဖို့အတွက် ဦးနှောက်ခြောက်နေတာ၊ ဝတ်စုံလေးနဲ့အတော်ပဲ ပေး ပေး"

ကကြိုးကို မိတ်ကပ်ပြင်ပေးနေသည့် မိန်းမလျာက ကန့်လန့်ပြော၍ ရာဇလက်ထဲကပန်းကို ဝမ်းသာအားရ လှမ်းယူသည်။ ရာဇက နှာခေါင်းတစ်ချက်ရှုံ့၍ ကကြိုးကို ငုံ့ကြည့်လိုက်၏။

"ကကြိုး"

"ဟင်"

"နင် သိပ်မပြင်နဲ့နော်၊ ဒီမှာ အစ်မ၊ အဲ အစ်ကို ဟာ"

"မမမှီတဲ့ မမလို့ခေါ်လည်း ရပါတယ်ဟယ်"

ရာဇ နှာခေါင်းရှုံ့ နှုတ်ခမ်းမွှေးဆွဲ၍ ကကြိုးကို မသက်မသာကြည့်၏။ ကကြိုး ပြုံးစိစိဖြစ်သွားသည်။

"ဒီမှာ အဲ ဟိုအမှီ သူ့ကို တအားမပြင်လိုက်နဲ့နော်၊ သူ့မျက်နှာက ပြင်စရာသိပ်ရှိတာမဟုတ်ဘူး၊ ကာလာတွေသိပ်များရင် မကောင်းဘူး"

www.burmeseclassic.com

www.burmeseclassic.com



မမိုလို့ခေါ်ကတည်းက မျက်နှာမကြည်သာသည့် မိန်းမလျာက ဒီတစ်ခါသည်းမခံ။

"ဘယ်မျက်နှာမျိုး ဘယ်လိုပြင်ရမယ်ဆိုတာ သူများတို့သိတယ်၊ ကိုယ့်ဟာကိုယ်ပြင်တတ်ရင်လည်း ပြင်ပေးကြပါလား၊ ဘာလို့ ခေါ်ပြင်နိုင်းလဲ"

အခြောက်မျက်နှာမကြည်တော့ ရာဇ ဟီးခနဲ ရယ်သည်။ တော်ကြာ စေတနာမရှိစွာ ကကြိုးကို ဖြစ်သလိုပြင်ပွေးလိုက်ရင် အခက်။

"ဟဲ ဟဲ သူက ကိုယ့်မရီး သူငယ်ချင်းလေးမို့ စိုးရိမ်လို့ပါ မမရယ် စိတ်မဆိုးပါနဲ့ ဟဲ"

ပြောပြီး ကုတ်ချောင်းချောင်းနဲ့ ပြန်ထွက်သွား၏။

"သိပ်ဆိုးတဲ့ကလေး ဟင်း ဟင်း"

ချက်ချင်းကြီးပြောင်းလဲသွားသည့် အခြောက်ပုံစံကြောင့် ကကြိုး ခစ်ခနဲရယ်သည်။ တအောင့်ကြာလျှင် ဝင့်တို့အုပ်စုတွေ ဝင်လာကြပြန်သည်။

"ဟယ် ခုထိ အင်္ကျီမဝတ်ရသေးဘူးလား"

"ဆံထုံးလေးနဲ့ မျက်နှာလေးက လှလိုက်တာဟယ်၊ ကြည့်လို့ကို မဝဘူး"

ကကြိုးပါးလေးကို ဖွဖွလာနမ်းတဲ့သူက နမ်းလို့၊ ထိုင်နေတဲ့ရှေ့က ဒူးထောက်လာကြည့်တဲ့သူက ကြည့်။

"လှလိုက်တာဟယ်၊ မမဝတ်စုံလေး မြန်မြန်ဝတ်ပေးလိုက်စမ်းပါ"

"သိပ်မြန်တာပေါ့ ကြည့်နေ"

တကယ့်ကို အခြောက်က မြန်ဆန်ပါသည်။ ဝတ်စုံဝတ်ထွက်လာသည့်ကကြိုးကို လည်ဆွဲတွေ ဆင့်ကုံးဆွဲပေးကာ ပဝါချိတ်ကာ ပန်းစည်းလေးလက်ထဲ ထည့်ပေးတဲ့အထိ ခဏလေး။

"ဟေး တကယ့်ကို အသက်ရှူမှားလောက်အောင်လှတာ"



"လှရင်လည်း ဖယ်ပေးကြစမ်းပါ၊ ဒီမှာ အရေးကြီးတယ်"

ပြောရင်းဆိုရင်း လက်ရုံး ဝင်ချလာသည်။

"ဟယ် သတို့သားကလည်း ဖွတ်ကြီးပါလား"

"အေးလေ ဒီမှာ ထွက်တော့မယ့်ဟာပဲ၊ သည်းကိုသည်းတယ်"

ဝိုင်းမျက်စောင်းထိုးကြသည်။ လက်ရုံးက ခေါင်းပေါင်းစကြီးတလူလူနှင့် ကကြိုးနားထိ အဟုတ်ဝင်ချသွားသည်။

"သည်းရမယ် သူ အပြင်မထွက်ခင် အပြတ်ရှင်းရမှာ၊ မနက်က လူတွေရှုပ် အလုပ်တွေများနေလို့ မရှင်းလိုက်ရဘူး"

"အလို ဘာများပါလိမ့်"

"ကကြိုးကို ကျွန်တော် ရည်းစားစကားပြောမလို့"

"ဘုရားရေ"

"အမလေး ကြားသားမိုးကြိုးတော်၊ ကိုယ်လက်ထပ်ယူမယ့်မိန်းမကို လက်ထပ်နေကာမှ ရည်းစားစကားပြောမယ်တဲ့"

ရင်ဘတ်တွေလည်းဖိ၊ နှာခေါင်းလေးတွေလည်းရှုံ့၊ လက်သီးဆုပ်ရွယ်တဲ့သူကရွယ်နှင့် အားလုံး အခန်းထဲက ထွက်သွားကြတော့ ရယ်သံလေးတွေကျန်ခဲ့သည်။ ပြုံးစစလေး သူ့ကိုကြည့်နေသည့် ကကြိုး၏ လက်ရုံး တမေ့တမောကြီး စိုက်ကြည့်လိုက်မိသည်။

"ကကြိုး"

ကကြိုးက မထူးဘဲ ရှက်ပြုံးနှင့်ခေါင်းလေးငုံ့သွားသည်။

"လှလိုက်တာ ကကြိုးရယ်"

ပြင်ဆင်ထားတာတွေ ပျက်ကုန်မှာစိုးလို့ သူ့မှာ မထိရဲထိရဲ မနိုင်မရဲနှင့် ကကြိုးလက်မောင်း ပြည့်ပြည့်လေးနှစ်ဖက်ကို ခပ်ဖိဖိဆုပ်ကိုင်ထားမိသည်။

"ချစ်လားဟင်"

www.burmeseclassic.com

www.burmeseclassic.com



ကကြိုးက သူ့ကိုမော့ကြည့်ကာ လက်တွေကို ဖယ်ချလိုက်ပြီး

"မင်္ဂလာဆောင်နေကာမှ ရုက်လည်းမရုက်ဘူး"

"ဟာ အဲလို မညစ်နဲ့ကွာ၊ အခါတော်မပေးခင် အဲဒီစကား ကြားကိုကြားရမှဖြစ်မှာ၊ လက်ထပ်ပြီးမှ ချစ်ရတာ ဘာလုပ်ဖို့လဲ"

"ပြောဖို့ လိုသေးလို့လား"

"သိပ်ကိုလိုတယ်၊ ခင်ဗျားပါးစပ်က ပြောတာလေးကို ကြားချင်လွန်းလို့ အတင်းကြီးပြေးချလာတာ၊ အပေါ်ထပ်အတက်မှာ ခလုတ်တိုက်မိပြီး ဒီမှာ သွေးတောင်ထွက်သွားတယ် ကြည့်"

"ဟယ်"

တကယ့်ကို လက်ရုံးခြေမရဲ့ခြေသည်းကြားတွေမှာ သွေးစို့နီရဲနေပါသည်။ ကကြိုး စိတ်မကောင်းဖြစ်သွားမိသည်။

"ဖြစ်ရလေ လက်ရုံးရယ်၊ နင်ဟာ သိပ်ကို တယူသန်တာပဲနော်၊ ငါလို မိန်းကလေးတစ်ယောက်က ကိုယ်မချစ်တဲ့ယောကျ်ားတစ်ယောက်ကို လူကြီးသဘောကျအောင် အင်း လက်ထပ်လိမ့်မယ်လို့ နင်ထင်လား"

"သိတယ် သိလို့ ပြောပါ ပြောပါလို့ အစောကြီးကတည်းက အမြင်ကပ်အောင် မေးနေတာပေါ့၊ ဒါပေမဲ့ သိနေတာနဲ့ပြီးလို့ရမလား။ ကိုယ်တိုင်ပြောတာကို ကြားချင်တာပေါ့"

"ကဲ ဒါဖြင့်လည်း နားထောင် ကကြိုးသျှင်ဆိုတဲ့ကျွန်မက လက်ရုံးဆိုတဲ့ရှင့်ကို သိပ်ချစ်ပါတယ်တဲ့၊ ကဲ ကျေနပ်ပါသလား"

"ဟာ နားထဲမှာ အေးသွားတာပဲ၊ နှလုံးသားထဲမှာ ချိုသွားတယ်၊ ပျားရည်မြစ်ကြီး ရေကြောင်းမှားပြီး ငါ့ရင်ဘတ်ကြီးထဲ စီးဝင်သွားပြီထင်တယ်"

"ကဲ မပြီးကြသေးဘူးလားရှင်၊ မေးတဲ့လူက မေးရင် ချစ်မယ့်သူကလည်း မြန်မြန်ပြန်ချစ်လိုက်ပါ၊ မင်္ဂလာအချိန်နီးနေလို့ အားလုံးမျှော်လင့်နေကြပြီဖြစ်တာကြောင့် သတို့သားနဲ့သတို့သမီး အခါတော်ပေးဖို့ ကြွတော်မူပါ"



ဖွဖွကလေးဖြစ်ဖြစ် နမ်းဖို့စိတ်ကူးနဲ့ လက်ရုံးမျက်နှာကြီး ငုံ့ကျလာတာကို ကကြိုး အလန့်တကြား တွန်းပစ်ကာ အပြင်ဘက်ကို မေးငေါ့ပြသည်။

"ဟိုမှာ အော်ကုန်ကြပြီ သွားမယ်"

လက်ရုံးမျက်နှာ မအီမလည်ကြီးနှင့် ကကြိုးကို လက်သီးဆုပ်ပြသည်။ ကကြိုး ခစ်ခနဲရယ်၍ နှစ်ယောက်သား လက်ချင်းချိတ်ကာ ထွက်လာခဲ့ကြသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

နှစ်ဦးနှစ်ဖက်မိဘများဘက်မှ မိတ်ဆွေအပေါင်းအသင်းများနှင့် ကကြိုးတို့နှစ်ယောက်ရဲ့ သူငယ်ချင်းတွေ စုံညီကာ မင်္ဂလာပွဲက ပြောစမှတ်တွင်ရလောက်အောင် စည်ကားနေသည်။

ထိရက်စရာမရှိအောင် လှလွန်းနေသည့်ချစ်သူလေးကို လက်ရုံးငုံ့တကြည့်ကြည့်နှင့် ကျေနပ်လို့မဆုံး။ သူ့မှာ ခုမှ သက်ပြင်းချနိုင်ခဲ့တာလေ။

ဘာရယ်မှန်းမသိ ရင်ထဲမှာ စိုးရိမ်နေခဲ့တာ သူ့မှာရောဂါကြီးတစ်ခုလို မင်္ဂလာပွဲက တဖြည်းဖြည်းပြီးဆုံးခဲ့သည်။ သူငယ်ချင်းတွေလည်း ရသလောက် ညှစ်ထုတ်နိုင်စက်၍ တဝါးဝါးတဟားဟားနှင့် ပြန်သွားကြပြီ။

လူရှင်းပြီမို့ လူကြီးတွေလည်း နီးရာထိုင်ခုံမှာထိုင်၍ တစ်ယောက်စနှစ်ယောက်စကိုသာ ညွှန်ခံနေကြ၏။

"မင်းက ဘာခုမှ သည်းနေတာလဲ၊ ဘချလာနိုက်ဆိုတာ အပြတ်ကဲရတယ်၊ လာတက်ကွာ တက်ဆိုတက်"

လက်ရုံးက ကကြိုးကို လှည့်ကြည့်သည်။

"အံမာ မိန်းမကိုတကြည့်ကြည့်နဲ့၊ လာပါ ဒီမှာလူကြီးတွေနဲ့ အပြင်မှာ ဝမ်းတေဘယ်ဆို ကျေနပ်ပြီ"

"ဟာ ဟိတ်ကောင်တွေ ဒီညတော့ငါ့ကို အရက်မတိုက်ကြနဲ့ကွာ"

"အေးပါ မင်းမသောက်ရပါဘူး၊ ငါတို့ပဲ သောက်မှာ၊ တက်



တက်"

သူငယ်ချင်းတွေက အပြင်ကိုပဲ အတင်းခေါ်ထုတ်နေကြသည်။ သူ ကကြိုးကို လှည့်ကြည့်လှည့်ကြည့်နှင့် ကားပေါ်တက်သွား၏။

"ကကြိုး ခဏလေးနော်"

ကကြိုး ခေါင်းညိတ်၍ ဘွားဘွားတို့နား လျှောက်သွားလိုက်သည်။

"မြေးလေးက ဒီဝတ်စုံလေးနဲ့ လှလိုက်တာကွယ်"

"ဟုတ်တယ် ဒီဝတ်စုံက သမီးအတွက် သိကြားမင်း ဖန်ဆင်းပေးတဲ့အတိုင်းပဲ"

ကကြိုး ပြုံးနေသည်။

သူမကိုယ်တိုင်ပဲ နှစ်သက်နေမိသည်မဟုတ်ပါလား။

"ဘွား ဘွား"

"ဟေ"

"ခေါင်းတွေမူးလာသလိုပဲ၊ နားချင်တယ်"

"ဪ အေး နားလေ မြေးရဲ့"

"သွားနား သမီး သွား အခန်းထဲမှာ သက်သက်သာသာ ဝင်လှဲနေ"

"အေး အေး သွား"

ကကြိုး အစွန်ဆုံးခုံမှာ ထိုင်မလို့လုပ်ပြီးကာမှ တိတ်ဆိတ်နေသည့် ညွှန်ခံပွဲနှင့် မလှမ်းမကမ်းက ခရေပင်ကြီးအောက်ကို လျှောက်လာခဲ့မိသည်။

"ဟယ် ချစ်စရာကောင်းလိုက်တာ"

သူမနှင့်မလှမ်းမကမ်းမှာ အမွေးစုတ်ဖွားဖွားနှင့် ခွေးဖြူလေးတစ်ကောင် နားရွက်ဖားဖားကုပ်ကုပ်လေးနှင့် မျက်လုံးလေးနှစ်လုံးက နီရဲဝိုင်းစင်းလျှက်။

စူးစမ်းသလိုလေးကြည့်ရင်း သူမ ရှေ့တိုးလျှောက်လာသည်။ ဒီနားမှာ ဒီခွေးမျိုးလေး သူမမြင်ဘူးခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ခွေးလေး ခြေထောက်နားရောက်လာတော့ ကကြိုး ပဆစ်တုပ်လေးထိုင်ချကာ ခွေးလေးကို ကောက်ချီဖို့ ပြင်လိုက်သည်။ ခွေးလေးက နောက်ဘက်အနည်းငယ်ဆုတ်သွားတော့ ဖမ်းလို့မရ။

"လာပါ ခွေးလေးရယ်၊ မင်းကိုငါ ဘာမှမလုပ်ပါဘူး"

ခွေးလေးက ရပ်ကြည့်နေသည်။

ကကြိုး ခွေးလေးနားကိုသွားကာ ချော့ခေါ်သည်။

ထိကိုင်ပြီးမှ ခွေးလေးက ရုန်းသွားပြန်သည်။

နူးညံ့လွန်းသည့် ခွေးလေးရဲ့ အမွေးစုတ်ဖွားဖွားလေးတွေကို ကောက်ယူထွေးပွေ့ချင်သည့်စိတ်၊ လှပပိုင်းစက်သည့် မျက်လုံးကလေးတွေကို စိုက်ကြည့်ပြီး စကားတွေပြောနေချင်သည့်စိတ်နှင့် ကကြိုး မရမက အတင်းလိုက်ချော့ခေါ်မိတော့သည်။

ခွေးလေးက ထွက်သွားလိုက်၊ ကကြိုး လျှောက်လိုက်သွားလိုက်နှင့် ခြံထောင့်အစပ်ကို ရောက်လာကြ၏။

"ငါ စိတ်မရှည်တော့ဘူးနော်၊ မင်းကို အတင်းဖမ်းပြီး ချုပ်နှောင်ခေါ်မိတော့မယ်"

"ကကြိုးသျှင်"

ခွေးလေး ဖောကပ်နေသည့် ကကြိုးရှေ့မှာ အရိပ်တစ်ခုကျလာသည်။

"ဟင် ရှင်"

ကကြိုး မျက်လုံးတွေ ဝိုင်းစက်ပြူးကျယ်သွားသည်။ ရှပ်အင်္ကျီအဖြူခံ အနက်ရောင်နက်ခတိုင်နှင့် ကုတ်အင်္ကျီရှည်အနက် ဘောင်းဘီအနက် ဝတ်ထားလျက် မျက်မှန်တပ်ထားပြန်သည့် သူ့ပုံစံက စတိုင်ကျလှသည်။

"ကိုယ် နောက်ကျသွားတယ် မင်းကို ညွှန်ခံပွဲထဲမှာ မတွေ့တော့လို့ မဝင်ဘဲလှည့်ပြန်တော့မလို့လေ၊ ဒီဘက်မှာ ရိပ်ခနဲ မြင်လိုက်လို့"

သူက သူ့ဟာသူ ရှင်းပြနေသည်။



ပြီးတော့ ပြူးကြောင်ကြောင်လေးကြည့်နေသည့် ကကြိုးနားတိုးကပ်လာကာ လက်ထဲမှာကိုင်ထားသည့် ဖြူဖွေးနေသည့် နှင်းဆီပန်းစည်းကို ကမ်းပေး၏။

"ဒါ ပထမလက်ဆောင်ပါ၊ ယူပါ ကကြိုးသျှင်၊ ဒါ ရိုးရိုးနှင်းဆီ မဟုတ်ဘူး၊ သူ့အနံ့ကိုရရင် မင်းသဘောကျမှာပါ"

ကကြိုး လှမ်းယူလိုက်သည်နှင့် သင်းပျံ့ပျံ့မွှေးနံ့လေးက ဝေ့ခနဲ ကျီစယ်သွားသည်။

"မင်းရဲ့သတို့သားရော"

"သူ အပြင်ထွက်သွားတယ်"

"မင်း ပျော်လား"

"ဟုတ်"

သူ့ရှေ့မှာ ကြာကြာရပ်နေချင်သည့် ဆန္ဒမရှိပါဘဲ နှင်လို့လည်း မကောင်းတာကြောင့် ရင်ခွင်ထဲကပိုက်ထားသည့် ပန်းတွေကို ငုံ့နမ်းရင်း ကကြိုးမျက်နှာလွှဲထားမိသည်။

ကကြိုး တစ်ကိုယ်လုံးကို သူ စူးစူးစိုက်စိုက် ကြည့်နေလေသလား။ မျက်နှာမော့ရင်ဆိုင်ဖို့ ဝန်လေးနေမိစဉ် ခေါင်းထဲက မူးနောက်ရီဝေလာသည်။

"ရှင် တစ်ခုခု လိုက်စားပါဦး"

"မစားတော့ဘူး ကကြိုးသျှင်"

"ကကြိုး ကကြိုး မူးလိုက်တာ"

ကကြိုးသျှင် ပန်းတွေကိုပိုက်ထားရင်း ယိုင်ခနဲ စိုက်ကျသွားသည်။ ဆောင်းမင်းဆက် အသာလေးပွေ့ယူလိုက်သည်။ သူ့လက်ထဲမှာ ကကြိုးရဲ့ ကိုယ်လုံးလေး သတိမေ့လျက်ပါသွားသည်။

"အဲဒါ ဆောင်းမင်းဆက်ပဲ ကကြိုးသျှင်"

မင်းကို ငါကလွှဲပြီး ဘယ်သူမှ မပိုင်စေရဘူး။ ငါ့ရဲ့အချစ်တစ်ခုကိုပဲ မင်းကိုးကွယ်ရမယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"ဗျာ ဘာ တယ်လိုဖြစ်တာလဲ၊ ဘာတွေဖြစ်ကုန်တာလဲ"

လက်ရုံး အသားတွေတဆတ်ဆတ် တုန်နေသည်။ ဒေါ်ခင်သစ် မျက်လုံးမျက်ဆံပြူးလျက် ငိုဖို့သတိမရ။ ဒေါ်ဒေဝီ လူကြီးနှစ်ယောက်ကို အားကိုးတကြီး ငေးကြည့်နေရုံမှလွဲ၍ ဘာမှမပြောနိုင်။

"ဒါ လုံးဝ မရိုးသားဘူး။ ဒါ ပြစ်မှုတစ်ခုပဲ"

"ဩော် အင်း မင်းပြောမှပဲ ရှင်းတော့တယ်နော်၊ လူတစ်ယောက်လုံးကြီး အရှင်လတ်လတ် ပျောက်သွားတဲ့ကိစ္စ ရာဇဝတ်မှုမှန်းသိတာ မင်းတော်သားပဲ"

အဖေလုပ်သူက ချီးမွမ်းခန်းဖွင့်သည်။

"သား လက်ရုံး"

ဒေါ်ဒေဝီက လက်ရုံးနားတိုးလာကာ

"သားတို့ချင်း ပြေပြေလည်လည်ညှိပြီးမှ ယူတာဟုတ်ရဲ့လား ကွယ်"

"ဗျာ ဘာဖြစ်လို့လဲ မာမီ"

ဒေါ်ဒေဝီက ဒေါ်ခင်သစ်တို့လင်မယားကို အားနာသလို တစ်ချက်ကြည့်လိုက်သည်။



"မင်္ဂလာဆောင်နေကာမှ ချစ်သူနောက်လိုက်ပြေးကြတဲ့အဖြစ်မျိုးတွေက အများကြီးရှိခဲ့ဖူးတယ်လေ၊ မတော်တဆ"

"ဘာမတော်တဆမှ မဖြစ်နိုင်ဘူး မာမီ၊ ကကြိုးနဲ့လက်ရုံး ချစ်သူတွေဖြစ်ပြီးပြီ၊ ကကြိုးမှာ လက်ရုံးအပြင် ဘာကောင်မှမရှိဘူးဆိုတာ သေချာတယ်"

"ဟုတ်တယ် မာမီ၊ သားတို့သုံးယောက် ငယ်ငယ်ကတည်းက အတူကြီးပြင်းခဲ့တာ၊ တစ်ယောက်အတွင်းရေး တစ်ယောက်သိကြပါတယ်၊ ကကြိုးမှာ ချစ်သူမရှိပါဘူး"

ပြောလို့သာ လက်ခံလိုက်ရသည်။ ဒေါ်ဒေဝီမျက်နှာက မတင်မကျ ရှိဆဲ။ ညည်ခံပွဲလယ်ခေါင်ကြီးထဲမှာ ဘယ်ပြန်ပေးက လာဆွဲမှာတဲ့လဲ။ လူရှုပ်နေတုန်းကဆိုလည်း ဟုတ်သေးရဲ့။ ခုဟာက လူတွေရှင်းနေပြီး ညည်ခံပွဲသိမ်းနေ့မှ ခြံထဲဘက်ထွက်သွားတာ ဘာအစအနမှ ရှာမရတော့တဲ့အဖြစ်။ မတရားချုပ်နှောင်ဆွဲယူခံရတာမျိုးဆိုလည်း သူ့ကိုယ်မှာ ရွှေလေးဆင်ထားသည့် ရတနာတွေ၊ ပန်းတွေ အများကြီးရှိတယ်။

တစ်ခုမဟုတ်တစ်ခု ပြုတ်ပြတ်ကျနေခဲ့မည်သာ။ ခုတော့ ရှန်းရိုင်းဆန်ခတ် လက္ခဏာမျိုးလည်း ဘာမှမရှိ။

နောက်ပြီး ကျောင်းမပိတ်မီက ကကြိုးက လက်ထပ်ဖို့ငြင်းနေလို့ သားတော်မောင် မအိပ်နိုင်မစားနိုင် ဖြစ်ခဲ့ရသေးသည်ပဲ။

"ကျွန်တော် ရဲကိုတိုင်ချင်တယ် မာမီ"

"အို နေကြပါဦးကွယ်၊ သေချာစဉ်းစားကြပါဦး တော်ကြာ အားလုံး သိက္ခာတွေကျကုန်ပါမယ်"

"ဟုတ်တယ် သား၊ မာမီတို့ တစ်ရက်နှစ်ရက်တော့ စောင့်ကြည့်မှ ဖြစ်မယ်၊ တကယ်လို့ ပြန်ပေးဆွဲတာဆိုရင် သူတို့ငွေညှစ်တဲ့စာတော့ ပို့လာမှာပဲ၊ အသက်အန္တရာယ်တော့ မရှိနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အသက်ကိုရန်ရှာချင်ရင် တစ်ခါတည်း သတ်သွားနိုင်တာပဲ"

လက်ရုံးမျက်နှာ ညိုပုတ်ကာ ငိုချတော့မလို ဖြစ်နေရှာသည်။ သူ့မှာ လက်ထပ်ပြီးတဲ့ည သတို့သမီးပျောက်ရတဲ့အဖြစ်။

အားလုံး ဘယ်လိုပဲဖျောင်းဖျဖျောင်းဖျ လမ်းလျှောက်ခါးထောက်လိုက်၊ ကိုယ့်ဆံပင်တွေကိုယ်ဆွဲဖွ၊ နောက်ဆုံး အပေါ်ထပ်တက်ကာ လုပခမ်းနားစွာ ပြင်ဆင်ထားသည့် အခန်းထဲက နှစ်ယောက်အိပ်ခုတင်ကြီးပေါ် ဆောင့်ခနဲ ထိုင်ချကာ တက်ခေါက်မိသည်။

"ကကြီးရယ် နင် ဘယ်ရောက်သွားတာလဲ"

"ဘယ်လိုအန္တရာယ်တွေထဲ ရောက်နေပြီလဲ"

"ဒုက္ခတစ်ခုခု ဖြစ်နေပြီဆိုတာ ငါသိတယ်"

သူ့အင်္ကျီကို ကြယ်သီးတွေဆွဲဖြုတ်ချွတ်ကာ ဘယ်ရောက်ရောက် လွှင့်ပစ်လိုက်သည်။ မွေ့ရာပေါ်မှာ ကန့်လန့်ဖြတ် ပက်လက်ကြီး ဝုန်းခနဲ လှန်ချလိုက်ပြီး ပန်းနုရောင်ဇာခြင်ထောင်အမိုးကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေမိ၏။ သူ့လက်ကို ချိတ်၍ ပြုံးပျော်နေခဲ့သော ကကြီးမျက်နှာလေးကို ပြန်မြင်နေမိသည်။ မာမီပြောသလို ဘယ်လိုမှမဖြစ်နိုင်ပါ။

ကကြီးရဲ့ဖြူစင်သောစိတ်ဓာတ်မှာ မည်သည့်ကောက်ကျစ်မှုမျိုးမှ ရှိမနေတာ သူအသိဆုံး။ ဒါဖြင့် ကကြီးတစ်ခုခုဖြစ်တာ သေချာနေပြီ။

သူ အိပ်ရာပေါ်က ဖျတ်ခနဲထကာ ခေါင်းရင်းစားပွဲက ဖုန်းဆီ သွားကိုင်လိုက်သည်။ ဂဏန်းတွေကိုနှိပ်မည့်ဟန်ပြင်ပြီးမှ လူကြီးတွေမျက်နှာကို ပြန်မြင်မိ၏။ အားလုံး တားဆီးထားသည့်ကြားက သူကျော်လုပ်လို့မဖြစ်သေးပါ။ ဒါဆို ကကြီးကို ဘယ်လို တွေ့အောင်ရှာကြမှာလဲ။

လက်ရုံး မျက်ရည်တွေဝဲလာသည်။ တစ်ခန်းလုံးမှာ တစ်ယောက်တည်းမို့ ထိန်းချုပ်ခြင်းမပြုနိုင်ဘဲ မျက်ရည်က ပါးပေါ်ဖြတ်ဆင်းသွား၏။ စော



ရက်ပိုင်းတွေက သူစိုးထင့်ခဲ့တာ ကြောင့်ကြခြင်းက အကောင်အထည်ပေါ်လာခဲ့ပြီ။

ဘာမှမမြင်ရသည့် အန္တရာယ်စက်ကွင်းထဲမှာ ကကြီး ဘာဖြစ်နေပါသနည်း။ မည်သည့်အဖြေမှ မရ။ နောက်ဆုံး ဆုတောင်းနေမိရုံမှတစ်ပါး ဘာမှမတတ်နိုင်တော့။ ကကြီး ဘာမှမဖြစ်ပါစေနဲ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ငါ ဘာဖြစ်တာလဲ"

သတိဝင်လာသည့်တိုင် မျက်လုံးတွေကို ဖွင့်လို့မရ၊ ခြေလက်တွေက မလှုပ်ချင်အောင် လေးလံနေသည်။ လက်ဖဝါးနှင့်ထိတွေ့မိရာကို လိုက်စမ်းမိတော့ မွေ့ရာတစ်ခုမှန်း သိလိုက်သည်။

ကျိန်းစပ်နေသည့်မျက်လုံးရဲ့အမြင်အာရုံမှာ ပြာလွဲ့လွဲ့အမိုးတစ်ခုလုပသော ဇာပွင့်တွေကတဆင့် အနားမြိတ်ထိ အကြည့်က တောက်လျှောက်ပါလာတော့ ခြင်ထောင်ကြီးမှန်းသိ၏။

ဒါ ဘယ်သူ့အိပ်ခန်းလဲ၊ ငါ ဘယ်ရောက်နေတာလဲ။ မျက်လုံးတွေကို ပြန်မှိတ်ကာ ဖြစ်ခဲ့သမျှအားလုံးကို ပြန်စဉ်းစားလိုက်၏။

"ဟင်"

ကကြိုး စိတ်ကြောင့် ငေါက်ခနဲ ထထိုင်လိုက်ပြီးသား ဖြစ်သွား၏။

"ဆောင်းမင်းဆက်"

ငါ သူ့လက်ထဲ ရောက်နေပြီလား။

မဖြစ်နိုင်တာ သူနဲ့ငါက ဘာဆိုင်လို့လဲ။

သူ အခန်းကိုဝေ့ကြည့်လိုက်တော့ ဆံထုံးကပန်းတွေ ကလစ်ဆံထုံးတွေ၊ ပြီးတော့ တစ်ကိုယ်လုံးက လက်ဝတ်လက်စားတွေက ဘေး



မှန်တင်ခုံမှာ အပုံလိုက်။ သူ့ကိုယ်မှာ မင်္ဂလာဝတ်စုံမှလွဲ၍ ဆံပင်သည်လည်း နေနေကျအတိုင်း သပ်ယပ်စွာဝဲဖြာကျလျက်သား။

"နိုးလာပြီလား ကကြိုးသျှင်"

"အမလေး"

ကကြိုးသျှင် ဆတ်ခနဲ ထခုန်မိမတတ် တုန်တက်သွားသည်။

ချောမွေ့နေသည့် ဆောင်းမင်းဆက်ကို ဘီလူးသဘက်သဖွယ် ထိတ်လန့်ကြီးစွာ ကြည့်လိုက်မိသည်။

"ရှင် ရှင် ကကြိုးကို"

"မင်းကို ကိုယ်ခိုးလာခဲ့တာ"

"ဘုရား"

မထင်မှတ်သော မတွေးရဲသောအရာသည် တကယ်ဖြစ်မျက်ခဲ့ပြီ ဖြစ်၏။

အိပ်ဆေး၏အရှိန် ချောက်ချားလွန်းသောအရှိန်နှင့် ဆောင်းမင်းဆက်ကို မျက်လုံးပြူးလေးနှင့် စိုက်ကြည့်ရင်း ကကြိုး အိပ်ရာထက်သို့ ပုံလျက်သားလေး ပြန်ကျသွားရှာသည်။

ဆောင်းမင်းဆက် အံကြိတ်၏။ ဒီပုံစံကို သူ လုံးဝမလိုချင်။ ကကြိုး သူ့ကိုဒေါသဖြစ်မည် မုန်းမည်။ ဘာဖြစ်ဖြစ် သူ ရင်ဆိုင်နိုင်ပါသည်။

ဒီလို ကြောက်ရွံ့ ရွံရှာသလိုဆက်ဆံရတာ ရင်ထဲမှာ တန့်နန့်နှင့် ခွေခွေခေါက်ခေါက်လေး ပုံကျနေသည့် ကကြိုးကို တယုတယမွေ့ဖက်ကာ ခေါင်းအုံးပေါ်မှာ သက်တောင့်သက်သာရှိအောင် ပြုပြင်ပေးလိုက်၏။ လှလိုက်တဲ့မိန်းကလေး။ ကော့ရွန်းတူထဲနေသည့် မျက်တောင်နက်နက်ကလေးတွေကို သူ မြတ်နိုးစွာ တို့ထိကိုင်ကြည့်သည်။

ပိရိနေသော နှုတ်ခမ်းပြည့်ပြည့်လေးကို စက္ကန့်ပေါင်းများစွာ ထိုင်ကြည့်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



သွေးကြောမျှင်လေးတွေ ဖြတ်သန်းလျက် ဝင်းဝါဖူးမွတ်နေသည့် ပါးပြင်လေးကို ထိကိုင်မယ်ရွယ်ပြီးမှ လက်ကို အသာပြန်ရုပ်လိုက်သည်။

သို့ထိလိုက်လို့ မျက်ဝန်းလေးတွေ လန့်ပွင့်လာကာ သူ့ မနှစ်မြို့နိုင်သည့်အကြည့်မျိုးတွေနှင့် ကြည့်လာမှာ သူ စိုးရွံ့နေ၏။

လက်ဖဝါးရဲရဲနုနုလေးကို ဆုပ်ညှစ်ပစ်လိုက်ချင်ပေမယ့် မဆုပ်ကိုင်ရက်။ ဒီမိန်းကလေး သူ့ရင်ခွင်အောက်မှာ ရောက်ရှိလာတာနှင့်ပင် သူ့ဘဝမှာ ပြည့်စုံသလောက်ရှိခဲ့ပြီ။

အချစ်ကို မပေးနိုင်မှန်းသိတဲ့ သူ့အတွက် လောလောဆယ် အချစ်ကို အတင်းအကျပ်တောင်းခံဖို့ မရွယ်ရှုံခဲ့သလို အသွေးအသားကို ခါးပြတ်ယူရအောင် ရာဂဘီလူးလည်း မဟုတ်ဘူးဆိုတာ မင်းသိလာရင် ကြောက်နေတာတွေပြေပါစေ ချာတိတ်ရယ်။

ကိုယ်ဟာ တခြားလူတွေအပေါ် လူဆိုးဖြစ်ချင်ဖြစ်ခဲ့လိမ့်မယ်။ ရက်စက်ခဲ့ ကြမ်းတမ်းခဲ့တာတွေ ရှိချင်ရှိခဲ့လိမ့်မယ်။ ဒါပေမဲ့ မင်းအတွက်ဆို အပြာရောင်စက်ဝိုင်းထဲက အဖြူစက်ကလေးပါ။ မင်းနားလည်ပါ အချစ်ရယ်။

■ ■ ■

## အခန်း (၃၆)

"ကကြီးသျှင်"

သူဝင်လာသည်နှင့် ကကြီး လဲလျောင်းနေရာမှ ကမန်းကတန်း ထထိုင်သည်။

"ရှင် ရှင် ဘာလာလုပ်တာလဲ"

"မင်းကို ထမင်းစားဖို့လာခေါ်တာ"

"မစားဘူး။ ရှင်လည်းမလာနဲ့၊ ရှင့်ကို ကကြီး ကြောက်တယ်၊ ကကြီးဆီကိုမလာနဲ့၊ သွား"

ပြောပြီး ကကြီး ရှိုက်ငိုသည်။

မိန်းမမျက်ရည်ကျတာမြင်လျှင် 'ကိုယ်ရွံတတ်တယ်' လို့ အားမနာတမ်းပြောခဲ့သည့် သူ့မြင်ကွင်းထဲမှာ ကကြီးရဲ့မျက်ရည်တွေဟာ လောင်မီးလက်နက်တွေနှယ်။ သူ နောက်ကိုခြေတစ်လှမ်းခန့် ထပ်ဆုတ်လိုက်သည်။

"မင်း ဘာဖြစ်လို့ ကိုယ့်ကို ဒီလောက်ကြောက်နေတာလဲ ကကြီးသျှင်"

မျက်နှာအုပ်၍ ငိုနေရာမှ ကကြီး ဖျတ်ခနဲ မော့ကြည့်သည်။

"ရှင်ဟာ အသည်းနှလုံးမရှိတဲ့လူ၊ ရှင့်လက်ထဲမှာ မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းများစွာ နှမ်းကြေခဲ့တာပဲမို့လား။ ရှင့်ကို ကကြိုးမှန်းတယ်၊ ကြောက်တယ် ရှင်ထွက်သွား''

လက်သီးဆုပ် တက်ခေါက်ပစ်ချင်တာတောင် သူ ထိန်းချုပ်ထားလိုက်မိသည်။

သူ ဘာပဲလုပ်လုပ် ကကြိုး သူ့ကို ကြောက်လန့်နေတာပဲဖြစ်မည်။ သူ့အခန်းထဲမှာ ချာခနဲ လှည့်ထွက်လာခဲ့သည်။

''ဆောင်းမင်းဆက်''

မင်း ဘယ်ရောက်သွားပြီလဲ။

မင်းရဲ့ထက်မြက်မှုတွေ မြောင်းထဲလွှင့်ပစ်လိုက်ပြီပေါ့။ ကိုယ့်ကိုယ်ကိုယ်တောင် သူ နားမလည်တော့ပါ။

ဒီမိန်းကလေးအပေါ် ဒီမျှချစ်နေ၊ မြတ်နိုးနေမိတာ 'သူ' ဝဋ်လည်တာလား။

ဇာတ်တော်ထဲမှာ ဒဿဂီရိ အသက်ပေးချစ်သွားတာကို မကျေမနပ်ဖြစ်ခဲ့ဘူးသည်။ သူသာဆို မိန်းမတစ်ယောက်အတွက် စကားလေးတစ်ခွန်းတောင် အချည်းနှီးမပြောဖြစ်အောင် မာနထားပစ်မည်ဟု ကြိမ်းဝါးဖူးသည်။

တကယ်လည်း သူ့မှာအားလုံးပြည့်စုံခဲ့သည်သာ။ ကကြိုးသျှင်ဆိုတဲ့ ကဝေမလေး၏ခါတ်ပုံ သူ့လက်ထဲ စတင်ရောက်ရှိလာကတည်းက အချစ်ကို ရယူပိုင်ဆိုင်လိုသော ခံစားချက်တွေ သူ ဖြစ်လာခဲ့သည်။ အချစ်နဲ့အပျော်ကို ခွဲခြားသိခဲ့၏။

ဒါပေမဲ့ သူ နောက်ကျခဲ့သည်။ ငါ ယောကျ်ားပဲဆိုသည့် မာနပြည့်စုံမှုနဲ့ ရောမွှေခဲ့သော တစ်ဖက်သားကို အနိုင်ယူကျော်ပြချင်သည့် ဒုက္ခ၊ ဒါတွေဟာ ဒုက္ခပါလားဆိုတာ သိလာတဲ့အချိန်ဟာ သူ့မှာနောင်တတွေ တစ်ပွေ့တစ်ပိုက်နှင့်။

''ဘာတဲ့လဲ လူလေး၊ ဘဘ သွားခေါ်ပေးရမလား''



''မခေါ်နဲ့ ဘဘ၊ ပြီးမှ ကျွန်တော် သွားထပ်ခေါ်မယ်''

''ဘဘ ထမင်းပြင်ထားတယ်၊ တစ်ခါတည်း စားမလား''

သူ ခေါင်းခါသည်။

''လူလေး ကလောကို တစ်ခါတည်း တက်သင့်တယ်ကွယ်၊ ဒါမှမဟုတ် ပဲခူးမှာသွားနေပါလား၊ ဒီမှာ အန္တရာယ်များတယ်ကွဲ့''

''ပဲခူးနဲ့ရန်ကုန်ကလည်း အတူတူပါပဲ ဘဘရာ၊ သူ စိတ်တအားဆင်းရဲနေတဲ့အချိန်မှာ ခရီးထွက်ဖို့ ထပ်မစည်းရုံးချင်ဘူး၊ သူစိတ်တိုင်းကျနေပါစေ''

ဦးမင်းထွတ်တင် အမျိုးမျိုးတားခဲ့သော်လည်း ဒီအခြေအနေမှာ ဆောင်းမင်းဆက်အပေါ် ဘာမှမပြောခဲ့ရှာပါ။ ဘာပဲဖြစ်ဖြစ် ဒီကလေး စိတ်ချမ်းသာမယ်ဆို သူတို့က ပါရမီဖြည့်ပေးဖို့ပဲ ရှိတာပါ။ ဆောင်းမင်းဆက်က သူသဘောကျတဲ့မြို့တွေမှာ ခြံတွေ တိုက်တွေ လျှောက်ဝယ်သည်။ ဖျက်တာတွေဖျက်၊ ပြင်တာတွေ ပြင်။

တစ်ခါတလေ အမြတ်များများရ၍ ပြန်ရောင်းထုတ်လိုက်တာမျိုးရှိသလို တမင် အပန်းဖြေနေထိုင်နိုင်ဖို့ သက်သက်ဝယ်ထားတာတွေက အများအပြား။ အုပ်ထိန်းဖို့ကျတော့ သူနဲ့ ဦးစိုင်းလူရယ်၊ ကလောမှာ အနေများသည့် ဦးဘတူရယ် ဒီသုံးယောက်တည်း။

ဆောင်းမင်းဆက် လျှောက်ဝယ်သမျှ ခြံမြေတိုက်တာတွေကို သန့်ရှင်းဖို့ စောင့်ရှောက်ဖို့၊ အစခပ်သိမ်း သူတို့သုံးယောက်ပဲ လှည့်လည်စောင့်ရှောက်နေကြရသည်။ စီးပွားရှာတဲ့နေရာမှာ ဆောင်းမင်းဆက်က လာဘ်မြင်သည်။

ဘာလုပ်လုပ် လုပ်လိုက်သည်။ အကျိုးပေးသည်။ များပြားလှသော မိဘအမွေတွေကို မထိတို့ရဘဲ တိုးပွားလာအောင် စွမ်းရည်အပြည့်ရှိတဲ့သူ။ ပညာသင်ထားပြီးတော့ အလုပ်လုပ်ဖို့ကျတော့ ငါ်သနားမပါ။ မိဘ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းတွေကို တိုးချဲ့ပြီး လွတ်လပ်စွာ နေလိုတာက သူ့အကျင့်။ အဲဒီထဲမှာ မိန်းမတွေကို အထင်မြင်သေးတဲ့ မျက်လုံးနှင့်သာကြည့်တတ်ပြီး အထင်မြင်သေးစွာ ဆက်ဆံသည်။

သူ့ဥစ္စာ၊ ပညာ၊ ရုပ်ရည်နှင့် ဘာကိုမျှ ဂရုမစိုက်ခဲ့တဲ့သူ။ ခုတော့ တကယ့်အချစ်နဲ့ စစ်ခင်းတဲ့ပွဲမှာ သူစိန်ခေါ်အနိုင်ယူခဲ့တဲ့ ပွဲကြီးတွေရဲ့ခေါင်းစဉ်တွေက စာလုံးမဲကြီးတွေနှင့် စွန်းထင်ကျန်ခဲ့ပြီ။ ခေါင်းစဉ်မဲတို့ကင်းစင်စွာ ငြိစွန်းခြင်းကင်းသည့် ပြိုင်ဘက်ကို အလဲထိုးဖို့ သူ့မှာလက်နက်ကောင်း မရှိတော့။

အလုပ်လုပ်ရင်း ဦးမင်းထွတ်တင် လက်တွေ တုန်လာသည်။ ဒီကလေး ဒီပွဲမှာ ရှုံးလို့မဖြစ်ပါ။ အရှုံးကို ဘယ်လိုမှ ရင်ဆိုင်မှာမဟုတ်သည့် လူတစ်ယောက်ဟာ ဘယ်လိုလုပ်နိုင်သလဲ။

''လူလေးရယ် မင်း အောင်နိုင်ပါစေ''

■ ■ ■

အခန်း (၃၇)

ဘာတွေလာကျွေးကျွေး မစားဘဲ နေပစ်ခဲ့သည်။

သူ ဘာလာပြောပြော အတင်းအော်လွှတ်ပစ်သည်။

တစ်နေကုန်ဖြစ်လာတော့ ရင်ထဲမှာ နုံးခွေတုန်ယင်လာ၏။

တဂွီဂွီ တဂွမ်ဂွမ်မြည်နေသည့်ဗိုက်က နာသလိုလို အောင့်သလိုလို။ နာရီကိုကြည့်တော့ ညရှစ်နာရီထိုးတော့မည်။

ကကြိုး ခုတင်ပေါ်က ဆင်းသည်။ ကြမ်းခင်းမှာ အပြည့်ခင်းထားသည့် မွေးကတ္တီပါကော်ဇောနီရဲရဲ၏အထိအတွေ့က နူးညံ့အိစက်နေ၏။

တံခါးကို လှည့်ဖွင့်ကာ အပြင်ကို ချောင်းကြည့်လိုက်တော့ သူ့အခန်းရှေ့တည့်တည့်က ဝရန်တာနှင့်ကပ်လျက် ဧည့်ခန်းဆိုဖာမှာ ဆောင်းမင်းဆက် လဲလျောင်းနေသည်။ သူ့မျက်နှာပေါ်မှာ ဂျာနယ်တစ်စောင် မှောက်တင်ထား၏။

''ဟင်''

သူ့ခြေရင်းမှာ ခွေးဖြူလေး။

ကကြိုး အံ့လည်းအံ့သြ၊ ဝမ်းလည်းသာကာ ဒေါလည်းပြေသွားလေသည်။ အံ့သြတာက ဟိုညက ခွေးလေးကို သူမ မမှုပျောက်သွားပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာလာတွေ့နေရလို့ဖြစ်ကာ ချစ်ဖို့ကောင်းသည့်ခွေးလေး အနီးမှာရှိနေတာ သိ၍ ဝမ်းသာသွားခြင်းဖြစ်သည်။

ဒေါ်ပွတာက ဒင်းကြောင့် ငါ ဒီလူ့လက်ထဲ ပါလာတာဟု တွေးလိုက်မိ၍ပါ။ ခွေးနဲ့မှုား၍ ဘေးမလွယ်တံခါးနားရောက်အောင် သူ ခေါ်ထုတ်ခဲ့တာ၊ ခွေးလေးက ကကြီးရှိရာ ဖျတ်ခနဲ ခေါင်းထောင်ကြည့်သည်။ ပြီးတော့ ဖျတ်ခနဲ ဆင်းလာ၏။ ကကြီး ဒေါသတွေ အားလုံးပြေသွားသည်။

ခွေးလေးကို ဒူးထောက်လေးထိုင်ချ၍ လက်လေးနှစ်ဖက်ကမ်းကာ ကြိုနေလိုက်မိသည်။ ခုတော့လည်း ကြည့်စမ်း။

ခွေးလေးက ကကြီးရင်ခွင်ထဲ တိုးဝင်လာသည်။ အဖော်မဲ့အားငယ်လျက် မုန်းသူလက်ထဲမှာ အထီးကျန်ရှိနေရသည့် ကကြီး ခွေးလေးကို တအားကျုံးမွေ့ကာ ဖက်ထားလိုက်မိသည်။

သန့်ရှင်းဖြူနုနေသည့် ခွေးလေးက ကကြီးမေးစေ့လေးအောက်ကို သူ့ခေါင်းဖီလေးနှင့် ပွတ်တိုက်နေ၏။

"မင်း သိပ်ချွဲတတ်ပါလား ခွေးဖြူလေးရယ်၊ ဟိုမှာတုန်းကတော့ တို့ကို အကိုင်မခံဘဲ သူ့သခင်ဆီပါအောင် ခေါ်သွားတယ်၊ နင့်ကြောင့် ငါ ဒုက္ခရောက်တာ သိလား"

ကီးကီး ဆင်းသွားကတည်းက ဆောင်းမင်းဆက် သိနေသည်။ ကကြီးပြောနေတာတွေကိုလည်း ကြားနေရသည်။ အခန်းပြင်ကို ကကြီး ထွက်လာတာသိ၍ ရင်ထဲမှာ ကျေနပ်သွားပေမယ့် သူ မလှုပ်ရဲ။

ကီးကီးကို ကကြီးချစ်တာ သိလိုက်ရ၍လည်း ဖော်မပြတတ်အောင် ဝမ်းသာသွားမိသည်။

ဟုတ်ပါရဲ့၊ သူဒီအချက်ကို ဘာလို့ မေ့နေခဲ့ရပါသနည်း။ ကကြီး ကီးကီးလေးနောက်လိုက်လာ၍ သူ ပိုင်ဆိုင်ခဲ့ရတာကို မိုက်မဲစွာမေ့နေမိတာကို ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်ကျိန်ဆဲမိသည်။



ကကြီးကတော့ ဆောင်းမင်းဆက် အိပ်ပျော်နေတယ်ပဲ ထင်ကာ စကားတွေ တတွတ်တွတ်ပြောနေဆဲ။

"ဖိုးဖြူလေး နင့်မှာ နာမည်ရှိတယ်မဟုတ်လား၊ ငါကတော့ လောလောဆယ် ဖိုးဖြူပဲခေါ်မယ်နော်၊ နင်လေ ငါ့နားမှာပဲနေပါ ဖိုးဖြူရယ်၊ ဒီတစ်အိမ်လုံးမှာ ငါ နင့်ကိုပဲချစ်တယ်၊ နင့်သခင်နား မသွားနဲ့နော်၊ သူ့နားကပ်ရင် ငါ နင့်ကိုမခေါ်တော့ဘူး ဒါပဲ"

ပြောပြီး ကီးကီးကို အခန်းထဲခေါ်သွင်းသွားသည်။ ကလေးဆန်သော စကားသံလေးကြောင့် ဆောင်းမင်းဆက် ပြုံးလိုက်မိသည်။ တအောင့်လောက်ကြာမှ သူနေရာမှထကာ ကကြီး အခန်းရှေ့မှာ ရပ်လိုက်သည်။

"ကကြီးသျှင်"

ကကြီး ပြန်မထူးပါ၊ သူ အထဲဝင်လာခဲ့သည်။ ကကြီးက ကီးကီးကို ဖက်ထား၍ တစောင်းလေးလှဲနေရာမှ မျက်နှာလေးကို တင်းထားသည်။

"တစ်ခုခုဆင်းစားလိုက်ပါ ကကြီးသျှင်၊ ကိုယ် အားလုံး မင်းသဘောကျဖြစ်စေမှာပါ၊ ဒီအိမ်မှာ မင်းမိသားစုလို လွတ်လွတ်လပ်လပ်သွားလာစားသောက်နေပါ"

"ကကြီး သဘောကျ ဖြစ်ရမယ်ဆို ခုပြန်ပို့ပေး"

"မင်းကိုခေါ်လာတာ ပြန်ပေးဆွဲလာတာမှမဟုတ်ဘဲ၊ ဒါပေမဲ့ ဒီတစ်ခုကလွဲရင် မင်းသဘောမပါဘဲ ကိုယ်မင်းကို ဘယ်တော့မှ မစော်ကားဘူး ကိုယ် ရာဂဘီလူး မဟုတ်ဘူးဆိုတာ မင်း နားလည်လာမှာပါ"

"ရှင် ကကြီးကို ဘာဖြစ်လို့ ခေါ်လာတာလဲ"

"ချစ်လို့"

"ဘာ"

ကကြီးက မယုံသလို လန့်သလိုနှင့်မေးသည်။

"ရှင့်ပါးစပ်က အချစ်စကားပြောတာ အံ့ဩစရာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းမင်းဆက် ရင်တစ်ခုလုံး နာကျင်အေးခဲသွားသည်။

သူ့မှာ ချေပနိုင်စွမ်းမရှိပါ။ ဒီမိန်းကလေးရဲ့ယုံကြည်မှု၊ အထင်ကြီးမှုကိုရအောင် သူ အချိန်အကန့်အသတ်မဲ့ ကြိုးစားရတော့မည်။ အချစ်ကိုရဖို့ရာ ရေခဲပြင်မှာ မီးမွေးဖို့ သူကြိုးစားနေမိသလို ဖြစ်နေပြီလား။

ကကြိုးကို စူးစူးစိုက်စိုက်ကြည့်၍ သူ သက်ပြင်းချသည်။

"ဒီမှာ ဆောင်းမင်းဆက် ရှင်ဟာ သိပ်ကို မာယာပရိယာယ်များပြားတဲ့လူ၊ မိန်းမတစ်ယောက်ကို စိတ်မဝင်စားတဲ့ပုံစံနဲ့ မှင်ကောင်းကောင်းလေးနေပြပြီး သူများချစ်သူတွေ ပျော်ပျော်ရွှင်ရွှင် ပေါင်းစုံမှာကို မလိုလားတိုင်း၊ ငွေရှိတိုင်း ငွေနဲ့ပေါက်ဖျက်ဆီးတာ"

"မဟုတ်ဘူး မင်းပြောတာတွေ တစ်ခုမှမဟုတ်ဘူး၊ ကိုယ့်မှာ ဘာပရိယာယ် ဘာမာယာမှမရှိဘူး၊ အဲဒါဟာပဲ မာယာလို့ထင်ကြတာ၊ မိန်းကလေးတစ်ယောက်ကို ကိုယ် ချွဲချွဲပတ်ပတ် မစည်းရုံးခဲ့ဖူးဘူး၊ ကိုယ့်မှာ ဘာထောင်ချောက်မှလည်းမရှိဘူး၊ ဒါပေမဲ့ ငါယောကျ်ားပဲဆိုတဲ့မာနနဲ့ ကိုယ်ရပ်တည်ခဲ့တာ၊ စောင့်စည်းထိန်းသိမ်းသင့်တာ မိန်းကလေးတိုင်းရဲ့ အရည်အချင်းမဟုတ်ဘူးလား၊ ကိုယ်တွေ့ဖူးတဲ့မိန်းကလေးတိုင်းဟာ အရည်အချင်းမရှိတဲ့ မိန်းကလေးတွေလို့ ကိုယ်မြင်တယ်၊ ဒီအတွက် သူတို့ကိုလည်း ဘာမှငဲ့ဖို့မလိုဘူး"

ဆောင်းမင်းဆက် ပြောနေရင်း ရှေ့အနည်းငယ် တိုးလာလိုက်သတိတရနှင့် ပြန်ဆုတ်နေလိုက် စကားလုံးတို့က မရပ်နား။

"ဒီမှာကကြိုးသျှင်၊ အတန်းပညာသင်ပြီး ဘွဲ့တွေရထားတိုင်း ပညာတတ်လို့ခေါ်သလား၊ ကိုယ်ကတော့ လူတစ်ယောက်ကို အရည်အချင်းနဲ့ပဲ တိုင်းတာတယ်၊ ဂုဏ်သရေရှိဆိုတဲ့ မိန်းကလေးအတော်များများ ကိုယ့်ရင်ခွင်ထဲ အလွယ်တကူရောက်လာတာ ဘာမှအထင်ကြီးစရာမရှိဘူး၊ ဒီအတွက် သူတို့ကိုလည်း တန်ဖိုးထားပေးဖို့ မလိုဘူး၊ ဒီနေ့ ဒီအချိန်ထိ ကိုယ်



ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့ဖူးဘူး၊ ချစ်လှချည်ရဲ့လို့လည်း ဘယ်သူ့ကိုမှ မပြောခဲ့သေးဘူး၊ ကတိပေးနေစရာမလိုတောင် မလိုတဲ့ အားလုံးဟာ အခွင့်သင့်ရနေခဲ့တယ်၊ ဒါတွေ ယုံတာမယုံတာ မင်းအပိုင်းပါ၊ တစ်ခုတော့ ရှိတယ်၊ ကိုယ်မင်းကိုချစ်တာ သန့်သန့်ရှင်းရှင်း နူးနူးညံ့ညံ့ မြတ်မြတ်နိုးနိုး တန်ဖိုးထားချစ်ခဲ့တာ"

ကကြိုးမျက်နှာလေး ဆတ်ခနဲ လှည့်သွားသည်။

"သွေးသားဆာလောင်မှု လုံးဝမပါဘူးဆိုတာ မင်းယုံမှဖြစ်မယ်၊ မင်းကို ကိုယ်ဘယ်အရာကိုမှ အဓမ္မမပြုဘူး၊ ဘယ်လောက်ထိ စောင့်ရစောင့်ရ မင်းရဲ့လိုလားကြည်ဖြူခြင်းကို ကိုယ်စောင့်မယ်"

ကကြိုးက ဟင့်ခနဲ နှုတ်ခမ်းလေးမဲ့၏။ သူ မျက်နှာလွှဲထားလိုက်ချင်ပေမယ့် နာကျင်စွာပဲ ငေးကြည့်နေမိသည်။

"ဒီအိမ်ကြီးရော ခြံကြီးပါ တော်တော့်ကိုကျယ်တယ်၊ ကကြိုးသျှင်ခင်းအပျင်းပြေနိုင်မှာပါ၊ ပြီးတော့ ဒီအိမ်ကြီးမှာ ကိုယ်ပါရှိနေမှ လူသုံးယောက်ပဲရှိတယ်၊ ကိုယ်မရှိတဲ့အခါ ဘဘ ဦးမင်းထွတ်တင်နဲ့ ခြံစောင့်ဘဖွေးတို့နှစ်ယောက်ပဲရှိမှာ၊ ဒါပေမဲ့ ခြံပတ်လည်မှာ လျှပ်စစ်ကြောင်းတွေချထားတယ်၊ ခြံနားကိုတော့ မကပ်ပါနဲ့၊ ဒါ မင်းကိုခြောက်လှန့်တာမဟုတ်ဘူး၊ မယုံဘူးဆိုရင်တော့ မင်းရှေ့မှာ ကိုယ်ကြွက်ကလေး ငှက်ကလေးတစ်ကောင်ကို မင်းပြတဲ့နေရာမှာ ချပြမယ်"

ကကြိုးသျှင် ရင်ထဲမှာ ကြိတ်၍လန့်သွားမိသည်။ တစ်ခြံလုံးမှာ နှစ်ယောက်တည်းကျန်ခဲ့မှာဆိုသည်နှင့် သူမ ဝမ်းသာသွားမိတာ ရေစုန်မျောကုန်ပြီ။

"ဒီအခန်းနဲ့ကပ်လျက်မှာ ရေချိုးခန်းရှိတယ်၊ မင်းအတွက် အဝတ်အစားတွေ ဗီရိုထဲမှာ အဆင်သင့်ပဲ၊ စိတ်တိုင်းမကျရင် လိုအပ်သေးရင်ထပ်ပြော"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ရှင်ပြောစရာ မကုန်သေးဘူးလား"

"မင်းကို ထမင်းစားခေါ်ဖို့ ကျန်သေးတယ်"

"ရှင်ကျွေးတဲ့ထမင်းကို ဘယ်တော့မှ မစားဘူး"

"မစားလို့မဖြစ်ဘူး ကီးကီး"

သူ့ရင်ခွင်ထဲက ခွေးဖြူလေး ဆတ်ခနဲ ကုန်းထတော့ ကကြိုး အံ့သြသွားသည်။

သြော် ဖိုးဖြူလေးနာမည်က ကီးကီးတဲ့ကိုး။

"ကီးကီး မင်းသခင်ကို ထမင်းစားရအောင် ခေါ်သွား"

ဒါပဲပြောပြီး ဆောင်းမင်းဆက် လှည့်ထွက်သွားသည်။

ကီးကီးက သူ့မျက်နှာကို မော့ကြည့်၏။

"ဘာကြည့်တာလဲ နင်က မစားဘူးလား"

ကီးကီးက သူ့လက်မောင်း၊ ရင်ညွှန့်နဲ့လည်တိုင်ကို အတင်းတိုးဝှေ့ကာ ခပ်တိုးတိုးအသံလေး ပေးနေသည်။

ထမင်းစားဖို့ စကားတွေပြောနေသည့်နှယ်။ ဆာလောင်မှုကြောင့် လက်ဖဝါးလေးတွေပင် တင်းတင်းမဆုပ်နိုင်ဘဲ ဖြစ်လာရသည်။ သို့သော် ဒေါသကလည်းမပြေသေးဘဲ ရှိလေသည်။

"ကီးကီး ငါ့ကို ရေချိုးခန်း လိုက်ပြပေးနော်"

အသံလေးပေး၍ ကီးကီးက မွေ့ရာအောက်လွှားခနဲ ဆင်းသည်။ ရေချိုးခန်းထဲဝင်တော့ အပြင်ဘက်မှာ ထိုင်စောင့်နေ၏။ ကကြိုးအပြင်ထွက်လာတော့ ကီးကီးက မွေးပွသဘက်လေးကို ခေါက်လျက်သား ကိုက်ချီထားပြီး ကကြိုးကိုမျှော်နေသလို။

"ကီးကီးက ချစ်ဖို့ကောင်းလိုက်တာကွာ"

ဝမ်းနည်းကြေကွဲဖွယ်ကောင်းသော ကကြိုးဘဝလေးမှာ လွန်စွာ ချစ်ခင်မြတ်နိုးဖွယ်ကောင်း၍ ဆင်းအင်္ဂါနှင့်ပြည့်စုံလှသည့် ကီးကီးလေးကြောင့်



မထင်မှတ်ဘဲ ပျော်ရွှင်ချမ်းမြေ့စရာလေး ဖြစ်လာခဲ့သည်။

ကကြိုး အကျီလဲနေတော့ ကီးကီးက မှန်တင်ခုံရှေ့က ကုလားထိုင် ပေါ်တက်၍ မှန်တင်ခုံအံဆွဲကိုဖွင့်ကာ ဘိတ်ကပ်ဘူးတွေကို တစ်ခုစီကိုက်ချီကာ အပေါ်တင်ပေး၏။

တကယ့်ကို ခေတ်မီအလှပြင်ပစ္စည်း အသစ်စက်စက်များ။ ကီးကီး ၏ သွက်လက်ထက်မြက်မှုက တကယ့်ကို အဖော်ကောင်းတစ်ယောက်နှယ်။ ဒီလို လိမ္မာသော ခွေးလေးတွေကို ရုပ်ရှင်ကားတွေထဲမှာပဲ မြင်ဖူးတာမို့ ကကြိုး ပျော်ရွှင်နေမိသည်။ ကီးကီး လုပ်ကိုင်ပေးသမျှ သူ ကျေနပ်ကြည်နူး လို့မဆုံး။

ကီးကီး သူ့ကိုလှည့်ကြည့်ကာ တအောင့်မျှ ငိုင်နေ၏။ ပြီးတော့ လွှားခနဲပြန်ဆင်းကာ အဝတ်အစားဗီရိုရဲ့ အောက်ဆုံးအံဆွဲကို ကိုက်ဖွင့်ကာ တစ်စုံတစ်ခုကို ကိုက်ချီနေသည်။

"ဟယ် သနပ်ခါးတုံးကြီးက ကောင်းလိုက်တာ"

သူ့ပါးစပ်နဲ့မကိုက်နိုင်၍ အံဆွဲအပြင်ရောက်အောင် မနည်းကြိုးစား ထုတ်ရင်း ကြမ်းပြင်ပေါ် ဒေါက်ခနဲ ပြုတ်ကျ၏။

ပါးစပ်နဲ့မနိုင်တော့ လက်တစ်ဖက်နဲ့ ကကြိုးဆီ တွန်းလှိမ့်ယူလာ၏။ ကကြိုးက သနပ်ခါးတုံးရော ကီးကီးကိုပါ ကောက်ပွေ့ကာ သနပ်ခါးတုံးကို သွားပြန်ထည့်လိုက်သည်။

"သနပ်ခါးလိမ်းတာလည်း ငါ ဝါသနာမပါဘူး ကီးကီးရဲ့၊ ဘာမှကို မလိမ်းချင်ဘူး၊ နင်ဘာဖြစ်လို့ ဒီလောက် လိမ္မာပြီး ချစ်ဖို့ကောင်းနေတာလဲဟင် နင့်သခင်က သင်ထားတာလား၊ ငါ့ကိုချစ်လို့ ဂရုစိုက်နေတာလား"

ကီးကီးမျက်လုံးလှလှလေးတွေကို မော့ယူစိုက်ကြည့်၍ ကကြိုး ဘမေးတော့ ကီးကီးအသံလေး တစ်မျိုးပြုပြသည်။

"ငါပြောတာကျ နင်နားလည်ပြီး နင်က စကားပြန်မပြောနိုင်ဘူး

www.burmeseclassic.com

www.burmeseclassic.com



နော်၊ ငါ သနားလိုက်တာ ကီးကီးရယ်''

ရုတ်တရက် လက်ရုံးနဲ့ဘွားဘွားတို့ကို သတိရမိကာ ကကြိုး မျက်ရည်လေးတွေ လည်လာမိပြန်သည်။

သူများကို သနားနေမိတဲ့ ကိုယ့်အဖြစ်ကရော သာယာနေလို့လား။ ဘွားဘွားနဲ့လက်ရုံးတို့ ခုလောက်ဆို ဘယ်လောက်များ သောကရောက်နေသလဲ စိုးရိမ်ပိုလွန်းတဲ့ လက်ရုံး။

''မင်္ဂလာဆောင်တော့မယ်၊ နင်က ဘာဖြစ်နေတာလဲ''

သူ ခပ်လှောင်လှောင် မေးခဲ့ဖူးသည်။

''စိုးရိမ်နေတာ ဘာကိုမှန်းကိုမသိဘူး။ နင် ငါ့နားမှာပဲနေပါ ကကြိုး ရာတဲ့''

သူ့ဘက်က ခပ်ပေါ့ပေါ့နေခဲ့သလောက် လက်ရုံး သူ့ကိုတုန်နေအောင် ချစ်ရှာသည်။ ကကြိုး အင့်ခနဲ ရှိုက်၍ မျက်ရည်ကျမိသည်။ ကီးကီးက သူ့ကိုမော့ကြည့်ကာ တအီအီအသံပေးနေသည်။

''ငါ့ကို တိတ်ခိုင်းနေတာလားဟင် ကီးကီးရယ်၊ နင့်သခင်က လူဆိုးသိလား။ ငါ့ကိုအဲ့တင်းဖမ်းခေါ်လာတာ၊ ငါ လုံးဝမကျေနပ်ဘူး။ ငါ အမြဲငိုနေမှာပဲ''

ဝမ်းနည်းစိတ်အစား ဒေါသကဝင်လာပြန်သည်။ သူမဘဝကတော့ လွတ်လမ်းမမြင်တော့ပြီ မဟုတ်ပါလား။

ငိုရင်း သူမ ကီးကီးကို ဖက်ထားလျက် အိပ်ပျော်သွားလိုက်တာ နှစ်နှစ်ခြိုက်ခြိုက်။ ဆောင်းမင်းဆက်ကတော့ စားစရာတွေ သယ်ချလာကာ အခန်းထဲမှာ ပြင်ဆင်ပေးသည်။ မီးခိုးရောင် စပို့ရှပ်လက်ပြတ်လေးနှင့် ထဘီ အနက်လေးဝတ်ထားသည့် ကကြိုးမျက်နှာဝင်းဝင်းလေးကို ငုံ့မိုး၍ အတန်ကြာ ကြည့်နေမိသည်။

ကကြိုး ရင်ခွင်ထဲမှာ ကီးကီးက ငြိမ်သက်နေပေမယ့် မျက်လုံးလေး



တွေ ပွင့်နေသည်။ ကီးကီးကို သူ အရမ်းကျေးဇူးတင်သွားသည်။ သိပ်ကို အကင်းပါးတဲ့ ကီးကီး။

■ ■ ■

''ကကြိုး ကကြိုး''

ပခုံးကို လှုပ်ယမ်းနှိုးသော အထိအတွေ့ကြောင့် ကကြိုး မျက်ဝန်းတွေ ဖွင့်ကြည့်မိ၏။

''ဟင် လက် လက်ရုံး''

မယုံနိုင်လောက်အောင် ကကြိုး အံ့သြသွားမိ၏။ ဝမ်းသာသွားရသည်။ မွန်းကြပ်ချောက်ချားစရာ အခန်းကြီးထဲမှာ ကကြိုးဘဝ နစ်မွန်းတော့မည်ဟု ထင်ခဲ့မိတာ။ အခုတော့ လက်ရုံးက ရောက်လာသည်။

''လက်ရုံး နင် နင် ငါ့ဆီလိုက်လာတယ်နော်''

''ကကြိုးရယ် နင်မရှိဘဲ ငါနေတတ်မလားဟာ၊ နင့်ကို ငါ မြတ်မြတ်နိုးနိုးချစ်ခဲ့တာ၊ ပိုင်ဆိုင်ချင်လို့ လက်ထပ်ခဲ့တာ၊ နင်နဲ့အတူ တို့နှစ်ယောက်ရဲ့အနာဂတ်ဘဝလေး တည်ဆောက်ဖို့ ရည်ရွယ်ထားခဲ့တာ၊ နင် ဘယ်လိုပဲ ရောက်နေရောက်နေ ငါ အရောက်လာခေါ်မှာ ယုံနော် ကကြိုး''

ကကြိုး ရင်ထဲမှာ လှိုက်ဖိုလျက် လက်ရုံးကို တင်းတင်းလေး ပွေ့ဖက်ထားမိသည်။ ပါးပြင်ပေါ် စီးကျလာသည့်မျက်ရည်တွေက ဝမ်းသာလွန်းလို့လား။ ဘာကြောင့်လဲ ကကြိုး မဝေခွဲနိုင်သေး။

''မငိုနဲ့တော့နော် ကကြိုး။ နင့်အနားမှာ ငါရှိနေတယ်''

''ငါ ငါ သူ့ကို သိပ်ကြောက်တယ် လက်ရုံး''

မျက်ရည်ကလေးရစ်ဝဲ အသံတွေတုန်ခါလျက် ကကြိုးဆိုတော့ လက်ရုံး ကကြိုးလက်ဖဝါးလေးကို ဆုပ်ကိုင်အားပေးရင်း

''ဘာမှကြောက်စရာမလိုဘူး။ ငါ နင့်ကိုချစ်တယ်၊ ဘယ်ငဲ့ အန္တရာယ်တွေပဲ ရင်ဆိုင်ရပါစေ၊ ငါရင်ဆိုင်မယ်၊ လာ ကကြိုး ငါတို့သွားရအောင်''

www.burmeseclassic.com

www.burmeseclassic.com



ကမ်းပေးသော လက်ရုံးလက်ကို ကကြိုး အားကိုးတကြီးဆုပ်ကိုင်လိုက်မိသည်။ ခမ်းနားတိတ်ဆိတ်နေသော အခန်းကြီးကို နှစ်ဦးသား ကျောနှိုင်းပစ်လိုက်ကြသည်။

မြို့အပြင်မှာ လူသူရှင်းလင်းတိတ်ဆိတ်နေတာ ကံကောင်း၏။

ဆောင်းမင်းဆက် ဘယ်ရောက်နေလဲ မသိပါ။ သူ့မျက်နှာကို မြင်ရုံနှင့် ကကြိုးရင်ထဲမှာ ထိတ်ခနဲ တုန်၏။ လက်ရုံးလက်ကို တင်းတင်းဆုပ်ကိုင်ရင်း တစ်ဖဝါးမခွာ ပြေးလိုက်ခဲ့မိတော့၏။

မြို့ဝင်းကြီးက ပိုပြီးလို့တောင် ကျယ်လွန်းနေသည်ထင်မိရဲ့။ လက်ရုံးခြေလှမ်းတွေကိုမီအောင် ပြေးလိုက်ရတာ ကကြိုး မောဟိုက်ချင်လာသည်။

"ကကြိုး အားတင်းထားနော်"

လက်ရုံး အားပေးစကားက ရင်ထဲကိုစိမ့်ဝင်သည်။ ဒါပေမဲ့ ကကြိုးခြေလှမ်းတွေက ခွေယိုင်လဲမတတ် ဖြစ်နေခဲ့ချေပြီ။

"ကကြိုး ကကြိုးသျှင် မင်းလိုက်မသွားပါနဲ့"

"အိုး သူ သူလိုက်လာပြီ လက်ရုံး"

"ဘာမှမကြောက်နဲ့ ကကြိုး၊ ငါရင်ဆိုင်ရဲတယ်၊ နင့်ကို ငါ ဆုံးရှုံးမခံနိုင်ဘူး လာ"

ရဲရင့်ပြတ်သားသောစကားနှင့် ကကြိုးကို ဆွဲ့ခနဲ သူ ပွေ့ချီသည်။ လက်ရုံးရင်ခွင်ကျယ်ကြီးထဲမှာ ကကြိုး ကြောက်စိတ်နှင့်တုန်ယင်နေ၏။ သူ့လက်က လွှတ်နိုင်ပါ့မလား။ အနောက်ဘက်က ပဲ့တင်လာသော သူက အသံကြီးကိုကြားတိုင်း ကကြိုး တဆတ်ဆတ်တုန်နေလေ၏။

"ဟော့ကောင် မင်း ငါ့လက်ကမလွတ်ပါဘူး၊ ကကြိုးသျှင်ကိုထားခဲ့၊ ငါ့ရင်ခွင်ထဲက ခေါ်ထုတ်မသွားရဘူး"

"လက်ရုံး လက်ရုံး နင် နင်"

ကကြိုးကိုပွေ့ချီရင်း ပြေးလွှားနေရသော လက်ရုံး မောဟိုက်နေတာသိ၏။ အသက်ရှူသံတွေက ပြင်းပြလွန်းသည်။ ချွေးစက်တွေက ရွှဲနစ်လျက်။



"ဒိုင်း"

"အား"

"အိုး"

လက်ရုံးနှုတ်က ညည်းညူသံနှင့်အတူ တအိအိ ဒူးညွှတ်ခွေကျသွားသော လက်ရုံးကို ကကြိုး မျက်ဝန်းကြောင်ကြောင်တွေနှင့် ငေးကြည့်နေမိသည်။

"က ကကြိုး နင့်ကို ငါ ချစ် ချစ်"

လက်ရုံးခန္ဓာကိုယ်က သူမရင်ခွင်ထဲကို ပြိုကျလာ၏။ ပြာလဲ့လဲ့မျက်ဝန်းတွေနှင့် ငေးကြည့်ငြိမ်သက်နေသော လက်ရုံးကို ကကြိုး ချောက်ချားအံ့သြစွာ ပွေ့ဖက်ထားမိ၏။

"ကကြိုးသျှင်"

ယမ်းငွေ့တွေဝေနေဆဲ သေနတ်ကိုကိုင်ကာ ရပ်နေသော ဆောင်းမင်းဆက် မျက်ဝန်းမှာ အကြင်နာတရားမရှိ၊ အေးစက်သောအပြုံးက နှုတ်ခမ်းမှာ ခိုတွယ်နေ၏။

"နင် နင် လက် လက်ရုံးကို"

"ကိုယ့်ရင်ခွင်ထဲက မင်းကို ခေါ်ထုတ်ဖို့ကြိုးစားတဲ့သူမှန်ရင် ကိုယ့်ရန်သူပဲ ကကြိုးသျှင်"

တည်တည်ငြိမ်ငြိမ်ဆိုလာသော သူ့စကားတွေကို ကကြိုး မကြားချင်။ အကြင်နာတရားကင်းမဲ့သော သူ့ကို နာကျည်းမုန်းတီးသည်။ ရင်ခွင်ကြားက လက်ရုံးကိုပွေ့ဖက်ရင်း ကကြိုးမျက်ရည်တွေတပေါက်ပေါက် ထိုးဆင်းလာသည်။

"မင်းကို ငါ သိပ်ချစ်တယ် ကကြိုးသျှင်၊ မင်းကို အရှုံးမခံနိုင်ဘူး"

"ဟင့်အင်း ဟင့်အင်း ရှင့်ကိုမုန်းတယ်၊ မုန်းတယ်၊ ကကြိုး ရှင့်ကို

www.burmeseclassic.com

www.burmeseclassic.com



မုန်းတယ် သိပ်မုန်းတယ်''

ခေါင်းကိုခါရမ်း မနားတမ်းဟစ်အော်နေပေမယ့် ကကြိုးအသံတွေ နှုတ်ဖျားကထွက်မလာ။ ရင်ထဲမှာသာ ပွဲတင်လှိုင်းခတ်လို့နေသည်။ နောက်ဆုံး မောဟိုက်ဆို့နစ်စွာဖြင့် ကကြိုး လန့်နိုးတော့ ပါးအပ်ထားသော ခေါင်းအုံးမှာ မျက်ရည်စတွေ ရွှဲနစ်လျက်။

''ဘုရား ဘုရား ငါ အိပ်မက်ဆိုးကြီးမက်နေတာပါလား''

အထိတ်တလန့် ရေရွတ်ရင်း တဒိတ်ဒိတ်တုန်နေသော ရင်ကို လက်နှင့်ဖိထားမိသည်။ လက်ရုံး တကယ်မသေဘူးပေါ့။ ထိုအတွက် ကကြိုး ဝမ်းသာရပေမယ့် ရဲတိုက်တစ်ခုလို ခမ်းနားကျယ်ဝန်းသော အခန်းထဲမှာ ရှိနေဆဲဟူသောအသိက ဝမ်းနည်းနာကျင်စေပြန်သည်။

ကကြိုးဘဝက သည်အခန်းကြီးထဲမှာ အနစ်မွန်းမခံနိုင်ဘူး။ ငါ့ အသက် သေချင်သေပါစေ နင့်ကိုချစ်တဲ့ချစ်ခြင်းအတွက် ငါ စောင့်ထိန်းမယ် လက်ရုံး၊ နင် ဘာတွေဖြစ်နေပြီလဲ။

ရာဇကော ဘယ်လိုထင်နေပြီလဲ။ အားလုံးက ငါ့ကို ဘယ်လို သတ်မှတ်လိုက်ကြပြီလဲဟင်။

လက်ရုံးရယ် ငါ့ကိုယုံပါ။ ငါ့အဖြစ်ကို နင်မြင်လှည့်ပါဦး။ အခုချိန် မှာ ငါတောင့်တနေတာ နင့်ရဲ့ရင်ခွင်ပါ။ အကြင်နာတရားတွေနဲ့ ပြည့်ဝ ငြိမ်းချမ်းတဲ့ နင့်ရဲ့ချစ်ခြင်းမေတ္တာတစ်ခုပါပဲ လက်ရုံး။ ငါ့ကို အထင်မလွဲလိုက်ပါနဲ့၊ မမုန်းလိုက်ပါနဲ့ လက်ရုံးရယ်။

■ ■ ■

## အခန်း (၃၈)

''အား မူးလိုက်တာ''

သူ အားယူ၍ ကျုံးထလိုက်တော့ အနားမှာ ဆက်တီစားပွဲလေး နှင့် အဆင်သင့်ပြင်ပေးထားသည့် ထမင်းပွဲက ဟင်းတွေစုံလှသည်။

ဟင်း ရှင်ကျေးတာ လုံးဝမစားဘူး။ ကကြိုး ခုတင်အောက် ဆင်းလိုက်တော့ ကီးကီးက ဝမ်းသာအားရ ခုန်ပေါက်နေ၏။

''ကီးကီး နင်လည်း ဘာမှမစားရသေးဘူးလား''

ကကြိုး ကီးကီးကို သနားသွားသည်။

''သွား သွား ထမင်းသွားစား၊ ပြီးမှ ပြန်လာနော်''

သူ လွှတ်ပေမယ့် ကီးကီးက မသွား။ နှစ်ယောက်သား အပြင် ထွက်လာခဲ့ကြသည်။ လှပသော မီးဆိုင်းကြီးများ၏အလင်းရောင်ကြောင့် တိုက်ကြီးတစ်ခုလုံး နေ့ခင်းကြောင်တောင်လို မှောင်ရိပ်မရှိ လင်းလင်းရှင်းရှင်း ရှိနေသည်။

အပေါ်ထပ်ဝရန်တာညှော်ခန်းမှ ငုံ့ကြည့်လိုက်တော့ အောက်ထပ် ညှော်ခန်းနဲ့ တိုက်ရှေ့တစ်ခြမ်းကို မြင်နေရ၏။ အားလုံးခေတ်မီသပ်ရပ်နားသော နောက်ဆုံးပေါ် ပရိဘောဂအပြည့်အစုံနှင့် ဖိတ်ဖိတ်လက်နေသည့် အပြင်

www.burmeseclassic.com

www.burmeseclassic.com



အဆင်က အိမ်ရှင်ရဲ့ကြွယ်ဝမှုကို ပြသနေသည်။

အဆင်အပြင်က ကြီးကျယ်ပေမယ့် ချောက်ချားစရာ ဖြစ်နေတာမျိုးလည်း မရှိပါ။ ကီးကီးက သူ့ထဘီစကိုကိုက်၍ အောက်ဆင်းဖို့ခေါ်နေသည်။ ဆောင်းမင်းဆက်က ဘယ်ရောက်နေသည်မသိ။ သူရောက်စက တစ်ခေါက်ရောက်လာဖူးသည့် ဘဘဆိုသည့်လူကြီးလည်း ရှိမနေ။

"ကီးကီး ဘယ်သူမှလည်း မရှိပါလား"

ကီးကီးက သူ့ကိုအပြာတစ်ပိုင်း အဖြူတစ်ပိုင်း ဆေးသုတ်ထားသည့် အခန်းတံခါးကို ဖွင့်ခိုင်းနေ၏။ ဖွင့်လိုက်တော့ ထမင်းစားခန်းဖြစ်နေသည်။

သူအပေါ်မှာ ထမင်းမစားချင်လျှင် ဒီမှာလာစားဖို့ ကီးကီးက ခေါ်လာတာမှန်း သဘောပေါက်သွား၏။

"သမီး ဘာလိုချင်သလဲ"

နောက်ကအသံကြောင့် ရုတ်တရက် ကကြိုး လန့်သွားသည်။

အသားဖြူဖြူ မေးရိုးကားကားနှင့် ထူပျစ်သော မျက်ခုံးမွေး ကျယ်၍ ထူပြည့်သော ပါးစပ်ရှိသည့် ဦးမင်းထွတ်တင်ဆိုသော လူကြီးမျက်နှာက အနေတည်ပေမယ့် ဖြောင့်မတ်သူမှန်း သိသာလှသလို လေးစားဖွယ်ဥပမိရုပ်လည်း ရှိနေသည်။

"ဘဘ ကကြိုး မိုက်ဆောလို့"

ချစ်ဖို့ကောင်းလိုက်တဲ့ ကလေး၊ ကကြိုးမျက်နှာလေးကို နူးညံ့စွာ ပြုံးကြည့်ရင်း ဦးမင်းထွတ်တင် မီးဖိုထဲဝင်လာသည်။

"ခုနက သမီးစားဖို့ လူလေး အပေါ်တင်ပေးထားတယ်လေ၊ အဲဒါ တွေ မကြိုက်ဘူးလား"

ကကြိုးနှုတ်ခမ်းလေး မသိမသာစူ၍ ခေါင်းခါသည်။

"သူကျွေးတာ ကကြိုး မစားချင်ပါဘူး"



ဦးမင်းထွတ်တင်ကို သူ့ရဲ့ဘကြီးတစ်ယောက်လို ဆိုးနွဲ့ချင်ပုံ။

"ဒီမှာ ဘာမှမရှိဘူး သမီးရဲ့၊ မနက်ကမှ ဝယ်ထည့်ထားတဲ့ အစိမ်းတွေပဲရှိတယ်"

ပြော၍ ဦးမင်းထွတ်တင်က ရေခဲသေတ္တာကို ဆွဲဖွင့်လိုက်သည်။ မီးဖိုခန်းတံခါးဝမှာ ရပ်၍ ဆောင်းမင်းဆက်ကတော့ နှစ်ခြိုက်စွာ ပြုံးနေမိသည်။

"ကကြိုး မိုက်ဆောလို့"ဆိုတဲ့ ပြောသံလေးက ဆွဲကိုင် မွှေ့ယမ်းပစ်ချင်စဖွယ်။

ဘာဖြစ်လို့ မင်း ဒီလောက်ဖြူစင်နေတာလဲ ကလေးရယ်။ သူ တစ်ခါမှမခံစားဘူးသော တသိမ့်သိမ့် တရှိန်းရှိန်း နွေးထွေးခြင်းမျိုးက တစ်ကိုယ်လုံးမှာ ဖြစ်ပေါ်လျက် ကြည်နူးမြတ်နိုးမှုတို့ ဖြစ်တည်လေသည်။ သူကိုယ်တိုင်ကျွေးတာကို မစားချင်ပေမယ့် ဘဘကိုတော့ တရင်းတနှီး ဆက်ဆံတာမို့ ကျေနပ်နေမိပြန်သည်။

"ကဲ ဒီမှာ ကြက်သား ငါး အာလူး အစုံရှိတယ်၊ သမီးဘာစားမလဲ၊ ဘဘ ချက်ပေးရမှာလား၊ သမီးချက်တတ်လား"

ချက်တတ်လား မေးတာက ချက်မပေးချင်လို့ မဟုတ်ပါ။ ဒီအိမ်က မစ္စည်းတွေကို ကကြိုးနဲ့ ရင်းနှီးစေချင်လို့။

ကကြိုး ရှက်ဝဲဝဲလေး မဲ့သွားမိသည်။

"ဟို ကကြိုး မချက်တတ်ဘူး"

"ဟုတ်လား ဒါဆို သမီးက ထိုင်ကြည့်နေ ဘဘချက်ပေးမယ်၊ အချိန်လည်းမရှိတော့ဘူးဆိုတော့ ဟင်းမချက်တော့ဘူး၊ သမီးလည်း မြန်မြန်စားရအောင် ဘဘက ထမင်းရယ်၊ ကြက်သားရယ်၊ ထောပတ်ရယ်၊ ကြက်ဥရယ် မွှေးမွှေးအိအိလေး ကြော်ပေးမယ်"

ကကြိုးမျက်နှာလေး ဝင်းလက်သွားတာကိုကြည့်၍ ဦးမင်းထွတ်တင် ကျေနပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘဘ ကီးကီး ဘာမှမစားရသေးဘူး"

"စောစောက သမီးအိပ်နေတုန်း ဒီကောင် နိုးဆင်းလာတယ်ကွ၊ စားသောက်ပြီးမှ ပြန်တက်သွားတာ၊ ပြီးတော့ ကီးကီးက ထမင်းနဲ့ဟင်းနဲ့ စားတာမဟုတ်ဘူး၊ နို့ထမင်းနဲ့ ကြက်ဥနဲ့ ခေါက်ကျွေးရတာ"

"ဟင် ဟုတ်လား"

"ဟုတ်တယ် ဟင်းနဲ့လုံးဝမစားဘူး၊ အသားစိမ်း ငါးစိမ်းဆို အနံ့ခံနိုင်းလို့တောင် မရဘူး"

"ဟင် ကီးကီးက ချစ်ဖို့ကောင်းလိုက်တာ"

ကီးကီးလေးကိုပိုက်ထားရင်း သူ့ရှေ့မှာပဲ ဦးမင်းထွတ်တင် လုပ်ကိုင်သွားပုံက သေသပ်မြန်ဆန်လှသည်။

ကြက်သားကြော်နံ့က ထောပတ်နံ့တသင်းသင်းနဲ့ ကကြိုးဗိုက်ထဲက တကြုတ်ကြုတ်မြည်လာပြန်သည်။

ထောပတ်ကြက်ဥနှင့် ထမင်းကြော်ပန်းကန်က ကြက်သားတုံးကြီး ရဲရဲကြွပ်ကြွပ်တင်လျက် အချိန်အနည်းငယ်အတွင်း ကကြိုးရှေ့ရောက်လာသည်။

"ဟောဒီမှာ ကြက်သားကြော်တွေ အများကြီးပဲ၊ သမီး ကြိုက်သလောက်စားပေတော့၊ ဘဘ ခြံထဲလျှောက်ကြည့်လိုက်ဦးမယ် ဟုတ်လား"

ကကြိုး ဟန်မဆောင်နိုင်။ တစ်နေကုန် ဘာမှစားမထားသည့် ဝမ်းက ထည့်ထားသည့်ထမင်းတစ်ပန်းကန် ပြိုက်ခနဲကုန်သွားမှ တစ်ခါမှ ဒီလောက်ကုန်အောင် ထမင်းမစားဘူးခဲ့တာကို သတိရမိသည်။ အရသာရှိလိုက်သည့် ထမင်းကြော်၊ အစားများသွား၍ ဗိုက်ထဲမှာ တောင့်တောင့်ကြီး ဖြစ်သွားသည်။

"ဟင်"

"မြမျိုးမြင့်မာန်"



အစက လှပသော ပန်းကန်လေးတစ်ချပ်လို့ပဲ ထင်ခဲ့တာ။

ကျွန်းရွက်ပုံသဏ္ဌာန် ကြွေပန်းကန်အပတ်မှာ လက်သန်းလုံးခန့် ရွှေနားရစ်နှင့် အလယ်မှာ ရှမ်းစော်ဘွားစုံတွဲပုံတစ်ပုံကို ဒူးဆစ်ခန့်ထိပေါ်အောင် ရိုက်နှိပ်ထားသည်။

အောက်နားမှာ 'မြမျိုးမြင့်မာန်'ဆိုသည့် စာတမ်းကို လှပစွာရေးထား၏။ ဒါ ဘာအဓိပ္ပာယ်ပါလိမ့်။

ကြက်သားကြော် ထည့်ထားသည့်ပန်းကန်ကို ယူကြည့်တော့လည်း ပန်းကန်ဒီဇိုင်းပုံကွာသည်မှလွဲ၍ ဒီပုံနှင့်ဒီစာတမ်းကိုပဲ တွေ့ရသည်။ ကကြိုး နေရာမှထ၍ ပန်းကန်အားလုံးကို လိုက်ကြည့်သည်။ ဒီဇိုင်းကွဲ၍ ဒီအတိုင်းအတူတူပဲ ဖြစ်နေသည်။

" 'မြမျိုးမြင့်မာန်' ဆိုတာ ဘာလဲ"

သူတို့က စော်ဘွားမျိုးတွေများလား။ ချောမွေ့ခန့်ညားကာ ဩဇာဂုဏ်တွေ ပြည့်နှက်နေသည့် ဆောင်းမင်းဆက်နဲ့ ဘဘ မင်းထွတ်တင်တို့ ချက်နှာတွေကို ပြန်တွေးကြည့်နေမိ၏။ ဖြစ်နိုင်စရာတွေ အများကြီးရှိနေသည်။

"စားကောင်းလား သမီး"

"ဟုတ်"

ကကြိုး တမေ့တမော တွေးနေရာမှ ပန်းကန်ဆေးဖို့ သတိရကာ ထလိုက်သည်။

"ထားလိုက် သမီး၊ မနက်ကျမှ ဆေးတာပေါ့"

"ဟင့်အင်း အလုပ်သမားမှမရှိတာ၊ ဘဘ ဆေးရင် သမီးငဲ့ ကြီးမှာပေါ့"

ကကြိုး ဘေစင်မှာ သေသေချာချာ သွားဆေးလိုက်သည်။

"ဟယ် ကီးကီး မရှိတော့ဘူး ဘဘ"

"လူလေးကိုမြင်လို့ ထွက်လိုက်သွားပြီလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် သူ၊ သူ ဒီရောက်လာသလား"

"သမီး မီးဖိုခန်းဝင်လာကတည်းက သူ အပြင်မှာရှိနေတယ်"

ဘုရားရေ ဆာလောင်စိတ်နဲ့ ထမင်းကြော်တွေ ငုံစားနေတာမို့ ကကြိုး ဘာမှသတိမထားမိလိုက်ပါလား။

■ ■ ■

သူ အားလုံးကို မြင်နေသိနေပါသည်။ ကီးကီးနှင့်ကကြိုး အခန်းထဲကထွက်လာတာကိုလည်း သိသည်။ ပါးနပ်လိမ္မာသော ကီးကီးက ထမင်းစားခန်းထဲအထိ ကကြိုးကို ဖြားယောင်းခေါ်သွားတာလည်း မြင်နေခဲ့သည်။

သူကိုယ်တိုင် ဗာကြိုးစားချင်စိတ်ပေါ်လာအောင် အသေအချာ ပြင်ဆင် အသင့်စီစဉ်ထားပေမယ့် ကကြိုးက တစ်တို့လေးတောင် မနှိုက်ခဲ့။

သူ့ရင်ထဲမှာမကောင်းရသလို ကကြိုး တစ်ခုခုဖြစ်သွားမှာကိုလည်း စိုးရိမ်ပူပန်မိသည်။

"ဘာဘာ ဘယ်လိုလုပ်မလဲ၊ သူ ထမင်းမစားဘူး၊ ကြာရင် ဒုက္ခရောက်သွားမှာ"

"လူလေး ရင်ထဲမှာစိုးရိမ်နေတာ ဘာဘာသိတာပေါ့၊ တကယ်ဆို သူတင်မဟုတ်လည်း လူလေးလည်း ထမင်းဝိုင်းမှာ တစ်လုပ်နှစ်လုပ်ပဲစားပြီး ထသွားတတ်တာ ဘာဘာအသိဆုံးပဲကွယ်"

ဘာဘာကတော့ သူ့ကိုအရိပ်လိုထားကြည့်နေသူပီပီ အားလုံးသိနေခဲ့သည်။ သူကိုယ်တိုင်ကတော့ သူ့ကိုယ်သူ သတိထားမိဖို့ထက် ကကြိုးကိုပဲ အရိပ်တကြည့် ရှိနေခဲ့မိတာလေ။

သူ့မျက်နှာမြင်လျှင် ကကြိုး ထိတ်လန့်နေမှာစိုးသည်။ သူရှိနေတာသိလျှင် မစားမသောက်မှာပူပန်သည်။ ဒါကြောင့် ကကြိုးအနားကို သူသွားချင်ပေမယ့် ကြိုးစားရှောင်သည်။ သူ့မျက်နှာကို မမြင်စေရ။

သူ့အရိပ်အငွေ့ကိုတောင် မတွေ့စေရအောင် ဂရုစိုက်ခဲ့သည်။



"လူလေးလုပ်နေပုံက ကိုယ့်ဒုက္ခကိုယ်ရှာသလို ဖြစ်နေတယ်"

"ကျွန်ကော့်ဒုက္ခ ကျွန်တော်ရှာတာမဟုတ်ဘူး ဘာဘာ၊ ကျွန်တော့်ရင်ထဲက ချစ်ခြင်းမေတ္တာကို ရှာတွေ့သွားခဲ့တာပါ၊ ကျွန်တော် ကကြိုးသျှင်ကိုချစ်တယ်၊ ကျွန်တော့်အသက်ထက်တောင် မြတ်နိုးတယ်၊ အဲဒါ ဖန်တီးယူခဲ့တာမဟုတ်ဘူး၊ ရင်ထဲက အလိုလိုဖြစ်လာတာ၊ အလိုလိုပေါ်ပေါက်လာတဲ့ ခံစားမှုပါ"

"အင်း အချစ်ဆိုတာ ဆန်းကြယ်ပါတယ်လေ၊ လူလေးစကားကို ဘာဘာ အကြွင်းမဲ့ယုံတယ်၊ နူးညံ့သိမ်မွေ့တဲ့ လူလေးရင်ထဲကအချစ်ကို ကကြိုးသျှင်လေး မြင်အောင် ဘာဘာပြလိုက်ချင်တယ်"

"ကျွန်တော့်အကြောင်း ဘာဘာ ဘာမှမပြောပါနဲ့၊ သူ ယုံမှာမဟုတ်ဘူး၊ ရတယ်၊ အဲဒီအတွက် ကျွန်တော် ခံနိုင်တယ်၊ ကျွန်တော်လိုချင်တာက ကကြိုးနှလုံးသားက အလိုလိုပေါက်ဖွားလာမယ့် အချစ်မေတ္တာကိုပါ"

သူတောင့်တသောအရာက ကကြိုးနှလုံးသားမှာ ရှိနေမည်လား။ ထိုအတွက် ရင်မှာ သံသယမရှိပါ။ တစ်ချိန်ချိန်မှာတော့ ကကြိုးရင်ထဲက ပေါ်လာနိုင်သည်ဟု ယုံသည်။ နောက်ဆုံး သူ့ရင်ဘတ်ထဲက နှလုံးသားကို ကကြိုး မြင်တွေ့နိုင်သည်။

ကကြိုး သူ့ကို ဘယ်လောက်မုန်းမုန်း သူ ခံယူနိုင်သည်။ သူ့အနီးမှာ ကကြိုးရှိနေတာလေးနှင့်ပဲ ကျေနပ်ကြည်နူးနိုင်၏။

အတိတ်က သူဖြတ်သန်းခဲ့သော အဖြစ်အပျက်တွေကြောင့် ကကြိုး သူ့ကို ဘယ်လိုသတ်မှတ်မည်လဲ။ သူ ဂရုမစိုက်ပါ။ ရင်ထဲမှာ ကကြိုးသျှင်ဆိုသော ပန်းပွင့်လေးတစ်ပွင့် လှပစွာပွင့်နေရင်ပဲ သူ ကျေနပ်သည်။

ချွေးခူးဖို့မဆိုနှင့်။ ရန့်လေးကို မနမ်းရှိုက်ရရင်လည်း ဖြစ်သည်။ အငိုသနှရမက်မပါသော ချစ်ခြင်းနဲ့ မင်းကို ငါ မြတ်နိုးတာပါ ကကြိုးရယ်။

www.burmeseclassic.com

www.burmeseclassic.com



ငါ့ရင်ခွင်ထဲကတော့ ထွက်သွားဖို့ မတွေးလိုက်ပါနဲ့။ ဘယ်တော့မှလည်း ထွက်ခွာခွင့်ရမှာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ငါ့နှလုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာမှာ မင်းရဲ့ပုံရိပ်က ခိုင်ခိုင်မြဲမြဲ တည်ရှိနေမှာမို့ပဲ။

ငါ့နှလုံးသွေးရပ်သေလွန်တဲ့အထိ မင်းရှိနေမှာ သေချာတယ် ကကြိုး။ ငါ့မျက်နှာမြင်လိုက်ရင် ဘီလူးသဘက်တစ်ကောင်ကို ရင်ဆိုင်ရသလို ကြောက်လန့်နေတဲ့ မင်းနှုတ်ခမ်းတွေ။ ခါးခါးသီးသီးအမုန်းတွေနဲ့ တောက်ပနေတဲ့ မင်းမျက်ဝန်းတွေ လောကကြီးမှာ ငါအကြောက်ဆုံးအရာတွေက အဲဒါတွေပဲ ကကြိုး။

ဒီနေ့တော့ ငါ သိပ်ကြည်နူးနေတယ်။ ကီးကီးနဲ့ပျော်ရွှင်နေတဲ့ မင်းအသွင်လေးကြောင့်ပါ။ ချစ်စရာကောင်းတဲ့ ကီးကီးကလည်း မင်းရဲ့နှလုံးသားကို ပျော့ပြောင်းစေနိုင်ခဲ့တယ်။

သိပ်ကျေးဇူးတင်တယ် ကီးကီး။ မင်းရဲ့သခင်မလေးရဲ့အမုန်းတွေ ပြေပျောက်တဲ့အထိ ငါကြိုးစားမယ်။ ငါ့အပြုအမူတွေက ဘီလူးတစ်ကောင်လို ခက်ထန်ကြမ်းတမ်းနေခဲ့ရင်တောင် ငါ့ရင်ထဲက နှလုံးသားက ကကြိုးအတွက် နူးနယ်နေတာအမှန်ပါ။ ဒါကို ကကြိုး သိစေချင်လိုက်တာ ကီးကီးရယ်။

■ ■ ■

## အခန်း (၃၉)

"ငါတို့လည်း လက်လှမ်းမီသရွေ့ စုံစမ်းတာပဲဟာ၊ ဘယ်မှာမှကို သတင်းအစအနမရဘူး။ ဘွားသစ်တို့ကလည်း တော်တော် တယူသန်ပါတယ်၊ စခန်းမှာ လူပျောက်တိုင်လိုက်ရင် ချက်ချင်းပြန်တွေ့မှာ"

လက်ရုံး မျက်နှာတစ်ပြင်လုံးကို လက်နှစ်ဖက်နှင့် ပွတ်နေလိုက်မိသည်။

"နင်တို့မသိပါဘူး ကေသီရာ၊ သူတို့က ကကြိုးကို ပျောက်သွားတယ်မထင်ဘူး"

"ဘယ်လိုထင်လို့လဲ"

"ချစ်သူနောက် လိုက်သွားတယ်ထင်တာ"

"ဟဲ့ ဒါထင်စရာလား"

"အားလုံး ဒီလိုပဲ ယူဆကြတယ်၊ ဘိုးဘိုးကျော်ကဆိုရင် ကကြိုးကို အရမ်းဒေါသထွက်နေတာ၊ ရောဂါရပြီး အိပ်ရာထဲတောင် လဲနေတယ်"

"ဖြစ်ရလေဟာယ် ကကြိုးက ဒီလိုလုပ်ပါ့မလား၊ ငါတို့ သူငယ်ချင်းတွေတောင် သိတယ်"

တကယ်ဆို ဒီသံသယကို မာမီကစခဲ့တာ။ မာမီစခဲ့လို့ ဘိုးဘိုးတော့် အရှက်ကြီးရှက်၍ အိပ်ရာထဲလဲခဲ့ရတာကို သိထားသည်မို့ လက်ရုံးစိတ်မကောင်းနိုင်။ သူကတော့ ကကြိုးကို ယုံကြည်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကကြိုးဟာ သူ့ထက်ပို၍ ချစ်ရမယ့်သူ တွေ့ထားခဲ့ရင်တောင် ခုလို တိတ်တဆိတ် သိက္ခာမဲ့စွာ မျက်နှာလွှဲခဲပစ် လုပ်သွားမယ့်မိန်းကလေး မဟုတ်၊ ဒါဆို ဘာလဲ၊ အဲဒါကို ဘယ်လိုမှ ဖော်ထုတ်မရနိုင်လို့ ရှုးတောင် ရှူးချင်လာသည်။ ကိုယ့်မှာ မိန်းမယူပြီး မပေါင်းလိုက်ရဘဲ တစ်ခုလပ်ဖြစ်ခဲ့ရတဲ့ဘဝ။ ပြီးဆုံးသွားခဲ့သော သူတို့ရဲ့မင်္ဂလာပွဲ၏အဆုံးသတ်ကို ဘယ်သူမှ မသိကြတာမို့ ဒီကိစ္စကို သူတို့ တိတ်တဆိတ်ပဲ ဖုံးထားခဲ့ကြသည်။

ငါးရက်မျှကြာတော့ မာမီက

"ကဲ မာမီပြောတာ တွေ့ပြီမဟုတ်လား။ ပြန်ပေးဆွဲခံရတာဆို၊ ဘယ်ပြန်ပေးက ငွေမတောင်းဘဲ သက်သက်ကြီး တင်ကျွေးထားမှာလဲ၊ တကယ်ဆို ဒီမင်္ဂလာပွဲကို မကြည်ဖြူရင်တောင် ကကြိုး ဒီလို မလုပ်သွားသင့်ဘူး"တဲ့။

မဟုတ်ဘူးဆိုတာ သိပေမယ့် ပြန်လှန်တိုက်ဖျက်ဖို့ သူ့မှာ ချေပစရာ ဘာသက်သေအကြောင်းပြချက်မှ မရှိ။ ဒီနေ့ထိ ကကြိုးဆီက ဆက်သွယ်ချက် တစ်စုံတစ်ရာကို သူ မျှော်နေဆဲ။

ကကြိုး ဘယ်ဘဝရောက်ရောက် ဘာတွေဖြစ်ဖြစ် မာမီက ဘာပြောပြော ကကြိုး သူ့ကိုချစ်နေသည်ဆိုလျှင် သူ့ဘက်က ကြိုဆိုမည်ပင်။ ကကြိုး ပျောက်သွားတာ ခုနစ်ရက်တိတိရှိခဲ့ပြီ။

"လက်ရုံးရေ"

ရာဇက သူတို့ထိုင်နေသည့်နားလာ၍ ထိုင်ချလိုက်သည်။

"မင်းစိတ်တွေ တအားလေနေတယ် လက်ရုံး၊ ငါနဲ့ ရေလိုက်ကူးပါလား"

"မကူးချင်ပါဘူး"

"ဒါဆို ညနေ သေနတ်ပစ်ကွင်း လိုက်ခဲ့"

"မလိုက်ချင်ပါဘူးကွာ"

"ပြာလဲ့ရီမှာလိုက်တယ်၊ သူ ခရီးရောက်မဆိုက် မင်္ဂလာသတင်း



ကြားလိုက်ရတာ ဝမ်းသာပါတယ်တဲ့၊ တကယ်တော့ ရင်ဆို့တာနေမှာပေါ့ ကွာ၊ မလာနိုင်လိုက်တာ စိတ်မကောင်းပါဘူးတဲ့၊ လက်ဖွဲ့တော့ ပေးပါရစေ တဲ့၊ ညကျရင် မင်းကို သူ ဖုန်းနဲ့ချိန်းလိုက်မယ်"

"သူလည်း ရောဂါတစ်မျိုးပဲနော်"

ကိုယ့်သူငယ်ချင်းရဲ့ယောက်ျားဖြစ်နေပြီမို့ ကေသီက သဝန်တိုချင်နေသည်။

လောလောဆယ် ဒီမှာဖြစ်နေတာတွေ သူကမသိလို့ ချိန်းပေမယ့် အနားမှာ မိန်းမမရှိဘဲ စိတ်လေနေသည့် လက်ရုံးက မဖောက်ပြန်ဘူးလို့ ပြောနိုင်မလား။

"လက်ရုံး မင်းမသွားနဲ့နော်"

လက်ရုံးကို အကဲခတ်၍ ရာဇကလည်း တားသည်။

"မိန်းမဆိုတာ စပ်စုတတ်တော့ တော်ကြာ တောင်မေး၊ မြောက်မေးနဲ့ မင်းတို့အကြောင်းတွေ သိပြီး ပွဲလန့်တုန်း ဖျာခင်းမယ့်သူနဲ့ တွေ့နေမယ်၊ မျက်နှာမများနဲ့" ရာဇက ပေါ်တင်ပြော၏။

"မင်းတို့ကလည်း တစ်မျိုးကွာ၊ ငါ့ကို နှာဘူးကျနေတာပဲ"

"ဘူးဘူး မဘူးဘူးပေါ့ကွ၊ မိန်းမက အရမ်းပဲပေးလာရင် ယောက်ျားဆာ ဘယ်လိုရှောင်နိုင်မှာလဲ"

လက်ရုံး ရာဇကို ခပ်စွေစွေကြည့်၍ တစ်ဖက်လှည့်သွားသည်။ ကကြိုးရယ် တကယ်ဆို တို့နှစ်ယောက် ဒီအချိန်မှာ အစွမ်းကုန်ပျော်ရမယ့် အချိန်တွေ။ ရက်စက်စွာ ခွဲထုတ်လိုက်သည့် ကံကြမ္မာကို သူမကျေနပ်။

သူ့မှာ လွမ်းရ၊ တမ်းတရတာတောင် ဘယ်လို အစရှာ တမ်းတရမှန်း မသိသည့်ဘဝ။ ဘယ်ကိုမှန်း၍ လွမ်းရမှန်း မသိသည့်အဖြစ်။ ကိုယ်လွမ်းနေတဲ့သူကရော ကိုယ့်ကိုလွမ်းနေတာမှ ဟုတ်ပါ့မလား။ စိုးသိတ်ခြင်းနှင့်အတူ လက်ရုံး သက်မချမိပြန်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

"ဘဘ ဘယ်သွားမလို့လဲဟင်"

"ခြံထဲပတ်မလို့လေ၊ သမီးပျင်းရင် လိုက်ခဲ့ပါလား"

"လိုက်မယ်"

ကကြိုးရယ် ဦးမင်းထွတ်တင်ရယ်၊ ကီးကီးရယ် ခြံထဲမှာ ပန်းပင်တွေထက် နှစ်ရှည်ပင်ကြီးတွေပဲ အုပ်အုပ်ဆိုင်းဆိုင်း အကွက်ကျကျရှိနေသည်။

"ဘဘ ဒီခရေပင်ကြီးတွေက ခရေပွင့်တွေ မပွင့်ဘူးလားဟင်"

"ပွင့်တာပေါ့ သမီးရဲ့"

"အဲဒါတွေ ဒီတိုင်းပဲ ပြန့်ကျဲနေတာပေါ့နော်"

"အင်းပေါ့ ဒီမှာ မိန်းကလေးမှမရှိတာ၊ ပြီးတော့ အိမ်မကြီးပေါ်မှာ လူသိပ်မနေဘူးလေ၊ ခြံစောင့်ဆိုတာလည်း မြမာန်၊ အဲ ဟိုလူစိမ်းတစ်ယောက်မှမရှိတော့ ထားသလိုနေတယ်၊ ပိုင်ရှင်ရဲ့အမိန့်ကို တစ်လုံးမှမလွန်ဆန်ဘူး၊ ဒီခြံထဲကို စိမ်းတာဆို တိရစ္ဆာန်တောင် တိုးဝင်လို့မရတာ ဒီပန်းပင်တွေ အပြင်ကလူတွေ လာခူးမှာမျိုးလည်း မရှိတော့ဘူးပေါ့"

"ဟယ် ပုန်းညက်ပန်းတွေလည်း ဖွေးနေတာပဲ၊ မွှေးလိုက်တာ



ဘဘရယ်"

ဦးမင်းထွတ်တင် စကားတွေ ထစ်ငေါ့သွားတာကို ကကြိုး သတိမထားမိသလိုနေလိုက်ကာ ပုန်းညက်ပင်တန်းဘက်ကို လက်ညှိုးလေးထိုးပြောလိုက်သည်။

မြမျိုးမြင့်မာန်ဟာ ဘာအမှတ်အသားမို့ သူတို့ ဖုံးကွယ်ချင်ကြတာလဲ။

"ဟော ဒီနားကျတော့ မြတ်လေးပန်းနဲ့ မွှေးတယ်၊ သနပ်ခါးပန်းနဲ့လည်း ရတယ်"

"ဒီနားမှာ အားလုံးရှိတယ်လေ၊ လာ ဟိုဘက်ခြမ်းမှာ နိုင်ငံခြားသစ်ခွတိုင်တွေရှိတယ်"

ပန်းခြံတော်တော်များများမှာ တွေ့ရတတ်သည့် နှင်းဆီ ဒေလီယာဆိုတာမျိုးတွေ သိပ်မရှိဘဲ သက်ကြီးပင် တော်တော်များများနှင့် အေးချမ်းလှသော ခြံကြီးကို ကကြိုး သဘောကျမိသည်။

"ဟော့ ကလေး ရှေ့မတိုးနဲ့"

"အမလေး"

"တစ်ကိုယ်လုံး ကျင်ခဲသွားသည့်နယ် တစ်စုံတစ်ရာနှင့် ဆောင့်မိသွားသလို ကကြိုး လန့်ထွက်သွားသည်။

"အို ကလေး ကလေး"

ကြောင်တက်တက်ဖြစ်နေသော ကကြိုးလက်ကလေးကို ဦးမင်းထွတ်တင် အသာအယာ ဆွဲကိုင်လှုပ်ရမ်းလိုက်ရ၏။

"ဘဘ မှားတာပါကွယ်၊ အဲဒီနား ခေါ်မသွားသင့်ဘူး၊ ဟော သမီးလာ ဘယ့်နယ်နေသေးလဲ"

"ဘ ဘဘ ကကြိုး ဓာတ်လိုက်တာလားဟင်"

"ဟုတ်တယ် သမီး၊ ခြံနဲ့အဲလောက်နီးနီးကို ဖယ်လို့မရဘူး၊ သမီး

www.burmeseclassic.com

www.burmeseclassic.com



ကံကြီးလို့ပေါ့ကွယ်၊ ဒီကျွန်းရွက်ကြီးတွေ ထူနေလို့၊ နောက်ကို ခြံထဲ ထုတ်ယောက်တည်းမဆင်းနဲ့၊ ဘဘနဲ့လာလည်း ခုလို မပြောမဆို ခွဲထွက်မသွားနဲ့"

ကကြိုး တဒိတ်ဒိတ်ခုန်နေသည့်ရင်က ခုထိ မြန်ဆန်နေဆဲ။

"ဘဘ စောစောက ဘာဖြစ်တာလဲ၊ အော်သံကြားလိုက်တယ်"

ဆောင်းမင်းဆက် အပြင်ကပြန်လာသည့်ပုံစံနှင့် ခြေလှမ်းကျဲတို့က အသံနှင့်အတူ ချက်ချင်းအနားရောက်လာသည်။ မျက်နှာမှာ စိုးရိမ်ပူပန်ခြင်းတွေ ပြည့်သိပ်လျက်ရှိ၏။

"အေး ကကြိုးလေ ဟိုနား"

ဦးမင်းထွတ်တင် တွန့်ဆုတ်စွာ စကားမဆက်နိုင်ရှိဆဲ။

"ဘဘ သူ့ကိုဒီနား ဘာဖြစ်လို့ခေါ်တာလဲ"

"သူ ဒီဘက်ထွက်လာတာ ဘဘ မသိလိုက်ဘူး၊ အော်လိုက်မှ ကမန်းကတန်း ပြေးလာတော့ သူလဲသွားတယ်၊ ဘဘ အပြစ်ပါ၊ ဘဘ သတိလစ်သွားတယ်"

"ဒါ သေသွားနိုင်တယ် ဘဘ၊ ဘဘ နောက်တစ်ခါ ခုလို သတိထပ်လစ်မိရင် ဒီဆုံးရှုံးမှုကို ကျွန်တော် ဘယ်လိုပြန်ရင်းမလဲ"

ဦးမင်းထွတ်တင် ခေါင်းငုံ့၍ သက်ပြင်းချသည်။ ကကြိုး ကြားထဲက ဒေါသဖြစ်လာ၏။

"ဒီမှာ ရှင် လူကြီးကိုမဆူပါနဲ့၊ ဘာဖြစ်လဲ သေသွားတော့ ရှင့်လက်က တစ်မျိုးလွတ်သွားတာပေါ့"

သူ ကကြိုးကိုတစ်ချက်ကြည့်ကာ မျက်မှန်ကိုချွတ်သည်။ ယောက်ျားဖြစ်ပြီး ထူထဲမဲနက်နေသည့် မျက်တောင်တို့ကြောင့် ဆောင်းမင်းဆက် မျက်လုံး တွေက တဖိတ်ဖိတ်လက်သလို ဘောင်ခတ်၍ အရောင်တင်ပေးထားသကဲ့သို့ ရှိနေသည်။

စူးတောက်ညို့ငင်သော ဒီမျက်ဝန်းတွေကို ဘာကြောင့် မျက်မှန်



အမြဲတပ်၍ ကာကွယ်ထားပါလိမ့်။

"မင်း ဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ဘူး၊ ဖြစ်လည်း ရှင့်အပူမပါဘူး"

ကကြိုး အတင်းပဲ ရန်လုပ်နေသည်။

သူ ဒေါသဖြစ်ပါစေ၊ ကိုယ့်မှာလည်း ဒေါသတွေနှင့်၊ ဒါမှ ရန်ဖြစ်ရမှာ၊ ခုတော့ ကကြိုးပြောသမျှ သူက တုံ့ပြန်ခြင်းမရှိ။

"ဘဘ နောက်ကို ဒီလောက်နက်တဲ့ထိ ခေါ်တာမျိုး မလုပ်ပါနဲ့၊ ကျွန်တော်ပြောတာ ရှင်းသွားရင် ခွင့်လွှတ်ပါ"

"ဘဘ မှားတာပါကွယ်၊ မတောင်းပန်ပါနဲ့၊ ဒီကလေးတစ်ခုခုဖြစ်မသွားတာဘဲ ဘဘက ဝမ်းသာနေတာ"

ကကြိုး ခြေလှမ်းဖို့ ကိုယ်ကိုအလှည့်တွင် ဘယ်ခြေတစ်ချောင်းလုံး လေးလံထုံကျင်၍ အမှတ်တမဲ့မို့ ငိုက်ခနဲ ဖြစ်သွားသည်။

"မင်း မင်း ဘာဖြစ်သွားတာလဲ"

ဆောင်းမင်းဆက် ကိုင်ထားသည့်မျက်မှန် လွတ်ကျသွားသည်။ ချောက်ချားတုန်လှုပ်စွာ ရှေ့တိုးလာပုံက သတိလက်လွတ်၊ ဦးမင်းထွတ်တင် မျက်လုံးပြူးသွား၏။

"ကကြိုးသျှင်"

ကကြိုး သူ့ကို ရန်မလုပ်တော့။ အနိုင်နိုင်တင်း၍ ပြန်ရပ်ထားရသော အောက်တစ်ပိုင်းလုံးက တဆတ်ဆတ်တုန်နေ၏။

"ကကြိုး ခြေထောက် ဘာဖြစ်သွားလဲမသိဘူး"

ဆောင်းမင်းဆက် မျက်နှာတစ်ခုလုံး နီရဲ၍ မျက်လုံးတို့က ကကြိုး ခြေထောက်ကလေးတွေကို စူးစိုက်ကြည့်နေသည်။

"နည်းနည်း ထပ်လှမ်းကြည့်ပါဦး"

"ဟင့်အင်း"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ဒါမှ မင်းကိုယ်မင်းသိမှာ၊ ဘယ်ဘက်ကလဲ လှမ်းလိုက်စမ်းပါ"

ကကြိုး ချွေးတွေပြန်လျက် ထပ်၍ ကြွမြောက်ကြည့်တော့ မဟန်နိုင်တော့။

"အား"

အနားမှာရှိနေသည့် သူ့ရင်ခွင်ထဲ ပြိုကျလာသည်။ ဆောင်းမင်းဆက် ကကြိုး ကိုယ်လုံးလေးကို ထိန်းကိုင်ထားရင်း ဦးမင်းထွတ်တင်ကို ရှုးရှုးရဲရဲကြည့်လိုက်သည်။

သွားပြီဆိုသောအသိနှင့် ကကြိုးအတွက် စိုးရိမ်စိတ်က ငယ်ထိပ်ထိတက်လာသည်။ သူ ကကြိုးကိုယ်လုံးလေးကို ဆတ်ခနဲ ပွေ့ယူလိုက်သည်။ ပြီးတော့ သူ့ခြေလှမ်းတို့က တိုက်ကြီးပေါ်သို့။

■ ■ ■

## အခန်း (၄၁)

"လူလေး ခရီးထွက်မလို့လား"

"သူလည်း သက်သာနေပြီပဲ၊ ကျွန်တော် ခရီးမထွက်လို့မဖြစ်ဘူး။ ဟိုမှာ ကျွန်တော်ပျောက်နေလို့ လုံးဝမဖြစ်ဘူး။ သူတို့ ကကြိုးကို မျက်ခြေပြတ်နေတုန်း ကျွန်တော့်ကို သံသယဝင်သွားရင် တောက်လျှောက်လိုက်လာကြမှာပါ။ ကကြိုးနဲ့ကျွန်တော် ခေါ်ပြောတာ လက်ရုံးဆိုတဲ့ကောင် တစ်ခါမြင်သွားဖူးတယ်၊ ဒါကြောင့် ခုချိန်မှာ အနေအထိုင်မှားလို့မဖြစ်ဘူး"

"ကလေး အားငယ်မှာစိုးလို့ပါ"

ဆောင်းမင်းဆက် မျက်ဝန်းမှာ ဆွေးရိပ်သမ်းသွားသည်။

"သူ အားမငယ်ပါဘူး၊ ကျွန်တော်ရှိနေလည်း သူ အကပ်ခံတာမှ မဟုတ်ဘဲ"

"ဒါပေမဲ့ မသိစိတ်မှာတော့ အားကိုးနေမှာပါ လူကလေးရယ်"

"ဘဘ သူ့ကို ဂရုစိုက်လိုက်ပါ။ မိန်းမအလုပ်သမားခေါ်ဖို့ကိစ္စ အိုတော့ လုံးဝဖျက်လိုက်မှဖြစ်မယ်၊ လက်ရုံးနဲ့ရာဇ ကကြိုးသျှင်သတင်းနောက်ကို တအားလိုက်နေကြတယ်၊ ဒီအိမ်မှာ လူစိမ်းဝင်လို့ ဘယ်လိုမှ မဖြစ်ဘူး"

"မိန်းကလေးအတွက် စိတ်ချပါ ဘယ်သွားသွား အလုပ်လုပ်သူလေးသာ ကိုယ့်ကိုယ်ကိုယ် သတိထားပါ"

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းမင်းဆက် ဦးမင်းထွတ်တင်ရဲ့အိပ်ရာနံဘေးမှာ ဝင်ထိုင်လိုက်သည်။

"ဒီတစ်ခေါက် ကျွန်တော်ပြန်လာရင် ကကြိုးသျှင်နဲ့ လက်ထပ်မယ်၊ သိပ်ဂရုမစိုက်လှပေမယ့် ကိုယ့်ဘက်က လုပ်သင့်တာလုပ်ထားမှဖြစ်မှာ၊ လက်ထပ်ပြီးတာနဲ့ ကလောကတိုက်မှာ သွားနေမယ်"

ဦးမင်းထွတ်တင် စကားတစ်ခွန်းကိုပြောဖို့ ချင့်ချိန်နေဟန်ရှိ၏။

"ဘဘ ဘာပြောချင်လို့လဲ"

"ဟုတ်တယ် ဘဘပြောချင်တယ်၊ နားနဲ့မနာ ဖဝါးနဲ့နာပေါ့ကွယ်၊ လူလေး တကယ့်အိမ်ထောင်ရေးစစ်စစ်ကို ဖန်တီးသင့်တယ်လို့ ဘဘထင်တယ်၊ ကိုယ်တကယ်ချစ်လို့ ရအောင်ယူထားပြီးမှတော့"

"ကျွန်တော် ဘယ်တော့မှ အဲလိုမလုပ်ဘူး၊ သူ အထင်သေးနေတာက အဲဒါပဲ၊ ကျွန်တော့်ကို ရာဂဘီလူးလို့ စွပ်စွဲထားတော့ ဒါကို ကျွန်တော် ဖြေရှင်းရမယ်၊ သူ့အချစ်ကို ကြည်ဖြူစွာရတဲ့နေ့ထိ ကျွန်တော်စောင့်မယ်"

"ကံကြမ္မာရဲ့အလှည့်အပြောင်းဟာ လူကို ကြိုတင်အကြောင်းကြားမှာမဟုတ်ဘူး၊ လူလေး မိန်းမတစ်ယောက်ကို လက်ထဲမှာရအောင်ယူထားပြီး အလှကြည့်နေရုံနဲ့ ပိုင်ဆိုင်ခြင်းရဲ့ဝီလာမှာမဟုတ်ဘူး၊ သူ့စိတ်က အချုပ်အနှောင် ချည်နှောင်မှုကင်းနေတဲ့အတွက် သူဟာ သူ့ရဲ့ထွက်ပေါက်တွေ့တာနဲ့ ပြေးမှာပဲ၊ ကာမဆန္ဒကြောင့်ဖြစ်စေ၊ ဖြစ်သင့်ဖြစ်ထိုက်လို့ ကျူးလွန်နေတာဖြစ်စေ အခြေအနေအပေါ်မူတည်ပြီး ဆုံးဖြတ်သင့်တယ်လို့ ဘဘထင်တယ်"

"ဟုတ်ကဲ့ ဘဘ"

"လူလေးနဲ့သူ အခြေအနေအတိုင်းအတာတစ်ခုအထိ ချည်နှောင်ထားပြီးရင် ပတ်ဝန်းကျင်ကိုလည်း ဂရုစိုက်စရာမလိုဘူး၊ မိန်းကလေးအပေါ်လည်း တစ်မျိုးချည်နှောင်ပြီးသားဖြစ်မယ်၊ အချစ်ကိုကိုးကွယ်တာဟာ ကောင်းပါတယ်၊ ဒါပေမဲ့ ရူးသွပ်တာ မကောင်းဘူး၊ အချစ်ကြောင့် လူတွေ နည်းအမျိုးမျိုးနဲ့ ရူးသွပ်ကြတယ်၊ ဒါကို အချစ်မျက်ကန်းလို့ခေါ်ကြတာပဲ၊ ဘဘတော့ ရူးသွပ်တာလို့ပဲ မြင်တယ်"



ဦးမင်းထွတ်တင်က လေးနက်စွာ တစ်လုံးချင်းပြောနေသည်။

ဆောင်းမင်းဆက် ဒါကိုတော့ လက်မခံနိုင်ပါ။

"အချစ်ဟာ ရူးသွပ်စေတာမဟုတ်ပါဘူး၊ အချစ်ကြောင့် နူးညံ့ကြတာပါ၊ ကကြိုးသျှင်ဆီက အချစ်ကလွဲပြီး ကျွန်တော့်အချစ်တွေ လိုက်လျောမှုတွေနဲ့ ပေးဆပ်ပြီး ကြိုးစားမယ်၊ ချစ်ခြင်းကို ချစ်ခြင်းနဲ့ပဲ သိမ်းပိုက်ချင်တယ်"

"သူ့အချစ်ကို ရအောင်ကြိုးစားရမယ့်အချိန်တွေမှာ ဘာတွေပြောင်းလဲကုန်မယ်ဆိုတာ တို့မသိနိုင်ဘူး၊ လူလေး သိထားရမှာက ကကြိုးသျှင်ဆိုတဲ့မိန်းကလေးဟာ လက်ထပ်ထားပြီးတဲ့ မိန်းမတစ်ယောက်ဆိုတာပဲ"

"လက်ထပ်ပွဲမပြီးခဲ့ဘူး၊ ဘယ်သူနဲ့မှ လက်မထပ်ရသေးဘူး၊ ကကြိုးသျှင် လက်ထပ်ရမှာက ကျွန်တော်တစ်ယောက်တည်းပဲ၊ ဘဘ ဒီစကားမျိုးထပ်မပြောမိပါစေနဲ့"

ဦးမင်းထွတ်တင် ဆက်မပြောတော့ပါ။ ရင်ထဲမှာ တကယ့်ကို ခေါင်းနိုင်တာအမှန်ပင်။

ဒီကလေး စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေရှာတာကို သူ မကြည့်ရက်။ လူငယ်ပီပီ စိတ်ကူးယဉ်လွန်းသည်ဟု ထင်သည်။ ဒါပေမဲ့ မပြောနဲ့ဆိုတော့လည်း ဘာမှမတတ်နိုင်။

"အပြစ်တင်ရင်လည်း ခံရမှာပဲ၊ ဘဘ တစ်ခုထပ်ပြောပါရစေ"

ဆောင်းမင်းဆက် စူးစိုက်ကြည့်နေ၏။

"ဘုန်းစက်ရှိန်ဝါဟာ လူလေးရဲ့ညီဆိုပေမယ့် မြမျိုးမြင့်မာန်ရဲ့မျိုးဆက်ဟာ လူလေးတစ်ယောက်ပဲ ရှိတာနော်၊ ဒါကို ယေသားတွေသိကြသမယ့် မြမျိုးမြင့်မာန်ရဲ့လူကြီးသုံးယောက် သိကြတယ်၊ သိလို့ဘဘတို့က သူလေးနဲ့မျိုးဆက်သစ်အတွက် လုံးဝ အဆုံးရှုံးမခံနိုင်ဘူး"

www.burmeseclassic.com

ဦးမင်းထွတ်တင်က ဆောင်းမင်းဆက် လက်မောင်းကို ခပ်ကျပ်ကျပ် လှမ်းဆုပ်လိုက်ကာ

"ဘဘတို့ လူလေးကို တစ်သက်လုံး အလိုလိုက်ခဲ့တယ်၊ မျိုးဆက်ချင်း လက်ထပ်ခြင်းဆိုတဲ့ စည်းကမ်းကို လူလေးရဲ့လွတ်လပ်ခွင့်အတွက် ချိုးဖောက်ပေးခဲ့တယ်"

"ဒါပေမဲ့ 'မျိုးမြင့်'ရဲ့မျိုးဆက်ကျန်ခဲ့ဖို့ကိုတော့ လူလေးဘက်က ဝတ္တရားမပျက်ပါစေနဲ့ကွယ်၊ ဒါဟာ အပျော်ရှာတဲ့မိန်းမမျိုးတွေကိုယ်က ပေါက်ဖွားလာတာမျိုးကို ဆိုလိုတာမဟုတ်ဘူး"

"ဒါတွေ ကျွန်တော်သိပါတယ်၊ အားလုံး အဆင်ပြေသွားမှာပါ၊ ကျွန်တော့်ရဲ့ပန်းတိုင်မရောက်မချင်း ကျွန်တော့်ကိစ္စ အဝဝကို ဘဘကလွဲပြီး ဘဘစိုင်းကြီးရော၊ ဘဘထွဋ်ခေါင်ပါ မသိပါစေနဲ့ဦး"

"စိတ်ချပါ လူလေး ခရီးသွားမယ်ဆိုရင် ဒါလေးကိုတော့ ဆောင်သွားပါ"

ဆင်စွယ်ကို ရွှေနဲ့ကွပ်ထားတာကာ ထုထားသည့် ခြသေ့်ရုပ်ကလေး၊ ဝါသနာမပါလှပေမယ့် သူ့အတွက်နေရာတကာ စိုးရိမ်ပို၍ ဇာတာဖြူလ်နှင့် အမြဲကြည့် တွက်ချက်ကာ ယတြာတွေ အဆောင်တွေ မကြာမကြာ လုပ်ပေးတတ်သည့် ဦးမင်းထွတ်တင်၏စေတနာကို လေးစားသည့်အနေနှင့် သူယူထားလိုက်သည်။

"ဘဘ အိပ်တော့ ကျွန်တော် သွားမယ်"

"အေး"

ဦးမင်းထွတ်တင် မျက်ခုံးထူထူကြီးတွေ တွန့်ကွေးလျက် ငိုင်ငိုင်ကြီး ကျန်ခဲ့သည်၊ ဆောင်းမင်းဆက်၏အတွေးများကို ဘယ်လိုချေဖျက်နိုင်မလဲဆိုသော အတွေးများက သူ့ခေါင်းထဲမှာအစီအရီ။

■ ■ ■

## အခန်း (၄၃)

တော်ပါသေးသည်။ ခါတ်လိုက်၍ သူမခြေထောက်တွေ အကြောသေမသွားတာ။ အဲဒီနေ့က ဆောင်းမင်းဆက်အဖြစ်ကို သူ မေ့လို့မရ၊ သူ့ကိုမွေ့၍ အပေါ်ထပ်သို့ တောက်လျှောက်တက်လာလိုက်တာ တကယ့်ကို ကလေးငယ်လေးကို ပွေ့ချီလာသလို ပေါ့ပေါ့ပါးပါး။ ကီးကီးနဲ့ဘဘက သူ့ဆေးမှာပိုင်းလို့။

"ဘဘ ဆေးသေတ္တာသွားယူပေးပါ"

လေကားထိပ်မှာ ပြောလိုက်ကာ သူ့ကို အိပ်ရာပေါ်ချလိုက်သည့်အချိန်မှာ ဦးမင်းထွတ်တင် ဆေးအိတ်နှင့်ရောက်လာပြီ။

ဆောင်းမင်းဆက် စာတစ်ကြောင်းနှစ်ကြောင်း ကောက်ရေး၍

"ဘဘ ဒီဆေး မြန်မြန်သွားဝယ်ခဲ့ပါ"

စာရွက်ကိုယူ၍ ဘဘ ထွက်သွားတော့ ကကြိုး ခြေထောက်ကို သူကိုယ်တိုင် ဆန့်၍

"စိတ်ကို လျှော့ထားနော်၊ နည်းနည်းနာမယ်"

ပြောလည်းပြော၊ ကကြိုးရဲ့ခြေသလုံးသား နုနုလေးကို ဘာသုပ်သိုက်မှန်းမသိ။

"အား"

www.burmeseclassic.com

www.burmeseclassic.com



ကကြိုး တအားထအော်တာကို ကြားမှ သူ ကျေနပ်သွားသလို မျက်နှာကြည်သွား၏။

"နာတယ်ပေါ့"

"နာလို့အော်တာပေါ့၊ ရှင့်ကို မူယာမာယာလုပ်ပြတယ်ထင်လို့လား"

"မထင်ပါဘူး မင်း အဲလိုနာမှ ကုလို့ရမှာ၊ ထိမှန်းကိုင်မှန်းမသိရင် တော်တော့်ကို အဖြစ်ဆိုးသွားနိုင်တယ်"

သူ ကကြိုးကို ဟိုလိုနေနှိပ်၊ ဒီလိုနေနှိပ်နှင့် တစ်ချက်ထောက်ကိုင်လိုက်တိုင်း ကကြိုး ငယ်သံပါအောင် အော်ရသည်။

"ရှင် ရှင်တော်တော့နော်၊ ဒီမှာ သေတော့မယ်၊ ခါတ်လိုက်လို့ မသေဘဲ ရှင်နှိပ်တာနဲ့ သေနိုင်တယ် သိလား"

"ဒါနဲ့ မင်းပဲ စောစောကတော့ သေချင်တယ်ဆို"

ကကြိုး သူ့ကို မျက်စောင်းလေးထိုးလိုက်ကာ တစ်ဖက်ကိုလှည့်သွားသည်၊ အဲဒီမျက်စောင်းလေးတစ်ချက်ကို သူ အမိအရဆုပ်ကိုင်ဖက်တွယ်ကာ ခဏခဏ ပြန်ကြည့်နေချင်သည်။

အချိန်တိုင်း ရင်ခုန်နေချင်သည်။ ချစ်လိုက်တာ ကလေးရယ်၊ ရင်ထဲမှာ တမ်းတမ်းတတ ညည်းဖြစ်၏၊ ဘဘပြန်ရောက်လာတော့ ရေနွေးယူနိုင်းကာ သူ ဆေးထိုးပေးသည်။

"အို မထိုးဘူး၊ ဆေးနှစ်လုံးတောင် အထိုးမခံနိုင်ဘူး သွား"

ဒုတိယဆေးထိုးဖို့ကို အတင်းအကျပ် လုပ်ယူရသည်။

"ဘာလဲ ရှင်က ဒေါက်တာရမ်းကုလား၊ ဆေးရုံမှာ အမှိုက်သိမ်းရင်း ရလာတဲ့ပညာနဲ့ ငွေရှိတိုင်း ဆေးအပ်ကိုင်နေတာလား"

"မင်း မသေသေးဘူးလေ၊ ဒီတော့ ကိုယ်ရမ်းသမ်းကုတာ၊ ရမ်းသမ်းမှန်နေလို့ ဖြစ်မှာပေါ့"



ပြောပြီး ထိုင်ရာကထသည်။

"မင်းခြေထောက် အနာမပျောက်မချင်း ရေလုံးဝမချိုးရဘူး"

"အို ဘယ်ရမလဲ"

"ကိုယ့်ကိုယ်ကိုယ် ဒုက္ခိတလေး ဖြစ်မသွားချင်ရင် ဒေါက်တာခိမ်းကုပြောတာပဲဆိုပြီး စမ်းကြည့်လိုက်လေ"

သူမရှိတော့ ကကြိုးက ဘဘကိုမေးသည်။

"ဘဘ သူက ဆရာဝန်လားဟင်"

"ဟုတ်တယ် အရှီးအကြော ပါရဂူဘွဲ့ရလာပြီး မြန်မာပြည်ပြန်ရောက်တော့ သူ့ဖခင်က ဆုံးသွားပြီ၊ အဲဒီကနေစပြီး ဘွဲ့ရောပညာပါ လုံးဝ ချောင်ထိုးလိုက်တာပဲ"

"ဘာဆိုင်လို့လဲ ဘဘ"

"ပြော် ဆိုင်တာပေါ့ကွယ်၊ နိုင်ငံခြားမှာ သူ ပညာသင်နေတုန်း သူ့ဖခင် မြင်းပေါ်ကလိမ့်ကျပြီး ခါးဆစ်ဘာဖြစ်သွားတယ် မသိဘူး၊ ကိုယ်တစ်ခြမ်းရွဲ့သွားတယ်၊ အဲဒါကို အဖေလုပ်သူကလည်း သူ့သားကြီးပြန်လာမှ ဆေးကုမယ်၊ ပညာကြိုးစားဖို့ အကြောင်းကြားလိုက်တယ်၊ ဒါပေမဲ့ ပြန်လာတော့ သူ အသက်မမှီတော့ဘူး၊ နဂိုကတည်းက ဝန်ထမ်းအလုပ်ကို ဝါသနာမပါဘဲ မိဘတိုက်တွန်းလို့လုပ်ရတာ ဖခင်ဆုံးပြီး အရမ်းစိတ်ထိခိုက်သွားတော့ နောက်ပြန်မကြည့်ဘဲ ကျောခိုင်းလိုက်တာပဲ၊ သူ့ဆေးအပ်ကိုင်တာ မိသားစုအတွက်ပဲရှိတယ်"

"သူ့ဖခင်က ဘာဖြစ်လို့ အသက်ကြီးမှ မြင်းစီးတာလဲ၊ ကျန်းမာရေးကောင်းအောင် လမ်းလျှောက်တာလို့ပဲ ကကြိုး ကြားဖူးတယ်"

ဦးမင်းထွတ်တင်က ကကြိုးကို အတန်ကြာတဲ့အထိ တွေတွေကြီး ငေးကြည့်နေသည်။ ပြီးမှ

"စော်ဘွားမျိုးတွေဟာ မြင်းစီးလေ့ရှိကြတယ်ကွဲ့၊ များသောအား

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဝါသနာနဲ့ဓလေ့တစ်ခုပဲပြောမလား"

"ဟင် သူတို့က စော်ဘွားမျိုးတွေ"

"ဟုတ်တယ် ဒါဟာ 'မြမျိုးမြင့်မာန်' စံအိမ်ကြီးပေါ့၊ ဒီနာမည်မှာပဲ မိသားစု အရှုပ်အထွေးတွေ ဖြစ်ခဲ့တာကြောင့် 'မြမျိုးမြင့်မာန်'ကို နာမည်ပြောင်းဖို့ ကြိုးစားခဲ့ကြတယ်၊ ဒါပေမဲ့ ခုတော့ ဘာနာမည်မှ မပေးဖြစ်ခဲ့ပါဘူး"

"သူက မွေးချင်းမရှိဘူးလားဟင်"

"သူ့ညီဝမ်းကွဲရှိတယ်၊ ဆွေမျိုးဆိုလို့ ဒါပဲလေ၊ သူကတော့ တစ်ဦးတည်းသောသားပေါ့၊ ဒါပေမဲ့ ဘုန်းစက်ရှိန်ဝါဟာ ဆောင်းမင်းဆက်ရဲ့ ညီရင်းအဖြစ် ရှိနေတာပါပဲ"

"သူက ဘယ်မှာလဲ"

"ကနေဒါမှာ ထင်တယ်၊ သူကလည်း သူ့ဉာဉ်နဲ့သူပဲ၊ ထက်ထက်မြက်မြက်ရှိပေမယ့် ဘာအလုပ်မှ ဝါသနာမပါဘူး၊ တကယ့်အားကစားသမားစစ်စစ်ပဲ၊ ကားမောင်း၊ ဆိုင်ကယ်စီး၊ စကိတ်စီး၊ စွန့်စားယှဉ်ပြိုင်ရတာတွေကို သိပ်ဝါသနာကြီးတာ၊ ဒါပေမဲ့ သူတို့ချင်း သံယောဇဉ်တော့ကြီးကြတယ်"

ကကြိုး ဝရန်တာမှာရပ်ရင်း စိတ်ကူးထဲမှာ မျောနေမိသည်။

"ဆောင်းမင်းဆက်"

သူနဲ့သူ့ဘဝက စိတ်ဝင်စားစရာ။

ဒါပေမဲ့ ကကြိုး နည်းနည်းလေးမှ ကရုဏာသက်လို့မရ။

"ကီးကီး ကီးကီးရေ"

ဂူးခနဲ မြည်သံပြု၍ ပေါ်မလာသဖြင့် ကကြိုး အခန်းထဲပြန်ဝင်ခဲ့သည်။

"သြော် နင်က လိုက်ကာကြားထဲမှာ ပုန်းနေတာကိုး"

ကကြိုးက နံရံတစ်ဖက်မှာ ကပ်လျက်ရှိသည့် ကတ္တီပါအနီစကို ဆွဲဖယ်ကာ ခြေထောက်လေးတွေပေါ်နေသည့် ကီးကီးကိုဖမ်းဖို့အငုံ့။



"ဟယ်"

ဝင်းလက်လှပလွန်းသည့် ရွှေကနုတ်ဘောင်ကြီးနှင့် သူမြင်ရသည်က အမျိုးသမီးဓာတ်ပုံတစ်ပုံ။ ကကြိုးလက်ထဲမှာ စုကိုင်ထားမိသည့် ကတ္တီပါစကို ဆောင့်ဆွဲချလိုက်တော့ လက်ထဲမှာ ပုံကျပါလာသည်။

"ဟင် ဒါ ဒါ"

ငါ့ပုံပါလားလို့ ပြောလို့ပင်မရတော့အောင် အံ့သြမင်တက်မိနေတော့သည်။

"ဘယ်မှာလဲ ငါ့ဓာတ်ပုံ ရာဇ"

"ဟီး ဟီး နင့်ကို ငါစချင်လို့ ဓါတ်ပုံအရင်ဦးအောင် သွားရွေးတာ၊ စာအုပ်ထဲမှာ သေချာထည့်ထားရက်သားနဲ့ ဘယ်မှာကျခဲ့မှန်းမသိဘူး"

ကကြိုး အားလုံးကို သတိတရရှိနေဆဲ။ အဲဒီတုန်းက ရာဇနဲ့သူ တော်တော်လေး ရန်ဖြစ်လိုက်ရသည်။ ဓါတ်ပုံအိတ်ထဲမှာ နက်ဂ်တစ်လေးတော့ ကျန်ခဲ့သည်။

သို့သော် ထပ်လည်းမကူးဖြစ်ခဲ့ပါ။ ဒီပုံ ဘာဖြစ်လို့ ဒီရောက်နေတာလဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၃)

"သမီးရဲ့ဓါတ်ပုံဟာ ဘယ်ကမှန်းမသိဘဲ သူ့လက်ထဲ ရောက်လာတာလေ"

ဦးမင်းထွတ်တင်က သူသိသမျှ ပြောပြသည်။

"ကျွန်တော်နဲ့ထိုက်တဲ့ မိန်းကလေးမို့ ဒီဓါတ်ပုံ ကျွန်တော့်နှလုံးသားတည့်တည့်ကို ထိမှန်ပြီးကျလာတာ၊ သူ့ကို မရရအောင်ရှာပြီး ကျွန်တော် ယူမယ်၊ အဲဒီမိန်းကလေးကို ကျွန်တော် စွဲလမ်းနေပြီ ဘဘ"

ဆောင်းမင်းဆက် ဒီတိုင်းပဲ သူ့ကိုပြောခဲ့တာ။

"သူ သမီးကို အဲဒီကတည်းက တမ်းတမ်းစွဲဖြစ်ခဲ့တာ၊ ဓါတ်ပုံကို ဒီလိုပန်းချီကားကြီးဖြစ်အောင် သုံးချပ်တိတိရေးခိုင်းတာ၊ ဒီပုံမျိုး ကလောအိမ်မှာလည်းရှိတယ်၊ ပဲခူးအိမ်မှာလည်း ရှိတယ်၊ ဒါပေမဲ့ ဒီလိုပဲထားလို့ ဘယ်သူမှသိမှာ မဟုတ်ဘူး၊ အဲဒါ သူ အမြဲမကြာခဏ ရောက်နေရတဲ့နေရာတွေပေါ့၊ သူရောက်တိုင်း ဓါတ်ပုံရှိတဲ့အခန်းကိုနေတယ်၊ ဒီပုံကို အချိန်ကုန်ခံပြီး တစိမ့်စိမ့်ကြည့်တယ်"

ကကြိုး မျက်နှာပူပူနှင့် မနေတတ်မထိုင်တတ် ဖြစ်လာသည်။

"တကယ်ဆို သမီးလက်ထပ်ခါနီးမှ သူ သမီးကို စုံစမ်းလို့ရသွားတဲ့အတွက် သူ့မှာ သမီးကိုချဉ်းကပ်ဖို့ အချိန်မရှိတော့ဘူး၊ ဒါကြောင့်



လိုချင်တာကို မရရအောင်ယူတတ်တဲ့ ဉာဉ်ကလည်းရှိနေတော့ သူဟာ သိပ်ကိုလျှို့ဝှက်တဲ့စီစဉ်မှုတွေနဲ့ နပမ်းလုံးခဲ့တယ်၊ သမီး မင်္ဂလာဆောင်မှာ ဝတ်တဲ့ဝတ်စုံဟာ သူ့စိတ်ကြိုက် ဒီဇိုင်းထုတ်ပြီး စိန်နဲ့မွန်းထားတာပေါ့"

"ရှင်"

"ဟုတ်တယ် သူ အစိုင်အမာ စီစဉ်ထားခဲ့တာက သမီးဝတ်စားပြီးတာနဲ့ မင်္ဂလာပွဲမစမီ ရအောင်ယူဖို့ပဲ၊ ဒီဝတ်စုံဟာ သူနဲ့လက်ထပ်ဖို့ပေါ့"

"ဘုရား ဘုရား"

"ဒါပေမဲ့ မထင်မှတ်ဘဲ အနှောင့်အယှက်ဝင်ပြီး မင်္ဂလာပွဲပြီးမှ သူရောက်သွားတယ်၊ သမီးကိုခေါ်လာပြီးမှ သူ အမွှေလည်းမလုပ်ရက်ရှာတော့ဘူးထင်ပါရဲ့၊ လက်မှတ်ထိုးဖို့ သူ မလုံးပမ်းခဲ့ဘူး"

ကကြိုး တအင့်အင့် ရှိုက်ငိုတော့သည်။

ဒီဝတ်စုံ ကကြိုးဝတ်ကြည့်တော့ လက်ရုံး မကျေမနပ်ဖြစ်နေလိုက်တာ သိနေသလိုပါပဲ။ လက်ရုံးကို သတိရတစ္မ်းတစိတ် သနားခြင်းများနှင့် အားလုံးကိုသတိရကာ ကကြိုး ငိုချလိုက်မိသည်။

"အထင်မလွဲပါနဲ့ သမီးရယ်၊ သူ သမီးကိုပေါ့ပေါ့တန်တန် သဘောထားချစ်ခဲ့တာ မဟုတ်ပါဘူး၊ သမီးအပေါ်မှာ သူ့ရဲ့ရည်ရွယ်ချက် မျှော်လင့်ချက် အနာဂတ်အားလုံးပုံအပ်ပြီး ဘဝနဲ့ရင်းခဲ့တာပေါ့၊ သမီး မချစ်နိုင်ရင်တောင် သူ့အတွက် သိပ်နစ်နာစေမယ့် စကားလုံးမျိုးနဲ့ မပစ်ပေါက်မိပါစေနဲ့၊ အပြီးမှာ ယင်နားတာတောင် သည်းမခံတတ်တဲ့ မြွေပွေးလိုလူဟာ သမီးရှေ့ရောက်ရင် ယုန်သူငယ်လေးဖြစ်သွားခဲ့တယ်၊ ဒါကို စာနာပေးပါ"

ကကြိုး ငြိမ်သက်နေသည်။ ဆောင်းမင်းဆက်နဲ့ပတ်သက်သမျှ သူ ဘာကိုမယုံနိုင်တာ ဖြေဆေးမရှိတဲ့ ကြောက်ရွံ့မှုတစ်ခု။

"ဦးလေးဖွေး"

"ဟေ"

www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်လုံး လူလေးသုံးယောက်ထဲရှိတာ။ ကကြီးကတော့ မရင်းနှီးလည်း တရင်းတနှီးပဲ ခေါ်ခဲ့၏။

"ဦးလေးဖွေး ဘာတွေရေးနေတာလဲဟင်"

"ရေးနေတာမဟုတ်ဘူး သမီးရဲ့၊ စာရင်းတွက်နေတာ"

ကကြီးက စားပွဲရဲ့ရှေ့ ဘဖွေးတို့နဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်သည်။

"ဘာစာရင်းတွေလဲ ဟင်"

"လူလေးမအားလို့ မလုပ်နိုင်တဲ့ စာရင်းတွေပေါ့ကွဲ့"

ကကြီးရှေ့ကို ကိုယ်လေးကိုင်း၍ စပ်စုလိုက်သည်။

"ဟင်"

အံ့သြသွား၏။ စာရင်းလည်း မဟုတ်ပါဘူး။ ဆရာဝန်လက်ရေးလို အလွန်ဖတ်ရခက်သော အင်္ဂလိပ်စာကြောင်းများ အက္ခရာများနှင့် တွဲစပ်နေသောစာရင်းက ဘာတွေမှန်းမသိ။

ဘဖွေးလို့ဆိုပြီး မှည့်ခေါ်ထားပါသော်လည်း ဖြူဖြူနုနု ကိုယ်ထွားထွားနှင့် အသက်ငါးဆယ်အရွယ်မျှသာ ရှိသေးသော ဒီလူကြီးသည်လည်း ခြံစောင့်ဆိုပေမယ့် လျှော့တွက်လို့မရပါလား။

"ဦးလေးဖွေးက ကိုဆောင်းမင်းဆက်နဲ့ ဆွေမျိုးပဲလားဟင်"

"ဆိုပါတော့ကွယ် သူ့မိဘများလက်ထက်ကတည်းက ဦးလေးတို့က အထိန်းတော်တွေပေါ့"

"ဦးလေးဖွေးတို့အားလုံး ပညာတတ် လူကြီးလူကောင်းတွေဖြစ်ရက်နဲ့ ဒီမှာလာစုပြီး ကိုယ့်အရည်အချင်းတွေ ကိုယ်မြှုပ်နှံထားသလိုနေတာ နှမြောစရာကြီး"

ကကြီး သွေးတိုးစမ်းလိုက်၏။ ဘဖွေးတို့က သဘောကျစွာ ရယ်နေသည်။



"ဦးလေးတို့ပညာတွေ အနာဂတ်အတွက် အသုံးချဖို့ မချဖို့ မျှော်လင့်ချက်က လူလေးဘဝ မတိမ်းစောင်းမပျက်စီးဖို့ မျှော်လင့်ချက်လောက် အရေးမပါဘူးလေ၊ အုပ်ထိန်းသူက ပညာတတ်မှ ပညာတတ်တဲ့လူရည်မွန်လေး မွေးထုတ်နိုင်မှာပေါ့၊ ဦးလေးတို့တွေအားလုံးရဲ့ မျှော်လင့်ချက်ဟာ အစ်မတော်တို့ရဲ့သွေးစက်ကလေး အညွန့်တလူလူနဲ့ ရှင်သန်ရေးပဲ"

ကကြီး ကြက်သီးထသွားမိသည်။ သူတို့အားလုံးအတွက် ဆောင်းမင်းဆက် သည်မျှအရေးကြီးနေပါလားဆိုသော အတွေးနှင့် သူ့မှာ အနေကျပ်သလိုကြီး ခံစားလာရသည်။

သူတို့အားလုံးရဲ့မေတ္တာတွေဟာ ဆောင်းမင်းဆက် အလိုကျဖို့ ခုံကြယ်ကိုပဲ လေ့ကားထောင်၍ တက်ဆွတ်ပေးရပေးရ၊ သမုဒ္ဒရာရေတွေကိုပဲ မီးပုံရှို့ရရှို့ရဆိုတာမျိုးတွေလား။

နက်ရှိုင်းတဲ့ အသူရာချောက်ကြီးကို ခုန်ချမယ်ဆိုရင်တောင် မလုပ်ပါနဲ့ မတားရက်ဘဲ ချောက်ကိုသာ ရအောင် ရှေ့ဖယ်ပစ်မယ့် အလိုလိုက်ခြင်းတွေလား။ ကကြီး သူမရဲ့ကြံစည်မှုအတိုင်း ဘာမှ အထမြောက်နိုင်မှာ မဟုတ်တော့သလို သိလိုက်ပါ၏။

မြင့်မားခိုင်ခံ့သော အဆောက်အဦး။ ပညာရှိလူယုံတွေ ဝိုင်းရံစောင့်ကြည့်နေသည့် ဒီရွှေလှောင်ချိုင့်မှာ ကကြီး ဘယ်လိုမှ လွတ်လမ်းမမြင်တော့ပြီ။

"ဟူး ရင်မောလိုက်တာ"

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၄)

"ကကြီးသျှင်"

ကိုယ့်နာမည်ကိုတောင် အစအဆုံး မေ့နေသလိုဖြစ်ခဲ့သည့် ကကြီး သူနှင့်တွေ့မှပဲ နားထဲမှာ တစ်မျိုးဖြစ်နေရသည်။

"မိုးဖွားတွေကျနေတယ်၊ အထဲပြန်ဝင်ပါ"

သူ့ကိုလှည့်ကြည့်၍ ကကြီး ဒီတိုင်းပဲ ဆက်ရပ်နေလိုက်၏။ ဒီ တိုက်ကြီးမှာ သူ့ကို တစ်ရက်နှစ်ရက်သာ တွေ့ရတတ်ပြီး ရှစ်ရက်တစ်ပတ် ပျောက်ပျောက်သွားတတ်သည်။

ဘယ်သွားတာလဲ မမေးမိသလို သူ့ကိုလည်းမပြော။ ခုလည်း ဘယ်အချိန်ကတည်းက ပြန်ရောက်နေသည်မသိဘဲ ဘွားခနဲ ပေါ်လာပြန် သည်။

စွဲစွဲလမ်းလမ်းချစ်၍ မရအရ နိုးယူထားသော မိန်းမတစ်ယောက် ကို ဘာသိဘာသာနေ၍လည်း ဂရုမစိုက်စွာရှိတတ်သေးရဲ့။

ဓါတ်ပုံကြီးမြင်ရ၍သာ နည်းနည်း ကျောချမ်းရ သက်သာခဲ့ပေမယ့် ဒီလူကကြီးကို စွဲလမ်းခဲ့သည်ဆိုတာ ယုံနိုင်စရာမရှိပါလေ။

ဒါဖြင့် ဖျက်ဆီးရကြောရရုံး သက်သက်ဆိုရင်တော့ သူ့အမှုအရာ



က ရယူလိုခြင်းဆို၍ မြူတစ်မှုန်စာမျှရှိမနေ။

"ကကြီးသျှင် မင်း ကိုယ်ပြောတာကို ကြားရဲ့လား"

"ကကြီး လွတ်လွတ်လပ်လပ်နေချင်တယ်၊ ရှင် ထွက်သွားပေး ပါ"

"ကိုယ် မင်းနဲ့စကားပြောချင်တယ်"

"ကကြီး မပြောချင်ဘူး"

ဆောင်းမင်းဆက် ကကြီး ရပ်နေသည့် နောက်ဖေးဘက် ကြောင် လိမ်သံလှေကားထိပ် လသာဆောင်ထိ ထွက်လျှောက်လာသည်။

"မိုးစက်တွေစိပ်လာပြီ အထဲပြန်ဝင်ပါ ကကြီးသျှင်ရယ် ဖျားနာ နေမှာစိုးလို့ပါ"

"မဝင်ဘူး။ ဖျားမှာစိုးရင် ရှင်ပြန်ပေါ့"

"ကကြီးသျှင်"

"..."

"မင်းကို ကိုယ် မြတ်မြတ်နိုးနိုး တန်ဖိုးထားချစ်တာ မတုံ့ပြန်နိုင် ရင်နေပါ၊ နည်းနည်းဖြစ်ဖြစ် အသိအမှတ်ပြုပေးစမ်းပါ"

"မပြုနိုင်ပါဘူး။ ရှင့်ကို ဘယ်သူက ချစ်ခိုင်းနေလို့လဲ"

"ကိုယ် အဲဒီလို တစ်ဖက်သတ်ချစ်မိလို့ မင်းကို ဒီလိုခွင့်လွှတ် နေတာပေါ့၊ မင်းစိတ်ချမ်းသာဖို့ ကိုယ်စိတ်ဆင်းရဲခံပြီး နေခွင့်ပေးထားတာ သေိ။ ကိုယ်ဟာ လိုချင်တာကို ချက်ချင်းမရရအောင် ယူတတ်တဲ့ကောင် အဲ့ပေမဲ့ ဒီတစ်ခါ ကိုယ်တပ်မက်မိတာက သိပ်ကိုတန်ဖိုးကြီးနေလို့ ကိုယ့်စိတ် ကို ဒီထိလျှော့ချထားခဲ့တာ၊ မနက်ဖြန် မင်းကိုယ့်ကို လက်ထပ်ရမယ်"

"ဘာ"

"ပြီးတာနဲ့ ကလောကိုပြောင်းမယ်"

"ရှင် ဘာတွေလျှောက်ပြောနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း စကားတွေက ပျော့ပျောင်းမှုနည်းလာသည်။

သူ ခေါင်းခါရမ်းနေရာမှ ပြုံးလေသည်။

"တကယ်တမ်းတော့ ကိုယ်က အချစ်ကို အချစ်နဲ့ပဲခေါ်ယူချင်တာပါ ကကြိုးသျှင်၊ မင်းရဲ့အင်မတန်မှ သေသပ်လှပတဲ့ မျက်ဝန်းထဲမှာ မင်းကိုယ်တိုင် မသိနိုင်တဲ့ အရိပ်တစ်ခု ခိုတွယ်နေတာကို ကိုယ်ခံစားနေမိသလိုပဲ"

"အို မသိဘူး မသိဘူး ရှင် ဘာတွေလာပြောနေတာလဲ"

ကကြိုး စိတ်ညစ်ညူးသလို သူ့ကိုစူးစူးရဲရဲ တစ်ချက်ပြန်ကြည့်လိုက်၏။

"အေးလေ မင်း တစ်နေ့နားလည်လာမယ့်အချိန်ဟာ ကိုယ်သက်ရှိထင်ရှား ရှိနေပါစေလို့ပဲ ကိုယ်ဆုတောင်းပါတယ်၊ တစ်ရက်လေးပဲ သိခွင့်ရပြီးဖြစ်ဖြစ် ကိုယ် ကျေနပ်ပါတယ်"

သူပြောရင်းမှ ကကြိုးကို ငုံ့ကြည့်နေသော မျက်လုံးထဲတွင် နူးညံ့ခြင်းများဖြင့် ကြေကွဲနေခဲ့ပါသလား။

အို ၊ ကကြိုး ရင်မဆိုင်ရဲတော့သဖြင့် မျက်နှာလွှဲလိုက်သည်။ ကောင်းကင်က စောစောကထက် ပိုမိုညို့မှိုင်းကာ မိုးသံများကျယ်လောင်လာသည်။

"မိုးတွေသည်းလာပြီ၊ အထဲဝင်မယ်"

"သည်းပစေ မဝင်ဘူး၊ အဖျားတက်ပြီး သေပါစေ၊ ကကြိုးသေမှ အေးမှာ"

မိုးက တဝေါဝေါ အော်မြည်လာ၏။

ကကြိုးက ခေါ်လို့မရ။ လျှပ်စီးတွေ တဝင်းဝင်းဖြစ်လာသည်။ လေက ကြမ်းလာ၏။

"ကိုယ် တောင်းပန်တယ်ကွာ၊ အထဲဝင်ရအောင်ပါ၊ မင်းကိုစိုးရိမ်လို့ပြောတာ"



ပြောပြောဆိုဆို ကကြိုးလက်ကလေးကို သူ လှမ်းဆွဲလိုက်သည်။ ဆံပင်တွေမှတစ်ဆင့် ကျလာသောရေတွေက ရေတံလျှောက်လို မျက်နှာပေါ်မှာ စကားပြောမရ အသက်ရှူမဝ ဖြစ်လာ၏။

ကကြိုး ရုန်းကန်နေ၍ သူ ဆွဲခေါ်လို့မရ ဖြစ်နေဆဲ။ နေခင်းကြောင်တောင်လို လျှပ်ရောင်ဝင်းဝင်းကြီးက ဖွေးခနဲ ရုတ်တရက်ကျလာ၏။

"ဂျိမ်း"

ခနဲဆို သိမ့်သိမ့်ခါသွားမတတ် တုန်ဟီးသွားသော မိုးကြိုးပစ်သံကြောင့် အားခနဲအော်လျက် ကကြိုး ဆောင်းမင်းဆက်ရင်ခွင်ထဲ ရောက်သွားသည်။

မိုးကြောင့်စို၊ လေကြောင့်အေးလျက် တုန်နေသည့်ကိုယ်လုံးလေးကို ဆောင်းမင်းဆက် သူ့ရင်ခွင်ထဲ ယုယစွာဖက်ထားလိုက်၏။ မိုးက သည်းနေဆဲ။

ကကြိုး ကြောက်အားပိုစွာ အတင်းဖက်တွယ်ထားမိဆဲ။

မိုးစက်တို့က ရက်ရွံ့စွာ သူတို့ကိုယ်ပေါ်ကို အရှိန်ပြင်းစွာ ရိုက်ပုတ်နေသည်သို့ ရှိတော့သည်။

■ ■ ■

ရာဇ ဖျတ်ခနဲလန့်နိုးကာ ခုတင်ပေါ်မှာ ငုတ်တုတ်ထထိုင်မိသည်။ မျက်ဝန်းတွေက ကြောင်တွေနေဆဲ။ ညဏ်တိတ်ဆိတ်မှုအောက်မှာ တိုင်ကပ်နာရီမှ စက္ကန့်သံလေးရွေ့လျားသံကတောင် ကျယ်လောင်လွန်းလှသည်။

နံရံပေါ်က မီးခလုတ်ကို အသာစမ်းကာ ဖိနှိပ်လိုက်မှ တစ်ခန်းလုံး သင်းထိန်သွားခဲ့သည်။ ရင်ထဲမှာ မောဆို့နေသော လေပူတွေကို ရာဇ မှုတ်ထုတ်ပစ်လိုက်မိသည်။

တိုင်ကပ်နာရီမှ လက်တံတွေက ညဉ့်တစ်နာရီခွဲကို ညွှန်ပြနေ၏။ ရာဇ အခန်းထဲမှ ဂူဂူကြီးရပ်ရင်း မင်သက်နေမိသည်။ တကယ့်ကိုမိုးလွန်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ပါပဲ။ အိပ်မက်ထဲမှာ ကကြိုးကို သူတွေ့မြင်ခဲ့ရ၏။ ကကြိုးမျက်ဝန်းက မျက်ရည်တွေနဲ့။ ကကြိုးအသွင်က ခြောက်လန့်တုန်ယင်လျက်။

နှုတ်က ဘာတွေတတွတ်တွတ်ပြောနေသည်မသိ။ အသံလိုင်းတွေ မကြားရပေမယ့် ကကြိုး အကူအညီတောင်းနေတာ သူသိနေသလို။ ကကြိုးကို စာနာသနားစိတ်ဖြင့် ကူညီဖြင့် အနားကိုတိုးကပ်သွားတော့ ကကြိုး ရိပ်ခနဲ ပျောက်သွားလေသည်။

ရာဇ စိုးရိမ်ချောက်ချားစွာဖြင့် ကကြိုးကိုလိုက်ရှာသည်။ မတွေ့။ လုံးဝမတွေ့ဘဲ မောဟိုက်ပင်ပန်းစွာ လန့်နိုးလာခြင်းဖြစ်သည်။ ကကြိုးရယ် နင် ဘာတွေဖြစ်နေတာလဲ။ ဘယ်ရောက်နေတာလဲ။

အားလုံးကတော့ နင်နဲ့ပတ်သက်သမျှ ပဟေဠိတွေနဲ့ချည်းပါ။ အဘွားသစ်တို့ကိုယ်တိုင် နင် လက်ရုံးကို လက်မထပ်ချင်လို့ ရှောင်ပြေးသွားတယ်။ နင့်ချစ်သူနောက်လိုက်သွားတယ် ထင်မှတ်နေကြတုန်းပဲ။

ဘိုးဘိုးကျော်ဆို နင့်ကိုစိတ်နာပြီး အမွေပြတ်ကြော်ငြာမယ်တဲ့။ အဘိုးအဘွားတွေနဲ့ မေတ္တာကိုမထောက်ဘဲ အမိုက်မ တဲ့။ ကကြိုးရယ် လက်ရုံးနဲ့ငါကတော့ အဲဒီထင်မြင်ချက်တွေကို မယုံဘူး။ လက်မခံချင်ဘူးဟာ။

နင် လက်ရုံးကို ဒီလောက်ထိ ရက်ရက်စက်စက် လုပ်ရက်မှာ မဟုတ်ဘူးလို့ ငါယုံတယ်။ ဘယ်လိုအကြောင်းအရာတစ်ခုက နင်နဲ့လက်ရုံးကို ဝေးကွာနေစေတာလဲ။ နင့်အတွက် လက်ရုံးရင်ထဲက သောကတွေကို ဘယ်သူမှ အလေးမထားနိုင်ကြဘူး။

မင်္ဂလာပွဲအပြီးမှာ မှော်ဆန်ဆန်ပျောက်သွားတဲ့ နင့်ကို နားမလည်နိုင်ကြဘူး။ အားလုံးရဲ့သိက္ခာအတွက် ရေငုံနှုတ်ပိတ်ပြီး စုံစမ်းနေကြတယ်။

မာမီရော ဒယ်ဒီပါ ခေါင်းတွေပူနေမှာ သေချာတယ် ကကြိုး။ ငါကတော့ နင် တစ်နေ့ လက်ရုံးရင်ခွင်ထဲ ပြန်လာမယ်လို့ ယုံကြည်နေတယ်။



မျှော်လင့်နေတယ်။ နေ့သစ်တစ်နေ့မွေးဖွားလာတိုင်း နင့်သတင်း နင့်အကြောင်းကို မျှော်ရတယ်။ စုံစမ်းရတယ်။ ဒါပေမဲ့ သတင်းတွေက လမ်းစပျောက်နေတယ်။

နင် ဘာဖြစ်နေသလဲ။ နင် အန္တရာယ်နဲ့ရင်ဆိုင်နေရသလား။ ဒါမှမဟုတ် အားလုံး သံသရဖြစ်နေသလို ဘဝသစ်မှာပျော်နေသလား။ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးနေတဲ့အချိန်တွေနဲ့ ငါ ရင်မောနေရတယ် ကကြိုး။

အဖြူအမည်း သဲကွဲတဲ့အဖြေတစ်ခုတော့ နင် ချန်ထားသင့်တယ် ကကြိုးရယ်။ အတွေးတွေကို ဖြတ်တောက်ပြီး ရေချိုးခန်းဘက် ရာဇထွက်ခဲ့မိသည်။

လက်ရုံးအခန်းထဲမှာ မီးရောင်တွေ လင်းရှင်းနေ၏။ ရာဇစိတ်ထဲမှာ မကောင်းပါ။ လက်ရုံး မအိပ်သေးတာလား။ သူ့လို အိပ်မက်ဆိုးကြောင့် လန့်နိုးတာလား။

တံခါးကို အသာတွန်းကြည့်တော့ ညင်သာစွာပဲ ပွင့်သွားသည်။

အခန်းထဲမှာ လက်ရုံး ငုတ်တုတ်၊ စာကြည့်စားပွဲမှာ ကျောက်ရုပ်ကြီးလိုထိုင်လို့။ မျက်ဝန်းအစုံက စားပွဲပေါ်က ဓါတ်ပုံလေးဆီမှာ။

တို့သုံးယောက် အမှတ်တရရိုက်ထားတဲ့ ဓါတ်ပုံလေးထဲမှာ နင် မှတ်နောက်နောက်နဲ့ လျှာကလေးထုတ် ပြောင်ပြနေတာလေ။

ခုတော့ လက်ရုံးအတွက် ကြေကွဲစရာတွေချည်း ဖြစ်နေပြီ ကကြိုးရယ်။

"မင်း မအိပ်သေးဘူးလား လက်ရုံး"

ရာဇ အသံတိုးတိုးကြောင့် လက်ရုံးအနောက်ကို ဖြည်းညင်းစွာ လှည့်ကြည့်လာသည်။

"ငါ ဘယ်ရှိမှ အိပ်မရဘူး ရာဇ၊ မင်းကရော နိုးတာလား"

အိပ်မက်ဆိုးကို လက်ရုံးမသိစေချင်တာမို့ ရာဇ အားကွာဟုပဲ

www.burmeseclassic.com

အဖြေပေးကာ ခုတင်စွန်းမှာ ဝင်ထိုင်လိုက်၏။

"ကကြိုး တစ်ခုခုဖြစ်နေမှာ ငါ စိုးရိမ်တယ် ရာဇရာ၊ ငါတို့စုံစမ်းတာလည်း နှံ့နေပြီ၊ ကကြိုးပျောက်ဆုံးနေတာကို တိုင်ချက်ဖွင့်ရင်ကောင်းမယ်ထင်တယ်"

"လူကြီးတွေက မလုပ်စေချင်တဲ့အလုပ်ပဲ၊ အဘွားသစ်တို့က တစ်ရက်ကနေနှစ်ရက် မဖြစ်ချင်ဘူးတဲ့၊ မာမီနဲ့ဒယ်ဒီကလည်း အခုတောင် ထူပူနေတာ၊ လူသိရှင်ကြားဖြစ်ရင် အပြင်တောင် ထွက်ရဲတော့မှာမဟုတ်ဘူး"

"ဘာမှ မရေရာတဲ့ဘဝကြီးနဲ့ ငါ ထိုင်စောင့်နေရမှာလား ရာဇရာ၊ ငါ့ဘက်ကိုလည်း စာနာပေးကြပါဦး"

လက်ရုံးအသံတွေက အက်ကွဲရှတနေသည်၊ သူ့ထက် စိတ်ဓာတ်ခိုင်မာသော လက်ရုံးတောင် သည်လောက်ဖြစ်နေတော့ သူ စာနာနိုင်၏။

"ငါ နားလည်တယ် လက်ရုံး၊ ဒါကြောင့် ငါလည်း စုံစမ်းနေတာပဲကွာ"

"မာမီတို့အဘွားသစ်တို့ထင်သလို မင်းထင်နေသလား ရာဇ၊ ကကြိုး တကယ် ငါ့ကိုစွန့်ပြီး သူများနောက် အိုကွာ ချစ်သူ ရည်းစားနောက် လိုက်သွားတယ်လို့ မင်းထင်သလား"

လက်ရုံးလေသံက နာကျင်ခါးသက်နေ၏။ မယုံနိုင်ခြင်းတွေနှင့် ခံရခက်နေမှန်းလည်း သိသာသည်။

"ငါမထင်ဘူး၊ မဖြစ်နိုင်ဘူး ကကြိုးမှာ ချစ်သူရည်းစားမပြောနဲ့ ယောကျ်ားကလေးသူငယ်ချင်းတောင် မရှိဘူး"

"အေးကွာ ငါနဲ့မင်းသိသလို ကကြိုး သူငယ်ချင်းအရင်းအချာတွေလည်း ဒါကို အကြွင်းမဲ့လက်ခံကြတယ်၊ စဉ်းစားမရတာက ကကြိုး ဘယ်ပျောက်သွားတာလဲ၊ ဘယ်ထွက်သွားတာလဲ"

လက်ရုံးမေးခွန်းကို ရာဇ မဖြေတတ်ပါ။ ဘယ်သူမှလည်း မဖြေ



တတ်သောမေးခွန်း ဖြစ်နေသည်။

"တစ်ခု စဉ်းစားစရာက ကကြိုးကို တစ်ဖက်သတ်ကြိုက်နေတဲ့ ကောင်ရဲ့ ယုတ်မာတဲ့လုပ်ရပ်တစ်ခု ဖြစ်နိုင်မလားပဲ"

"ကကြိုးကိုကြိုက်နေတဲ့ကောင်တွေ အများကြီး၊ အဲဒီထဲမှာ သံသယဖြစ်စရာကောင်းတဲ့ နေသာကလည်း ကောင်မလေးတစ်ယောက်နဲ့ ဆင်ပြေနေတယ်၊ ကျန်တဲ့သူတွေကလည်း ဘာဆိုဘာမှမသိကြဘူး။ ငါနဲ့ ကကြိုး ညားနေပြီထင်နေကြတာပဲ"

အဖြေက ရှာလေပျောက်ဆုံးလေဖြစ်နေသည်။ တစ်စုံတစ်ခုသော အကြောင်းတရားတော့ ရှိရမည်။ ထိုအကြောင်းအရာက ဘာလဲ သူတို့ ရှာမတွေ့နိုင်သေးတာဘဲ ဖြစ်ရမည်။

"ငါတော့ ဖြစ်ချင်ရာဖြစ် လူကြီးတွေလက်မခံချင်နေ ကကြိုးကိစ္စ ကို လူပျောက်တိုင်ချက်ဖွင့်ချင်တယ် ရာဇ"

"ခဏလေးစောင့်ဦးကွာ၊ နောက်ဆုံး ဘယ်လိုမှ အဖြေရှာမတွေ့ ရင် မင်းဆန္ဒကို ငါမတားတော့ဘူး"

လက်ရုံး သက်ပြင်းမောကြီးနှင့် ခေါင်းငိုက်စိုက် ငြိမ်သက်သွား သည်။ ရာဇ အကြည့်ကိုလွှဲတော့ ဓါတ်ပုံလေးထဲမှ ကကြိုး၏အပူအပင်မဲ့ မှတ်ဝန်းလေးတွေကို မြင်သည်။ ကကြိုး အပျော်မျက်နှာလေးနှင့် ပြောင်ပြ နေသည်။ ထိုစဉ်က သူတို့ညီအစ်ကို ကကြိုးပုံလေးကို ကြည့်ကာ ရယ်မော တွေ့နှပ်နေခဲ့ကြပေမယ့် အခုတော့ ရင်ထဲမှာ မီးတောင်တွေ ပေါက်ကွဲတော့ ယ် ကကြိုး။

www.burmeseclassic.com

## အခန်း (၄၅)

"သူ ဘယ်လိုနေသေးလဲ ဘဘ"

"ကိုယ်ပူကျသွားပြီ လူလေး၊ စိတ်အေးအေးအနားယူပါ၊ ထူးခြားရင် ဘဘ လာပြောပါ့မယ်"

ဆောင်းမင်းဆက် နာရီကိုကြည့်သည်။

"မနက်စာမကျွေးခင် အဲဒီဆေးတိုက်ပေးပါ၊ ကိုယ်ပူထပ်တက်လာရင် ကျွန်တော့်ကို လာပြောနော်"

ကိုယ်တိုင် အိပ်ရာထဲမှာ ပက်လက်။ မျက်နှာနီနီ အသံတွေအက်ရှရှနှင့် မျက်တောင်တွေလည်း မွေးစင်းလို့ ကကြိုးအတွက် ပူနေသည့်သူ့ကို ဦးမင်းထွတ်တင် သနားကြင်နာစွာ စိုက်ကြည့်နေသည်။

"လူလေး မင်းကို ဘဘ ဆေးထိုးပေးမှဖြစ်တော့မယ်"

သူ့မျက်လုံးတွေ မပွင့်နိုင်တော့ဘဲ ခေါင်းအသာညိတ်ပြ၏၊ ကကြိုးဆီပြန်လာ၍လည်း လိုအပ်သမျှ သူပဲလုပ်ပေးရသည်။ ကကြိုးက ကိုယ်ငွေ့နွေးနွေးနှင့် အိပ်မောကျသွားပြီ။

ညက နှစ်ယောက်သား ပေါက်ဖေးလသာဆောင်မှာ လေညင်းမခံဘဲ မိုးစိုခံကြသည်တဲ့။



ကကြိုးကို စောင်ခြုံပေး၍ ဦးမင်းထွတ်တင် ပြုံးလိုက်မိသည်။ ညသန်းခေါင်ကျော်က၊ ဘည်းက တက်လိုက်ကြတဲ့အဖျားတွေ နှစ်ယောက်လုံး အချိန်ကိုက်၊ အပူချိန်ကိုက်။ ဒါကို ကိုယ်တိုင်ခေါင်းမထူနိုင်ဘဲ ကကြိုးကို ဆေးထိုးဆေးတိုက် လုပ်ပေးသွားသေးသည်။

ပြီးတော့လည်း စိတ်မချနိုင်စွာ တဝင်ဝင်။ ဦးမင်းထွတ်တင် စွပ်ပြုတ်ဗန်းကန်နှင့်ဝင်လာချိန်တွင် ကကြိုးကနိုးနှင့်ပြီ။

"ဘယ့်နှယ်နေလဲ သမီး"

"သက်သာသွားပြီ ဘဘ၊ ခေါင်းပဲ နည်းနည်းအုံနေတယ်"

"အေး အေး ဒီမှာ စွပ်ပြုတ်လေးသောက်ရအောင်၊ ဆိတ်သားဆို ညီမှာစိုးလို့ ဘဘ ကြက်သားနဲ့ပြုတ်လာတာ"

အိမ်ကိုလွမ်းတဲ့စိတ်ရယ်၊ ဆောင်းမင်းဆက်အပေါ် ကြောက်တဲ့စိတ်ရယ်သာ ရှိမနေပါလျှင် ဒီအိမ်ကြီးနဲ့လူတွေကို ကကြိုး ခင်တွယ်ပါသည်။

မိန်းမတွေကိုချစ်ပြီးလျှင် အရုပ်လိုလွှင့်ပစ်တတ်သည့် ဆောင်းမင်းဆက်ကို ကကြိုး ကြောက်နေသည်။

ချစ်တတ်တဲ့သူလို့လည်း လက်မခံနိုင်။ ပြန်ချစ်ဖို့လည်း မတွေးရဲ၊ သူနဲ့ဝေးရာကိုပဲ ပြေးချင်ခဲ့နေသည်။

ရင်ထဲမှာ ငါ လက်ရုံးကိုချစ်ခဲ့ပြီးပြီ၊ လက်ရုံးနဲ့လက်ထပ်ပြီးပြီဆိုသော သစ္စာတရားက အမြဲကြီးစိုးနေ၏။

"သောက်လို့မကောင်းဘူးလား သမီး၊ ခံတွင်းပျက်သွားတာလား"

"ဟုတ်တယ် ဘဘ၊ ပါးစပ်ထဲမှာ ခါးနေတယ်"

"စပျစ်သီးလေး စားလိုက်ပါလား သမီးရဲ့"

"မစားချင်ဘူး ဘဘ၊ ကကြိုး မရမ်းသီးချဉ်စပ်စားချင်တယ်"

"အို ဘယ်တည့်မလဲ သမီးရယ်၊ လူနာဆိုတာ ဆေးကို အချိန်နဲ့သောက်ရတာ၊ ဒီမုန့်တွေနဲ့ ဆေးနဲ့မတည့်ဘူးကွဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကကြိုးမျက်နှာလေး မကောင်းနိုင်ရှာဘဲ ငြိမ်သွားရှာသည်။

ထိုစဉ် ဆောင်းမင်းဆက် ဝင်လာ၏။

"သူ ကိုယ်ပူပြန်မတက်ရင် ကျွေးလိုက်ပါ ဘဘ"

ဦးမင်းထွတ်တင် တစ်ခုခုပြောမည်ပြင်ပြီးမှ ဘာမှမပြောတော့ဘဲ ထလိုက်သည်။

"လူလေးရော သက်သာလား၊ ဘဘက မနိုးလောက်သေးဘူး ထင်လို့ ကလေးကို အရင်လာကျွေးတာ၊ လူလေးအတွက်"

ဆောင်းမင်းဆက် လက်ခါပြ၏။

"သူ့အတွက်ပဲ သွားဝယ်ပေးလိုက်ပါ၊ ကျွန်တော် မစားချင်သေးလို့"

ဆောင်းမင်းဆက် ရှပ်လက်ရှည်အဖြူနှင့် ဂျင်းပြတ်ခေါင်းစွပ်ဆွယ်တာ အနီရဲရဲကိုဝတ်ထားကာ ကချင်ပုဆိုးကွက်နှင့်။

တစ်ခါတစ်ရံသာ ပုဆိုးဝတ်တာရှိတတ်ပေမယ့် ဘောင်းဘီရှည်နဲ့ ထက် ပို၍ ကျက်သရေရှိနေသည်။ ဘဘထိုင်ခဲ့တဲ့နေရာမှာ သူ ဝင်ထိုင်တော့ ကကြိုး မျက်လုံးတွေကို ပိတ်ပစ်လိုက်၏။

ညကအဖြစ်ကိုတွေးမိတိုင်း ရင်ထဲမှာ ခါးသီးနေသည်။ တကယ်ဆို သူ့ရဲ့ထွေးဖက်ခြင်းမှာ ကကြိုး ခိုလှုံခဲ့ဖူးတယ်ဆိုတဲ့အဖြစ်ဟာ လုံးဝမရှိသင့်တဲ့အရာ။ သူဟာ ချစ်ခြင်းကို ကြိမ်ဖန်များစွာ စော်ကားဖျက်ဆီးခဲ့တဲ့လူဆိုး။ သန့်ရှင်းသော ကိုယ့်ရဲ့ခန္ဓာကိုယ်ဟာ အဘယ်ကြောင့် အားကိုးတကြီး ခိုဝင်ခဲ့ပါသလဲ။

"ကကြိုးသျှင်"

"..."

"မင်းကို ကိုယ်လက်ထပ်ပါရစေ"

"အိုး မထပ်ဘူး၊ ကကြိုးမှာ လက်ထပ်ထားတဲ့ယောကျ်ားရှိတယ်"



"လက်ထပ်ဖူးတာဟာ အမည်ကျန်ခဲ့တာတစ်ခုပဲ ကကြိုးသျှင်၊ မင်းမငြင်းပါနဲ့၊ သူနဲ့မင်းဟာ ပေါင်းမှမပေါင်းရသေးဘဲ"

သူ ရှေ့ဆက် ရင်ဆိုင်တိုးတိုက်ဖို့ကိစ္စတွေ အများကြီးရှိနေသည်။

ဒါကြောင့် လိုအပ်သမျှ ထောင့်စေ့အောင် ဒီနေ့ စီစဉ်ရမည်။ မနက်ဖြန် ခရီးထွက်ဖို့က အားလုံးအဆင်သင့်။

"မနက်ဖြန် ကိုယ်တို့ ကလောကိုပြောင်းရမယ်၊ ဒါကြောင့် လက်ထပ်ခြင်းကို မဖြစ်မနေ လုပ်ကိုလုပ်ရတော့မှာ၊ ငြင်းဖို့ကြိုးစားလည်း အောင်မြင်မှာမဟုတ်ဘူး၊ ကကြိုးသျှင် မင်းရဲ့ချစ်ခြင်းကို စောင့်နေခဲ့တာကလွဲရင် ကိုယ့်လက်ထဲရောက်လာကတည်းက မင်းဟာ ကိုယ်ပိုင်ဆိုင်ပြီးသားပါ"

"အို မဟုတ်ဘူး"

"မင်း ကိုယ့်ကိုလက်ထပ်ဖို့ ငြင်းနေရင် ကိုယ့်ဘက်က ပိုင်ဆိုင်မှု တစ်ခုခုအတွက် မင်းကိုသိမ်းပိုက်ရတော့မှာပဲ"

"ရှင် ရှင် အဲလို မရမ်းကားပါနဲ့"

"ဒီအဖြစ်မျိုး ကိုယ်မဖြစ်ချင်ပါဘူး၊ ဒါကြောင့် အေးအေးဆေးဆေး စာချုပ်မှာ လက်မှတ်ထိုးလိုက်ပါ၊ မင်းနဲ့ပတ်သက်ပြီး ရင်ဆိုင်ဖို့တွေ ကိုယ့်မှာ အများကြီးရှိနေတယ်"

ကကြိုးသျှင် နှုတ်ခမ်းလေးကို ခပ်ဖိဖိကိုက်ထားသည်။

"အိမ်ကို တစ်ခါလောက် ဖုန်းဆက်ပါရစေ"

"ခွင့်မပြုနိုင်ဘူး ကကြိုးသျှင်၊ အဲဒီဖုန်းနံပါတ်နောက်လိုက်ပြီး ထပ်ရှုပ်လာကြမှာ ကိုယ်သိတယ်၊ ပြီးတော့ သူတို့က မင်းကို ဟိုကောင့်ကိုမချစ်လို့ ချစ်တဲ့လူနဲ့ လိုက်ပြေးသွားတယ်ထင်ပြီး စိတ်ဆိုးနေကြတာ"

"ဟင်"

ဆတ်ခနဲ တောင့်မတ်သွားရာမှ ကကြိုးမျက်ရည်တွေ တအိအိ စီးကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးရဲ့ဒေါသထန်နေတဲ့မျက်နှာကြီး။ လက်ရုံးရဲ့ ရင်ထုမနာ သို့ကို ရွံရှာစွာစိုက်ကြည့်နေတဲ့ မျက်လုံးစိမ်းတွေ။

အို မျက်လုံးတွေ မှိတ်ပစ်လိုက်ကာ ကကြိုး ငိုချလိုက်သည်။ ဆောင်းမင်းဆက် မျက်နှာကြီးပျက်သွားသည်။

"အဲလောက်မငိုပါနဲ့ ကကြိုးသျှင်၊ တို့မှာ မင်းထင်သလို အခြေအနေမဆိုးသေးပါဘူး။ လက်ရုံးဆိုတဲ့ကောင်လည်း ဘိုးအပေါင်းအသင်းနဲ့သူ ခါတိုင်းလိုပဲ သွားလာမပျက်ရှိနေတယ်"

"မဖြစ်နိုင်တာတွေ ရှင်ညာမပြောနဲ့ ကိုဆောင်းမင်းဆက်၊ လက်ရုံးဟာ ရှင့်လိုမိန်းမတစ်ယောက်ကို အလွယ်တကူချစ်၊ အလွယ်တကူပစ်ပြီး ချက်ချင်းမေ့ပစ်တတ်တဲ့ ယောကျ်ားမျိုးမဟုတ်ဘူး"

ဆောင်းမင်းဆက် ဝုန်းခနဲ ထရပ်လိုက်သည်။ ဒီနေရာမှာ ကကြိုးသျှင်မဟုတ်ခဲ့လျှင် သူ စိတ်ရှိလက်ရှိ ကိုင်ပေါက်ပစ်မိမည်သာ။

ခုတော့ အသားဆတ်ဆတ်တုန်အောင် ဒေါသထွက်နေသည့်တိုင် သူ မပေါက်ကွဲရက်။

"ဒါ ကိုယ်မသိဘူး။ မြင်တဲ့အတိုင်းပြောပြတာ၊ သူ့ရင်ထဲမှာ မီးတောင်ဆယ်လုံးလောက် မျိုထားလည်း ကိုယ်မြင်ရတာမှမဟုတ်တာ၊ မြင်ရလည်း ဒီအတွက် ကိုယ်ခံစားမပေးနိုင်ဘူး။ ကိုယ့်ရင်ထဲမှာ အဲဒီမီးတောင်ဆယ်လုံးထက် ဆယ်စင်းလောက်မက အဆတစ်ရာပူနေတယ်၊ ငြိမ်သက်နေတဲ့ ကန်ရေပြင်ထဲက လရိပ်ကို အုပ်ဖမ်းဖို့ကြိုးစားနေရတဲ့ ကိုယ့်အဖြစ်ကသူ့ထက်ရှုံးသွပ်တယ်"

"အဲဒါ ရှင်သဘောပေါက်ရင် ရှင့်လုပ်ရပ်ကို ရပ်လိုက်ပါ၊ ဘာဖြစ်လို့ ကြိုးစားနေလဲ"

"ကြိုးစားမယ် လရိပ်ကိုပဲဖြစ်ဖြစ် ခုန်ဖမ်းမှာပဲ၊ ခါချဉ်ကောင်ပဲဖြစ်ဖြစ် ခေါင်းနဲ့ပြေးတိုက်မှာပဲ၊ လက်ထဲမှာ လရိပ်ပါမလာလည်း ဟိုးအဝေး



ကြီးကို မော့ငေးနေမယ့်အစား ကန်စပ်မှာထိုင်ပြီး ကိုယ့်ရင်ခွင်နားက လရိပ်ကို နီးနီးကပ်ကပ်ခံစားမယ်၊ မြင့်မိုရ်တောင်ပြိုမသွားလည်း ခါချဉ်ကောင်သေပေ့၊ မဆန်းပါဘူး၊ ကိုယ့်လုပ်ရပ်အတွက် ဘယ်သူဘာပြောပြော ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် ရတဲ့နည်းနဲ့ လုပ်သွားမှာပဲဆိုတာ မင်း ယုံ"

"ကကြိုးကလည်း ရှင့်ကို ဘယ်တော့မှ ချစ်လာမှာမဟုတ်ဘူးဆိုတာ ယုံလိုက်"

"မင်း ချစ်ချစ်မချစ်ချစ် ကိုယ်ချစ်နေဖို့ပဲလိုတာပါ၊ ကိုယ့်အနားမှာ မင်းရှိနေရင် အရာအားလုံးဟာ အသေးအဖွဲ့ပါ"

"ရှင်ဟာ သိပ်ကို အတ္တကြီးတဲ့လူ"

"ဘယ်ကမလဲ ငါ့အတ္တသာမှန်ရမယ်ဆိုတဲ့ နောက်ထပ်အတ္တတွေရှိသေးတယ်၊ လူဆိုတာ အတ္တများမှ ကိုယ်ဖြစ်ချင်တာဖြစ်အောင်လုပ်နိုင်တာ၊ တွေဝေပျော့ညံ့နေရင် ဘာမှဖြစ်မလာဘူး။ အဲဒီတွက်လည်း ကိုယ့်မှာ နောင်တမရှိဘူး"

သူ ကကြိုးကို စူးစူးစိုက်စိုက်ကြည့်၍ ပင့်သက်ရှိုက်သည်။

"မင်း တောင်းဆိုပါ ကကြိုးသျှင်ရယ်၊ လူတစ်ယောက်ရဲ့အသက် [illegible] သွေးလား၊ ရွှေလား၊ ငွေလား၊ ဘာမဆို ကိုယ်ဖြစ်အောင်လုပ်ပေးမယ်၊ [illegible]ခင်းနဲ့ကိုယ် ကွဲကွာသွားစေနိုင်တဲ့ တောင်းဆိုမှုမျိုးဆိုရင်တော့ မင်းသေပြ[illegible]သည်း မင်းရဲ့အလောင်းကိုပွေ့ပိုက်ပြီး ကိုယ်နဲ့အနီးဆုံးမှာ ထားလိုက်မှာပဲ၊ ဘယ်တော့မှ ခွင့်ပြုမှာမဟုတ်ဘူး"

သူ ချာခနဲ လှည့်ထွက်ခဲ့သည်။ မျက်ရည်ကြောင်းလေးနှင့် သူ့ကို [illegible]တီးစက်ဆုပ်စွာ စူးစိုက်ကြည့်နေသည့် မျက်လုံးတွေကို မမြင်ချင်တော့[illegible] [illegible]သေမဲ့ ကိုယ်မင်းကို သိပ်ချစ်နေတယ် ကကြိုးသျှင်ရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၆)

တစ်ချိန်လုံး ကကြိုးကို ခြေဆုံးခေါင်းဆုံး မျက်တောင်ပင်မခပ်ဘဲ ဆောင်းမင်းဆက် စိုက်ကြည့်နေရာမှ ကကြိုးနောက်မှာ လာရပ်ရင်း တိုးတိုး ညင်းညင်း ပြော၏။

"တကယ်ဆို ဒီထက်ကောင်းတဲ့ ဝတ်စုံ ကိုယ်ဖန်တီးပေးနိုင်တယ်၊ ဒါပေမဲ့ ဒီဝတ်စုံဟာ မင်းနဲ့ဟိုကောင်အတွက် မဟုတ်ဘူးဆိုတာ မင်းသိစေချင်လို့၊ ပြီးတော့ မင်းနဲ့သိပ်ကိုလှနေတယ်၊ ဆံပင်တွေကို ဒီတိုင်းဖြန့်ချပြီး ထွက်ခဲ့ပါ၊ အပြင်မှာ ကိုယ်စောင့်နေမယ်"

ဆောင်းမင်းဆက်ရဲ့အသံမှာ ကြင်နာတာတွေ တွယ်တာတာတွေ ရှိနေသလား ကကြိုး မဝေခွဲတတ်ပေမယ့် ထုံးစံအတိုင်း သူ့ကို ခပ်စူးစူး တစ်ချက်လှည့်ကြည့်မိသည်။

"ဒီမှာ"

"ပြောလေ"

"ကကြိုး လက်မှတ်ထိုးပြီးရင် ရှင်လည်း ကတိတည်ပါ"

ဆောင်းမင်းဆက် ကကြိုးကို အကြာကြီး စူးစိုက်ကြည့်နေသည်။

"မင်း မကြည်ဖြူဘဲ ကိုယ် ဘာမှမလုပ်ဘူး၊ စိတ်အေးအေးနေပါ"

သူထွက်သွားတော့ ခုံပေါ်မှာတင်ပေးသွားသည့် ရတနာသေတ္တာ



လေးကို ကကြိုး ဖွင့်ကြည့်လိုက်သည်။

အားလုံး တစ်ဆင်စာစီအပြည့်ရှိနေသော ရတနာမျိုးစုံက သူ့ အကန့်နဲ့သူ တဖျတ်ဖျတ်ခါနေသည်။

လှလိုက်တဲ့ စိန်လည်ကုံးလေး။ ရဲတောက်ကြွရွနေသည့် ပတ္တမြား လည်ကုံးလေးကလည်း လက်ရာမြောက်လှသည်။

ဒါတွေ ကကြိုး ဝတ်ရမည်တဲ့။ မဝတ်ဘူးဆိုလည်း သူ အတင်း ဝတ်နိုင်းမှာပင်။ ကကြိုး စိတ်ညစ်စွာ ရပ်နေမိသဲ။

"လည်ကုံးတွေ မင်းဝတ်မရမှာစိုးလို့"

ဆောင်းမင်းဆက် ပြောင်လက်နေသော ရွှေအိုရောင်ပုဆိုးကွက်နှင့် အဝါနုတိုက်ပုံကို ဝတ်ထားသည်။ သူက ရတနာဘူးကို ပြန်ဖွင့်၍ တစ်ခုစီ ထုတ်ယူသည်။

"ကိုယ့်အိမ်ထဲမှာ လက်မှတ်ထိုးတာပဲ ကကြိုး အဲဒါတွေ မဝတ်ချင်ဘူး"

"အိမ်ထဲမှာ လက်မှတ်ထိုးရတာက အခြေအနေအရလေ၊ ဒါပေမဲ့ အခမ်းအနားဟာ အခမ်းအနားနဲ့တူရမယ် လာ"

သူ ရတနာတွေ တစ်ရစ်ပြီးတစ်ရစ် ဆင်ပေးနေရင်း မွှေးညင်းလေးတွေနှင့် စိမ်းစိုနေသော ကကြိုး ဂုတ်သားဖွေးဖွေးလေးကို ငုံနမ်းလိုက်ချင်စိတ်က တားဆီးလို့မရချင်။

ကိုယ်က မြတ်နိုးလွန်းလို့ပေမယ့် သူက အထင်လွဲမှာပါ။ သိမ်းဖက် ပွေ့ပိုက်ထားလိုက်ချင်တဲ့စိတ်က ရင်ခုန်လှုပ်ရှားလျက်။ ရတနာပိုးကြိုးတွေကို ချည်နှောင်ပေးရင်း လက်ကတုန်ချင်၏။

အဲဒီ ရင်ခုန်တိမ်းမူးနေမိတာကိုပဲ ဆောင်းမင်းဆက် မက်မောသည်။ မြတ်နိုးနှစ်သက်ဖွယ်ကောင်းသည့် ချစ်သူလေးကို ရယူထားနိုင်ပြီဆိုသည့် အသိနှင့် သူကျေနပ်ခဲ့သည်လေ။

"ကိုယ် ခေါင်းဖြီးပေးပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

ကကြိုး ငြင်းလိုက်ပေမယ့် သူက ဖြီးနေပြီ။

ခေါင်းလျှော်ရည်နံ့သင်းနေသည့် ကကြိုးဆံပင် ပျော့ပျော့လေးတွေကို ဖြီးပေးရင်း တစ်ယောက်တည်း ပြုံးလိုက်မိ၏။ သူ့တစ်သက်မှာ မိန်းမတစ်ယောက်ကို ခေါင်းဖြီးပေးမိဖို့ တစ်ခါမျှ မတွေးမိခဲ့။

"ကကြိုးသျှင်"

နောက်မှနေ၍ ကကြိုးနားနားကပ်၍ သူခေါ်သည်။

"မင်းကို ကိုယ်ဘယ်လိုချစ်မိမှန်း မသိဘူး၊ ဖြစ်နိုင်ရင် ငုံထားချင်တယ်၊ သွားလေရာအိတ်ထဲမှာ ထည့်သွားချင်တယ်၊ ဒါ ချစ်သူတိုင်းပြောကြတဲ့ မဆန်းသော စကားလုံးတွေပေမယ့် ဘယ်မိန်းမကိုမှ မပြောခဲ့မချစ်ခဲ့တဲ့ ကိုယ့်အတွက် သိပ်ကိုဆန်းပါတယ်၊ မင်းဟာ ကိုယ့်ဘဝရဲ့ကကြိုးသျှင်ပါ၊ မင်းရဲ့စေစားမှုတိုင်းဟာ ကိုယ့်ရဲ့ရှင်သန်ခြင်းပဲ"

သူ ကကြိုးလက်မောင်းပြည့်ပြည့်လေးကို ခပ်ဖွဖွကိုင်၍ သူ့ဘက် ဆွဲလှည့်သည်။

"မင်းကို ကိုယ်သိပ်ချစ်တယ်"

ခေါင်းလေး တွင်တွင်ခါနေပေမယ့် ကကြိုး စကားတစ်လုံးမှမထွက်။ သူ ကကြိုးမျက်နှာလေးနား ကပ်သွားပြီးမှ ဆတ်ခနဲ ကိုယ်ကိုမတ်သည်။

"သွားစို့"

လက်ဖျားလေးကို တယုတယဆွဲ၍ အခန်းပြင်ထွက်လေသည်။ ကကြိုး အပြင်ရောက်မှ သက်ပြင်းချရသည်။

ကိုယ် ဘယ်လိုပဲတားဆီးဆီး သူ မစောင့်ထိန်းခဲ့ရင် ဘာတတ်နိုင်မှာလဲ။

■ ■ ■

## အခန်း (၄၇)

ကားလေးက အမှောင်ထဲမှာ တရိပ်ရိပ်ပြေးနေသည်။

နောက်ခန်းထဲမှာ သူနဲ့ဆောင်းမင်းဆက်နှစ်ယောက်တည်း။ များပြားလှသည့် ဓါတ်ပုံတွေကို အယ်လ်ဘန်ထဲ ကျကျနနထည့်နေရင်း သူ ကျေနပ်နေတာကိုကြည့်ကာ ကကြိုး မျက်နှာကိုတင်း၍ တစ်ဖက်လှည့်ထားမိသည်။

"ကကြိုးသျှင် ဓါတ်ပုံထဲမှာ မင်း သိပ်ကိုလှပါတယ်၊ ဒါပေမဲ့ အပြင်ကိုမမီဘူး"

ကကြိုးလည်းမကြည့်ဘဲ သူ့ဟာသူ တစ်ယောက်တည်း ပြောနေ၏။

"ဒီဘက်လှည့်ပါဦး ကကြိုးသျှင်၊ အားနာပါးနာပဲဖြစ်ဖြစ် နည်းနည်းလောက် ကြည့်ပေးစမ်းပါ"

"မကြည့်ချင်ဘူး ရှင်ကျေနပ်တယ်မို့လား၊ ရှင့်အတ္တဖြစ်မြောက်ဖို့ အဓိကပါ"

ဆောင်းမင်းဆက် ကကြိုးကို ခပ်စွေစွေငဲ့ကြည့်၍ ပြုံးလိုက်သည်။

"ကိုယ့်အတ္တထဲမှာ မင်းကိုစိတ်ချမ်းသာစေချင်တာလည်း ပါပါတယ်"

ကကြိုးက မဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီပုံလေး ကြည့်စမ်းပါဦး ပုံကြီးချဲ့ဖို့သိပ်ကောင်းမယ့် အနေအထား ပဲ"

မျက်နှာရှေ့ အတင်းထိုးပြနေတော့လည်း မိန်းကလေးပီပီ မကြည့်ဘဲမနေနိုင်။ ဆောင်းမင်းဆက်က သူ့နားမှာ ပခုံးချင်းတိုက်၍ တိုးကပ်လာကာ ကျန်တဲ့ပုံတွေကိုပါ ပြသည်။

ကြင်စဦးဖန်းမောင်နှံ ဓါတ်ပုံတွေ ကြည့်နေကြတဲ့ပုံစံမျိုး။ ကကြိုး ကားပေါ်မှာမို့ ထွက်သွားလို့မဖြစ်။ ကျေလည်း မကျေနပ်နှင့် မျက်နှာလေး ပုတ်သိုးနေသည်။

စေတနာမပါဘဲ အရိုက်ခံလိုက်ရတဲ့ ဓါတ်ပုံတွေကလည်း အတော်လေး ကြည့်ကောင်းနေပြန်သည်မို့ ကကြိုး မကြည့်ဘဲလည်း မနေနိုင်။

"ကကြိုးသျှင်"

"…"

"ဒီပုံလေးလှတယ်နော်"

နှစ်ယောက်ယှဉ်လျက်ရိုက်နေရာကနေ ပခုံးနှစ်ဖက်ကို ဖျတ်ခနဲ သူဆွဲကိုင်၍ နမ်းတော့မယောင် မျက်နှာနှင့်နီးနီးလေး ရင်ချင်းကပ်ထားတဲ့ပုံ။

ရုတ်တရက် သူဆွဲလိုက်တော့ ကကြိုး လန့်သွားတာရော ရှက်တာရောစုပြုံကာ နှုတ်ခမ်းလေးမဟတဟပွင့်လျက် သူ့ကိုမော့အကြည့် နှစ်ခြိုက်စွာ ပြုံးနေသည့် သူ့မျက်နှာက ငုံ့အကျ။

နှုတ်ခမ်းနှစ်စုံက ထိကပ်တော့မယ့်အတိုင်း ဖြစ်သွားစဉ် ဖျတ်ခနဲ အမိအရရိုက်ယူလိုက်တဲ့ ကင်မရာကလည်း မြန်သည်။

ပို့စကတ်ပုံလေးလို အသက်ဝင်လှပလွန်းသည့် ပုံလေးကို ကကြိုး အမြင်ကတ်ကတ်နှင့် မျက်လုံးမခွာနိုင်။

ပြီးတော့ လက်မှတ်ထိုးနေကြတဲ့ပုံတွေ၊ ရှေ့နေတွေလက်မှတ်ထိုး စားသောက်နေကြတဲ့ပုံတွေ၊ ကီးကီးကို ကကြိုး ပဆစ်တုပ်လေးထိုင်၍



ကိတ်မုန့်ကျွေးနေတဲ့ပုံ။

အခန်းထဲ မွေ့ရာပေါ်မှာ သူ ကကြိုးလည်တိုင်က ရတနာတွေ ဖြုတ်ပေးနေတဲ့ပုံကအစ ရိုက်ယူထားတာ။ အဲဒီပစ္စည်းတွေက မင်္ဂလာဆောင်တဲ့ အထိမ်းအမှတ်လက်ဆောင်တဲ့။ ကကြိုး ဒေါသတကြီး အော်ပစ်လိုက်မိသည်။ သူ ငွေရှိတိုင်း ကကြိုးကို စည်းရုံးလို့ရမလား။

လက်မှတ်ထိုးတဲ့နေ့ရက်ကို မင်္ဂလာနေ့ရယ်လို့ သူ သတ်မှတ်ပုံရသည်။ ကကြိုး ဘာပြောပြော ခါတိုင်းလို ချေပခြင်းမပြုဘဲ ပင့်သက်ရှိုက်၍ မျက်နှာလွှဲနေသည်။

ဘာဘ ဝင်လာဖျန်ဖြေမှ ပွဲကပြီးသွား၏။ နောက်ဆုံးတော့ ကကြိုး တစ်ယောက်ထဲ ဒေါသဖြစ် တစ်ယောက်တည်းရန်လုပ် ကိုယ်ပဲမောကျန်ခဲ့ရတာ။

"ကိုယ်တို့မှာ အယူတစ်ခုရှိတယ်၊ လက်ထပ်ပွဲပြီးမြောက်တဲ့အခါ သတို့သမီးရဲ့မင်္ဂလာဆံထုံးကို သတို့သားက ဖြေပေးရတယ်၊ ဆံပင်အားလုံး ပြေကျသွားမှ အကြင်လင်မယားဖြစ်သွားပြီလို့ သတ်မှတ်ရတယ်၊ မင်္ဂလာဦးမှာ သတို့သားက ဆံထုံးဖြေမပေးနိုင်ရင် ဥပမာကွာ အပေါင်းအသင်းနဲ့ အချိန်လွန်ပျော်နေတာကို အခြားအကြောင်းရှိတာတို့ ဘာဖြစ်ဖြစ် ဆံထုံးဖြေဖို့ ပျက်ကွက်ခဲ့ရင် အဲဒီမိန်းမကို ပေါင်းသင်းခွင့်မရှိဘူး"

သူတို့က ဒီလိုအယူရှိတဲ့ လူမျိုးတဲ့လား။ ကကြိုး ကြားဖူးပါတယ်။ ကဗျာဆန်တာလား၊ အမျိုးမြင့်တာလား၊ ဘာရယ်မဟုတ်ဘဲ အဲဒီလို အယူရှိတာလေးကို စိတ်ဝင်စားခဲ့ဖူးသည်။ ဒါဆို သူ ခေါ်လာတဲ့ညက ကကြိုး ဆံထုံးတွေ သူဖြေပေးထားခဲ့တာ ဒီအယူနဲ့လား။

"ဒါကြောင့် မင်းရဲ့ဆံထုံးကို ကိုယ်ဖြေခဲ့တာဆိုတော့ ကိုယ့်ရဲ့ ဇနီးဆိုတာ အခိုင်အမာကိုဖြစ်ခဲ့ပြီး ဒါကြောင့် လက်မှတ်ထိုးတော့ ကိုယ်ဆံထုံး မထုံးနိုင်းခဲ့တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူ ခါတ်ပုံတွေကို အယ်လ်ဘန်ထဲထည့်ပြီး အိတ်ကြီးထဲထည့်သိမ်းသည်။

"မင်း တစ်ခုခုစားမလား"

"မစားဘူး"

"ကိုယ် အိပ်ချင်ပြီ"

ကကြိုး စိတ်မရှည်စွာ ဘုကြည့်ကြည့်လိုက်တော့ သူက နှာခေါင်းတစ်ချက်တွန့်၍ ရယ်သည်။

"မင်း ဘာတွေဒေါသထွက်နေလဲ၊ ဒီညတော့ ကားပေါ်မှာ ဒီလိုပဲ ဖြစ်သလိုအိပ်ရတော့မှာလေ၊ ကိုယ် အရင်အိပ်လိုက်ရင် မင်းအနေကျပ်မလားလို့ မေးတာ"

"ရှင် သိပ်ရှည်တဲ့လူပဲ၊ အိပ်ချင်အိပ် မအိပ်ချင်နေပေါ့"

သူ ပခုံးတစ်ချက် တွန့်လိုက်မိသည်။

"ဘဘ ကျွန်တော် တစ်လှည့်မောင်းမယ်"

"မမောင်းနဲ့လူလေး၊ ဘဘ ညပိုင်းမောင်းမယ်၊ မနက်ကျ ဟိုရောက်ရင် ဘဘတစ်နေကုန် အိပ်လို့ရတယ်၊ လူလေးက လုပ်ကိုင်စရာများတဲ့လူ စိတ်ချလက်ချအိပ်"

"'ဘဘ"

"ဟေ"

ဦးမင်းထွတ်တင်က ကားမောင်းရင်း မလှည့်ဘဲ ပြန်ထူး၏။

"ဘဘ တစ်ခုခုစားဦးလေ၊ ထမင်းလည်း သိပ်မစားဘဲနဲ့၊ ကကြိုး လက်ဖက်ရည်ထည့်လိုက်မယ်"

"မထည့်နဲ့ သမီး၊ ဗိုက်ပြည့်ရင် မျက်လုံးက သိပ်အကျင့်ကောင်းတာမဟုတ်ဘူး၊ သမီးပဲ သောက်လိုက်တော့"

ကြည့် ဆောင်းမင်းဆက် ဘဘကိုတောင် မနာလိုဖြစ်ချင်လာ



သည်။ သူ့ကျတော့ စကားကောင်းမပြောဘဲ ဘဘနဲ့ကျတော့ သူ့ဆွေမျိုးကျနေတာပဲ။

တစ်မျိုးတော့ စိတ်ချမ်းသာရပါသည်။

ကားက နောက်ခန်းမှာ အကျယ်ကြီးမို့ ရောင်စုံကော်ဇောတစ်ထပ်ပန်းနုရောင်မွေ့ရာတစ်လွှာခင်းလျက် ခြေဆန့်လက်ဆန့်အိပ်လို့ရသည်။ ကကြိုးဆန္ဒအရ ကီးကီးကိုပါ ခေါ်လာရတော့ ခွေးနဲ့မအိပ်တတ်သည့် ဆောင်းမင်းဆက်က အရစ်ရှည်သည်။

"ဟေ မင်း ကီးကီးကို ကြားထဲမထားနဲ့နော်၊ ကိုယ် လုံးဝမအိပ်တတ်ဘူး"

"ထားမှာပဲ မအိပ်တတ်ရင် ရှင် ဟိုးဘက်အစပ်တိုး အိပ်"

"ဟိုဘက်မှာ မွေ့ရာမှမရှိတာ"

"ရှင်နော် မကတ်သတ်နဲ့၊ ဒါဆို ရှင် လွတ်လွတ်လပ်လပ်အိပ်၊ ကကြိုး ထိုင်နေမယ်"

ကီးကီးက အိပ်နေရာက ခေါင်းထောင်ကြည့်သည်။ သူလည်းနားလည်တာမို့ ဟိုကြည့်ဒီကြည့်နှင့် ရှောင်ဖို့နေရှာသည်။

"အဲဒီမှာပဲ အိပ်၊ ကီးကီး ဘယ်မှမသွားနဲ့"

ကီးကီးက ဆောင်းမင်းဆက်ကို ပြန်ကြည့်သည်။

ကကြိုး ဒေါသဖြစ်နေသလောက် သူက မချိုမချဉ်။

ညဥ့်ကနက်လာသလို မိုးရိပ်တွေရှိနေတာကြောင့် ပတ်ဝန်းကျင်ကကားမီးရောင်မှအပ အားလုံးမည်းမှောင်နေ၏။

တစ်ခါတလေ အဝေးပြေးကားကြီးတွေနှင့် တွေ့သည်။ ကပ်ဖြတ်သွားပြီး၊ ပတ်ဝန်းကျင်က နဂိုအတိုင်း မှောင်နဲ့မည်းမည်းသာ။ ကကြိုးမျက်တောင်လေးတွေ စင်းလာသည်။

နောက်ပြန်ကြည့်လိုက်တော့ သူက ခေါင်းအုံးနှစ်လုံးဆင့်၍ ပက်

www.burmeseclassic.com

www.burmeseclassic.com



လက်လှန်အိပ်နေလျက် နဖူးပေါ်လက်တင်ထားသည်။

လိမ္မာလိုက်တဲ့ ကီးကီးကောင်စုတ်၊ ဟိုဘက်မွေ့ရာအစပ်မှာ ဝင်အိပ်မှဖြစ်တော့မည်။

"သမီး"

"ရှင်"

"ခုမှ နလံထစပဲရှိသေးတယ်၊ အိပ်ပျက်မခံနဲ့ကွဲ့၊ ဝင်အိပ်ဝင်အိပ်"

"ဟို အဲ ဟုတ်"

ဘဘကိုတော့ မချေမင် မပြောချင်သည်မို့ ကကြီး ခေါင်းညိတ်လိုက်ရသည်။

"သမီး မီးနဲ့မအိပ်တတ်ရင် မီးပိတ်လိုက်ရမလား"

"ဟင်အင်း မပိတ်နဲ့ ဘဘ၊ မပိတ်နဲ့"

ကကြီး ကမန်းကတန်း တားသည်။

နောက်ဆုံး ဘယ်လိုမှမနေနိုင်တော့ ကကြီး ကီးကီးကိုတအား မွေ့ဖက်ထားကာ ဘေးဘက်တိုးကပ်အိပ်သည်။ ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားလိုက်တာ ဘာမှမသိတော့။

"ဂျိမ်း"

"အမလေး"

လန့်ဖျပ်ကာ ငေါက်ခနဲ ထထိုင်လိုက်မိသည်။ ဘုရား ဘုရား မိုးတွေလေတွေ သည်းနေလိုက်တာ၊ ကားကမောင်းနေဆဲ။ ကကြီး ဘေးမှာ သူရှိမနေပါ။ ဘဘနဲ့ရှေ့ကို အာရုံစိုက်ကြည့်၍ လမ်းကိုဂရုစိုက်နေပုံရသည်။ ကကြီး ထအော်တော့ ဖျတ်ခနဲ လှည့်ကြည့်သည်။

"မကြောက်နဲ့ ကကြီးသျှင် ဘာမှမဖြစ်ဘူး၊ လန့်သွားရင် ရေ သောက်လိုက်ဦး"

"တစ်နေရာရာမှာ ကားကိုခဏနားထားလို့ မရဘူးလားဟင်"



ကကြီး အသံလေးတွေ တုန်နေရှာသည်။

"မရဘူး၊ ဒီနားမှာ ဘာအဆောက်အဦးမှ မရှိဘူး။ လုံးဝမနားသင့်တဲ့နေရာ၊ မိုးကလည်း ခဏလေးနဲ့တိတ်မှာမဟုတ်ဘူး"

လျှပ်ရောင်က ဝင်းခနဲ မိုးက ဒိန်းခနဲ၊ ရှေ့ကားမီးရောင်မှာ ပြာနှမ်းသော မိုးစက်တွေမှလွဲ၍ ဘာမှမမြင်ရတော့၊ ကားမှန်မှ ဝိုက်ပါခများလည်း မိုးစက်တွေကို နိုင်အောင်သုတ်သင်နိုင်စွမ်း မရှိတော့ပါ။

"လူလေး ဘဘတို့ ရှေ့ဆက်ရင် အန္တရာယ်ရှိနိုင်တယ်၊ ဝိုင်ပါ မနိုင်တော့ဘူး၊ နားမှဖြစ်လိမ့်မယ်"

"ဘယ်ရောက်နေပြီလဲ ဘဘ"

ဆောင်းမင်းဆက် နာရီကို ငုံ့ကြည့်၍ မေးသည်။

"ကျောက်ပန်းတောင်းက လွန်လာတာ ရောက်ဖို့တော်တော် လိုသေးတာ၊ ဘယ်လိုလုပ်မလဲ"

မှောင်နဲ့မည်းမည်းထဲမှာ ကားက အဖြူရောင်ကြီး ဖြစ်နေသေးသည်။ ပြီးတော့ သေးသေးလေးမဟုတ်။

မီးတွေဖွင့်အိပ်လို့လည်း မရ။ ပိတ်အိပ်ပြန်လည်း မလွယ်။

"ဖယ် ဘဘ မျက်စိမကောင်းရင် ကျွန်တော် မောင်းမယ်"

"ဟာ မဟုတ်တာ လူလေးရယ်၊ လူလေးစိတ်မြန်လက်မြန်လုပ်တတ်တာနဲ့ မိုးကြီး လမ်းပျောက်နေတာနဲ့ မဖြစ်ပါဘူး"

သူတို့ပြောနေတာတွေကို မိုးသံကြောင့် မကြားတစ်ချက် ကြားတစ်ချက်နှင့် ကကြီး ကြောက်စိတ်ကြောင့် ရင်ခုန်သံတွေ မြန်နေသည်။

ကကြီး ကြောက်နေတာသိ၍ သူ မကြာမကြာ လှည့်ကြည့်သည်။ မိုးက ထစ်ချုန်းအောင်မြည်လျက်။ လေနှင့်ရောကာ တဟီးဟီးတဟဲဟဲ ဖြစ်နေသည်။ ကားက တဖြည်းဖြည်း ရပ်သွားသည်။

"ကလေး ကြောက်နေရှာတယ်၊ အနားမှာနေလိုက်ပါ၊ ဘဘ

www.burmeseclassic.com



ဒီမှာပဲ ထိုင်စောင့်နေမယ်၊ သုံးနာရီထိုးတော့မှာဆိုတော့ လင်းတော့မှာပါ''

သူ နောက်ခန်းထဲ ပြန်ရောက်လာသည်။ ကကြီးအတွက် အနွေးထည် သူကိုယ်တိုင်ထုတ်ပေး၏။

''မီးပိတ်မှဖြစ်မယ် လူလေး။ နို့မို့ ပတ်ဝန်းကျင်အန္တရာယ်ကို မီးထိုးပြခေါ်သလို ဖြစ်နေမယ်''

ပြောပြောဆိုဆို မီးက ဖျတ်ခနဲ မှောင်သွားသည်။

''ရော့ မင်းအနွေးထည်ဝတ်ထား၊ ဒီမှာ စောင်''

ကြောက်စိတ်ကြောင့် ကကြီး ရန်လုပ်မနေတော့ဘဲ အသာတကြည် ယူဝတ်သည်။ မှောင်နဲ့မည်းမည်းထဲမှာ လူဆိုးသူခိုးတွေများ လာပိုင်းသတ်လျှင် ဒုက္ခ။

''ကကြီးသျှင် စောင်ခြုံပြီး မင်းလှဲနေလေ၊ ဘဘနဲ့ကိုယ် ထိုင်စောင့်နေမယ်''

''ဟင့်အင်း''

ခုကြောက်နေတာ သူ့ကိုမဟုတ်ပါ။ ဆိုးရွားသော ရာသီဥတုကြားမှာ လူသူမနီးသည့် ပတ်ဝန်းကျင်ကို ဖြစ်သည်။ ငုတ်တုတ်လေးထိုင်ရင်း ကကြီး ဘုရားစာတွေ ရွတ်နေမိသည်။

ခက်တော့တာပဲ။ ဘွားဘွားသင်ပေးတုန်းက ဘုရားစာ အကုန်လိုက်ကျက်မထားမိတာ နှောင်တကြီးစွာရ၏။

အရေးထဲ ဆောင်းမင်းဆက် လှဲအိပ်သွားလိုက်မှာလည်း စိုးရိမ်နေသည်။ ဘဘ ကူရှင်ကိုမှီ၍ အိပ်နေသလား။ မျက်လုံးဖွင့်ထားသလား။ ကကြီး ကယောင်ချောက်ချားဖြစ်နေ၍ အေးစက်နေသည့် ကကြီးလက်ဖဝါးလေးကို ဆောင်းမင်းဆက် တွေ့အုပ်လာ၏။

''သိပ်ကြောက်နေသလား ဟင်''

''အင်း''



ကကြီး ကလေးလိုပဲ သနားစဖွယ် ဝန်ခံရှာသည်။ ကျေနပ်တာ မကျေနပ်တာ သတိမပဲထားမိတော့။ ကကြီး ကိုယ်လုံးလေးကို ဆွဲပွေ့ကာ ရင်ခွင်ထဲမှာ မြုပ်သွားအောင် ထွေးဖက်ထားလိုက်မိသည်။ ကကြီး မရုန်းတော့ဘဲ သူ့ရင်ခွင်ထဲမှာ အတင်းကိုကပ်ထားရှာသည်။ ထိုစဉ် လျှပ်ရောင်ဝင်းခနဲထိန်လင်းကာ ဒိန်းခနဲ မိုးကြိုးပစ်ချလိုက်သည်။ တစ်ချက်တုန်သွားသည့် ကကြီးကိုယ်လေးကို သူ ပို၍တင်းအောင် ဖက်ထားမိ၏။

ချစ်လိုက်တာ ကကြီးသျှင်ရယ်။ ဘာပြောပြော ဘာလုပ်လုပ် မင်း ဟန်မဆောင်တတ်ဘဲ သိပ်ကိုဖြူစင်ပုံလေးတွေကို ကိုယ်မြတ်နိုးတာ။ ကကြီးရဲ့ဦးခေါင်းလှလှလေးမှာ သူ့ပါးဖေးတင်၍ မျက်လုံးတွေမှိတ်ကာ ကြည်နူးချမ်းမြေ့ခြင်းက အတိုင်းအဆမရှိ ဖြစ်သွားလေသည်။

ဒီအတိုင်းပဲ ထာဝရအဖြစ် ရှိပါရစေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၈)

"မိန်းကလေး အိပ်ပျော်နေသလား"

"ဟုတ်တယ်"

"ဒီအတိုင်း လူလေးတစ်ညလုံး ထိုင်နေတာလား"

"ဟုတ်တယ် သူအိပ်ပျော်သွားတော့ နေရာရွှေ့ပေးရင် နိုးသွားမှာစိုးလို့"

"ဟင်း"

ဦးမင်းထွတ်တင် သက်ပြင်းချသည်။ ခုတော့လည်း ပတ်ဝန်းကျင်က အေးချမ်းသာယာနေပြန်သည်။ ညက ဒေါသထန်ခဲ့သည့်မုန်တိုင်းက လိုချင်တာရသွားသည့် ကလေးငယ်တစ်ယောက်လို ကောင်းကင်ပြာကြီး သက်သေပြ၍ ဖြူစင်နေသည်။

ပတ်ဝန်းကျင်မှာ အိမ်ခြေအဆောက်အဦး လုံးဝ ကင်း၍ လမ်းဘေးကန်သင်းစပ်ကွေ့မှာ ခြုံပုတ်တချို့ ရှိနေသည်မှလွဲ၍ လွင်တီးခေါင်ခေါင်။

"ပတ်ဝန်းကျင်ရွာနားမနီးလို့ တို့ညက အေးအေးဆေးဆေး နေရတာ လူလေးရေ၊ မဟုတ်ရင် အန္တရာယ်ကမသေးဘူး"

သူတို့စကားပြောသံကြောင့် ကကြိုး နိုးသွားသည်။

"ဟင်"



ပတ်ဝန်းကျင်ကို ခေါင်းလေးထောင်ကြည့်၍ အံ့ဩနေလေသည်။

"ဘာဘ ဒါဘယ်နေရာလဲဟင်"

ဦးမင်းထွတ်တင်က ကွမ်းယာပါးစပ်ထဲထည့်၍ ရယ်ပြသည်။

"ဘာဘတောင် မသိတော့ဘူး သမီးရေ၊ ရှေ့တစ်နေရာရာရောက်မှ သိတော့မှာ ကဲ မျက်နှာလေးဘာလေး သစ်ကြ"

ကားအောက်ဆင်းသွားကာ စက်ဖုံးဖွင့်၍ အလုပ်ရှုပ်နေသည်။

ကကြိုး သူ့ကိုပြန်ကြည့်တော့ မျက်နှာခပ်နွမ်းနွမ်းနှင့် နားထင်တစ်ဖက်ကို လက်နှင့်ထောက်ထားသည်။ တစ်ညလုံး သူ့ရင်ထဲမှာ ကကြိုး သုံ့ခြိုစိတ်ချစွာ အိပ်စက်ခဲ့ရသည်။ သူကတော့ အိပ်ရမည်မထင်၊ စိတ်မကောင်းဖြစ်မိပေမယ့် ကကြိုး တမင် မသိချင်ယောင်ဆောင်လိုက်သည်။

"ဟင် လူလေး လူလေး ဘာဖြစ်လို့လဲ၊ ခေါင်းကိုက်နေလား"

လက်ထဲကကိုင်ထားသည့် ပလပ်စတစ်ရေပုံးကို ကမန်းကတန်းချကာ ဦးမင်းထွတ်တင် တံခါးဖွင့်၍ နောက်ခန်းထဲတက်လာသည်။

"ကိုက်တယ် နည်းနည်းလည်းမူးနေတယ် ဘာဘ"

ဦးမင်းထွတ်တင် ဆေးသေတ္တာပြေးဖွင့်ကာ ဆောင်းမင်းဆက်ကို ဆေးတိုက်သည်။ အဲယားကွန်းပိတ်ထား၍ လှောင်နေသည့် ကားမှန်တွေကို အကုန်ချလိုက်၏။ နံနက်ခင်းလေနုအေးက ငြိမ့်ငြိမ့်လေးတိုးဝင်လာသည်။

"ကျန်းမာရေးမကောင်းသေးဘဲ ခရီးထွက်ရင် ဒီလိုပဲကွဲ့၊ လာ လူလေး ခဏလှဲနေလိုက်ဦး။ နည်းနည်းသက်သာမှ အပြင်ခဏဆင်းလျှောက်လိုက်"

ပျာယာခတ်နေသည့် ဦးမင်းထွတ်တင်ပုံစံကိုကြည့်၍ ကကြိုး အနေခက်နေမိသည်။

"သမီးဆင်းလေ၊ အပေါ့အပါးလေး ဘာလေး သွားလိုက်ဦး၊ မျက်နှာသစ်"

www.burmeseclassic.com

www.burmeseclassic.com



ကကြီးကိုလည်း ဂရုစိုက်နေပြန်သည်။ အဲဒီ ကလောဆိုတာကြီးက မရောက်သေးဘူးလား။ ခရီးသွားတုန်း နာရီမပေးရဘူး၊ ဘယ်အချိန်လောက် ရောက်မလဲ မှန်းရဘူးတဲ့။ မကောင်းလို့ မမေးရဲပေမယ့် ကကြီး စိတ်ညစ်လှပါပြီ။

ထိုဒေသကို တစ်ခါမှခရီးမထွက်ဘူးခဲ့တော့ ဘာမှလည်းမသိ။ ညက ဘဘပြောတော့ မနက်ရောက်မှာတဲ့။ ခုတော့ ဘယ်ရောက်နေမှန်းတောင် မသိဘူးတဲ့။

မတော်တဆ တစ်ညထဲအိပ်ရလို့ ညကလိုများထပ်ဖြစ်လျှင် မိုး ကိုကြောက်သည့် ကကြီး မိုးကိုမော့ကြည့်လိုက်မိသည်။ ခုတော့ ညက ဖြစ်ခဲ့တာတွေ သူမဟုတ်တဲ့အတိုင်း။ အဲဒါ ကလောမြို့ပဲဆိုကတည်းက ကကြီးမှာ ငေးစရာတွေချည်း ဖြစ်နေတော့သည်။

လှလိုက်တဲ့ မြို့လေး။ ယူကလစ်တောတန်းနှင့် ကားလမ်းရဲ့ တစ်ဖက်တွင် အရွက်ဖားဖားဖြင့် ကျွန်းပင်ကြီးတွေက စီတန်းလျက် အဆောက်အဦး လှလှလေးတွေကို ကုန်းမြင့်စောင်းစောင်းတွေပေါ်မှာတချို့ ချိုင့်ဝှမ်းထဲမှာတချို့ မြင်နေရသည်။

စိမ်းစိုလှပသော တောင်တန်းကြီးတွေနှင့် လက်ရာမြောက်သော ပန်းချီကားတစ်ချပ်ကို မြင်နေရသလိုပင်။

''ကကြီးသျှင်''

သူ ကကြီးပခုံးလေးကို ဖွဖွလေးသိုင်းဖက်၍ ပြောသည်။

''ဟိုးရှေ့မှာ မြင်ရတဲ့ တောင်ကုန်းပေါ်က ခေါင်မိုးနီနီနဲ့ အဆောက်အဦးဟာ မြမျိုးမြင့်မာန်ပဲ''

ရဲတိုက်ကြီးတစ်ခုလိုပါလား။ အဝေးက အမြင်အရတော့ ခုပြောင်းလာခဲ့တဲ့ ခြံကြီးလောက် အေးချမ်းမှုမရှိသလိုပင်။

''ဟိုမှာ လူတွေများတယ်၊ ကကြီးသျှင် ပျော်မှာပါ''



သူတို့ကား ဦးမော့၍ တောင်ကုန်းပေါ်စတက်လိုက်သည်နှင့် မီးခိုးရောင် ခြံတံခါးကြီးနှစ်ချပ်က ပွင့်သွားသည်။

အထဲမှ ရှမ်းတိုက်ပုံ ပုဆိုးကွက်ကျဲဝတ်ထားသည့် အသက်ငါးဆယ်ခန့် လူကြီးတစ်ယောက်နှင့် ဆံထုံးကို ရှေးကျကျ ထိပ်မှာအပြားကြီးထုံး၍ အဖျတ်ဖျတ်လက်နေသည့် ဆံထိုးကြီးပန်ထားသည့် ခပ်ဝဝ အမျိုးသမီးကြီး တစ်ဦး ထွက်လာကြသည်။

သူတို့ကား ခြံထဲဝင်လာသည်နှင့် ဒီပုံဒီအသက်အရွယ်တွေအတိုင်း လူကြီးသုံးလေးယောက် ဟိုကပေါ်လာ ဒီကထွက်လာနှင့် ကားရပ်လိုက်တော့ အနားမှာ တန်းစီပြီးသား ဖြစ်နေ၏။

''မင်္ဂလာပါ တူတော်မောင်''

''မင်္ဂလာပါ''

''မင်္ဂလာပါ ဆရာကြီးခင်ဗျာ''

''မင်္ဂလာပါဗျာ''

နှုတ်ဆက်ပြီးမှ ခရီးဆောင်အိတ်တွေကို သူတို့ သယ်ကြသည်။ ဒီတိုက်ကြီးမှာလည်း အလုပ်သမားထားသည့်ပုံ မပေါ်ပါ။

အမျိုးသမီးကြီးက ပြုံးနေပေမယ့် ကကြီးကိုကြည့်တဲ့အကြည့်က ဘဘတို့လို မျက်လုံးမျိုးမဟုတ်။ သူနဲ့ဆောင်းမင်းဆက်အကြောင်း သိထားကြပြီ ထင်ပါသည်။ ဒီတိုက်ကြီးတစ်ခုလုံးမှာ ဘယ်သူ အဓိကမှန်းမသိ။ ဘဘလား၊ ဆောင်းမင်းဆက်လား၊ ဒါမှမဟုတ် တစ်ယောက်ယောက်ရှိသေးလား။

''ဘဘထွန်းခေါင် မကျန်းမာသေးဘူးလား ဒွေးတော်''

''ဟုတ်တယ် လူလေးရယ်၊ သူက စိတ်မြန်လက်မြန်သမားဆိုတော့ သူ့ကိုယ်သူ အားမလိုအားမရ ဖြစ်နေရှာတယ်''

''လာ''

www.burmeseclassic.com



ဆောင်းမင်းဆက်က ကကြိုးလက်ကလေးကိုဆွဲ၍ အထဲခေါ်လာသည်။ တိုက်ကြီးထဲမှာ ကြမ်းခင်းတစ်ပြင်လုံး နီညိုရောင်ကတ္တီပါ ကော်ဇောခင်းထားလျက် နံရံတွေမှာ နန်းတွင်းပန်းချီကားတွေ အသုံးအဆောင်များနှင့် ကကြိုးတို့ မမီခဲ့သောခေတ်က အိမ်တွင်းပရိဘောဂတွေကို အံ့ဩဖွယ် တွေ့ရလေသည်။

အနက်ရောင် လက်လက်တောက်နေသော စန္ဒရားခုံမြင့်ကြီးထက်မှာ ရန်ကုန်အိမ်က ပန်းကန်ပြားတွေမှာ မြင်ခဲ့ရသည့် စော်ဘွားဇနီးမောင်နှံ၏ ပုံတူပန်းချီကားကြီးက ရွှေကနုတ်ဘောင်တွေသာမရှိပါလျှင် တကယ့်လူတွေ မတ်တပ်ရပ်နေသည့်နှယ်။

ကြွရွကာ လက်ရာမြောက်လှသည်။ ကကြိုး ဒီအိမ်ကြီးထဲ ရောက်လာရတာ ရှေးခေတ်ဟောင်းတစ်ခုဆီ ပြန်ရောက်သွားသလို ကိုယ့်ခေတ်ကိုယ့်အခြေအနေကိုတောင် မေ့သွားမိသည်။

"ဘဘထွန့်ခေါင်ဆီ သွားကြမယ် ဒွေးတော်"

သူတို့အားလုံးပဲ အပေါ်ထပ် တက်လာခဲ့ကြသည်။

ဆောင်းမင်းဆက်က ကကြိုးလက်ကလေးတစ်ဖက်ကို ဆွဲထားဆဲ။

ရွှေကနုတ်ဘောင်နှင့် တခမ်းတနားရှိနေသော တံခါးနှစ်ချပ် ဖေ့ပိတ်ထားသည့် အခန်းတစ်ခန်းရှေ့မှာ သူတို့ရပ်လိုက်သည်နှင့် တံခါးက အလိုလို ပွင့်သွား၏။

လှပသော ကြေးခုတင်ကြီးထက်မှာ အသက်ခြောက်ဆယ်ကျော်ခန့်ရှိသော အဘိုးကြီးတစ်ယောက် ထိုင်လျက်သားရှိနေသည်။

ဖြူစွတ်၍ ငွေရောင်တောက်နေသော ဆံပင်ခပ်တွန့်တွန့်တို့က ပခုံးအောက်လောက်ထိ ဖြန့်ချထားပေမယ့် သပ်ရပ်စွာ ဖြီးသင်ထားပုံမျိုး။ ခပ်ကျဲကျဲမုတ်ဆိတ်တချို့က အတော်လေး ရှည်ကျနေ၏။

နှုတ်ခမ်းမွေးက နှုတ်ခမ်းပေါ်မှာ ခပ်တိုတိုပါးပါးနှင့် ဘေးဘက်တွေ



မှာ ရှည်ကျကာ မုတ်ဆိတ်နှင့်ရောသွားသည်။ ရှူးလက်တောက်ပနေသော မျက်လုံးတို့က ဖြူနေသည့် မျက်ခုံးအောက်မှာ လိုက်ဖက်စွာရှိနေ၏။ မြင်လိုက်သည်နှင့် လွန်စွာလေးစားကြည်ညိုဖွယ် အဆင်းရှိသော ဥပမိရုပ်က ထင်ရှားလှတော့သည်။

"လူလေးတို့ နောက်ကျလှချေလားကွဲ့"

သာမန်အတိုင်း ပြောလိုက်တာဖြစ်နိုင်ပေမယ့် အသံကြီးက ဟိန်းနေသည်။

"ဟုတ်ကဲ့ ဘဘထွန့်"

ဆောင်းမင်းဆက်မှလွဲ၍ အားလုံး ဘေးကကျွန်းကုလားထိုင်ကြီးတွေမှာ ထိုင်ကြသည်။ ဆောင်းမင်းဆက်က ဦးမင်းထွန့်ခေါင်အပါးမှာ ဝင်ထိုင်၍ ကကြိုးကိုပါ အနားမှာထိုင်ခိုင်းသည်။

"ညက လမ်းမှာ မုန်တိုင်းနဲ့တိုးပြီး ကားမောင်းမရလို့ နားနေရတယ်ဒါကြောင့် အချိန်နောက်ကျသွားတာပါ"

"အင်း ညက မိုးတွေရွာတော့ ဘဘတွေးမိတယ်"

ဦးမင်းထွန့်ခေါင်က ဆောင်းမင်းဆက်လက်မောင်းကို ဆုပ်ကိုင်၍

"လူလေး အခု ဘဘတွေလုပ်ထားတယ်ဆိုတာ လူလေး အကြောင်းကြားထားလို့ ဘဘတို့သိပြီးပြီ၊ အင်း သဘောမကျပေမယ့် ဒီလိုတွေဖြစ်လာအောင် ဘဘတို့က လွှတ်လပ်ခွင့်ပေးထားခဲ့တာကိုး၊ ဒါပေမဲ့ ထားလိုက်ပါ။ အခု ဘဘပြောချင်တာက လူလေးလည်း အိမ်ထောင်ကျနေပြီ၊ ဒီကိုလည်း ရောက်လာပြီ၊ ခုကနေစပြီး နောက်နှစ်လအတွင်း လူလေး ဘယ်ကိုမှ မသွားပါနဲ့"

"ခင်ဗျာ"

ဦးမင်းထွန့်ခေါင် မျက်နှာက တည်ကြည်လေးနက်နေသည်။

"အဲဒါ လုံးဝပြင်ဆင်ခွင့်မရှိတဲ့ ဘဘရဲ့အမိန့်ပဲ လူလေးလည်း

www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းလာတယ်၊ နောက်မှ စကားအေးအေးဆေးဆေး ပြောကြတာပေါ့၊ သွားအနားယူပါ''

ဆောင်းမင်းဆက် မျက်နှာကြီးသည် မှုန်နေသည်ကို ပြန်မကြည့်တော့ဘဲ ဦးမင်းထွန့်ခေါင်က ဦးမင်းထွတ်တင်ကို ကြည့်သည်။

''ငါ့ညီလည်း သွားနားပါ၊ မနက်ဖြန်နေ့လည် တစ်နာရီ တို့များမိသားစုအားလုံး ဆုံကြမယ်''

စကားဆုံးလျှင် အားလုံးတစ်ပြိုင်နက် ထရပ်လိုက်ကြသည်။

■ ■ ■

## အခန်း (၄၉)

''ဒေါက် ဒေါက်''

''ဘယ်သူလဲဟင်''

''ဒွေးတော်ပါ''

ကကြိုးသျှင် ရုတ်တရက် ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။

အခန်းထဲမှာ ဆောင်းမင်းဆက် အိပ်ခဲ့သော ဒရင်းဘတ်ဒ်က ဒီအတိုင်း၊ ကကြိုး အဲဒီပေါ်က စောင်တွေ ခေါင်းအုံးတွေကို ကပျာကယာယူ၍ မွေ့ရာပေါ်ပြောင်းတင်လိုက်သည်။ ဒီအမျိုးသမီးကြီးက မလွယ်။

''ဒေါက် ဒေါက်''

တံခါး ထပ်ခေါက်သည်။

ကကြိုး ကပျာကယာ သွားဖွင့်ပေးလိုက်၏။ ထင်သည့်အတိုင်းပင် တံခါးဝမှ ခြေတစ်လှမ်းမျှမရွေ့ဘဲ ကကြိုးကိုကျော်၍ အခန်းထဲကို လှမ်းကြည့်သည်။ ဒရင်းဘတ်ဒ်နဲ့ စောင်ခေါက်ဖရိုဖရဲကို အေးစက်စက်တစ်ချက်ကြည့်ကာ မျက်နှာအနည်းငယ် အရောင်ပြောင်းသွားသည်။

''အင်း ခုမှနိုးတာလား''

''ဟုတ်''

ကကြိုး မညာတတ်ပါ။ ခရီးပန်းတဲ့အရှိန်နဲ့ ခေါင်းချတယ်ဆို ပျော်သွားလိုက်တာ သတိရ၍ နာရီကိုမော့ကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုးနာရီတိတိ"

ဒွေးတော်ဆိုသည့် အမျိုးသမီးကြီးက ခေါင်းညိတ်လိုက်သည်။

"အေးပေါ့ ခရီးပန်းလာတာကို။ မင်း မနက်စာစားပြီးရင် ဒွေးတော်နဲ့လိုက်ခဲ့ပါ"

"ဘယ်ကိုလဲဟင်"

"ဒီတိုက်ကြီးထဲမှာပါပဲ၊ မင်းကို ပြစရာရှိလို့"

"ဟုတ်ကဲ့"

ပြောပြီး ချာခနဲ လှည့်ထွက်သွားသည်။ ကကြိုးတစ်ယောက်ထဲ တောင့်တောင့်လေးရပ်ကျန်ခဲ့၏။

ဒီတိုက်ကြီးထဲမှာ နေရာအဆန်း ပစ္စည်းအဆန်း လူထူးလူဆန်းတွေချည်း ဖြစ်နေသည်။ စာအုပ်တွေထဲမှာဖတ်ဖူးသည့် အမွေကိစ္စတွေ ရှုပ်ထွေးပွေလီနေသော အနွယ်တော်စံအိမ်ကြီးမျိုးလား။

"ကကြိုးရှင်"

ကကြိုးရှေ့မှာ သူရောက်လာတော့ ရင်ထဲမှာ အားရှိသွားသလိုလို။ ဆောင်းမင်းဆက် အခန်းထဲဝင်ကာ တံခါးကို ပြန်ပိတ်လိုက်သည်။

"ဒွေးတော် ဘာလာပြောတာလဲ"

"စားသောက်ပြီးရင် သူနဲ့လိုက်ခဲ့ဖို့ ပြောတာပါ"

"ဘယ်ကိုတဲ့လဲ"

"မသိဘူး"

ဆောင်းမင်းဆက် အခန်းထဲဝင်၍ ဒရင်းဘတ်ဒ်ကိုခေါက်သိမ်းလိုက်သည်။

"ရောက်စဆိုတော့ မင်း နည်းနည်းစိတ်ကျဉ်းကျပ်မယ်၊ နောက်တော့ အဆင်ပြေသွားမှာပါ။ ဒီမှာရှိသမျှ လူတွေအားလုံး ကိုယ့်ကိုချစ်ကြတယ်၊ လူကြီးတွေဆိုတော့ နေရာတကာ စိုးရိမ်ပိုပြီး စကားပြောတဲ့အခါ မင်းဘက်က မခံချင်စရာ ဖြစ်ရတာမျိုးလေးတွေ တစ်ခါတစ်ရံ ရှိလာနိုင်



တယ်၊ ဒါကိုနည်းနည်း မင်းသည်းခံပေးပါ"

"ရှင် ကကြိုးကို ဒီလိုနေရာမှာ ချောင်ထိုးထားပြီး တမင်စိတ်ဆင်းရဲရအောင် ခေါ်လာတာလား ကိုဆောင်းမင်းဆက်"

"ဘယ်ကလာ ချောင်ထိုးရမှာလဲ၊ ကိုယ် မင်းနားမှာ အမြဲရှိနေချင်တာပါ၊ မင်းစိတ်ချမ်းသာဖို့ ကိုယ်ရှောင်ပေးနေတာ၊ ပြီးတော့"

"ကကြိုး ဒီမှာမနေချင်ဘူး"

"ကိုယ်လည်း မနေပါဘူး၊ မင်းနဲ့ကိုယ့်အတွက် စိတ်ချရတဲ့ကာလတစ်ခုအထိ ဒီနေရာဟာ အလုံခြုံဆုံးပဲ၊ တစ်ခုတော့ရှိတယ်၊ မင်း ကိုယ့်အပေါ် ချစ်လာမယ်ဆိုရင်တော့ ဘာမဆို ကျော်လွှားဖို့မခက်ပါဘူး၊ ခုနေ သူတို့ ရောက်လာရင် မင်းက သူတို့ဘက်မှာ"

"ဘာလဲ ရှင်က ကကြိုးကို အကျပ်ကိုင်တာပေါ့"

"မဟုတ်ဘူး မင်းကိုအကျပ်ကိုင်နေစရာမလိုပါဘူး၊ ပိုင်ချင်ရင် အလွယ်လေး သိမ်းပိုက်လိုက်လို့ရတယ်၊ အကျပ်ကိုင်တယ် အဓမ္မဆန်တယ် ဆိုတာ အချစ်ကိုရယူဖို့အတွက် ဘာမှအသုံးမဝင်ပါဘူး၊ ကကြိုးသျှင် မင်းဆီက ကိုယ်လိုချင်တာ မင်းကိုယ်တိုင်ပေးအပ်လာမယ့်အချစ်"

"ရှင်ဟာ နေရာတကာ အကြမ်းဗရမ်းနဲ့ အတ္တကြီးသလောက် အချစ်ကိုတော့ တော်တော်စိတ်ကူးယဉ်တတ်တာပဲ၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ဆုလာဒ်ဟာ ဖြစ်လာနိုင်မနိုင်တော့ ရှင် ဆင်ခြင်သင့်တယ်"

"မဖြစ်နိုင်တာ ဘာမှမရှိဘူး၊ ဆောင်းမင်းဆက်ရဲ့ရာဇဝင်မှာ ပိုပြီး မရှိတော့ဘူး၊ တစ်နေ့မင်း ငါ့ကို ချစ်လာမှာပါ"

"ရှင့်အသိုင်းအဝိုင်း ရှင့်အိမ်မှာ ရှင်ဟာ ဘုရင်တစ်ဆူလို ကြီးကျယ်ခမ်းနားတတ်နေနိုင်ပေမယ့် ကကြိုးဆိုတဲ့မိန်းမရဲ့အချစ်ကိုရဖို့ ဒီအဆောင်အယောင်တွေနဲ့ သိမ်းသွင်းဖို့ကြိုးစားရင်တော့ အလကားပဲ"

"မင်းကိုလည်း မသိမ်းသွင်းဘူး၊ ဒါတွေကို ကိုယ်ကိုယ်တိုင်လည်း

www.burmeseclassic.com

www.burmeseclassic.com



မမက်ဘူး၊ မင်းအချစ်ကိုရဖို့ ကိုယ်က အချစ်နဲ့ပဲသိမ်းသွင်းမှာပါ''

ကကြိုး သူ့ကို အေးစက်စွာ ကြည့်သည်။ သူက နူးညံ့စွာတုံ့ပြန်၏။ အချစ်၏သက်ရောက်ခြင်းက ဘာလဲ။

■ ■ ■

ကကြိုး ဖြတ်သန်းရှင်သန်နေခဲ့ရသော ကာလတွေကိုပင် မယုံမရဲ ဖြစ်မိ၏။ ကကြိုးကို မင်္ဂလာဦးနေ့မှာပဲ လက်ရှုံးရင်ခွင်ထဲက သူ ခေါ်ထုတ်လာခဲ့သည်။

အစီအစဉ်အားလုံးကို သေသပ်ပိရိစွာ စီစဉ်ထားခဲ့သူ။ မိုက်မိုက်မဲမဲ အတ္တကြီးစွာ ဖန်တီးခဲ့သည့် သူ့ဖြေရှင်းချက်က ယုံနိုင်စရာမရှိခဲ့။ ကကြိုးကို ချစ်သတဲ့။ ပိုင်ဆိုင်ချင်လိုစိတ်ကြောင့် စီစဉ်ရခြင်းပါတဲ့။ မိန်းကလေးပေါင်း များစွာနှင့် ပတ်သက်ဖူးသော အချစ်ကစားပွဲတိုင်းမှာ မှော်ဆရာတစ်ဦးလို အနိုင်ယူတတ်သော ဆောင်းမင်းဆက်စကားကို ကကြိုး မယုံနိုင်ခဲ့ပါ။

အတ္တကြီးသော အလိုရမက်တစ်ခုနှင့် ကကြိုးကို သိမ်းပိုက်ခြင်း ဟုပဲ ထင်ခဲ့မိသည်။ ရင်ထဲမှာ ခါးသီးစွာနှင့် နာကြင်မုန်းတီးခဲ့သည်။

သူ့မျက်နှာကိုမြင်ရုံနှင့် ကကြိုး ရွံရှာသည်။ ကြောက်လန့်တုန်လှုပ်ခဲ့မိသည်။ သူ့လက်ခုပ်ထဲမှရေပမာ တစ်နေ့တော့ ကကြိုးဘဝလေး နစ်မွန်းခဲ့မည်ဟု ချောက်ချားနေခဲ့သမျှ အခုတော့ ကကြိုး ကြောက်လန့်နေသောအချိန်တွေကို ရင်မဆိုင်ရသေးပါ။ သူ့လုပ်ရပ် သူ့အပြုအမူတွေက ကကြိုးအပေါ် ညင်သာသည်။ သိမ်မွေ့နူးညံ့သည်။ မာယာများသော သူ့ရဲ့ လှည့်စားချက်တစ်ခုဟု ကကြိုး ထင်မိပြန်သည်။ ကကြိုး ရင်ထဲကအချစ်ကို ပိုင်ဆိုင်ဖို့အတွက် သူ ပရိယာယ်များစွာနှင့် ဖြားယောင်းနေခြင်းဟု ကကြိုး ထင်၏။

တစ်ခါတစ်ရံမှာတော့ ကကြိုး အသိတရားတွေ မိန်းမောသွားလောက်အောင် သူ ယုယကြင်နာမှုက စွမ်းသည်။ မိုးထဲလေထဲမှာ ကကြိုး



ကို ပွေ့ဖက်ထွေးပွေ့ကာ တစ်ချိန်လုံး အနီးမှာရှိနေခဲ့စဉ်က ကကြိုးရင်တွေ ထလှုပ်လှုပ်။ ကြောက်လန့်ခြင်းနှင့် ရင်ခုန်လှိုက်ဖိုခြင်းတွေထဲမှာ ကကြိုး အချိန်မရွေး လွင့်မျောသွားနိုင်ပေမယ့် အံ့ဩစရာကောင်းစွာ သူ အခွင့်အရေးမယူခဲ့ပါ။ ကကြိုးခန္ဓာကိုယ်လေးကို အေးစက်သော မိုးရေတွေထဲမှာ နွေးထွေးအောင် ပွေ့ဖက်ထားခဲ့သည်။ ကကြိုးဦးခေါင်းမှာ ပါးကလေးအပ်ငြိမ်သက်နေခဲ့သည်။ ထိုထက်ပိုမိုသော အခွင့်အရေးတွေကို သူ မပြုခဲ့။

လမ်းခရီးမှာ ကားပျက်တော့လည်း သူ တစ်ညလုံး နှစ်ခြိုက်စွာ ထွေးပွေ့ထားရုံမှတစ်ပါး မဖြားယောင်းခဲ့ပါ။ ကကြိုး နှစ်ခြိုက်စွာအိပ်မောကျနေသည်ထင်ကာ နိုးသွားမှာစိုး၍ သူ တစ်ချက်မလှုပ်။ သူ့ရင်ခွင်ထဲမှာ ကကြိုး ရင်တွေလှိုက်ဖိုရင်း သူ့ရဲ့စောင့်ထိန်းနိုင်မှုအတွက် အံ့ဩခဲ့ရသေးသည်။

ဒါတွေအားလုံး ရှင်ဟန်ဆောင်နေတာလားဟင်။ ဆောင်းမင်းဆက်ဆိုတဲ့ယောက်ျားတစ်ယောက်ရဲ့ မှော်ဆန်တဲ့မာယာတွေလား။

အကြွင်းမဲ့ယုံနိုင်ဖို့ ခက်ခဲလှပေမယ့် ခုချိန်ထိ ကကြိုးကို သန့်စင်စွာ ရှင်သန်ခွင့်ပေးနေခြင်းအတွက် ကျေးဇူးတင်မိ၏။ ခါးသီးသောအမုန်းတွေ ဆောင် ရင်ထဲမှာပျောက်ဆုံးကာ သူ့ယုယမှုတွေမှာ ကကြိုး သာယာချင်မိ ဘာ ဝန်ခံချင်ပါရဲ့။ ဒါပေမဲ့ ကကြိုးကို ရှင်ပိုင်ဆိုင်ခွင့်ဆိုတာ ဘယ်တော့မှ ကော်ခွင့်မရှိတဲ့ အိပ်မက်ပဲဖြစ်မှာပါ။ ဘာလို့လဲဆိုတော့ လက်ရှုံးဆိုတဲ့ ယောက်ျားတစ်ယောက်နဲ့ လက်ထပ်ပြီးသားမိန်းမတစ်ယောက် ဖြစ်နေလို့ ပေါ့။

အရာအားလုံးကို အတ္တဆန်စွာ ရှင်သန်ချင်တဲ့ ရှင်အလေးမထား ပေမယ့် ကကြိုးကတော့ စောင့်စည်းရမယ့် ကျင့်ဝတ်တွေကို ဘယ်တော့မှ ချိုးဖောက်ချင်ဘူး။ သေချာပါတယ် ဆောင်းမင်းဆက်။ ကကြိုးရင်ထဲက အချစ်ကို ရှင် ဘယ်တော့မှ ပိုင်ဆိုင်ခွင့်ရမှာမဟုတ်ဘူး မှတ်''

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

စံအိမ်ကြီးရဲ့ပုံစံက ရန်ကုန်အိမ်ကြီးနဲ့ တစ်ထပ်တည်း။

ဒွေးတော် နောက်ကနေ တိတ်ဆိတ်စွာပါလာလျက် ကြောင်လိမ်လှေကားထိပ်ရောက်လျှင် ဒွေးတော်က ရပ်လိုက်၏။

ပြီးတော့ လက်ထဲမှာကိုင်လာသည့် ကတ္တီပါကလေးအုပ်ထားသော ပစ္စည်းကို ဖြေထုတ်ကာ တစ်ဖက်နံရံကို မျက်နှာမူ၍ ဂဏန်းတွေနှိပ်နေသည်။

"ဒုတ်"

ရပ်နေသည့်နေရာ သိမ့်ခနဲဖြစ်သွား၍ ကကြိုး လန့်သွားမိသည်။ ဒွေးတော်က အနှိပ်ရပ်၍ နံရံကိုစိုက်ကြည့်နေစဉ် ကျယ်ဝန်းမြင့်မားသော တံခါးပေါက်ကြီးတစ်ခုအဖြစ် တဖြည်းဖြည်း လှုပ်ရှားပြောင်းလဲသွား၏။

"လာ"

ကကြိုး အံ့သြမဆုံးခင် ဒွေးတော်က အဲဒီအပေါက်ထဲ လှမ်းဝင်သွား၍ သူမ ကမန်းကတန်း လိုက်သွားရသည်။

သူတို့အထဲရောက်သည်နှင့် တံခါးဝက အလိုလိုပြန်ပိတ်သွားသည်။ ဝင်လိုက်စက အနည်းငယ်မှောင်ပေမယ့် အတော်လေး လျှောက်လာမိတော့ လင်းလင်းချင်းချင်း ဖြစ်လာသည်။

လှေကားထစ်တွေက အောက်ကိုတဖြည်းဖြည်း နိမ့်ဆင်းသွား၏



သဝင်ပေါက်မရှိပါဘဲ လင်းထိန်၍ အေးစိမ့်စိမ့်ဖြစ်နေသည်က ချောက်ချားဖို့ကောင်းနေလေသည်။

"အမလေး"

ကကြိုး ကြောက်တတ်သူပီပီ ရုတ်တရက်လန့်သွားကာ ဒွေးတော်ရဲ့ ကိုယ်လုံးဝဝကြီးကို လှမ်းဖက်လိုက်မိသည်။

အုတ်ဂူတွေ အရိုးစုတွေနှင့် ဘုရား ဘုရား။

"ဒါ မြမျိုးမြင့်မာန်ရဲ့ဘိုးဘွားဂူတွေပေါ့၊ အရိုးကို ဂူသွင်းထားတာ ဘာမှကြောက်စရာမရှိပါဘူး။ မင်းမြင်တဲ့အရိုးတွေက လူလေး ဆေးကျောင်းတက်တုန်းက သုံးထားတာတွေပါ"

ဘာပြောပြော ကကြိုး ချွေးစေးတွေပြန်နေပြီ၊ ဒွေးတော်က ကကြိုးလက်ကလေးကိုဆွဲ၍ အခန်းတံခါးတစ်ခုကို ဖွင့်နေပြန်သည်။ ဘာတွေမြင်ရဦးမှာလဲ။ ကကြိုး မျက်လုံးတွေ စုံမှိတ်ထားလိုက်မိသည်။ နှာခေါင်းထဲမှာ နှစ်သက်ဖွယ်ကောင်းသည့် မွှေးနံ့တစ်ခုက တိုးဝင်လာသည်။ မျက်လုံးတွေကို ဖွင့်ကြည့်လိုက်တော့ ဟယ်ခနဲ ဖြစ်သွားရပြန်၏။

ပန်းချီကားထဲက စော်ဘွားစုံတွဲတို့၏ ပုံတူရုပ်တုကြီးတွေ။ ဒါပေမဲ့ ဒီတန်းပုံက အရွယ်ငယ်၍ ချောမောတင့်ပြည့်နေသည်။ မင်္ဂလာဆောင်နေသည့်ဝတ်စုံနှင့် အမျိုးသမီးက ကျုံ့ကျုံ့ကလေး ခေါင်းငုံ့ထိုင်လျက် ပေါင်ပေါ်မှာ ငွေဖလားကြီးတစ်လုံးကို ကိုင်ထားသည်။

ဖလားထဲမှာ ပြည့်ကျော်လျှံကျလျက် ရှိနေသည်က စိန်ရွှေပတ္တမြားသော ရတနာမျိုးစုံ။ နံဘေးမှာရပ်၍ ဖလားကိုင်ကာ သွန်းလောင်းချနေသည့် စော်ဘွားကြီး၏ကိုင်ထားသော ဖလားခပ်စောင်းစောင်းထဲမှာလည်း ရတနာတွေအပြည့်နှင့်။

အမျိုးသမီးရဲ့ခေါင်းပေါ်မှာ ပခုံးပေါ်မှာ ထိုင်နေသည့် သူမအနားမှာ ဖြန့်ကြဲနေသည့် ရတနာများက ကျောက်ခဲသလဲတွေလို။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဒွေးတော်တို့ရဲ့မမကြီးနဲ့ သူ့ကြင်ယာတော်ပေါ့၊ မမကြီးရဲ့ မိခင်ဟာ မမကြီးရဲ့အလှအပ ထက်မြက်မှုအားလုံးအပေါ် တန်ဖိုးထားလွန်းလို့ အမျိုးတူချင်း လက်ဆက်ပေးတာတောင် ရတနာမိုးရွာပေးနိုင်မှ သဘောတူမယ်လို့ကြေညာတယ်၊ ဒါနဲ့ပဲ အဲဒီရုပ်တုရှင်ပုဂ္ဂိုလ်ဟာ တကယ်မြတ်နိုးခဲ့တဲ့ ချစ်သူကိုပါ စိတ်နာပြီး ရတနာမိုးရွာဖို့ သူမတတ်နိုင်တာကို တကယ်တတ်နိုင်အောင် ရှာဖွေစုဆောင်းပြီး လာပြန်တောင်းတယ်၊ ရင်ထဲမှာတော့ နာနေပြီပေါ့ကွယ်၊ မမကြီးဟာ ဒီပြင်လာတောင်းတဲ့လူတွေကို ငြင်းပယ်ပြီး ချစ်သူကို စောင့်ခဲ့ပေမယ့် တကယ်တမ်း လက်ထပ်ပြီးတဲ့အခါ စိတ်မချမ်းသာခဲ့ရဘူး"

ဒွေးတော်မျက်နှာက နီရဲတင်းမာလာသည်။

"တကယ်ပါ မမကြီးက မြမျိုးမျက်ချယ်ပါ၊ အဲဒီပုဂ္ဂိုလ်ကတော့ ဦးမင်းမြင့်မာန်၊ မမကြီးကို သူယူပြီး ဒီပန်းပုရုပ်ထုကို စိတ်ရှည်လက်ရှည် ကိုယ်တိုင်ထုတယ်"

ဒွေးတော်က ပဆစ်တုပ်ထိုင်ချကာ ရုပ်တုနှစ်ခုကို ခံထားသော ကျောက်စိမ်းခုံပေါ်က ပိုးသားစကို ဖယ်ရှားလိုက်သည်။

"ဒီရုပ်တုကိုရော စံအိမ်ကိုပါ 'မြမျိုးမြင့်မာန်' လို့ ကမ္ပည်းထိုးတယ်"

ဖယ်ရှားလိုက်သည့် ပိုးစအောက်မှာ 'မြမျိုးမြင့်မာန်' ဆိုသော ဖောင်းကြွအသားစာလုံးတွေကို လှပစွာ မြင်လိုက်ရသည်။

"ဒီနာမည်ကို တဖွဖွရွတ်ပြီး ရုပ်တုကို ထုခဲ့တယ်၊ အဲဒီလို သူရွတ်တိုင်း မမကြီးမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲနဲ့ ဒီရုပ်တုထုပြီးတဲ့အချိန်မှာ ကိုယ်ဝန်နေ့စေ့လစေ့က မီးဖွားရင်း မမကြီး ဆုံးသွားရှာတယ်"

"အို"

ကကြိုး တကယ့်ကို သနားသွားမိတာပါ။

ရုပ်တုရှေ့မှာ ဒွေးတော်လို ပဆစ်တုပ်ထိုင်၍ မြမျိုးမျက်ချယ်ဆို သည့် အမျိုးသမီးမျက်နှာကို တစိမ့်စိမ့်ကြည့်နေမိသည်။



"အမိမဲ့ကျန်ခဲ့တဲ့ကလေးဟာ ဆောင်းမင်းဆက်ပေါ့၊ ကလေးမျက်နှာမြင်တော့မှ အမိမဲ့ကလေးအဖြစ်ကို သတိရပြီး သူမှားမှန်းသိတယ်၊ တကယ်တော့ ချစ်လွန်းလို့ အမျက်ကြီးခဲ့တာပဲ၊ သူ့စိတ်တွေလေပြီး တစ်နှစ်ကျော်လောက် ပျောက်သွားခဲ့တယ်၊ အဲဒီမှာ သူ့ရဲ့ကျန်ခဲ့တဲ့ ညီနှစ်ယောက်ရဲ့လက်ပေါ်မှာ လူလေး ကြီးပြင်းခဲ့ရတယ်လေ"

ညီနှစ်ယောက်ဆိုတာ ဘဘဦးမင်းထွတ်တင်နှင့် တစ်ယောက်က ဘယ်သူမှန်း ကကြိုးမသိ။

"ကိုကြီး မင်းထွတ်တင်နဲ့ မင်းစိုင်းလှူပေါ့၊ သူတို့ဟာ ကလေးကို အရမ်းချစ်ပြီး အရမ်းကို အလိုလိုက်ကြတာ"

"ဘဘ ဦးမင်းထွဋ်ခေါင်က"

"သူက အစ်ကိုအကြီးဆုံးပဲ၊ သူတို့အားလုံး ညီအစ်ကိုလေးယောက်ရှိတာ၊ လူလေးရဲ့ဖခင်က ဒုတိယသား၊ အဲဒီ ဦးမင်းထွဋ်ခေါင်က ညီလုပ်သူက တယူသန်အငြိုးကြီးပြီး မလုပ်သင့်တာတွေလုပ်နေတယ်ဆိုတည်းက လုံးဝအခေါ်အပြော အဝင်အထွက်မရှိခဲ့ဘဲ သိပ်ကိုသမာဓိအားကောင်းတဲ့ပုဂ္ဂိုလ်ကြီးပဲ၊ လူလေး ဆယ်နှစ်သားရောက်မှ သူ ဒီရောက်လာတာ"

"ဩော်"

"ညီအစ်ကိုအားလုံးထဲမှာ သူက လူပျိုကြီး၊ ကျန်တဲ့လူတွေက ချစ်သူတွေရှိကြပေမယ့် သူတို့ဟာ မျိုးဆက်မပွားနိုင်တော့ဘဲ ချို့ယွင်းချက်တွေတူညီစွာ ရှိနေကြတာသိတော့ ကလေးတွေရော အိမ်တွင်းရေးမှာပါ ရှုပ်လာမှာစိုးလို့ တစ်သက်လုံး အိမ်ထောင်မပြုဘဲ နေလာကြတာ ခုထိပေါ့"

"ဒါဆို ဘဘထွဋ်ခေါင်က ဘာဖြစ်လို့ အိမ်ထောင်မပြုခဲ့တာလဲ ဟင်"

"အဲဒါ သူ့ရဲ့ ခံမှုပါရမီပဲ၊ သူဟာ အစကတည်းကကို ကာမရာဂ

www.burmeseclassic.com

www.burmeseclassic.com



စိတ်နည်းခဲ့တာ၊ အရွယ်ရောက်ကတည်းက ဥပုသ်စောင့်တယ်၊ တရားနာတယ်၊ တရားထိုင်တယ်၊ ရက်ရက်ရောရော လှူတယ်၊ ကျန်တာ ဘာမှ စိတ်မကူးခဲ့ဘူး''

''ဒါဖြင့် ဒီလေးယောက်ပေါင်းမှ ကိုဆောင်းမင်းဆက် တစ်ယောက်ပဲ ထွန်းကားခဲ့တာပေါ့နော်''

''သိပ်မှန်တာပေါ့ကွယ်၊ မမကြီးဘက်ကလည်း တစ်ဦးတည်းသောသမီး၊ ဒို့ပြင် မျိုးဆက် ဘယ်သူမှမထွန်းကားခဲ့ဘူး၊ ဒီအိမ်ကြီးမှာ မမကြီးဘက်က ဆွေမျိုးဆိုလို့ ဒွေးတော်တစ်ယောက်ပဲရှိတယ်၊ ကျန်တာ ဦးမင်းမြင့်မာန်ရဲ့အနွယ်တော်တွေပဲ၊ ဒီမင်းမျိုးဆက်ထဲမှာ လူလေးတစ်ယောက်ပဲ မျိုးဆက်ကျန်တော့တယ်၊ ဒါကြောင့် ဒီကလေး မပျက်မစီးရအောင် မပျောက်ပျက်ရအောင် တို့အားလုံး ပိုးမွေးသလို မွေးခဲ့ကြရတယ်''

ဒွေးတော် မျက်နှာက အရောင်တစ်မျိုးပြောင်းသွားသည်။

ကကြိုးကို စေ့စေ့စပ်စပ် စိုက်ကြည့်နေပြီးမှ

''ဒွေးတော် ပြောတာကို နားထောင်စမ်း ကကြိုးသျှင်၊ ဟောဒီမြမျိုးမြင့်မာန်မှာ ရှိသမျှလူတွေအားလုံးဟာ တစ်ယောက်မှ ကလေကချေမပါဘူး၊ အားလုံး ကိုယ့်ဂုဏ်ဒြပ်နဲ့ကိုယ်၊ စည်းစိမ်ဥစ္စာ၊ အခြံအရံနဲ့ နေနိုင်ကြတဲ့သူတွေချည်းပဲ၊ သူတို့ ဒီမှာ လာစုနေကြတာဟာ အဲဒီမျိုးဆက်လေးအတွက်ပဲ၊ ကလေး ဘယ်လောက်ရှုပ်ရှုပ်ပွေပွေ အားလုံး ကာကွယ်ပေးထားတယ်၊ ကလေးနဲ့ပတ်သက်သမျှ ချမ်းသာပြည့်စုံကြပေမယ့် ကလေးက မချစ်ဘူး၊ ဒီအတွက် ဘာပြဿနာရှိရှိ တို့က နောက်က ဖြေရှင်းပေးလိုက်တာပဲ၊ ကလေးဘာလုပ်လုပ် တို့သိတယ်''

ဒွေးတော်က ရုပ်ထုတွေကို မော့ကြည့်နေပြန်သည်။

''မင်းနဲ့ကိစ္စတွေလည်း မင်းကိုခိုးလာကတည်းက တို့သိနေတာပဲ၊ ဒီအခန်းထဲကို မင်းကိုခေါ်လာခဲ့တဲ့ ရည်ရွယ်ချက်က လူလေးအပေါ် မင်းစိတ်



ထားတွေ ပြောင်းပေးဖို့ပဲ၊ ဒီလိုပြောလို့ ဟောဒီရတနာတွေပြပြီး မြူဆွယ်တယ်လို့ မင်းမထင်နဲ့ဦး၊ ဒီကလေးအပေါ် တို့တွေ ဘယ်လောက်ထိ မျှော်လင့်နေကြတာကို မင်းသိစေချင်လို့၊ တို့ရည်ရွယ်ချက်က ကလေးနှစ်သက်မြတ်နိုးတဲ့ မိန်းကလေးနဲ့ ကလေး အတည်တကျ အိမ်ထောင်ကျဖို့ ဆက်နွှင်သန်ဖို့ပဲ၊ ဒါပဲ''

ကကြိုး မျက်နှာပူသွားသည်။

''မင်းဟာ ကာမပိုင်ယောက်ျား မရှိပါဘူး''

''ဒါပေမဲ့ သူက ကကြိုးရဲ့ချစ်သူပါ''

''အချစ်ဆိုတာ သက်ရောက်ခြင်းရဲ့ပြောင်းလဲမှုတစ်ခုပဲ ကကြိုးသျှင်၊ လူတစ်ယောက်မှာ တစ်ယောက်ကိုပဲ ချစ်ခွင့်ရှိတယ်ဆိုတဲ့ သတ်မှတ်ချက်မရှိဘူး။ ကိုယ်နဲ့နီးစပ်တဲ့ ကိုယ့်ပတ်ဝန်းကျင်နဲ့ ထိတွေ့သက်ရောက်မှုဟာ အချစ်ကို ဖြားယောင်းနိုင်ပါတယ်''

ကကြိုး လက်မခံနိုင်ပါ။

သူ့ရင်ထဲမှာ ဒီနေ့ထိ လက်ရုံးကို စွဲစွဲထင်ထင် ရှိနေဆဲ။

''မင်းရင်ထဲမှာ ရှိနေတာတွေကို တို့သိတယ်၊ ကလေး ပွေခဲ့တာ၊ ရည်းစားများခဲ့တာကို မင်းကြောက်နေတယ်၊ လက်မခံနိုင်ဘူး၊ ဟုတ်တယ်ဟုတ်လား''

ကကြိုး ငြိမ်သက်နေမိသည်။

''မိန်းမတစ်ယောက်ရဲ့ အရည်အချင်းဟာ ဘာလဲ၊ မင်းသိလား''

ကကြိုး ငြိမ်နေဆဲ။ ဒွေးတော်က စကားလုံးရွေးနေဟန်နှင့် အတန်ကြာ ရပ်နေသည်။

''ထိန်းသိမ်းတတ်ဖို့ဟာ မိန်းမတစ်ယောက်ရဲ့ အရည်အချင်းပဲ''

တစ်လုံးချင်း ပြောသည်။

''ဣန္ဒြေဆိုတာဟာလည်း အပေါ်ယံဟန်ဆောင်မှုတစ်ခုပဲ ကကြိုး

www.burmeseclassic.com

www.burmeseclassic.com



သျှင်၊ ဣန္ဒြေသိပ်ကြီးတယ်ဆိုတဲ့ မိန်းကလေးတချို့ မှားမိရင် ပိုတောင် အဖြစ်ဆိုးသေးတယ်၊ မိန်းကလေးတစ်ယောက် ထိန်းသိမ်းတတ်မှ အဲဒါ တကယ် တန်ဖိုးရှိတဲ့မိန်းမ၊ အိမ်မှုကိစ္စ ကိုယ့်ရဲ့ကိုယ်ကျင့်တရား ဒါတွေရဲ့ တန်ဖိုးဟာ ထိန်းသိမ်းတတ်ခြင်းရဲ့အပေါ်မှာပဲ တည်တယ်၊ ဒါပေမဲ့ နိုင်ငံခြား တွေဘာတွေက ပြန်လာတဲ့အထိ ပညာတွေတတ်လာကြတဲ့ မိန်းမတချို့ တောင် ဒီအရည်အချင်းရှိဖို့ မလွယ်ပါဘူး၊ အဲဒါကြောင့် ဆောင်းမင်းဆက် ဆိုတဲ့နာမည်တစ်လုံးဟာ မင်းအမြင်မှာ အမည်းစက်ဖြစ်သွားရတာပဲ''

ကကြိုး နားမလည်ပါ။

''ဖြားယောင်းတဲ့ဒဏ်ထိတွေ့ခြင်းရဲ့ လှုံ့ဆော်မှုကို ရဟန်းသံဃာ များတောင် ရှောင်နိုင်ခဲ့ကြတယ်၊ ဒါတွေ မင်းသိမှာပါ၊ ရုပ်ရည်နဲ့အရှိန်အဝါကို မက်မောပြီး အပိုလိုချင်တဲ့မိန်းမတွေ ဆောင်းမင်းဆက်နဲ့တစ်ရက်ထဲပဲဖြစ်ဖြစ် တွဲခွင့်ရချင်တယ်ဆိုတဲ့ မိန်းမတွေအားလုံးကလည်း အလှပညာဥစ္စာအားလုံး ပြည့်စုံနေကြတာတွေချည်းပဲ၊ ယုန်က မတိုးရဘဲ ပိုက်ကတိုးတာ အဲဒီမိန်း ကလေးတွေကိုကျတော့ မင်း နည်းနည်းမှ ထည့်မတွက်မိဘူးလား''

ကကြိုး ဘာပြောပြရမှန်း မသိ။ သူမ ပြောဖို့စကားလုံးလည်း မရှိပါ။

''မင်းရဲ့အကြောင်းကို စုံစမ်းတော့ ပေးဆပ်ရဲကြတဲ့ မိန်းကလေး တချို့လို ပြည့်စုံမှုမရှိတာလေးတွေ ရှိပေမယ့် သိပ်ကိုသန့်ရှင်းနေတယ်၊ မျိုးရိုးအသိုင်းအဝိုင်းကို သဘောကျတယ်၊ ချမ်းသာတာ ဆင်းရဲတာကို မလိုပါဘူး၊ လူလေး မင်းကိုသဘောကျသလို တို့အားလုံးက လက်ခံပေး လိုက်တာပဲ၊ မဟုတ်ရင် မသင့်တော်ဘူးထင်တဲ့မိန်းမတစ်ယောက်ကို ဒီစံအိမ် တံခါးဝတောင် ခေါ်လာခွင့်မရှိဘူး''

သူပြောပုံက ကကြိုးကပဲ ဆင်းရဲနေသလိုလို သြော် ဟုတ်ရာပေ မပေါ့။ ပြန့်ကျဲနေသည့်ရတနာတွေကို ငေးကြည့်ကာ မခံချင်စိတ်သေးသေး



လေးကို ဖျောက်ပစ်လိုက်ရသည်။

''မင်းကို လူလေးလက်ဆောင်ပေးတဲ့ ရတနာသေတ္တာကို ဦးမင်း သွတ်တင်လက်ထဲ ပြန်ထည့်ပေးလိုက်တာဟာ မင်းရဲ့စာရိတ္တနဲ့စောင့်ထိန်းမှု ကို ပြလိုက်တာပဲ၊ ဒီယုံကြည်မှုကိုရလို့ မင်း ဒီအခန်းထဲထိ ဝင်ခွင့်ရတာ၊ အောဒီဖလားတွေထဲက ရတနာတွေက ဘာမှမဟုတ်သေးပါဘူး၊ ဒီကျောက် စိမ်းခုံထဲမှာ ဒါမျိုးတွေ ရှိနေသေးတယ်''

မြမျိုးမြင့်မာန် စာလုံးထွင်းထားသည့် ကျောက်စိမ်းခုံကို ပုတ်ပြ ၍ ဒွေးတော်က ပြောသည်။

''ဒါတွေအားလုံးဟာ မမကြီးဘက်က အမွေ၊ ကလေးရဲ့ဘကြီး တော်တွေဘက်က အမွေတွေအားလုံး ပေါင်းစည်းထားတာ၊ မင်းတို့အိမ် ထောင်ရေး သာသာယာယာရှိသွားမယ်ဆိုရင် ဒီစည်းစိမ်ရတနာတွေနဲ့ မျိုး ဆက်သစ်လေးတွေ ဆက်လက်မွေးဖွားပြီး သားစဉ်မြေးဆက် ထိုင်စားသွားလို့ တောင်နိုင်ပါဘူးကွယ်၊ ဒါ မင်းကို ဒွေးတော် စည်းရုံးနေတာ မဟုတ်ဘူးနော်၊ ဒီတွေဖြစ်စေချင်တာ၊ တကယ် ဖြစ်သင့်တာကိုပြောတာ၊ အခု လူလေးနဲ့မင်း အတူရှိနေတာ တစ်လနီးပါးရှိပြီ၊ မင်းရဲ့ချစ်ခြင်းမချစ်ခြင်းဟာ လူလေးအတွက် အရေးကြီးကောင်းကြီးလိမ့်မယ်၊ ဒါပေမဲ့ မင်းနောက်ပြန်လှည့်လည်း သဘာဝ ဘာ လက်ခံတော့မှာမဟုတ်ဘူး''

ကကြိုး နှုတ်ခမ်းလေးတွေ တုန်လာသည်။

''ချစ်ချစ် မချစ်ချစ် မင်းရဲ့လက်ထပ်ပေါင်းသင်းထိုက်တဲ့ ခင်ပွန်းဟာ လူလေးပဲဖြစ်မှ သင့်တော်မယ်၊ ဒါဟာ ဗုဒ္ဓဘာသာ မြန်မာမိန်းကလေးတို့ရဲ့ ဘိနည်းဓလေ့ထုံးတမ်းတရားအပေါ် အခြေခံဆုံးဖြတ်ရမယ့် အချက်ပဲ၊ မင်းချစ်ခဲ့တဲ့လူ သူ့ရဲ့အသိုင်းအဝိုင်းအားလုံးက မင်းကို အရင်အတိုင်း ပြန်လက်ခံမယ်လို့ မင်းထင်သေးလား''

ကကြိုး မျက်ရည်လေး ဝဲလာသည်။ ဒွေးတော်ပျောင်းဖျနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



လမ်းကြောင်းနဲ့ ဆန့်ကျင်ဘက်။ ဒါတွေဖြစ်ရတာ သူ့ကြောင့်ဆိုတဲ့အသိက ခါးသီးစွာဝင်လာ၏။

"နဖူးပေါ်လက်တင်ပြီး သေချာစဉ်းစားကြည့်၊ ဆုံးဖြတ်ပြီးတာနဲ့ လူလေးနဲ့ တခမ်းတနားလက်ထပ်ပေးဖို့ မင်းမိဘဆီမှာ တို့သွားတောင်းပန်ပေးမယ်"

"အဟင့်"

ကကြိုးမျက်နှာလေး လက်ကလေးနှစ်ဖက်နှင့်အုပ်၍ ငိုသည်။

ဒွေးတော်က ရှုံးစိုက်ကြည့်နေ၏။

ဆောင်းမင်းဆက် ချစ်မိခဲ့သော မိန်းကလေးသည် ကလေးလေးတစ်ယောက်လို လွန်စွာဖြူစင်သော မိန်းကလေးတစ်ယောက်နှယ် ထိန်းသိမ်းနိုင်စွမ်းသော မိန်းမယုတ်တို့လို ဖြားယောင်းရနိုင်သော ရတနာအဆောင်အယောင်တို့ကိုလည်း ခုံမင်မက်မောခြင်းနည်းလှသော မြတ်နိုးဖွယ် နှစ်သက်ဖွယ် မိန်းမချောမိန်းမလှလေးပါတည်း။

■ ■ ■

## အခန်း (၅၁)

"လက်ရုံးလား ငါပါ"

"ဝင့်လား"

"အေး အရေးကြီးတယ်၊ နင် ဒီဆီ အမြန်လုံးလာခဲ့"

"ဟင် ဘာလဲ၊ ဘာအရေးကြီးတာလဲ"

"အရမ်းကို အရေးကြီးတယ်၊ သိချင်ရင် ဆယ်မိနစ်အတွင်း အရောက်လာခဲ့၊ ငါ ကန်တော်ကြီးစောင်းနားက စောင့်နေမယ်"

"အေး အခုလာခဲ့မယ်"

လက်ရုံး ဖုန်းချပြီးသည်နှင့် ရာဇကိုရှာသည်။

"မာမီ ရာဇဘယ်သွားလဲ"

"သေနတ်ပစ်ကွင်းသွားတယ် ထင်တယ်၊ ဘာလုပ်မလို့လဲသား"

"ဘာမှမလုပ်ပါဘူး၊ ကျွန်တော် အပြင်ခဏသွားဦးမယ် မာမီ"

ပြောပြီး လက်ရုံး ကားပေါ်ပြေးတက်ကာ မောင်းထွက်ခဲ့သည်။

"ငါ တမင်ကားယူမလာတာ သွားမယ်"

ဝင့်က သူ့ကားပေါ်တက်လိုက်ကာ

"ဆေးဆေး စကားပြောရအောင် မောင်းဟာ"

သူတို့ ကန်တော်ကြီးကို ဝင်လာခဲ့ကြတော့ နေကျကြဲတောက်

www.burmeseclassic.com

ပူပြင်းလျက်။

"ဝင့် ဘာပြောမှာလဲ မြန်မြန်ပြောလေ၊ ကျွန်တော် သိချင်လှပြီ"

သစ်မြစ်ဆုံကြီးပေါ်မှာ သူတို့မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။ ဝင့်က လွယ်ထားသည့် ဆလင်းဘတ်ထဲမှ စက္ကူအိတ်တစ်လုံးကို ထုတ်ယူကာ လက်ရုံးလက်ထဲ ထည့်ပေးလိုက်၏။

"အဲဒီပုံတွေ နင်ကြည့်စမ်း"

"ဘာလဲ"

လက်ရုံး ဓါတ်ပုံတွေကို ငုံ့ကြည့်လိုက်၏။

"ဟာ"

ဓါတ်လိုက်ခံလိုက်ရသလို တုန်ခနဲ ဖြစ်သွားသည်။

"တ ကကြိုး"

ဖြူစွတ်လှသော ခွေးဖြူလေးနှင့် ပျော်ရွှင်စွာဆော့နေသည့် ကကြိုး မျက်နှာက ပြုံးနေသည်။

မိုးပြာရောင်လက်ပြတ်လည်ဟိုက် ကိုယ်ကျပ်ဝတ်စုံလေးနှင့် ဆံပင်လေးတွေ လွင့်နေအောင်ပြေးလျက် လက်ထဲမှာ ဘောလုံးလေးကိုင်ထားသည်။

ကကြိုး၏ကလေးငယ်တစ်ယောက်လို ဖြူစင်အေးချမ်းမှုကို တွေ့နေရပါလျက်က လက်ရုံးရင်ထဲတွင် ပူလောင်လာသည်။ ခွေးဖြူလေးက သူ့နောက်မမှီတမီမှာ တအားပြေးလိုက်နေသည့်ပုံ။ ပြီးတော့ အပြေးသမားတွေလို မတ်တပ်အနေအထားမှ ရှေ့ကို လက်တွေချကာ ပြေးတော့မလို အားယူနေကာ သူ့မရှေ့မှာ ခွေးဖြူလေးက လက်တစ်ဖက်နှင့် ဘောလုံးကို ထိန်းကိုင်ကာ တွန်းလွှတ်တော့မည့်ဟန်ပြင်နေပုံ ခွေးလေးကိုပွေ့ပိုက်၍ တအားရယ်နေပုံများ။ ဓါတ်ပုံတွေ တစ်ထပ်ကြီးက ပုံတိုင်းလှနေသည်။

ပြာလဲ့သော မိုးပြာရောင်ကောင်းကင်အောက်မှာ မြက်ခင်းစိမ်းစိမ်း



ဘွှန်း၍ အပြာရောင်မင်းသမီးလေး ချစ်စရာခွေးဖြူလေးနှင့် ဆော့မြူနေဟန်တ ရိုက်ချက်တို့က ပီပြင်သည်။

အနီးကပ်ပုံတွေလည်း လှသလို အဝေးရိုက်ချက်တို့ကလည်း ကဗျာဆန်လှသည်။

"နင် ဘယ်လိုထင်လဲ လက်ရုံး"

"ကျွန် ကျွန်တော် ဒါ ကကြိုးဆိုတာ မယုံဘူး"

"ဒီထက်သေချာတာတောင် ဒါလောက် မသေချာဘူး"

ဝင့်က သံပြတ်နှင့် ဝင်ပြောသည်။

"ဝင့် ဒါတွေ ဘယ်ကရတာလဲ"

"ကိုဝေ့ဆီကလေ၊ ကိုဝေ့ကို ဝင့်တို့အုပ်စုက သိကြပေမယ့် ကိုဝေက ဝင့်ရဲ့သူငယ်ချင်းအားလုံးကို သိတာမဟုတ်ဘူး၊ သူ ကလောကပြန်လာတာတဲ့၊ ဒီတစ်ခါ သိပ်ကိုတက်ကြွနေတာနဲ့ ဘယ်လိုပုံမျိုးတွေ ရခဲ့လို့လဲလို့ သိပ်သိချင်နေတာ၊ သူ ကူးပြီးပြီးချင်းပဲ ဝင့်ကိုလာပြတာလေ၊ ကကြိုးကို ဝင့်သူငယ်ချင်းမှန်း မသိဘူး"

"ဒီဓါတ်ပုံတွေ ဘယ်လို ရိုက်ခဲ့တာတဲ့လဲ"

"ရဲတိုက်အဆောက်အဦးလို ခြံကြီးထဲမှာ သိပ်လှတဲ့မြင်ကွင်းတစ်ခုကို သူမှန်ဘီလူးထဲမှာ ပေါ်လာတာတဲ့၊ သူတည်းခိုတဲ့အိမ်က အဲဒီရဲတိုက်လို အိမ်ကြီးရဲ့အမြင့်မှာရှိနေတာဆိုတော့ လှမ်းမြင်နေတာတဲ့၊ အဲဒါနဲ့ သူ့ကယ်သဘာဝအတိုင်းရှိနေတဲ့ လွတ်လပ်ခြင်းနဲ့အလှတစ်ခုကို အမိအရ ရိုက်ယူလိုက်တာတဲ့"

"ကလောမှာ"

"ဟုတ်တယ်"

လက်ရုံး ရင်တွေလည်းခုန်နေသည်။ မခံချင်ဒေါသတွေလည်း ဖြစ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘာသဘောလဲ"

ဝင့်လည်း မျက်နှာမကောင်း။

"ငါထင်သလို ကကြိုး မတရားခံရတာ မဟုတ်တာတော့ အသေ အချာပဲ၊ ကြည့်စမ်း ဓါတ်ပုံထဲမှာ အသားလေးတွေစိုပြီး ဒီမှာထက်တောင် ပိုလှနေသေးတယ်"

လက်ရုံး အံကိုတင်းနေအောင် ကြိတ်ထားမိသည်။

"မဖြစ်ရဘူး အဲဒီလိုအဖြစ်မျိုး လုံးဝမဖြစ်ရဘူး၊ ကကြိုးကို မျက်နှာ ချင်းဆိုင် ကျွန်တော်ရှင်းမယ် ဝင့်"

"ဟုတ်တယ် ရှင်းသင့်တယ်၊ ဒီမှာ တို့တွေအားလုံး ဘယ်လိုဖြစ် ကျန်ခဲ့မယ်ဆိုတာသိရက်နဲ့ ကကြိုး ဘာမှမရှင်းတာ သိပ်ကိုလွန်တယ်၊ တို့လည်း သဘောမကျဘူး"

ယောက်ျားမို့ မငိုဘူးဆိုရင် လူတွေကဲ့ရဲ့လည်း ကဲ့ရဲ့ကြပါစေတော့၊ လက်ရုံး မျက်နှာကြီးနီရဲလျက် အံကြိတ်ထားတဲ့ကြားက မျက်ရည်တွေ ဝဲတက်လာသည်။ ရက်စက်တယ် ကကြိုးရယ်။

ဘယ်သူတွေဘာပြောပြော ဒီနေ့ထိ သူ့မှာတော့ မျှော်လင့်နေ တုန်း။

"လက်ရုံး နင်သိပ်ခံစားမနေပါနဲ့ဟာ၊ သူ့အကြောင်းရင်းကိုလည်း မသိရသေးပါဘူး၊ ဘယ်သူနဲ့ဘယ်လိုနေမှန်းလည်း မသေချာသေးဘူးဥစ္စာ စိတ်ကိုဖြေပါ၊ သူရှိတဲ့နေရာ ကိုဝေ့ကို ငါမေးထားတယ်၊ နင်ဘယ်တော့ သွားမလဲသာပြော"

ပြန်လည်ဖြေခြင်းအစား လက်ရုံး ပါးပြင်တစ်ဖက်မှာ မျက်ရည်တစ် စက် ကြွေကာကျ၏။ ရင်နာလိုက်တာ ကကြိုးရယ်။

■ ■ ■

## အခန်း (၅၂)

ဓါတ်ပုံကိုင်ထားသည့် ဒေါ်ခင်သစ်လက်က မသိမသာတုန်ယင် နေ၏။

"သူ့အဘိုးသိသွားရင် ဒုက္ခတွေတော့များကုန်မှာပဲ လူလေးရယ်"

မျက်ဝန်းမှာ မျက်ရည်ကြည်တွေလည်း ဝေ့လည်နေသည်။

"ပြောပါ ဒေဝီတို့သဘောကိုသာ ပြောပါ၊ လူလေးရော ဘယ်လို ဖြစ်စေချင်သလဲ၊ ပွင့်ပွင့်လင်းလင်း ပြောပါကွယ်"

ဒေါ်ဒေဝီက သားဖြစ်သူကို အဓိပ္ပာယ်ပါပါ ကြည့်သည်။

"အားလုံးက ပြီးနေပြီပဲ မမသစ်ရယ်၊ ခုပိုရှင်းသွားပြီလေ၊ ဒေဝီ တစ်ခုတော့ အရမ်းစိတ်မကောင်းဖြစ်မိတယ်၊ သူ ဒေဝီတို့မိသားစုကို သက် သက် သိက္ခာကျ အရှက်ကွဲအောင် ဖန်တီးသလို လုပ်သွားတာကို နားမလည် နိုင်ဘူး"

"ဒ ဒီလိုတော့"

ဖြေရှင်းဖို့ကြိုးစားပေမယ့် ဒေါ်ခင်သစ် စကားစရှာမရ။

အစွမ်းကုန်လှပ၍ ပျော်မြူးနေသော မြေးလုပ်သူရဲ့ဓါတ်ပုံကို ဒေါသ နှင့်ကြည့်ဖြစ်၏။

"ကျွန်တော် လိုက်သွားချင်တယ် မာမီ"

"ဘာ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေဝီ ဒီတစ်ခါ ဟန်မဆောင်နိုင်တော့ပါ။

ရှင်နေတဲ့ဒေါသတွေက သားဖြစ်သူရဲ့ အမှတ်မရှိတဲ့ အသည်းအပေါ် ပြင်းထန်စွာ ပေါက်ကွဲလေသည်။

"အားလုံးကပြီးနေပြီ၊ မင်းက ဘာဆက်ချင်တာလဲ၊ သူ့လည်း သူ့စိတ်ချမ်းသာသလို ပြတ်ပြတ်သားသား လုပ်သွားတာ"

"မဟုတ်ဘူး မာမီ၊ သူလုပ်သွားတာကို ကျွန်တော် သိချင်တာ"

ထိုစဉ် ရာဇက ကျောပိုးအိတ်တစ်လုံးနှင့် ဝင်ချလာသည်။ ဖြစ်နေသည့် အရေးအခင်းကို အံ့သြဟန်နှင့် ဝေ့ကြည့်ကာ ဒေါ်ခင်သစ်နားထွက်သွားပြီး ဓါတ်ပုံတွေကို ယူကြည့်၏။

"ဟာ"

အလန့်တကြားပုံစံကြီးဖြစ်လျက် မေးခွန်းမျက်နှာနှင့် အားလုံးကို လိုက်ကြည့်၏။ သူ့ကို ဘယ်သူမှရှင်းမပြပါ။ လက်ရုံးက ရာဇကိုတစ်ချက် လှမ်းကြည့်ကာ စကားကိုဆက်ပြောသည်။

"အခု ကျွန်တော်ခံလိုက်ရတာ တကယ့်ကို ရက်ရက်စက်စက်ပါ မာမီ၊ ဘွားသစ်ရာ စဉ်းစားကြည့်ပါ၊ ဒါ သူ့မှာ အကြောင်းပြချက်ရှိရမယ်၊ အဲဒါ ကျွန်တော်သိရမှဖြစ်မယ်၊ ကကြိုးကို ကျွန်တော်ကိုယ်တိုင် မျက်နှာကြည့်ပြီး မေးချင်တယ်"

"မလိုဘူး ဘာမှမလိုတော့ဘူး မာမီခွင့်မပြုဘူး"

ကိုယ့်ဘက်က မှားယွင်းခဲ့ပြီမို့ ဒေါ်ခင်သစ်မျက်နှာ သိမ်ငယ်စွာနှင့် သားအမိနှစ်ယောက်ကြားမှာ စကားတစ်လုံးမှ ဝင်မပြောနိုင်ရှာ။

ရာဇလည်း သဘောပေါက်သွားပုံပေါ်ကာ

"ဒါ လက်ရုံးပြောတာမှန်တယ် မာမီ၊ ရှင်းကိုရှင်းရမယ်၊ ကကြိုး လုံးဝမတရားဘူး"

"တော်ကြစမ်း ဒေဝီ မမသစ်ကို အရမ်းအားနာပါတယ်ရှင်၊ ဒါပေမဲ့ ခုကိစ္စမှာ ဒေဝီသားတွေကို ဒေဝီ လွတ်လပ်စွာ ဆွေးနွေးပါရစေ၊ ဒီထဲမှာ



သားအတွက်စေ့တနာကလွဲရင် ဘယ်သူ့အပေါ်မှ နစ်နာစေလိုတဲ့ဆန္ဒ မပါပါဘူး"

ဒေါ်ခင်သစ် မချိတရိလေး ခေါင်းကိုဆတ်ခနဲ ညိတ်ပြကာ ဆိုဖာမှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။

အားလုံးဟာ ကိုယ့်အိမ်မှာမို့ မျက်နှာလွှဲရှောင်ထွက်သွားလျှင် သဘောထားသေးရာ ကျဦးမည်။

"ခုကိစ္စမှာ လူကြီးအားလုံး သိက္ခာတရားနဲ့ပါ ဆိုင်နေတယ် သားအရင်က မင်းတို့ချင်း ဘယ်သူကဘယ်သူ့ကိုပဲ အနိုင်ယူယူ အရှုံးပေးပေး မင်းတို့ကိစ္စ၊ ခုဟာက မဟုတ်တော့ဘူး၊ ကကြိုးနဲ့ပတ်သက်ပြီး မာမီ ဘယ်လို ဂရုစိုက်ခဲ့ ချစ်ခဲ့သလဲ၊ မာမီတို့သူ့အပေါ် ဘာခွဲခြားတာရှိခဲ့သလဲ၊ မာမီ့သားတွေကို ခေါင်းခေါက်အနိုင်ယူနေတာတောင် မာမီ ကြည်ဖြူခဲ့တယ်၊ ဒါတွေကို သူငဲ့သင့်တယ်၊ ခုလိုလုပ်သွားတာ လုံးဝမဖြစ်သင့်တဲ့ စော်ကားခြင်းပဲလို့ မာမီထင်တယ်၊ မာမီတို့ဘက်က ဒီအချိန်မှာ လုံးဝဖြတ်တောက်မပြနိုင်ရင် သိက္ခာတွေက တွင်းတူးမြှုပ်ပစ်ဖို့ပဲ ရှိတော့တယ်၊ အဲဒါ မင်းတို့စဉ်းစား"

ဒေါ်ဒေဝီ လှည့်ပြန်သွား၏။ အိမ်တော်ဝင်မရောက်သေးဘဲ 'သူတို့အရိပ်ကို လှမ်းမြင်၍ လှည့်ဝင်လာသော ရာဇက လက်ရုံးနားကပ်ထိုင်ချကာ

"ဘာတွေဖြစ်ကုန်တာလဲ လက်ရုံး၊ ကကြိုးကိစ္စက ဘယ်က ပေါ်လာတာလဲ"

လက်ရုံး ရာဇကို ရဲဘော်ရဲဘက်လေးတစ်ယောက်ကို အားကိုးသောအကြည့်မျိုးနှင့် မော်ကြည့်၏။

"ရာဇ မင်း ငါ့ကိုကူညီမလား"

"ကူညီမယ်"

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၃)

''သူတို့ ဘယ်သွားကြမလဲ မသိဘူး''

တစ်ယောက်တည်းရေရွတ်ရင်း ကကြိုး အိမ်ကြီးရဲ့အဆောင်ဆောင်အခန်းခန်းကို ဖြတ်ကျော်လာခဲ့သည်။

''ဟယ် ကီးကီး ဝမ်းသာလိုက်တာဟယ်၊ ငါ့မှာ ပျင်းလွန်းလို့ နင်က ဘယ်ပျောက်နေတာလဲ''

ကီးကီးက သူ့ခြေထောက်ကို ပွတ်သပ်၍ ချွဲနေပြန်သည်။

''ကီးကီး နင်နဲ့ငါ ခြံထဲမှာ ဒီတစ်ခါ တူတူပုန်းမယ်၊ ဘယ်လိုလဲ''

ကီးကီးက အမြီးလေးလှုပ်ကာ ရှေ့က ပြေးဆင်းသွားသည်မို့ ကစားမယ်ဆိုသည့် သဘော။

ကကြိုး ကျေနပ်စွာ ပြေးလိုက်ခဲ့သည်။ ဘာမှမသိလေသော ကကြိုးရဲ့နောက်ကွယ်မှာ အိမ်ကြီးက တိတ်ဆိတ်စွာကျန်ခဲ့သည်။

တစ်ခုသော အခန်းကျယ်ကြီးတစ်ခုတွင်

''လူစုံပြီလား''

နောက်ဆုံးဝင်လာသည့် ရှမ်းတိုက်ပုံနှင့်လူကြီးက ထိုင်နှင့်ပြီးသော တစ်ယောက်ကို ကပ်မေးသည်။ တစ်ယောက်က ခေါင်းညိတ်ပြ၏။ အနီရောင်ကော်ဇောပေါ်မှာ အားလုံးလေးယောက်စီ မျက်နှာချင်းဆိုင် ခွဲထိုင်နေကြသည်။



သူတို့ရဲ့အလယ်မှာ တံခွန်ပုံသဏ္ဌာန် ဖယောင်းတိုင်များကို ပုံဖော်၍ ထွန်းညှိထား၏။ အားလုံး ထိပ်တစ်ပေခန့်အမြင့် ဆယ်ပေပတ်လည်ကျယ်သော ကျောက်ခုံပေါ်မှာ ဦးမင်းထွဋ်ခေါင် ရှိနေ၏။

သူ့ရှေ့မှာ ကန်တော့ပွဲသုံးပွဲ ဆီမီးတိုင်နှင့် တံခွန်ကုက္ကားစသော အစီအမံများ အပြည့်အစုံရှိလေသည်။ တစ်ခန်းလုံး အသက်ရှူသံတို့မှအပ တိတ်ဆိတ်ငြိမ်သက်နေသည်။ ဘာမှန်းမသိဘဲ တဂျောက်ဂျောက်ရေးခြစ်နေသည့် ဦးမင်းထွဋ်ခေါင်၏လှုပ်ရှားသံသည်သာ စက္ကန့်၊ မိနစ်၊ နာရီအထိ ရှည်ကြာလာခဲ့သည်။

အားလုံးမျက်နှာတွေမှာ စိတ်မရှည်ခြင်း ဖြစ်ရမည့်အစား တစ်စုံတစ်ခုသောအဖြေကို ငံ့လင့်နေကြပုံတွေ အထင်းသား ရှိကြလေသည်။

အမွှေးတိုင်တို့ ကုန်ဆုံးသွားသည်။ ယိမ်းနွဲ့နေသော ဖယောင်းတိုင်တို့က အားကောင်းစွာလောင်ကျွမ်းနေဆဲ။

''ဟင်''

ဦးမင်းထွဋ်တင် လက်ထဲက ကညစ်တံကို ချလိုက်သည်။

မျက်နှာသည် အုံ့မှိုင်းညှိုးမည်းနေလျက် သူ့မျက်နှာကို မျှော်လင့်တကြီး ကြည့်နေကြသည့်မျက်နှာများကို တစ်ချက်ဝေ့ကြည့်ကာ တင်ပလ္လင်ခွေထိုင်၍ ခါးမတ်မတ်ပြင်သည်။

ပြီးတော့ သိက္ခာကြီးလှသော မျက်ဝန်းတို့က ဖြည်းညင်းစွာ ပိတ်ကျသွားလေသည်။ သူတို့မျက်နှာ မကောင်းကြတော့ပါ။

အားလုံး တူညီစွာ ပြုပြင်ပြောင်းထိုင်ကြတော့ ဦးမင်းထွဋ်ခေါင်အတိုင်း မျက်လုံးတို့ကို မှိတ်လိုက်ကြသည်။

အသက်ရှူခြင်းတို့က စည်းချက်မှန်စွာ လှုပ်ရှားနေကြသည့်လွှဲ၍ ဝတ်ဝန်းကျင်သည် အေးစက်သော အငွေ့အသက်တို့ဖြင့် ဖုံးလွှမ်းလျက်ရှိလေသည်။ မီးတောက်မီးလျှံတို့လည်း ငြိမ်းသေကုန်ပြီ။ အချိန်တို့လည်း

www.burmeseclassic.com

www.burmeseclassic.com



တရွေ့ရွေ့ ကုန်ဆုံး၏။

"အဟင်း"

ဦးမင်းထွဋ်ခေါင်၏ ချောင်းဟန့်သံကြားရတော့ အားလုံး လှုပ်ရှားလာကြ၏။ တွက်ကြည့်တော့ အားလုံးကြာသွားသည့်အချိန်သည် နှစ်နာရီတိတိ။

"မင်းထွတ်တင်"

"ရှိပါတယ် နောင်တော်"

"ငါတို့စိုးရိမ်နေတဲ့ အခြေအနေတစ်ခုဟာ မကြာခင် ရောက်လာတော့မယ်"

"ဗျာ"

"အို"

"ဘုရား ဘုရား"

တွက်ချက်ပြီးသည့်ဇာတာကို ထပ်မံ အာရုံခံကြည့်ပြီးဆိုကတည်းက သူတို့ ချောက်ချားနေခဲ့ကြသည်။ ခုတော့

"စိုင်းဗလနဲ့ စိုင်းရာဇာ"

"အမိန့်ရှိပါခင်ဗျာ"

"မင်းတို့ ပြင်ပမှာနေပါ၊ မသင်္ကာစရာ လူစိမ်းမြင်ရင် ဂရုစိုက်ကြည့်ပါ၊ လိုအပ်ရင် ဒီကို အကြောင်းကြားပါ"

"ကောင်းပါပြီ ခင်ဗျာ"

"မယ်စိန်ပွင့်"

"အမိန့်ရှိပါရှင့်"

"မိန်းကလေးကို ဂရုစိုက်စောင့်ရှောက်ပါ"

"ကောင်းပါပြီရှင်"

ဦးမင်းထွဋ်ခေါင် စကားပြောနေရင်း မကြာခဏ အံကြိတ်ရသည်။



သူ့ရဲ့သမာဓိအား မြင့်လွန်းသောအာရုံမှာ ဘယ်လိုပုံရိပ်တွေ မြင်ခဲ့ပါသနည်း။ ဒါကို သူမှသိမှာပါ။

"မင်းထွတ်တင်"

"ဟုတ်ကဲ့"

"လူလေးကိုခေါ်ပြီး မင်း ငါတို့စီစဉ်ထားတဲ့ကိစ္စ အမြန်ဆုံးဖြစ်မြောက်အောင် စီစဉ်ပေတော့"

ဦးမင်းထွတ်တင် စကားမဆိုနိုင်တော့ပါ။ မျက်လုံးကြီးတွေ နီတွတ်လာကာ မျက်ဝန်းမှာ မျက်ရည်တွေဝဲလာသည်။

"ဩော် အနိစ္စ ဒုက္ခ အနတ္တ ကံကံ၏အကျိုးကို ဘယ်သူလွန်ဆန်သို့ရမှာလဲလေ၊ ဝဋ်ကြွေးဆိုတာရှိလာရင် နတ်ပြည်ထိတက်ပုန်းနေလည်း အမှီးပြန်ကျမှာပဲ"

ဦးမင်းထွဋ်ခေါင် ထဖို့ပြင်တော့ လူကြီးနှစ်ယောက် ကပျာကယာ ပြေးတွဲကြသည်။

"သတ္တဝါတစ်ခု ကံတစ်ခုလို့ မှတ်ကြတော့ကွယ်"

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"အဆက်အသွယ်ရဖို့ဆိုတာ လုံးဝမမျှော်လင့်နဲ့ ကိုယ့်လူ၊ မင်းမှာ အတောင်ပံပါရင်တော့ ပျံသွားပေတော့"

လက်ရုံး ရဲတိုက်ကြီးကိုကြည့်၍ ကြိတ်မနိုင်ခဲမရ ဖြစ်နေသည်။ ဒီထဲမှာ ကကြိုး ရှိမှန်းသိရက်နဲ့ တွေ့ဖို့လမ်းကမရှိ။ ဓါတ်ပုံထဲက မြင်ကွင်းမျိုး ရှုခင်းမျိုးတွေကို သူ လှမ်းမြင်နေရ၏။

"အဲဒီမှာ အသက်ငါးဆယ်အရွယ် လူကြီးတွေပဲရှိကြတာကွ၊ တစ်ခါတလေတော့ ခပ်လတ်လတ် ခပ်ချောချောလူတစ်ယောက် လာတတ်တယ်၊ ဒါပေမဲ့ ညှော်သည်ဖြစ်လိမ့်မယ်၊ ငါတော့ မင်းတို့ပြောသလို သိပ်ဖြစ်နိုင်မယ်မထင်ပါဘူး၊ သိရသလောက်ဆို ဒီရဲတိုက်ဆန်ဆန် ဒီအိမ်ကြီးဟာ သိပ်ကိုရှေးကျထည်ဝါတဲ့ မဟာမျိုးနွယ်တွေနေကြတာ၊ လူငယ်လည်း မရှိဘူး၊ လက်ထပ်ထားတဲ့ မိန်းမငယ်တစ်ယောက်ကို နိုးယူပေါင်းသင်းလောက်အောင် မဖြစ်နိုင်ဘူးထင်တယ်"

အိမ်ရှင် ကိုဟန်စိုးက သူ့ထင်မြင်ချက်ကို ပြောပြနေသည်။

လက်ရုံးနဲ့ရာဇ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။ သူတို့အဖြစ်က မယ်သီတာခိုးသွားတဲ့ ဒဿဂီရိကို စစ်ခင်းဖို့ ရောက်လာကြသည့်နှယ်။



တကယ့်တကယ်ကျတော့ သူတို့မှာ ခြနားကပ်လို့မရပါလား။ ဒါပေမဲ့ တကယ်သာ ကကြိုးတစ်ယောက် သဘောမတူဘဲ ချုပ်နှောင်ခံထားရတာဆိုလျှင် ဘယ်လိုဖြစ်ဖြစ် လက်ရုံး ရအောင်သွားမည်သာ။

"ဒီပြင် ခြံကြီးနဲ့ ဆက်သွယ်လို့ရမယ့်နည်းလေး ဘာလေးများ ရှိဘူးလား အစ်ကိုရာ၊ စဉ်းစားစမ်းပါဦး"

ကိုဟန်စိုးက မျက်မှောင်ကြီးကုတ်၍ စဉ်းစားဟန်ပြုလာသည်။ သူတို့ကို လိုက်ပို့ပေးသည့် ဝင့်ရဲချစ်သူ ကိုဝေကတော့ ခုချိန်ထိ ဘာမှ မပြောခဲ့သေး။

"ဟာ ဟေ့ တစ်ခု စဉ်းစားမိတယ်ကွ"

"အင်း ပြောပါဦး"

"သူတို့ခြံထဲမှာ ရေတံခွန်အတုနဲ့ ရေကန်အတုတွေ ရေကူးကန်တွေ ရှိတယ်၊ အဲဒီကရေတွေကို တစ်နှစ်တစ်ကြိမ် သန့်ရှင်းတယ်ကွ"

"အင်"

"အဲဒီကျရင် ဟောဟိုက မြင်နေရတဲ့ ခပ်အုပ်အုပ်အပင်လေးရှိတဲ့ ထောင့်မြောင်းကနေ ရေတွေထုတ်တယ်၊ မကြောက်တတ်ရင်တော့ အဲ မြောင်းအစ်မှာဆိုရင်တော့ အဲဒီကနေ ရေဆန်ပြီးကူးဝင်သွား၊ နှစ်ဆယ့်လေးနာရီ ကျော်ရင် ဒီအပေါက်က ပြန်ထွက်ဖို့တော့ မမျှော်လင့်နဲ့တော့ ကိုယ့်လူ"

"ငါ သွားမယ်"

"ဟာ မင်းက ခပ်ပျော့ပျော့ရယ် ငါက လောလောဆယ် ရေကူး နိုင်ယံလောင်းလျှာ၊ ငါ သွားမယ်"

ရာဇက သူပဲသွားဖို့ပြောနေသည်။ လက်ရုံး စိတ်မချပါ။

"ဒါ ငါ့ကိစ္စ၊ ငါပဲသွားမယ်၊ ဟိုထဲရောက်ဖို့ပဲလိုတာ၊ ဟိုရောက်ပြီး ကကြိုးက သူ့သဘောနဲ့သူနေတာဆိုရင် ငါ ပွင့်ပွင့်လင်းလင်းပြောပြပြီး ကောင်းကောင်းမွန်မွန် ပြန်လာရုံပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဟုတ်သားပဲ သူသွားတာ ပိုသင့်တော်ပါတယ်"

ကိုဝေက ဝင်ပြောသည်။

"ဟိုမှာလည်း လူကြီးလူကောင်းတွေပဲဟာ လူဆိုးသူခိုးဝင်တာမှ မဟုတ်တာ၊ မတော်လို့တွေ့သွားလည်း ကိုယ့်ကိစ္စကို အမှန်အတိုင်းပြောပြပေါ့၊ အကျိုးအကြောင်း သိချင်လို့လာခဲ့တယ်ပေါ့၊ လူတစ်ယောက်လုံးကို သူတို့အကြောင်းမဲ့ မသတ်ပါဘူး"

"ဟုတ်တယ် ရာဇ၊ ငါပဲသွားမယ်၊ ဒါနဲ့ အစ်ကို အဲဒီမြောင်းက ဘယ်တော့ပွင့်မှာလဲ"

"ဒါတော့ အတိအကျမသိဘူး၊ ခါတိုင်းနှစ်တွေတော့ ဒီအချိန်မျိုးပဲ ပွင့်တာ၊ အဲဒီမှာ တစ်ခု ကိုယ်အဘိုးကြီးတစ်ယောက်နဲ့ စကားပြောဖူးတယ်၊ မရှိုင်းပေမယ့် သိပ်ခေါ်ချင်ပြောချင်ပုံ မရဘူး၊ အေးပေါ့ကွာ တစ်ရက်နှစ်ရက်လောက်တော့ စောင့်ကြည့်ရဦးမှာပေါ့"

နင့်ကို ငါ တွေ့ဖြစ်အောင်တွေ့မယ် ကကြိုး။

■ ■ ■

အခန်း (၅၅)

ဒီနေ့ သူပြန်လာမည်တဲ့။ ကျန်းမာရေးမကောင်းလို့ ဆေးကုသွားနေတဲ့အကြောင်းပဲ ကကြိုးက သိထားသည်။ ဘာရောဂါမှန်းမသိ၊ ဘယ်အခြေအနေမှန်းလည်း မသိပါ။ သူမအမြင်မှာတော့ လူကောင်းကြီးပဲဟု မကြာခဏတွေးမိခဲ့သည်။ ဒါပေမဲ့ ထပ်၍ မစပ်စုမိပါ။

ဟော သူတို့ရန်ကုန်က စီးခဲ့ကြတဲ့ကားဖြူလေး ခြံထဲဝင်လာသည်။ ကကြိုးလက်ကို ဒွေးတော်ကဆွဲ၍ ဝင်းအောက်မှာ ရပ်စောင့်နေ၏။

"တူတော်မောင် ကျန်းမာပါရဲ့လား"

"ဟုတ်ကဲ့"

အားလုံး နှုတ်ဆက်တာကို တုံ့ပြန်နှုတ်ဆက်ပြီး ကကြိုးလက်ဖျားဆီကို သူလှမ်းဆွဲသည်။

ပြီးတော့ အားလုံးရှေ့မှာပင် ကရုဏာမျက်ဝန်းများနှင့် ကကြိုးကို ကြည့်ရင်း သူတို့ ညင်းညင်းပြော၏။

"မင်းကို ကိုယ်လွမ်းလိုက်တာ"

မကျယ်ပေမယ့် အားလုံးကြားကြမှာပင်။

"ဘဘထွတ်ကို သွားနှုတ်မဆက်နဲ့တော့ လူလေး၊ သူဘိတယ်၊ ညနေကျမှ ဆင်းလာလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒွေးတော်မျက်နှာ ခွမ်းခွမ်းကို သူ စိုက်ခနဲကြည့်နေပြီးမှ ခေါင်းညိတ်သည်။ အပေါ်ထပ်အခန်းထဲရောက်တော့ ကကြိုးရဲ့ပုံတူပန်းချီကားကြီးရှေ့မှာ သူရပ်၏။ ခပ်ချောင်ချောင်ရှိနေသည့် ဆောင်းမင်းဆက်မျက်နှာက ချောမွေ့နေဆဲ။

"ကကြိုးသျှင်"

ကကြိုး လက်ကလေးကိုထွေးအုပ်၍ သူ့လက်မှာစွပ်ထားသည့် နဂါးနှစ်ကောင်လိမ်နေပုံပါသော လက်စွပ်ကို ကကြိုးရဲ့လက်ခလယ်မှာ စွပ်ပေး၏။

"ဒါ ကိုယ်တို့ရဲ့အထိမ်းအမှတ် မိသားစုလက်စွပ်ပဲ၊ မင်း မငြင်းရဘူးနော်၊ ဘဘဆီမှာ ကိုယ်ပေးထားတဲ့ ရတနာသေတ္တာ ပြန်အပ်ထားတာ ခုသွားမှ ကိုယ်သိရတယ်၊ အဲဒီလို မက်မောမှုမရှိတာလေးကို ကိုယ် သိပ်မြတ်နိုးတယ်၊ ဒီလက်စွပ်ကိုတော့ ဘယ်တော့မှ ချွတ်မထားရဘူး သိလား"

ဆောင်းမင်းဆက် ကကြိုးမျက်နှာလေးကို လွမ်းမောစွာစိုက်ကြည့်နေသည်။

"ကိုယ့်ရဲ့ကံကြမ္မာတစ်ခုခုရဲ့နိမိတ်ကို ဘဘတို့ဖတ်မိထားတာရှိနေပြီဆိုတာ ကိုယ်သိတယ်၊ သူတို့ တအားစိုးရိမ်ပြီး စစ်ဆေးနေကြတယ်လေ၊ ဒါပေမဲ့ ကိုယ် ဒါတွေကို အယူမရှိဘူး။ မင်းရဲ့အချစ်နဲ့ ကိုယ့်ဘဝမှာ သာယာမှုတွေ အများကြီး ကိုယ်ခံစားရဦးမယ်ဆိုတာ သိနေတယ်"

ကကြိုး သူ့ကိုဘာမှမပြောဘဲ ပြန်မော့ကြည့်နေမိသည်။ ဘာပဲဖြစ်ဖြစ် အရင်တုန်းကလောက် သူ့အပေါ် ခါးသီးစွာ မပြောဆိုချင်တော့တာကို စိတ်ကသိနေ၏။

"ကိုယ်က အယူမရှိလို့ ကိုယ့်အတွက်မပူပေမယ့် တကယ်လို့ဆိုတာဖြစ်ခဲ့ရင် ဒီလက်စွပ် မင်းကိုယ်ပေါ်မှာရှိနေသရွေ့ မင်းကို မြမျိုးမြင့်မာန်ကကူညီကြမှာပါ၊ ကိုယ့်ကြောင့် မင်းအပေါ် အမြင်မလင်းတာမျိုးရှိခဲ့ရင်လည်း



ဒီလက်စွပ်ဟာ ကိုယ့်ကိုယ်စား မင်းကိုကာကွယ်ပေးသွားမှာ"

အို သူ ဘာတွေ လာပြောနေတာလဲ။

ကကြိုး မခံစားရပေမယ့် ရင်ထဲမှာ မောလျစွာ လှိုက်ခုန်လာသည်။

"ကကြိုးသျှင်"

သူ ကကြိုးလက်ကလေးကို ဖြေလွှတ်၍ ကကြိုးအိပ်တဲ့ မွေ့ရာထက်မှာ လှဲချလိုက်သည်။

"ကိုယ် မင်းရဲ့အချစ်ကို စက္ကန့်တိုင်း စက္ကန့်တိုင်း မျှော်လင့်နေတယ်ဆိုတာ သတိရပေးပါ၊ ကိုယ်ချစ်သလို မချစ်နိုင်ရင်တောင် ပျော့ပျောင်းညင်သာမှုလေး နည်းနည်းတော့ ကိုယ်ရချင်တယ်"

ကကြိုး လက်ဖဝါးလေးကို ဆောင်းမင်းဆက် လှမ်းဆွဲ၍ သူ့နားထိတိုးရပ်စေသည်။

"မင်းအပေါ် မှဲ့တစ်ပေါက်မစွန်းစေရဘူးဆိုရင် ကိုယ့်ရဲ့ယုယကြင်နာမှု အတိုင်းအတာတစ်ခုထိတော့ မင်း ကြည်ဖြူပေးပါ ကကြိုးသျှင်ရယ်"

ကကြိုး ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။

သူ သူ ဘာကိုတောင်းဆိုနေတာလဲ။ အို ခါးခါးသီးသီး ပုတ်ထုတ်ပစ်ရမလား။

မလွှဲမသွေ အားကိုးရတော့မယ့် လူတစ်ယောက်အဖြစ် မထူးစိတ်ပိုတ်၍ ခွင့်ပြုလိုက်ရမှာလား။ ကကြိုး မျက်လုံးလေးပြူး၍ တုန်လှုပ်စွာရပ်နေဆဲ။

"ကိုယ် မင်းမကြည်ဖြူဘဲ မင်းကို ဘာတစ်ခုမှ အခွင့်အရေးမယူဘူးဆိုတာ ကတိပေးခဲ့ပြီးသား၊ ခုလည်း ထပ်ပေးပါမယ်၊ ဒါပေမဲ့ ကိုယ် မင်းကိုသိပ်ချစ်တယ်"

ဆောင်းမင်းဆက် ကကြိုးရဲ့လက်ကလေးကိုဆွဲကာ မွေ့ရာမှာ ထိုင်စေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ စကားတစ်ခွန်းမှပြန်မပြောဘဲ ငေးကြည့်နေတာလဲ ချာတိတ်ရယ်၊ ကိုယ့်ကိုကြောက်နေသလားဟင်"

သူ့ ထစိုင်တော့ ကကြိုးလန့်သွားကာ ထပြေးဖို့ပြင်လိုက်မိသည်။ ဒါပေမဲ့ မရ။ ကကြိုး ကိုယ်လုံးလေးကို နောက်မှသိမ်းဖက်ကာ ကကြိုးရဲ့ ဆံနွယ်တွေကြား လည်တိုင်ဖွေးနုနုလေးမှာ သူ့မျက်နှာတိုးဝှေ့ညင်သာစွာ ပွတ်တိုက်နမ်းရှိုက်သည်။

"ချစ်တယ် ချာတိတ်ရယ်၊ ကိုယ် မင်းကို ရူးမလောက် ချစ်တာ"

ကကြိုး ရှန်းလေ သူက တိုး၍ဖက်ထားလေ။

"ရှင် ရှင် ကကြိုးကို လွှတ်ပါတော့၊ ကကြိုး ကြောက်တယ်"

"ကြောက်တယ်"

သူ သတိဝင်လာသလို ရွတ်ဆို၍ ကကြိုးကို လွှတ်ပေးသည်။

"မကြောက်လိုက်ပါနဲ့ ကကြိုးရယ်၊ ကိုယ် မင်းရဲ့အသွေးအသားကို ဘယ်တော့မှ အမွှမသိမ်းပိုက်ဘူးဆိုတာ လုံးဝ ယုံထားစမ်းပါ၊ ကိုယ့်ကို ကြောက်နေတာမျိုး နောက်မပြောပါနဲ့"

လက်စွပ်ဝတ်ပေးထားသည့် ကကြိုး လက်ဖမိုးလေးကို သူ့မျက်ဝန်း တွေမှိတ်၍ မြတ်မြတ်နိုးနိုး နမ်းသည်။

"မင်းဟာ ထာဝရ ကိုယ်မြတ်နိုးတဲ့ ဇနီး"

■ ■ ■

## အခန်း (၅၆)

"ဟင်"

အိပ်ရာထက်မှ ဖျတ်ခနဲ ကျိုးထလိုက်တော့ အနားမှာ ဘယ်သူမှ မရှိ၊ ငါ အိပ်မက်မက်နေတာပါလားဆိုသောအသိနှင့် တစ်ကိုယ်လုံးမှာ ချွေး တွေရွှဲနေတာကို သတိထားမိသည်။

သူ့ရဲ့အိပ်ရာဘေးမှာ ဆောင်းမင်းဆက် ဒရင်းဘက်နှင့်အိပ်နေ သည်။ စောစောက အိပ်မက်ထဲမှာတော့ ဒေါသထန်နေသည့်မျက်နှာနှင့် ဆောင်းမင်းဆက် ကျားကြီးကိုစီးကာ လက်နက်မဲ့ လက်ရုံးရပ်နေသည့်နေရာ ကို ဒုန်းစိုင်းသွားသည်။

လက်ရုံးကို ကျားနဲ့တိုက်သတ်မလို့တဲ့။ ပြီးတော့ လက်ထဲမှာ တိုင်မြောက်ထားတာ ဓါးရှည်ကြီး။

လက်ရုံး မျက်လုံးပြူးနှင့် ပြေးပေါက်မရှိ ဖြစ်နေရှာတာကို သူ ဘာအားကုန်းအော်သတိပေးဖို့ ကြိုးစားပေမယ့် မအောင်မြင်။

သူမ အသံသေးသေးကို အာခေါင်ခြစ်အောင်လည်း မကျယ်။ လက်ရုံးရော ဆောင်းမင်းဆက်ပါ မကြား။ ဒီမှာပဲ ကကြိုး လန့်နိုးသွားတာ ဖြစ်သည်။

ကကြိုး ဆောင်းမင်းဆက်ကို ကြောက်စိတ်နှင့် အကြာကြီး ထိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိ၏။ ခုလောက်ဆို လက်ရုံးတို့ သူမကို အထင်လွဲစိတ်နာကာ မေ့ပစ်လိုက်ကြပြီ ထင်ပါသည်။ တကယ်ပဲ ဆောင်းမင်းဆက်ဆိုသည့် ယောကျ်ားတစ်ယောက်ရင်ခွင်မှာ ကကြိုး မလွဲမသွေ နားခိုရတော့မှာလား။

အို သူလိုချင်တဲ့အချစ်မှ ငါ့မှာမရှိတာ။ သူ့ကိုမှ ငါမချစ်နိုင်တာ၊ သူ့ရဲ့မာယာတွေနဲ့ ငါ့ကိုသိမ်းသွင်းနေတာ၊ ကကြိုး ရင်တစ်ခုလုံး ပူလောင်နေသည်။

ဘဘ မင်းထွဋ်ခေါင်၊ ဒွေးတော်၊ ဘဘမင်းထွတ်တင် အားလုံး၏ မျှော်လင့်သောမျက်နှာတွေ။ ဆောင်းမင်းဆက်အပေါ် ငဲ့ညှာပါတဲ့။ ကကြိုး သူ့ကို ကြောက်တယ်။

အမြဲ ချောက်ချားခဲ့ရသည့် ညတွေမှာ သူမရဲ့မျှော်လင့်ခြင်းတို့က လက်ရုံးဖြစ်ပေမယ့် လက်ရုံးကတော့ နေစိမ့်နိုင်ပါသည်။

ညဆယ်နာရီထိုးတဲ့အထိ တစ်ယောက်တည်း ငုတ်တုတ်ထိုင်ရင်း တွေးလိုက်ငိုလိုက်။ ကကြိုး မျက်ရည်တွေ ကုန်စင်အောင်သုတ်၍ အိပ်ရာပေါ် ကဆင်းသည်။ ကန့်လန့်ကာနောက်ကွယ်မှာဝင်၍ အဝတ်လဲ ငွမ်းကပ်ခြုံစောင် ကို ခြုံလိုက်သည်။

ချွေးတွေစို၍ တစ်ကိုယ်လုံး နွမ်းခွေနေတာ မနေတတ်တော့။

"ဟော့ ဒါ ဘာလုပ်မလို့လဲ"

နိုးထွက်ကာမှ လူမိသွားသည်မို့ ကကြိုး ခြုံစောင်ကို တင်းနေအောင် ဆွဲကပ်ထားကာ ရေချိုးခန်းတံခါးကို ကျောနှင့်ကပ်လိုက်၏။

"မင်း အချိန်မတော်ကြီး ရေချိုးမလို့လား"

"ဟုတ်တယ်"

"မချိုးရဘူး"

"ချိုးမှာပဲ၊ ရှင်ပြောတာနဲ့ လူသိတော့မယ်"

"မင်းချိုးတာနဲ့ သိမှာပဲ၊ လာ အထဲပြန်ဝင်"



"မဝင်ဘူး ကကြိုး တအားစိတ်အိုက်နေလို့"

"အိုက်ရင် အဲယားကွန်းဖွင့်ပေါ့ကွ၊ ပန်ကာလည်းရှိတယ်၊ လာပါကွာ မဟုတ်တာ မလုပ်ပါနဲ့"

"ဟင့်အင်း ဟင့်အင်း ချိုးမှာပဲ"

ကကြိုး ခြေဖလေးဆောင့်၍ဆိုးနေပုံကို သူ အသည်းယားသွားသည်။ ဒါပေမဲ့ ရှေ့မတိုးရဲပါ။ ကကြိုး ထဘီရင်လျားနဲ့ ရှိနေမှာကို ရင်မဆိုင်ရဲ

"အကျႌပါးပါးလဲပြီး လာကွာ၊ ကိုယ် ယပ်ခပ်ပေးမယ်၊ ဟုတ်လား"

"ရှင် လူကို နေရာတကာ သိပ်ဆရာကြီးလုပ်တာပဲ၊ အဲဒါ လုံးဝ မကျေနပ်ဘူး"

"မကျေနပ်တာလည်း ပေါ်တင်ကြီးပါလား"

ဆောင်းမင်းဆက် အသံမထွက်ဘဲ ရယ်မိသည်။ ကကြိုးကို ကြာ ကြာကြည့်နေမိလျှင် မလွယ်တော့မှာမို့ သူ ကျောခိုင်းလိုက်သည်။

"ထပ်ခေါင်းမာနေရင် ကိုယ်ပွေ့ခေါ်တော့မှာနော်"

ကကြိုး ဆူဆူဆောင့်ဆောင့်နဲ့ ပြန်ရောက်လာတော့ ညဝတ်ဂါဝန် ရှည် အဖြူရောင်ဖားဖားကြီးနှင့် စောစောက ခြုံစောင်ကိုပဲ ပတ်ခြုံထား၏။

နှုတ်ခမ်းက စူထော်လျက် သူ့ကိုလည်း မျက်စောင်းထိုး၍ မွေ့ရာ ပေါ်ဆောင့်ခနဲ ထိုင်ချကာ ခပ်ရမ်းရမ်းလေးလှဲချလိုက်သည်။

ဆောင်းမင်းဆက် ရီဝေသော မျက်လုံးတို့ဖြင့် ပြုံးကြည့်နေ၏။

"ပန်ကာဖွင့်မလား၊ အဲယားကွန်းဖွင့်မလား ပြော"

"ဘာမှမဖွင့်နဲ့ အိုက်အိုက်သေသေ"

"ဟော့ အဲလိုမရွဲ့နဲ့နော်၊ အနားမှာလာထိုင်ပြီး ယပ်ခပ်ပေးတာကို ကြိုက်လား"

"ရှင် ဘယ်လိုဖြစ်နေလဲ"

"မင်း အိုက်နေတာကို မကြည့်ရက်လို့ကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း လုပ်မနေနဲ့"

ကကြိုးက ကျောခိုင်းနေလျက်က တစ်ခွန်းမကျန် ရန်တွေ့နေသည်။ တကယ့်ကို မရင့်ကျက်သေးတဲ့ ကလေးပါလား ကကြိုးသျှင်ရယ်။ ဒီလောက် ချစ်စရာလေးတွေ ပြည့်နှက်နေသည့် နတ်မိမယ်လေးသာ တစ်စုံတစ်ယောက်နှင့် ပေါင်းဖက်သွားခဲ့လျှင်တော့ သူ ဆက်မတွေးရဲပါ။

သူ ဆတ်ခနဲ ကိုယ်ကြီးမတ်သွားသည်။ မဖြစ်ရဘူး၊ ကကြိုးဟာ ငါ့မျက်စိအောက်မှာပဲ ရှိနေရမယ်။ ငါ့ရဲ့ချစ်ခြင်းကိုပဲ ကကြိုး ခံယူရမယ်။

ငါ မင်းကို သိပ်ချစ်တယ်။

■ ■ ■

## အခန်း (၅၇)

ကကြိုး ခြေသည်းလက်သည်းတွေ ညှပ်နေတုန်း သူ ရောက်လာသည်။

"မင်း ဘယ်ရောက်သွားလဲလို့ ရင်တွေကိုပူသွားတာပဲ၊ နောက်ကို ဒီနားထိ လာမထိုင်နဲ့"

"ဘာဖြစ်လဲ ရှင်တို့ပဲ ခြံထဲမှာ လွတ်လွတ်လပ်လပ် နေဆို"

"ဟုတ်ပါတယ်"

ဆောင်းမင်းဆက် ကကြိုးဘေးမှာ ဝင်ထိုင်လိုက်၍ လက်သည်းညှပ်ကိုဆွဲယူကာ ကကြိုးလက်ကလေးကို ဆုပ်ကိုင်လိုက်သည်။

"ဟိုဘက်နားက အိုင်ထဲမှာ မိချောင်းနှစ်ကောင်ရှိတယ်၊ မိုးကြီးထားစ မြေတွေစိုနေရင် သူတို့ ဒီနားထိ တက်လာတတ်တယ်"

"ဘာ မိချောင်း"

ကကြိုး လန့်သွားသည်။

"ဟုတ်တယ် ဘဘတို့မွေးထားတာ၊ ခြံထဲကလူတွေကိုတော့ အန္တရာယ်မပေးပါဘူး၊ တော်ကြာ မင်း ရုတ်တရက်မြင်ပြီး လန့်သွားမှာစိုးလို့"

ကကြိုး ရန်တွေ့သံထွက်မလာတော့ ဆောင်းမင်းဆက် ပြုံးလိုက်မိသည်။ ကြောက်ပြီဆို ဟန်မဆောင်တတ်တဲ့ ကောင်မလေး။

www.burmeseclassic.com

www.burmeseclassic.com



သူ ကကြိုးရဲ့လက်ချောင်းရဲရဲလေးတွေကို စိတ်ရှည်လက်ရှည် ပြုပြင်ပေးသည်။ သိပ်ရှည်လှသည်မဟုတ်သော လက်သည်းရှည်လုံးလုံး လေးများနှင့် ကကြိုးလက် အိအိဖောင်းဖောင်းလေးတွေက လက်သည်း ဆိုးဆေးမပါဘဲ လှနေသည်။

"မင်းတစ်ကိုယ်လုံး မွေးညင်းလေးတွေကအစ လှနေတာပဲနော်"

ကကြိုးက စကားဖြတ်၍

"အဲဒီ မိချောင်းတွေ ကြည့်လို့မရဘူးလားဟင်"

"ရတော့ရတယ် ဒါပေမဲ့"

"ဟင့်အင်း ကကြိုး ကြည့်ချင်တယ်"

"မကြောက်ဘူးလား"

"ရှင်ရှိသားပဲ"

ရှတ်တရက် အားကိုးစိတ်က ဖြစ်၏။

ဆောင်းမင်းဆက် ကြည်နူးရိပ်နှင့် ပြုံးလိုက်မိသည်။

"မိချောင်းမကြီး သားပေါက်နေတယ် ကကြိုးသျှင်ရဲ့၊ အဲဒီအချိန် မှာ လူမြင်ရင် ရန်မူတတ်တယ်"

"ဟင် သားပေါက်တော့ အကောင်သေးသေးတွေပေါ့နော်"

"အင်းပေါ့ ပုတ်သင်ညိုလေးတွေလိုပဲ၊ ဒါပေမဲ့ မိချောင်းလေး တွေက ပိုလှတယ်"

"အဲဒီ အကောင်သေးသေးလေးတွေက ကိုက်တတ်လားဟင်"

"ဘယ်ကိုက်မလဲ ကလေးတွေလိုပဲပေါ့"

"မြွေကျတော့ ငယ်ပေမယ့် အဆိပ်ရှိတယ်လေ"

"အင်း မိချောင်းကတော့ အန္တရာယ်မပေးပါဘူး"

"ဒါဆို အဲဒီသေးသေးကလေးတစ်ကောင် ဖမ်းပေးပါလားဟင် ခဏလေးကိုင်ကြည့်ပြီး ပြန်ထားမယ်လေ"



"အဟား"

အသံထွက်ရယ်ခြင်းမရှိသော ဆောင်းမင်းဆက် နှုတ်ခမ်းဖွင့်ရယ်ပုံ ကို ကကြိုး ငေးကြည့်နေမိသည်။ တကယ့်ကို တင့်တယ်တဲ့ ယောကျ်ားပါ။

"မင်းဟာ တကယ့်ကလေးဆိုးလေးပဲ ကကြိုးသျှင်ရယ်"

သူ ကကြိုးပါးလေးကို ဖွဖွလေးဆွဲလိမ်သည်။

"ရှင် ကကြိုးနာမည်ကိုခေါ်ရတာ မမောဘူးလား"

"မမောဘူး တစ်ခါခေါ်ရင် တစ်ခါ ရင်ထဲမှာ ငြိမ်းချမ်းတယ်၊ မင်းဟာ ကိုယ့်ဘဝရဲ့ ကကြိုးသျှင်ပဲ၊ ကိုယ့်ရဲ့ရှင်သန်ခြင်း၊ သေဆုံးခြင်းအား သုံး မင်းလက်ထဲမှာပဲလေ"

"ကကြိုး ယုံကြည့်ဖို့ ကြိုးစားပေးပါ့မယ်"

"ဘာ"

သူ အလန့်တကြား ထပ်မေးသည်။

"ကကြိုးရဲ့အတိတ်တစ္ဆေပျောက်သွားတဲ့ တစ်နေ့နေ့ပေါ့"

သူ သက်ပြင်းချသည်။

"ကိုယ် စိတ်ရှည်လက်ရှည် စောင့်ပါ့မယ်"

ထိုစဉ် လင်းလက်နေသော နေရောင်ခြည်က မိုးသားတို့ကြောင့် အုံ့မှိုင်းသွားသည်။ သူ ကကြိုးလက်ကလေးကို ဆုပ်ထားရင်း ကောင်းကင် ကို မော့ကြည့်လိုက်၏။

"နေမပူ မိုးမရွာနဲ့ အုံ့ပျက်ပျက်ဖြစ်နေလိုက်တာ ဒီနေ့ဆို သုံးရက် ရှိပြီနော်"

သူ့ဟာသူ စကားတွေပြောနေ၏။

"ဘဘထွတ်တို့ အဲဒီရာသီဥတုကို မကြိုက်ကြဘူး၊ ကိုယ်ကတော့ ကြိုက်တယ်"

သူက ကကြိုးကိုလှည့်ကြည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



"ညနေ ကကြိုးနဲ့ကိုယ် စစ်တုရင်ထိုးရအောင်"

"ကကြိုးမှ မထိုးတတ်တာ"

"ကိုယ် သင်ပေးမယ်"

"ဝါသနာမပါဘူး"

"ပါရမယ်ကွာ၊ အဲဒီနည်းက သိပ်အဆင်ပြေတယ်၊ ကိုယ်တို့အားတဲ့အချိန်မှာ မင်းမျက်နှာလေးကို တစိမ့်စိမ့်ကြည့်နေရမယ်၊ နိုင်ရင်ရှုံးရင် စိတ်လှုပ်ရှားမှုနဲ့နေမယ့် မင်းမျက်နှာလေးကို မြင်ရမယ်၊ တကယ်ဆို ခုလို အားလပ်တဲ့အချိန် ကိုယ့်မှာ မရှိသလောက်ပဲ၊ ကိုယ် နေလည်းမနေတတ်ဘူး။ ဒါ ဘဘထွတ်အမိန့်နဲ့မို့ မထွက်ရတာ၊ ပြီးတော့ မင်းရှိလို့"

"မနေတတ်တာက အလုပ်မရှိရင် မနေတတ်တာတော့ မဖြစ်နိုင်ဘူး။ ရည်းစားမရှိရင် မနေတတ်တာတဲ့ ဖြစ်မယ်"

ကကြိုးမျက်နှာက လှောင်ပြုံးကို သူ ခပ်တွေတွေစိုက်ကြည့်ကာ အဓိပ္ပာယ်ရှာနေသည့်အတိုင်း။

"အဲဒါ မဟုတ်ဘူး ရည်းစားဆိုတာက ကိုယ့်အတွေးထဲမှာ အဲဒီလောက်ထိ ကိုယ်ထည့်မထားဘူး။ ကိုယ့်မှာ စီးပွားရေးလုပ်ငန်းတွေ အများကြီးရှိတယ်၊ ဒါက ဝါသနာကိုပါတာ၊ ဘဘတို့က လုံးဝမကြိုက်ဘူး။ ဖြစ်နိုင်ရင် ကိုယ့်ကို သူတို့လိုပဲ ဒီထဲမှာ အေးအေးချမ်းချမ်း နေစေချင်တာ"

"ဟုတ်တယ် ရှင် အဲလိုနေသင့်တာပဲ"

"အဲဒီလိုမနေလို့ မင်းနဲ့ ဆုံဆည်းခွင့်ရတာပေါ့၊ ကိုယ်တစ်ခုပဲ နောင်တရဖူးတယ်၊ ဒါဟာ ကိုယ့်ဘဝအတွက် ပထမဆုံးရဖူးတဲ့ နောင်တပဲ"

ကကြိုး သူပြောလာမှာကို စိတ်ဝင်တစား နားထောင်နေသည်။

"အဲဒါ ဘာလဲသိလား၊ မင်းကို ပထမဆုံး ဆုံဆည်းခွင့်မရလိုက်တာကိုပဲ၊ ကိုယ့်မှာ မင်းလက်မခံနိုင်တဲ့ ပြစ်ချက်တွေစွန်းထင်ခဲ့ပြီးမှ မင်းကို ဆုံဆည်းခဲ့ရတဲ့အတွက် ယူကျုံးမရဖြစ်ခဲ့ဖူးတယ်၊ ကိုယ် ပါးပါးလေးကျော်ခြင်



ခဲ့တဲ့ အတိတ်က အနာဂတ်အတွက် ဒီလောက်ထိ စွန်းထင်သွားခဲ့တာကိုလည်း သိပ်အံ့ဩမိတယ်"

သူ ကကြိုး ပခုံးလေးကို သိုင်းဖက်လိုက်သည်။

"ကိုယ် မင်းကို သိပ်ချစ်တယ် ကကြိုးသျှင်၊ မင်း နားထောင်ပေးနိုင်မယ်ဆိုရင် ဒီစကားကို ခဏခဏ အဆက်မပြတ် ပြောနေချင်တယ်"

ကကြိုး ပါးလေးနားကို သူတိုးကပ်လာတော့ ကကြိုး မသိမသာ တိမ်းရှောင်၍ ထရပ်လိုက်သည်။

"အထဲဝင်ရအောင်"

ခေါင်းညိတ်၍ သူ ထလိုက်သည်။ ပြီးတော့ ကကြိုးခါးလေးကို ဖက်ထားကာ အိမ်ကြီးဆီလျှောက်ခဲ့ကြသည်။

ဆင်ဝင်အောက်ကျတော့ ဒွေးတော်က ကြည်လင်စွာပြုံးလျက် "ဒွေးတော် စိတ်ချမ်းသာလိုက်တာ"တဲ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၈)

နန်းတော်တမျှ ခမ်းနားလှသည့် အိမ်ကြီး၏ အခန်းကျယ်ကြီးထက် စာလျှင် အပြင်ဘက် ခြံဝင်းကျယ်ကြီးကို ကကြိုး ပိုမက်မောသည်။ အရာရာ ပြည့်စုံနေသော အခန်းကြီးကို ကကြိုး မွန်းကြပ်သလို ခံစားနေရသည်ဟု ထင်သည်။

ကကြိုးမျက်နှာကို အရိပ်လိုကြည့်နေသော ဆောင်းမင်းဆက် ကလည်း ကကြိုး ခံစားချက်ကို နားလည်ပုံရပါသည်။

"ကကြိုး စိတ်ထဲမှာ ပေါ့ပါးသွားအောင် ခြံထဲဆင်းချင် ဆင်းနေ နော်"

"ကျေးဇူးတင်ပါတယ် ကိုဆောင်းမင်းဆက်"

"ကကြိုးရယ် အဲသည်လို သူစိမ်းဆန်တဲ့စကားတွေ မပြောနဲ့၊ ကကြိုးဟာ ကိုယ့်ဇနီးကြင်ယာ ဒီခြံဝင်းကြီးထဲမှာ ကကြိုး စိတ်တိုင်းကျ လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်"

"ကကြိုးဘဝမှာ လွတ်လပ်မှုဆိုတာ မခံစားနိုင်ခဲ့တာ ကြာပြီ"

"ကကြိုးရဲ့ဆုံးဖြတ်ချက်တစ်ခုပေါ် မူတည်ပါတယ်၊ ကိုယ့်ရင်ခွင် ထဲက ထွက်ခွာခွင့်တစ်ခုကလွဲရင် လောကကြီးထဲမှာ ကကြိုး အလိုရှိတာ မှန်သမျှ ရစေရမယ်"



ကကြိုး ခွန်းတုံ့မပြန်ဘဲ အခန်းထဲကထွက်တော့ ကီးကီးက တံခါး မှ အမြီးလေးနန့်ကာ နှုတ်ဆက်လာ၏။

"ဟယ် ကီးကီး လာ လာ ငါနဲ့ ခြံထဲသွားရအောင်"

ကီးကီး အမြီးလေးလှုပ်ကာ ကကြိုးကိုကျော်ပြီး ဆောင်းမင်းဆက် ကို လှမ်းကြည့်သည်။

"လိုက်သွားလိုက် ကီးကီး၊ မင်းသခင်မလေးစိတ်တိုင်းကျနေနော်"

ကြည့်စမ်း သခင့်အရိပ်အကဲကို သိတတ်လွန်းတဲ့ ကီးကီး၊ ကကြိုး နောက်ကို ခုန်ပေါက်မြူးကာ လိုက်လာ၏။

"ဟွန်း သူ့သခင်စကားဆိုရင် နားလည်လိုက်တာ လွန်ရော"

ကကြိုးမနာလိုဝန်တိုစွာဆိုရင်း ဆက်လျှောက်တော့ ကီးကီးက အရိပ်လို ကပ်လိုက်လာသည်။

ခြံဝင်းကျယ်ကြီးရောက်တော့ ကကြိုး စိတ်တွေလန်းဆန်းပေါ့ပါး သွားရသည်။ ကီးကီးကလည်း မြူးထူးလွတ်လပ်လို့ ခြံထဲမှာပြေးလွှားဆော့ ကစားနေတော့သည်။

"ကီးကီး အဝေးကြီးမသွားနဲ့နော်"

ကကြိုး လှမ်းပြောရင်း မြက်ခင်းလေးပေါ်မှာ ထိုင်ချလိုက်သည်။ အကယ့်ကို မျက်ဝန်းတဆုံး ကျယ်ဝန်းသောခြံကြီးဖြစ်သည်။

စိမ်းစိုလှပသော မြက်ခင်းလွင်ပြင်က အကျယ်ကြီး၊ ပိန်းပိတ်နေ သော သစ်ပင်ခြုံနွယ်တွေက ခြံဝင်းတံတိုင်းတွေကို ကာရံထားသော ကျုံး သဖွယ်။

အပြင်ဘက်မှာကြည့်လျှင် ထည်ဝါလှသောအိမ်ကြီးကို အထင်အ ရှား မြင်နိုင်ဖို့ မလွယ်ကူပါ။ အိမ်ကြီးအတွင်းပိုင်းက ထည်ဝါခမ်းနားမှုတွေ ဆိုလျှင် သူစိမ်းတစ်ဦး အိပ်မက်တောင်မမက်ရဲသည့် ပြည့်စုံမှုတွေရှိနေ၏။ ဒါတွေအားလုံးကို ဆောင်းမင်းဆက် ပိုင်ဆိုင်ခံစားရမှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



ကကြိုး အံ့သြမိသည်မှအပ မမက်မောလှတာလည်း အမှန်။

"ကိုယ်ပိုင်ဆိုင်သမျှအရာအားလုံးထက် မင်းကို မြတ်နိုးတာအမှန်ပါ ကကြိုးသျှင်၊ မင်းကို ပိုင်ဆိုင်ရမယ်ဆိုရင် ဘယ်အရာကိုမဆို စွန့်လွှတ်ရဲတယ်"

တစ်ခါက သူဆိုခဲ့သော စကား။ ခုတော့ ကကြိုး လက်တွေ့မြင်သိနေရ၏။ ထိုအရာအားလုံးကို ဆောင်းမင်းဆက် ဥပေက္ခာပြုကာ ကကြိုးကို ပိုင်ဆိုင်ဖို့ ကြိုးစားခဲ့သည်။

သူ့ကိုချစ်သော အမျိုးအနွယ်တွေက ကကြိုးကို ကြည်ဖြူလက်ခံကာ သူနဲ့ထပ်တူ သတ်မှတ်နေကြသည်။

ဒွေးတော်ပြောသလို သူ့ဘဝထဲက ကကြိုး လွတ်မြောက်ဖို့ဆိုတာ မလွယ်တော့ဘူးထင်ပါရဲ့။ ဆောင်းမင်းဆက်လို ယောက်ျားတစ်ယောက်အရိပ်မှာ ရှိနေခဲ့သော ကကြိုးကို လက်ရုံးကကော ခွင့်လွှတ်ယုံကြည်နိုင်မှာလား။ အဘွားသစ်တို့ကကော လက်ခံမှာတဲ့လား။

ပတ်ဝန်းကျင်က ကကြိုးရဲ့ဖြူစင်မှုနှင့် ဆောင်းမင်းဆက်ရဲ့သိက္ခာကို ယုံကြည်ဖို့ဆိုတာ မဖြစ်နိုင်။ လုံးဝဖြစ်နိုင်စရာမရှိ။ စိတ်ရှုပ်ထွေးဖွယ်အတွေးတွေကို ကကြိုး ပင့်သက်မောနှင့် မှုတ်ထုတ်ပစ်မိသည်။

"ဟင် ကီးကီး ဘယ်ရောက်သွားသလဲ"

ကကြိုး ရင်ထဲထိတ်ခနဲ။ မြက်ခင်းလွင်ပြင်မှာ ကီးကီး မရှိ၊ နံဘေးဝဲယာကို ကကြိုး လှည့်ပတ်ကြည့်၏။

ခြုံနွယ်တွေထဲကို ကီးကီးတိုးဝင်သွားသလား၊ ဒါမှမဟုတ် မိချောင်းကန်ဘက်များ ထွက်သွားသလား။ စိုးရိမ်စိတ်တွေ ကကြိုးရင်ထဲ တိုးဝင်လျက်။ ကကြိုး ပြေးထွက်ခဲ့သည်။

"ကီးကီး ကီးကီး နင်ဘယ်မှာလဲ"

ပိန်းပိတ်နေသော ခြုံနွယ်တွေဘက်သို့ ကကြိုး ရောက်သည်။



ကီးကီးကိုသာ စိုးရိမ်တကြီး ရှာဖွေမိ၏။ ရှုပ်ထွေးနေသော နွယ်ကြိုးတွေကို ထိုးဖွေ့လျက် ကကြိုး ကီးကီးကိုရှာဖွေဆဲ။

"ကကြိုးသျှင်"

အသံကြောင့် လှည့်ကြည့်တော့ ကကြိုးအနောက်ကို တိုးဝင်လိုက်လာသော ဆောင်းမင်းဆက်ကို ပူပန်သောမျက်ဝန်းတွေနှင့် တွေ့ရသည်။

"ကီးကီး ပျောက်နေလို့"

"မပျောက်ပါဘူး ဒီကောင် ဗိုက်ဆာလို့ထင်တယ်၊ သူ့စားသောက်ခုံပေါ် ရောက်နေတယ်"

ဆောင်းမင်းဆက်ဆိုမှ ကကြိုး စိုးရိမ်စိတ်ပြေရ၏။ တော်တော်စိတ်ပူအောင်လုပ်တဲ့ ကီးကီး၊ ကကြိုးကတော့ စိုးရိမ်စိတ်နှင့် ခြုံတွေနွယ်တွေထဲ တိုးဝင်ခဲ့ရတာ ခုတော့ ပြန်ထွက်ရတာတောင် ခက်ခက်ခဲခဲ။

"ကကြိုး"

အထိတ်တလန့်အော်သံနှင့် ဆောင်းမင်းဆက် ကကြိုးလက်ကို ဆွဲဆွဲသည်။ ရုတ်တရက်မို့ ကကြိုး ကြောက်လန့်သွားရ၏။

"ရှီး ရှီး"

"အို အမေ့"

နွယ်ကိုင်းတစ်ခုမှ မြွေလေးတစ်ကောင် ပါးပျဉ်းခွက်လျက် ဆတ်ခနဲ ထိုးပေါက်သည်။ ကကြိုး ကြောက်လန့်စွာ မျက်လုံးမှိတ်လိုက်ချိန်မှာ သူ့လက်တစ်ဖက်က ကကြိုးမျက်နှာရှေ့ ရိပ်ခနဲ ထွက်လာ၏။

"အား"

"ဟင် ရှင် ရှင့်လက်ကို ပေါက်မိသွားပြီ"

"က ကကြိုး ထွက် အမြန်ထွက်"

သူ စိုးရိမ်တကြီးဟစ်အော်လျက် ကကြိုးကို အပြင်ဘက် တွန်းပို့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခြုံနွယ်တွေ အပြင်ဘက်ကို ကကြိုးရောက်မှ လှည့်ကြည့်မိ၏။ သူလည်း ကကြိုးအနောက်က အရိပ်လို ကပ်ထွက်လာ၏။

"က ကကြိုး ကိုယ် မြွေဆိပ် တက် တက်"

သူ့ခန္ဓာကိုယ်ကြီး ကကြိုးခြေရင်းမှာ ဒူးညွှတ်ခွေကျသွားခဲ့သည်။ ကကြိုး ရုတ်တရက်မို့ ကြောင်တွေလျက်။ ပြီးမှ သတိရကာ ဟစ်အော်လိုက်မိသည်။

"ဘဘ ဘဘ လာပါဦး လာကြပါဦး"

■ ■ ■

## အခန်း (၅၉)

အခန်းထဲမှာ လူစုံတက်စုံရှိနေကြသည်။ အားလုံးမျက်နှာတွေမှာ စိုးရိမ်သောကပူတွေနှင့် ခုတင်ပေါ်မှ ဆောင်းမင်းဆက်ကို ငေးစိုက်ကြည့်နေကြ၏။

ဒွေးတော်မျက်ဝန်းမှာဆိုရင် မျက်ရည်စတွေရစ်ဝိုင်းလျက်။ နှုတ်ခမ်းများက တဖွဖွရွတ်ဆိုဆုတောင်းနေပုံက ဆောင်းမင်းဆက်အတွက်ဆိုတာ ကကြိုးရိပ်မိ၏။

ငြိမ်သက်သတိလစ်နေသော သူ့မျက်နှာလေးကို ကြည့်ရင်း ကကြိုးရင်ထဲမှာလည်း စိုးရိမ်စိတ်တွေတားမရပါ။

"သမီးလေး သွားနားချင် နားလေ"

ဦးမင်းထွဋ်ခေါင်က ကကြိုးကို တစ်ချက်လှည့်ကြည့်ရင်း ပြော၏။ ကကြိုး ခေါင်းကိုခါရမ်းရင်း

"ဟင့်အင်း သူ သူ သတိမရမချင်း ကကြိုး အနားမှာနေပါရစေ"

ကကြိုး ရင်ထဲကဆန္ဒနှင့် ဆိုလိုက်မိတာပါ။ ဒွေးတော် ကကြိုးမျက်ဝန်းတွေကို တစ်ချက်လှမ်းကြည့်ရင်း

"သမီးလေး စိုးရိမ်နေတာပါ၊ နေခွင့်ပြုလိုက်ပါ အစ်ကိုတော်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း အဆိပ်ပြင်းတဲ့မြွေဟောက်တစ်မျိုးရဲ့အဆိပ်ဆိုတော့ အန္တရာယ်ရှိတာအမှန်ပဲ၊ ဒါပေမဲ့ လူလေး ကံကောင်းပါတယ်၊ သမားတော်ကြီးဆေးအစွမ်းနဲ့ မကြာခင် သတိပြန်လည်လာမှာပါ"

သမားတော်ဆေးဆရာကြီးက ဆောင်းမင်းဆက် သွေးခုန်နှုန်းကို စမ်းသပ်နေ၏။ ပြီးတော့ ကျေနပ်စွာ မျက်နှာပေါ်မှာ အပြုံးတွေပေါ်လာသည်။

"အဆိပ်ပြေသွားပါပြီ၊ လုံးဝ စိတ်ချရပါပြီ ဆရာကြီး"

"ကျေးဇူးအထူးတင်ပါတယ် သမားတော်ကြီး။ လူလေး တစ်ခုခု အန္တရာယ်ကြုံမှာ ကျွန်တော်သိနေတယ်၊ အခုတော့ ပြီးဆုံးသွားပါပြီ၊ ဒီထက်ဆိုးဝါးတဲ့အန္တရာယ်မျိုး ရင်မဆိုင်ရတာ လူလေး ကံကောင်းတယ်လို့ မှတ်ရမှာပေါ့"

ဦးမင်းထွဋ်ခေါင်စကားကြောင့် ဒွေးတော်မျက်နှာပေါ်က သောကပူတွေ ပျောက်ကွယ်သွားသည်။ အခန်းထဲကသူအားလုံး အခုမှ ပြုံးနိုင်ကာ ဆောင်းမင်းဆက်မျက်နှာလေးကို ငေးနေကြသည်။

တစ်စတစ်စ သူ့မျက်နှာပေါ်မှာ သွေးရောင်လွှမ်းလာ၏။ ပြာလဲ့လဲ့နှုတ်ခမ်းတွေက ရဲရဲနီမြန်းလာတာ ကကြိုး ငေးကြည့်နေမိသည်။ အဆိပ်တက်စက ပြာနွမ်းနေသော သူ့အသားအရေတို့က ပကတိသွေးရောင်လွှမ်းလာပြီမို့ ကကြိုးရင်မှသောကတို့ ပြေရသည်။

ဟော သူ သူ သတိရလာပြီ။

"လူလေး လူလေး"

"လူလေး သက်သာရဲ့လားကွယ်"

စိုးရိမ်တကြီး ဗိုင်းမေးနေသော ဦးလေးတော်နှင့်ဒွေးတော်တို့မျက်နှာတွေကို ဆောင်းမင်းဆက် မြင်ရ၏။ သူ့အသိအာရုံထဲမှာ တောင့်တနေသော ကကြိုးမျက်နှာလေးကိုမြင်ရမှ ဝမ်းသာသွားသည်။

"သက်သာပါတယ် ဦးလေးတော်၊ ကကြိုး မင်း ဘာမှမဖြစ်ဘူး



နော်"

"ဟုတ် ဟုတ်ကဲ့ ကကြိုး ဘာမှမဖြစ်ပါဘူး။ သူ့အတွက် စိုးရိမ်နေတာပါ"

ကကြိုးစကားကြောင့် သူ့ရင်ထဲမှာ စိမ့်အေးသွားရသည်။ ကကြိုးမျက်ဝန်းတွေထဲမှာ သူ တစ်ခါမှမမြင်ဘူးသော ကရုဏာတရားတွေ အကြင်နာမှုနှင့် ပူပန်ရိပ်တွေ။ ဘယ်လောက်ကြည်နူးစရာကောင်းလိုက်သလဲ။

သူ့ခံစားချက်ကို ရိပ်မိသော ဦးလေးတော်က ဒွေးတော်ကို လက်တို့ခေါ်၏။ အားလုံး သူ့အနီးမှ စိတ်ချလက်ချထွက်ခွာသွားခဲ့ကြသည်။ ကကြိုးတစ်ယောက်သာ အနီးမှာ ကျန်ရစ်ခဲ့၏။

"ကကြိုးရယ် ကိုယ်အတောင့်တဆုံးအရာတွေကို မင်းမျက်ဝန်းထဲမှာ မြင်နေရတယ် ကလေးရယ်"

"ဒီ"

အခုမှ ရှက်ရွံ့ဖို့ ကကြိုး သတိရမိသည်။ ဆောင်းမင်းဆက် ကကြိုးလက်ဖျားလေးကို မြတ်နိုးစွာ ဖျစ်ညှစ်ဆုပ်ကိုင်ရင်း

"မင်းတစ်ခုခုဖြစ်သွားရင် ကိုယ်ဖြေနိုင်မှာမဟုတ်ဘူး။ မင်းမရှိတဲ့ ကိုယ်မရှင်သန်ဘူး၊ မင်းနောက်ကို အရိပ်လို လိုက်ခဲ့မှာ၊ ယုံပါ"

သူ့စကားတွေက ကကြိုးရင်ထဲ စူးနစ်စွာ ပဲ့တင်၏။ သူ့စကားတွေကို ကကြိုး ခေါင်းမခါမိ။ အကြွင်းမဲ့ယုံကြည်နေမိတာ ဘာကြောင့်လဲ မသိပါ။

"ကိုယ့်ကြောင့် မင်းပင်ပန်းနေပြီထင်တယ် ကလေး၊ သွားတော့နော်၊ အခန်းထဲမှာ နားလိုက်တော့"

"ဟို ဟို ရှင် ရှင်တစ်ယောက်တည်း ဖြစ်ပါ့မလား"

"ကိုယ်တစ်ယောက်တည်း မဟုတ်ပါဘူး။ မင်းမျက်ဝန်းထဲက ကရုဏာတွေနဲ့ အကြင်နာတရားတွေ ကိုယ့်ဆီမှာ ကျန်ရစ်ခဲ့မှာပေါ့၊ ကိုယ့်နှလုံးသားမှာ တစ်သက်လုံးသိမ်းထားတယ် ကကြိုး"

www.burmeseclassic.com



"အို"

ပန်းနုသွေးနှင့်ရဲရဲနီသောမျက်နှာလေးက ချစ်စဖွယ်။ ကကြိုး လက်ဖဝါးလေးကို သူ လွှတ်ပေးလိုက်သည်။

"သွားအိပ်တော့နော် ကိုယ့်အတွက် မစိုးရိမ်နဲ့၊ မင်းအနားမှာ ရှိနေသရွေ့ ကိုယ်ဘာမှမဖြစ်ဘူး၊ လှပတဲ့အနာဂတ်အတွက် ကိုယ် လောကကြီးထဲမှာ ရှိနေခွင့်မရရင်တောင် ဝိညာဉ်တစ်ခုအဖြစ် မင်းအနားမှာ ဝဲလွင့်နေမှာပါ"

ကကြိုး ခေါင်းလေးငုံ့ကာ သူ့အနီးက ထွက်ခဲ့သည်။ ရင်ထဲမှာ တလှပ်လှပ် တသိမ့်သိမ့်နွေးနေသည်။ ဒါ ကြောက်ရွံ့မှုကြောင့်မဟုတ်တာ သေချာ၏။ ဒါ ဘာကြောင့်လဲ အချစ်ရဲ့စေစားမှုကြောင့်လား။ ကကြိုး မတွေးရဲဘူး ဆောင်းမင်းဆက်ရယ်။

■ ■ ■

## အခန်း (၆၀)

"ကကြိုးသျှင်"

"အို"

နိုးနိုးကပ်ကပ်အသံကြောင့် မျက်လုံး ဖျတ်ခနဲ ဖွင့်ကြည့်လိုက်တော့ မျက်နှာပေါ်မှာ မိုးကြည့်နေသည့် ဆောင်းမင်းဆက်ကို မြင်လိုက်သည်မို့ လန့်သွားမိသည်။

"လန့်မသွားပါနဲ့ ကကြိုးသျှင်ရယ်၊ ကို မင်းကို ဘာမှမလုပ်ပါဘူး"

ဆောင်းမင်းဆက်မျက်နှာက ရီဝေမှုန်မှိုင်းနေ၏။ ကကြိုး ထထိုင်လိုက်တော့ နာရီ အရင်ကြည့်ဖြစ်၏။ ဟင် ခုနစ်နာရီတောင် ထိုးနေပြီပဲ။

အုံ့ခဲသောမိုးသားတွေကြောင့် နံနက်နေခြည်ရဲ့လင်းအားက ထိုးဖောက်နိုင်စွမ်းမဲ့ကာ လောကအလင်းရောင်ပင် မပီချင်။ ဆောင်းမင်းဆက် ကကြိုးအိပ်ရာဘေးမှာ စောင်းဝင်ထိုင်လိုက်၏။

"ကိုယ် ညတစ်နာရီကျော်ကျော်လောက်ကတည်းက နိုးနေတာ၊ ဘယ်လိုမှ ပြန်အိပ်လို့မရတာနဲ့ တစ်ညလုံး မင်းအိပ်နေတာကို ထိုင်ကြည့်နေခဲ့တယ်"

"ရှင် ရှင် တကယ် မအိပ်ခဲ့ဘူးပေါ့"

သူ ခေါင်းညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ဒီနေ့ ကိုယ် ဘယ်လိုကြီးမှန်းမသိဘူး၊ မင်းလက်ကလေးကိုပဲ ဖြစ်ဖြစ် ဒါမှမဟုတ် မင်းအသံကိုပဲဖြစ်ဖြစ် မထိရ မကြားရတာကို မနှစ်မြို့နိုင်ဘူးဖြစ်နေတယ်၊ အသံ ဘယ်ကြားရမလဲ၊ အားလုံးအိပ်တော့ မင်းလည်း အိပ်နေတာပေါ့၊ ထိကိုင်လိုက်ရင်လည်း မင်း လန့်နိုးသွားမှာပဲ၊ ဒါပေမဲ့ ကိုယ် မျက်လုံးမှိတ်ပြီးနေဖို့လည်း စိတ်က လက်မခံနိုင်ဘူး။ ဒီလိုခံစားမှုမျိုးကို ကိုယ်တစ်ခါမှ မခံစားဖူးဘူး။ ဒီနေ့ဟာ သိပ်ကို အင်း သိပ်ကို ရင်မောရတဲ့ နေ့ပဲ”

“ဘာတွေဖြစ်နေလို့လဲ၊ ရှင် နေမကောင်းလို့ သွေးလေချောက်ချားတာ နေမှာပေါ့”

“ထားလိုက်ပါတော့ မင်းမျက်နှာသစ်လေ၊ ပြီးရင် ကိုယ်နဲ့စစ်တုရင် ထိုးမယ်”

“ဟင့်အင်း ကကြိုး စိတ်မပါဘူး”

“ဒါဖြင့် ဘာဘတို့နဲ့ ကိုယ်ကစားမယ်၊ ထိုင်ကြည့်နေပေါ့”

“မကြည့်ချင်ဘူး။ ကကြိုးမှ နားမလည်တဲ့ဥစ္စာ၊ ခြံထဲမှာ လွတ်လွတ်လပ်လပ်နေပါရစေ”

“မင်း ကိုယ့်နားမှာ ရှိနေစေချင်တာ”

“ကကြိုးက သက်မဲ့ရုပ်မှမဟုတ်ဘဲ၊ ရှင် ထားချင်တဲ့နေရာမှာ ချထားတိုင်း ငြိမ်မနေနိုင်ပါဘူး”

ဆောင်းမင်းဆက် ကကြိုးမျက်နှာလေးကို စိုက်ကြည့်ကာ ငြိမ်သက်နေ၏။ အမြဲတင်းမာပြတ်သားနေခဲ့သော သူ့မျက်နှာက ထူးခြားစွာ ဝေခွဲမရခြင်းတွေနှင့် စိတ်ရှုပ်ထွေးမှုများက ပေါ်လွင်နေသည်။

“မင်းပြောတာမှန်တယ်၊ ဒါပေမဲ့ ကိုယ် ဒီနေ့ မင်းကို အနားမှာပဲ ထားချင်တယ်၊ ဒါမှမဟုတ် မင်းရှိတဲ့နေရာမှာ ကိုယ်ရှိချင်တယ်”

ကကြိုး အိပ်ရာပေါ်ကထ၍ ခြုံစောင်ကို ပခုံးမှာသိုင်းပတ်ထား



လိုက်၏။ ညဝတ်အင်္ကျီ ဂါဝန်ပန်းရောင်ဖားဖားနှင့် အိပ်ရာထစပေမယ့် ဖြူဝင်းလှပလွန်းနေသည့် ကကြိုးမျက်နှာလေးကို ဆောင်းမင်းဆက် ငေးနေသည်။

“မင်းနဲ့ကိုယ့်အတွက် စိတ်ကူးပြီး ဆောက်ထားတဲ့တိုက်ကလေး အားလုံးပြီးသွားပြီ သိလား။ ခြံကိုရော တိုက်ကိုပါ ‘ဆောင်းကကြိုးသျှင်’ လို့ ကိုယ်နာမည်ပေးထားတယ်”

ကကြိုး တကယ့်ကို အံ့သြမိတော့သည်။ တိုက်တစ်လုံးဆောက်တဲ့ ကာလတွက်ဆကြည့်လျှင် ကကြိုးကို ခေါ်မလာမီကတည်းက ဆောက်နေတာဖြစ်မည်။ နာမည်ကလည်း ‘ဆောင်းကကြိုးသျှင်’တဲ့။ ဘယ်လောက်များ နူးညံ့အေးချမ်းတဲ့ နာမည်လေးပါလဲ။

ဆောင်းမင်းဆက်ဆိုတဲ့ လူတစ်ယောက်ရဲ့ချစ်ခြင်းတို့ကို ကကြိုး အသိအမှတ်မပြုဘဲ ဘယ်လိုပဲနေနေ တစ်ခုပြီးတစ်ခု တစ်မျိုးပြီးတစ်မျိုး ကာလျှင် သူမ မတုန်လှုပ်ဘဲခံနိုင်ပါ့မလား။ ကကြိုး မျက်နှာလွှဲကာ လှည့်ထွက်လိုက်တော့ သူ နောက်ကပါလာသည်။

“အဲဒီတိုက်လေးမှာ မင်းရဲ့ချစ်ခြင်းတွေနဲ့ ကိုယ် ငြိမ်းချမ်းစွာ အနားယူမယ်၊ ကိုယ့်ရဲ့ချစ်ခြင်းနဲ့ မင်းကိုပျော်မွေ့စေမယ်၊ အင်း အဲဒီနေ့ဟာ ဆံဖြူသွားကျိုးတဲ့နေ့လည်း ဖြစ်ချင်ဖြစ်မှာပေါ့”

သူ ဒီနေ့ ဆွေးမြေ့သော စိတ္တဇဆန်သောစကားတွေကို ဆိုနေသည်မို့ ကကြိုး အံ့သြလို့ ထူးဆန်းနေမိတာ အမှန်။

အမြဲတမ်း လက်တွေ့ဆန်သော အတ္တသမား မဟုတ်ပါလား။

ကကြိုး ရင်မောလိုက်တာ ဆောင်းမင်းဆက်ရယ်။

ကကြိုး ရင်ထဲမှာ ခြောက်လှန့်ခဲ့သော အတိတ်တစ္ဆေတွေ ပျောက်ကွယ်ကျန်ခဲ့ပြီထင်ပါရဲ့ ဆောင်းမင်းဆက်ရယ်။

အတ္တဆန်လွန်းတဲ့ ရှင့်လိုယောကျ်ားတစ်ယောက်ရင်ပုံးသားမှာ ဒီလောက်ထိ ကြီးမြတ်တဲ့ချစ်ခြင်းတွေ ရှိနေမယ်လို့ မယုံခဲ့ဘူး။ အခုတော့

www.burmeseclassic.com

www.burmeseclassic.com



ကကြိုးကို ရှင့်အသက်နဲ့လဲပြီး ကယ်တင်ခဲ့တယ်။ ဒါ အိပ်မက်မဟုတ်တဲ့ တကယ့်အဖြစ်အပျက်ပဲ။ ကြိုတင်ကြံစည်ဖန်တီးခဲ့တာ မဟုတ်ဘူး။ ကံကြမ္မာက ရှင့်ရင်ဘတ်ထဲကိုမြင်နိုင်အောင် ဖန်တီးခဲ့တာထင်ရဲ့။ ကကြိုး မယုံနိုင်လောက်အောင်ဘဲနော်။

"ကကြိုးကို ကိုယ့်အသက်ထက်တောင် မြတ်နိုးတန်ဖိုးထားတယ်"

ဆောင်းမင်းဆက်ဆိုခဲ့ဖူးတဲ့ စကား။ ကကြိုး မယုံကြည်ခဲ့တဲ့ သစ္စာစကား။ အခုတော့ ကကြိုး ယုံကြည်လက်ခံနိုင်ခဲ့ပါပြီ။ အရင်တုန်းကလို ခါးသီးမှုမျိုးတွေ ကကြိုးရင်ထဲမှာ ဘာလို့မရှိရတော့တာလဲ။ ဘဝကို ချုပ်နှောင်ထားတဲ့လူတစ်ယောက်ကိုမှ ကကြိုး ခွင့်လွှတ်စာနာနေနိုင်တာလဲ။ ကကြိုးကိုယ်တိုင် နားမလည်တော့တာ အမှန်။ ဆောင်းမင်းဆက်ဆိုသော လူတစ်ယောက်ကို သိမ်မွေ့နူးညံ့သွားစေအောင် ပြောင်းလဲခဲ့တာ ချစ်ခြင်းမေတ္တာကြောင့်တဲ့။

ဒါဆို ကကြိုးရင်ထဲက ပြောင်းလဲမှုတွေကကော ဘာကြောင့်လဲ။ ဟင့်အင်း ကကြိုး မဖြေပါရစေနဲ့။ မဖြေချင်ဘူး။ ကကြိုး နှလုံးသားက လက်ရုံးကို ရွေးချယ်ခဲ့ပြီးပြီလေ။ လက်ရုံးဆိုတာ ကကြိုးနှလုံးသားကို လှုပ်ခတ်စေခဲ့တဲ့ ချစ်သူလား။

ပြီးတော့ လက်ရုံးဆီက တောင်းဆိုမှုတွေကို ကကြိုး ခေါင်းညိတ်လက်ခံခဲ့တာ ဦးနှောက်ကြောင့်လား။ နှလုံးသားကဆန္ဒလား။

အို ဘာကိုမှ ကကြိုး မတွေးချင်ပါ။ သေချာတာကတော့ ဆောင်းမင်းဆက်ရင်ထဲကနှလုံးသားကို ကကြိုး မြင်သိနားလည်စပြုခဲ့ပြီဆိုတာကိုပါပဲ။

ကကြိုး ရှုးသွပ်ချင်နေပြီ ဆောင်းမင်းဆက်ရယ်။

■ ■ ■

"ကကြိုး ကကြိုးရေ ကကြိုး"

ဒါ ဆောင်းမင်းဆက်ရဲ့အသံ။ ကကြိုးကိုခေါ်နေတဲ့ ဆောင်းမင်း



ဆက်အသံဆိုတာ သေချာတယ်။ တမ်းတမ်းတတ ခေါ်နေတဲ့ ဆောင်းမင်းဆက်အသံကို ကြားပေမယ့် လူကိုမမြင်ရဘူး။

"ဆောင်းမင်းဆက် ရှင် ရှင် ဘယ်မှာလဲ"

ကကြိုးရင်ထဲက လှိုက်တက်လာတဲ့ ပူပန်စိတ်နှင့်အော်ဟစ်မေးမိတဲ့ ကောင်းကင်ကြီးက နီရဲညိုညစ်နေသည်။ မြင်ကွင်းမှန်သမျှက အကျည်းတန်ချောက်ချားစရာ ထင်နေမိ၏။ ကြည့်လေ ကောင်းကင်ကြီးကလည်း အနီ၊ မြေပြင်ကြီးကလည်း အနီ၊ သစ်ပင်တွေကလည်း အနီ။ ပန်းပွင့်ဖြူဖြူတွေတောင် ရဲရဲနီလို့။

"ကကြိုး ကကြိုးရေ"

သူ့အသံတွေကြားရာဆီသို့ ကကြိုး ခြေလှမ်းတွေဦးလှည့်မိပြီးနေ၏။ အလိုအလျောက် တွန်းအားတစ်ခု၏စေ့ဆော်မှုအတိုင်း ကကြိုးအပြေးရောက်သွားခဲ့သည်။

"ဟင် ဆောင်း ဆောင်းမင်းဆက်"

"ကကြိုး မင်းကို ကိုယ်ချစ်တယ်"

သူ့တစ်ကိုယ်လုံး ရဲရဲနီနေတာ ပတ်ဝန်းကျင်ကအရောင်တွေကြောင့် မဟုတ်ပါ။ သူ့ခန္ဓာကိုယ်မှ သွေးတွေကြောင့်သာ ပတ်ဝန်းကျင်က ရဲရဲနီနေခြင်းဖြစ်သည်။

"ဆောင်းမင်းဆက်"

ကကြိုး ဘာဆိုဘာမှမစဉ်းစားနိုင်။ သူ့ကိုယ်ခန္ဓာကိုသာ ထွေးပွေ့ထားလိုက်မိသည်။ ရင်ထဲမှာ ကြေကွဲနာကျင်လျက် ကကြိုးပါးပြင်မှာ မျက်ရည်စတွေ တလိမ့်လိမ့်ကျဆင်းလာသည်။

"ငါ ငါ မင်းကို မြတ်နိုးတယ် ကလေးရယ်၊ မင်းရင်ထဲက စကားတစ်ခွန်းကို ငါ ငါကြားပါရစေ ကြားသွားပါရစေ"

ဝေဒနာကြားက သူ့မျက်နှာပြုံးယဲ့ယဲ့။ မျက်ဝန်းတွေက မှော်လင့်

www.burmeseclassic.com

www.burmeseclassic.com



မှုတွေနှင့် လင်းလက်တောက်ပလို့။

ကကြိုး ရင်ထဲကြေကွဲစိတ်တွေ တလှိုက်လှိုက်။ တောင့်တမှုနဲ့ ငံ့လင့်နေတဲ့သူ့ဆန္ဒတွေကို ကကြိုး ဖြည့်ဆည်းပေးလိုက်ချင်မိခဲ့သည်။ သို့ ပေမယ့် ကကြိုးနှုတ်က စကားသံတွေအစား ရှိုက်သံတွေသာ။

"မ မငိုပါနဲ့ ကလေးရယ် မ မငို"

ဦးညွှတ်ကျသွားသော သူ့ကို ကကြိုး ထိတ်လန့်ချောက်ချားစွာ ကြည့်မိသည်။ ဘုရားရေ သူ တကယ်ပဲ မရှိတော့ဘူးပေါ့။ ကကြိုးကို ချန် ထားရစ်ခဲ့ပြီပေါ့။ ကကြိုးရင်ထဲမှာ လှိုက်ဖိုဆို့နစ်လို့ သည်းထန်စွာ ငိုကြွေး ရင်း လန့်နိုးလာသည့် အိပ်မက်အဆုံးမှာ။

အခန်းထဲမှာ တိတ်ဆိတ်နေသည်။ ခုတင်ကျယ်ကြီးပေါ်မှာ ကကြိုး တစ်ယောက်တည်း။ အခန်းထဲက ဒရင်းဘတ်ပေါ် လှမ်းကြည့်တော့ သူ ရှိမနေပါ။ ခေါင်းအုံးတစ်လုံးနှင့် ခြုံစောင်တစ်ထည်သာ ထပ်လျှက်ရှိနေ၏။

ဆောင်းမင်းဆက် ဘယ်အချိန်က နိုးထသွားသည်ပင်မသိလိုက်။ ပြတင်းတံခါးမှ နေရောင်ခြည်တွေပင် အခန်းထဲကို ဖြာကျနေသည်။

ကကြိုး အိပ်ရာကလူးလဲထရင်း အိပ်မက်ဆိုးကို ရိပ်ခနဲ မြင်၏။

ဟင့်အင်း ရှင် ဘာမှမဖြစ်စေရဘူး ဆောင်းမင်းဆက်။

■ ■ ■

အခန်း (၆၁)

မိုးသက်လေက ဖျန်းခနဲ ဖျန်းခနဲ တိုက်လာသည်။

တိမ်တိုက်က မည်းနက်သောကမ္ဘာလောကကြီးကို ဖန်ဆင်းလျက် လောကကို ခြိမ်းခြောက်နေလိုက်တာ မှာန်ဟုန်ကြီးလှတော့သည်။

ကကြိုး ပိတောက်ပင်ကြီးအောက်မှာ ထိုင်နေရာမှ ထရပ်သည်။ ခုလောက်ဆို စစ်တုရင်ထိုးနေတဲ့ ဟိုတစ်ယောက် သူ့ဆီစိတ်ရောက်လို့ မကြာခင် လိုက်လာတော့မည်မှာ သေချာ၏။

ထိုစဉ် မိုးစက်လေးတွေ လွင့်ကြွေလာသည်။ မည်းမှောင်သော မိုးသားတို့က စတင်စိန်ခေါ်ခဲ့လေပြီ။

ကကြိုး ခေါင်းပေါ်လက်ကလေးအုပ်တင်၍ အိမ်ကြီးဆီပြေးဖို့ အသွား

"ကကြိုး ကကြိုးရေ"

"ဟင်"

တစ်ကိုယ်လုံး ခုန်ခနဲ ဖြစ်သွားသည်။ နားကြားမှားလေသလား။ လက်ရုံးအသံကို ပီပီသသကြီး ကြားလိုက်ပေမယ့် မထင်မှတ်စွာ လှည့်မ ကြည့်ဖြစ်ဘဲ တောင့်တောင့်လေးရပ်နေမိဆဲ။

"ကကြိုး"

"ဟယ်"

www.burmeseclassic.com

www.burmeseclassic.com



အေးစက်စိုရွှဲနေသော လက်နှစ်ဖက်က ကကြိုးပခုံးကို ခပ်ကြမ်းကြမ်း ဆွဲလှည့်ပစ်လိုက်သည်။

"လက် လက်ရုံး"

"ဟုတ်တယ်"

လက်ရုံးခေါင်းပေါ် အမိုက်တချို့ ကပ်ငြိလျက်။ တစ်ကိုယ်လုံး ရေတွေနှင့် စိုရွှဲနေသည်။ ကကြိုး အံ့ဩလွန်းလို့ လက်ညှိုးလေးထိုးကာ အသံမထွက်နိုင်သေး။

"နင် နင် ငါ့နောက်ကို လိုက်လာတယ်နော်"

ပြောပြီး ကကြိုး လက်ရုံးရင်ခွင်ထဲ ပြေးဝင်ကာ ဘာမှန်းမသိသော မျက်ရည်တွေ တိတ်ဆိတ်စွာ ကျလာကြသည်။

"နင် ဘာဖြစ်လို့ ငါ့ကို ရက်ရက်စက်စက် ထားပစ်သွားတာလဲ ကကြိုး ဟင့် ပြောစမ်းပါ"

ကကြိုး ခေါင်းလေးငွင်ငွင်ချ၍ မော့ကြည့်သည်။

"မဟုတ်ဘူး မဖော်တ်ဘူး လက်ရုံးရယ် [illegible]"

[illegible] ဘယ်ဘူးလဲ"

"ဆောင်းမင်းဆက်"

[illegible] အော"

"ဟုတ်တယ် သူ ငါခေါင်းမူးလို့ ခြံထဲမှာရှိနေတုန်း ရောက်လာပြီး မေ့ဆေးပါတဲ့နှင်းဆီပန်းတွေနဲ့ မေ့အောင်လုပ်ပြီး ခေါ်သွားတာပါ"

"တောက်"

ကကြိုးနှုန်းကို ကြယ်အရောင်နဲ့ နှိုးတိုးရိုင်စိတ်တောင် မသမ်းခဲ့မှုတဲ့ လူရွေ့မျက်စိလည်အောင် မျက်လှည့်ပြသွားတဲ့ ခွေးသူခိုး။ လက်ရုံး စိတ်ထဲကကြိမ်ဆဲ၍ တက်ခေါက်မိသည်။

"သူလေ ငါ့ကို ဘာတစ်ခုမှ မစော်ကားခဲ့ဘူး။ ငါ့အချစ်ကိုပဲ တဖွဖွတောင်းနေခဲ့တာ"



"ချစ်စရာလား ဒီကောင်ကို"

လက်ရုံး ကကြိုးလက်ကို ပိုင်နိုင်စွာဆွဲ၍ ဆုံးဖြတ်ချက်ကို ခိုင်မာစွာ ချသည်။

"နင် ငါနဲ့ပြန်လိုက်ခဲ့ ကကြိုး"

"ဟင်"

"ငါဝင်လာတဲ့အပေါက်က ပြေးမယ်၊ တကယ်လို့ နင်ပါလာရင် အဆင်သင့်ဖြစ်ရအောင် ရာဇကို ကားနဲ့အဆင်သင့် စောင့်နေဖို့ ငါသေချာစီစဉ်ထားခဲ့တယ်၊ ဒီခွေးသူခိုးလက်ထဲမှာ နင့်ကို လုံးဝမထားခဲ့ဘူး လာ"

"လက်ရုံး"

ကကြိုး တွန့်ဆုတ်ဖြစ်သွားသည်မို့ လက်ရုံး မျက်နှာကြီး တင်းသွား၏။

"ဘာလဲ ဘာဖြစ်တာလဲ၊ နင်က မခွဲနိုင်တော့ဘူးလား"

"မဟုတ်ဘူး လက်ရုံး"

"ငါမှာ မိဘပတ်ဝန်းကျင်ကို အားလုံးတော်လှန်ပြီး နင့်ဆီထွက်လာခဲ့တာ၊ နင့်ကို ဆုံးရှုံးမခံနိုင်လွန်းလို့ စွန့်စားခဲ့ရတာ၊ နင် ဘာပဲဖြစ်နေနေ ဘယ်ဘဝရောက်ရောက် ငါ့ကို ချစ်နေသေးတယ်ဆိုရင် ပြီးတာပဲ လာ သွားမယ်"

"ငါ့ကို တလွဲမထင်ပါနဲ့ လက်ရုံးရယ်၊ သူ သူ သိရင် တို့ ဘယ်လိုမှ ပြေးလို့လွတ်မှာ မဟုတ်ဘူး"

"နင့်အတွက် ငါ"

"မပူနဲ့ လာ သူလည်းယောက်ျား၊ ငါလည်းယောက်ျားပဲ၊ သူက ဒသဂီရိလုပ်တော့ ငါကလည်း ရာမလုပ်ရမှာပဲ"

လက်ရုံး ကကြိုးကိုဆွဲ၍ ရေမြောင်းရှိရာ ပြေးထွက်သွားလေသည်။ ဖော်ပြလို့မရနိုင်တဲ့ ခံစားမှုနဲ့ ရင်တွေတုန်လိုက်တာမှ အရမ်းပဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆၂)

"ဘယ်လိုလဲ လူလေး၊ ကစားရတာ စိတ်မပါဘူးလား၊ ဘုရင်မကို ကာကွယ်ဖို့ စဉ်းစားဦးလေ"

"ဟုတ်တယ် ဘဘ၊ ဒီနေ့ ခေါင်းထဲမှာ ဘယ်လိုမှမကြည်ဘူး ဖြစ်နေတာ၊ ကျွန်တော် ဆက်မကစားနိုင်တော့ဘူး"

ဆောင်းမင်းဆက် ကကြိုးဆီပဲ စိတ်ကရောက်နေသည်။ မိုးစက်တွေက အသံမြည်လာ၏။ ကကြိုး အိမ်ပေါ်ပြန်တက်သွားပြီလား။ ခြံထဲမှာပဲ ဂျစ်ကန်ကန်လေး ထိုင်နေတုန်းလား။

သူ စစ်တုရင်ခုံက ထရပ်လိုက်သည်နှင့် ကီးကီး သူ့ဘောင်းဘီ အနားစကို ခပ်ကြမ်းကြမ်းဆွဲခါ၍ နောက်ဆုတ်၏။

"ဟ ကီးကီး ဘာဖြစ်တာလဲ၊ ခြံထဲမှာ ဘာနဲ့တွေ့လာလဲ၊ မိချောင်းတွေ တက်နေပြီထင်တယ် ဟာ"

ပြောရင်း သူ သတိရသွားသည်။

"ကကြိုး ခြံထဲက မတက်သေးရင် ဒုက္ခပဲ"

မိချောင်းတွေကြောင့် ကြောက်နေရှာလိမ့်မည်။

"လူလေး ဘဘသွားမယ်လေ၊ မိုးတွေရွာနေတယ်"

သူ လှည့်မကြည့်ဘဲ ခြံထဲပြေးဆင်းလာခဲ့သည်။ ကကြိုးကို အရိပ်အယောင်မှ မတွေ့ပါ။



အိမ်ပေါ်တက်ဖို့ ပြန်အလှည့်မှာ ကီးကီးက သူ့ဘောင်းဘီစကို ဆွဲကိုက်ထားကာ တစ်နေရာကို ဆွဲခေါ်နေသည်။

"ဘာလဲ ကီးကီး"

သူ ကီးကီးခေါ်ရာ လိုက်လာသည့်အဆုံးတွင်

"ဟင်"

ကကြိုး ခြံထဲဆင်းခါနီး သူကိုယ်တိုင် ခြုံပေးလိုက်သည့် သိုးမွေးခြုံစောင်ပါလား။ ငြိတွယ်နေသည့် သစ်ကိုင်းမှ ပြေးဖြုတ်နေဆဲ ကီးကီးက တစ်နေရာကို ထိုးဟောင်နေ၏။ သူ ချာခနဲ ပြန်လှည့်ကာ အိမ်ကြီးပေါ် တစ်ရှိန်ထိုးတက်ခဲ့သည်။

"လူလေး လူလေး မင်း ဘာဖြစ်တာလဲ"

"ဘဘ ကကြိုး မရှိတော့ဘူး"

"ဟင်"

"ဘာဖြစ်တာလဲ"

ဘယ်သူမေးမေး၊ ဘာမှမပြောတော့ဘဲ ဆောင်းမင်းဆက် အိပ်ခန်းထဲ ပြေးဝင်ကာ မြားတစ်စင်းကို ယူသည်။

ငုပ်လျှိုးနေသည့်မာနတရားတို့က ငယ်ထိပ်ထိ တိုးတက်နေကြ၏။ ကကြိုး ထွက်ပြေးတာ ဘယ်လိုမှမဖြစ်နိုင်။

ဒါ တစ်ယောက်ယောက် လာခေါ်သွားတာ။ လက်ရုံးဆိုတဲ့ကောင်ပဲဆိုတာလည်း တပ်အပ်သိလိုက်၏။ ဆောင်းမင်းဆက်ရဲ့ရာဇဝင်မှာ လက်လျှော့ကြည့်နေလိုက်ရတာမျိုး ဘယ်တော့မှမရှိရ၊ ကိုယ့်အသက်နဲ့ထပ်တူ ချစ်နေရတဲ့ မိန်းကလေးကိုမှ ကြံစည်လာတဲ့သူကို ဆောင်းမင်းဆက် ဒီအတိုင်း ကြည့်မနေနိုင်ပါ။

ဆုံးရှုံးမခံနိုင်သော ချစ်ခြင်း၊ အမြဲအနိုင်လိုချင်သည့်မာန၊ ဖြစ်ကို ဖြစ်ရမည်ဆိုသည့် အတ္တများနှင့် သူ့အခန်းထဲက ပြေးထွက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆောင်းမင်းဆက်"

တင်းပြတ်သောအသံကြီးက ကြောက်မက်ဖွယ် ဟိန်းထွက်လာသည်။ ဘဘဦးမင်းထွဋ်ခေါင် ခေါင်းဆောင်လျက် သူ့ရှေ့မှာ များစွာသော လူတွေ ပိတ်ရပ်ထားကြသည်။

"မင်း လိုက်မသွားရဘူး"

"ဘဘထွတ် ကျွန်တော်"

"ကိုယ့်မှာရှိသမျှ ညည်းစိမ်ဥစ္စာ ပေးနိုင်သမျှ အချစ်အားလုံးပုံပေးထားရက်နဲ့ သူလက်မခံနိုင်လို့သွားတာ မင်းမလိုက်ရဘူး၊ ပြီးတော့ ကိုယ်က နိုးယူခဲ့တဲ့သူ၊ ပိုင်ရှင်လက်ထဲ သူ ပြန်ပါသွားတာ မင်းလက်ခံနိုင်ရမယ်"

"လက်မခံနိုင်ဘူး ဘထွတ်၊ ခိုးယူတဲ့လူရဲ့ရင်ထဲမှာ ခိုးရဲလာတဲ့အထိ သတ္တိဖြစ်ခဲ့တဲ့ စုံမက်မြတ်နိုးမှုကိုကျတော့ ဘယ်သူမှ အသိအမှတ်ပြုမပေးနိုင်ဘူးလား။ ခဲယဉ်းတာကိုမှ ပိုပြီး စိတ်ဝင်စားတတ်ကြတာ သဘာဝပါ၊ ကကြိုးသျှင်ကို ကျွန်တော် အလွယ်တကူရခဲ့တာ မဟုတ်ဘူး ဘဘထွတ်၊ ပိုင်ရှင်က ပိုင်ပြီးသားမို့ ရှု့ကော့စ်ထဲမှာ အလှပြင်ထားရင်ထားမယ်၊ ချောင်တစ်ချောင်ချောင်မှာ ထိုးထားရင်ထားမယ်၊ ကျွန်တော့်လက်ထဲမှာ ကကြိုးသျှင်ဟာ မဋ္ဌူသကနစ်ပန်းထက် အဖိုးတန်တယ်၊ ကျွန်တော့်ရဲ့အရိပ်ကကြိုးရဲ့ဘဝ ကကြိုးတစ်ယောက်ယောက်နဲ့ ပေါင်းဖက်သွားတာမျိုး လုံးဝမဖြစ်ရဘူး။ ကျွန်တော် အသက်ရှင်နေသရွေ့ ကကြိုးကို ဘယ်သူမှ ခွဲထုတ်သွားလို့မရဘူး"

"ဆောင်းမင်းဆက် မင်းရှေ့မတိုးနဲ့၊ မင်းအတွက် အန္တရာယ်ရှိတယ်၊ ရှိနေလို့ပြောတာ"

"ခွပ် ခွပ်"

ဆောင်းမင်းဆက် ပက်လက်လန်ကျသွား၏။ ဒွေးတော် အတင်းပြေး၍ ပွေ့ထူသည်။ အားလုံး စိတ်မကောင်းသောမျက်နှာကြီးတွေနှင့် စူးစိုက်ကြည့်နေကြ၏။



ဆောင်းမင်းဆက် မတ်မတ်ပြန်ရပ်နိုင်အောင် ကြိုးစား၍ နှုတ်ခမ်းထောင့်က စီးကျလာသည့်သွေးတို့ကို လက်ခုံနဲ့သုတ်လိုက်သည်။

ဦးမင်းထွဋ်ခေါင်က တင်းမာပြတ်သားသော မျက်လုံးစူးစူးတို့နှင့် စိုက်ကြည့်နေ၏။

"ဘဘ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

သူ ရိပ်ခနဲ ကွေ့၍ လှေကားမှ တအားပြေးဆင်းသည်။

"သား လူလေး"

"လူလေးရေ"

"မသွားပါနဲ့ သားရယ်"

ဒွေးတော် အလဲလဲအပြိုပြိုနှင့် ပြေးလိုက်ရှာသည်။ ဦးမင်းထွဋ်ခေါင် အံကြိတ်လျက် တောင့်တောင့်ကြီးရပ်နေသော်လည်း ဆုပ်ထားသော လက်သီးနှစ်ဖက်က ဆတ်ဆတ်တုန်လေသည်။

"ဟော မလိုက်နဲ့တော့"

"ဗျာ"

"လိုက်ပါရစေ ဆရာကြီးရယ်၊ ကျွန်တော်တို့ ကြည့်မနေပါရစေနဲ့"

"ကလေးနောက်ကို လိုက်မယ်"

သူတို့ပြောနေဆဲမှာ ဦးမင်းထွဋ်ခေါင်၏ကိုယ်လုံးကြီးက ညွှတ်အိခွေခေါက်၍ လဲကျလေသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆၃)

မိုးတွေက သည်းသည်းမည်းမည်း ရွာချသည်။ လမ်းတွေက အတက်အဆင်းတွေမို့ ကားကိုထိန်းမောင်းနေရသည်။

နောက်ကို လှည့်တကြည့်ကြည့်ဖြစ်နေသည့် ကကြိုးကို လက်ရုံးက လက်မောင်းသားလေးမှကိုင်၍ ခပ်တင်းတင်းဖိထား၏။

"လက်ရုံး လက်ရုံး ဟိုမှာကား ကားတွေ့တယ်၊ သူ လိုက်လာပြီ ထင်တယ်၊ ငါကြောက်တယ်"

"မကြောက်နဲ့"

လက်ရုံးအသံက မာနေသည်။ သူလှမ်းကြည့်နေဆဲ နောက်ကားက ဝီပြင်လာ၏။ မိုးသည်းသည်းထဲမှာ သူတို့ကားကို အရမ်းမမောင်းရဲပေမယ့် နောက်ကားမောင်းလာပုံက အကြမ်းပတမ်း။

ကားမောင်းပုံကိုမြင်ကတည်းက သူပဲဆိုတာ ကကြိုးသိလိုက်သည်။ ဘာအတွက်မှန်းမသိဘဲ ရင်ထဲမှာ ကတုန်ကယင်ကြီး ဖြစ်နေမိသည်။ ဖြစ်နိုင်လျှင် ကားပေါ်ကခုန်ချ၍ တစ်နေရာရာမှာ ပြေးပုန်းနေချင်သည်။

"ဘာလုပ်မလို့လဲ"

ရာဇက ကားနောက်ကြည့်မှန်ထဲမှ လှမ်းကြည့်ကာ မျက်နှာပေါ် က အဆက်မပြတ်စီးကျနေသည့် မိုးရေတွေကို လက်တစ်ဖက်နဲ့သပ်ချလိုက် ၏။



"ဒီကောင် ငါတို့ကို မီလာတော့မှာ၊ ငါ ဒီကနေ ယူလာတဲ့ ဒူးလေးနဲ့လှမ်းပစ်မယ်"

"ဟာ ဟော့ကောင်"

လက်ရုံးက တားသလို ကကြိုး အလန့်တကြား ထအော်သည်။

"ပစ်ကိုပစ်မှဖြစ်မယ်၊ ဒါမှ ဒီကောင်မလိုက်နိုင်မှာ၊ မင်း ဒီမှာ လာမောင်း"

မြားပစ်ကွင်းမှာချည်း အချိန်ကုန်ခဲ့သော ရာဇက သူ့တွင်ရှိသည့် ဒူးလေးတစ်လက်နှင့် လက်တည့်စမ်းချင်နေသည်။

ပြီးတော့ မိုးသည်းထဲမှာ အမိုးဖွင့်ကားဖြစ်တဲ့ သူတို့ဘက်က တစ်ပန်း ရှုံးနေပြီးသား။

"ဘီးကို မင်းမှန်အောင်ပစ်နိုင်ပါ့မလား"

"နီးလာမှ ပစ်မှာ၊ မမှန်စရာ မရှိပါဘူး"

မျက်နှာထက်က ရေတွေကို သပ်ချရင်း မိုးသံတွေကြားမှာ စကား ပြောရတာ လည်ချောင်းတွေပင် နာလာကြသည်။

လက်ရုံးက ကားဝင်မောင်းရင်း နောက်ကြည့်မှန်ထဲကို တကြည့် ကြည့်။

"လက်ရုံး မင်း ကားကိုပဲ ဂရုစိုက်မောင်း၊ မိုးက တအားကြီးနေ တယ်၊ တော်ကြာ အားလုံးကြွသွားလိမ့်မယ်"

လက်ရုံးက မျက်နှာကို သပ်ချလိုက် ကားမောင်းလိုက် စိတ်တွေ လွန်စွာလှုပ်ရှားနေသလို ကကြိုး မျက်လုံးတွေက နီးကပ်လာသည့် ကားဆီသို့ ပြူးပြူးစိုက်စိုက်။

ပြီးတော့ စစ်သားတွေလို မှဆိုးဒူးထောက်ဝပ်ချ၍ ဒူးလေးရှေ့မှာ မှန်မှာတင်ကာ သေသေချာချာချိန်နေသည်။ ကားက နို့ဆိုက်မြင့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ကွေ့သွားလိုက်မို့ တော်တော်နဲ့မရ။

"ရာ ရာဇ နင် ကားဘီးကိုပဲ ပစ်နော်"

"ပစ်မှာကတော့ ဘီးကိုပဲပေါ့ဟ၊ မတော်တဆ"

"နင် ဒီလောက်ချော်ပစ်တတ်ရင် မပစ်နဲ့တော့"

"ဟ ဘယ်လိုဖြစ်တာလဲ"

"နင် ဘယ်လိုဖြစ်တာလဲ"

"နင် လူသတ်မှုဖြစ်မှာစိုးလို့ ပြောတာ"

"အဲဒီတော့ နင်တို့အတွက် တစ်ရန်ရှင်းပေးပြီးသား ဖြစ်တာပေါ့"

ကကြိုး ဘာမှမပြောတော့ဘဲ ခုန်ပေါက်နေသည့်ရင်ဘတ်ကို လက်ကလေးနှင့်ဖိထားကာ မျက်နှာကရေတွေကိုလည်း သပ်ချရင်း နေမထိထိုင်မသာ ဖြစ်နေတော့သည်။

ဟော ကားက သူတို့နဲ့ နီးကပ်လာပြီ။

ဆောင်းမင်းဆက်၏အရိပ်ကို ကားထဲမှာ လှမ်းမြင်နေရ၏။ သူ တစ်ယောက်တည်းပါလာ၏။ ကကြိုး ကြောက်စိတ်ကြောင့် လက်တွေတုန်လာ၏။

"ဖောင်း"

"ဟယ်"

ဒူးလေးက တစ်ချက်ဆိုတစ်ချက် ကားဘီးပေါက်သံကြီး ဟိန်းထွက်သွားကာ ဆောင်းမင်းဆက်၏ကားက ချာခနဲဦးလှည့်၍ လမ်းဘေးသစ်ပင်ကြီးတစ်ပင်ဆီ ဝေါခနဲ ထိုးဝင်လေ၏။

ကကြိုး မျက်လုံးတွေ အစွမ်းကုန်ပြူးကျယ်လျက် ရုတ်တရက် အသက်ရှူရပ်သွားသည့်နှယ် ကျယ်လောင်သော ထိခိုက်သံကြီးအဆုံး

"အား"



မျက်နှာကို လက်နှင့်အုပ်၍ ကကြိုး တအားကျူးအော်လိုက်သည်။

"သွားပြီ၊ တစ်ခါတည်း လျှောပြီထင်တယ်"

ရာဇစကားသံက နားထဲမှာ ပူပြင်းစွာ ပြေးဆောင့်ဝင်သည်။

"လက်ရုံး ငါ့ကို ကားရပ်ပေး၊ ကားရပ်ပေးပါ"

"ဘာလုပ်မလို့လဲ ပြဿနာတွေ ရှုပ်ကုန်မှာပေါ့"

"ဟင့်အင်း နင်ရပ်မပေးရင် ငါခုန်ချမှာနော်"

ကကြိုး တကယ်ထရပ်လိုက်သည်နှင့် ကားလေး အရှိန်လျှော့ကျသွားကာ တုံ့ရပ်သွား၏။

"ဘာဖြစ်တာလဲ ကကြိုး နင် ဘယ်လိုဖြစ်နေတာလဲ"

ကကြိုး မဖြေပါ။ အရှိန်မသေသေးသည့် ကားပေါ်က စိတ်စောစွာ ခုန်ချလိုက်သည်မို့ ရွှံ့ဗွက်ထဲမှာ ပုံခနဲ ခွေကျသွားသည်။

ရာဇ ခုန်ဆင်းလိုက်လာ၏။

တွဲအထူမခံဘဲ ကကြိုး အတင်းကုန်းထကာ နောက်ကြောင်းလမ်းအတိုင်း ထော့နင်းထော့နင်းနှင့် ဖွတ်ပြေးသည်။

"ကကြိုး နင်ဘယ်သွားတာလဲ၊ ငါတို့က ဘာလုပ်ရမှာလဲ"

"ကကြိုး နင် မသွားနဲ့လေ"

ကကြိုး လှည့်မကြည့်ဘဲ အတင်းဖွတ်ပြေးသည်။

စို့ရွှဲကပ်တုတ်နေသည့် ထဘီက လွတ်လပ်စွာပြေးလို့မရ။ မျက်နှာထက်သို့ မိုးစက်တို့က ရက်စက်နာကျင်စွာ ရိုက်ပုတ်နေကြသည့်နှယ်။ အုန်းခနဲ အရှိန်ပြင်းစွာ ထိုးတိုက်သွားသည့်ကားထဲမှာ သူ အသက်မှရှင်နိုင်ပါ့မလား။

ကကြိုးရဲ့မျက်ရည်စက်တို့ကို မိုးစက်တို့က အသိအမှတ်မပြုစွာ ဖယ်ရှားပစ်ခဲ့သည်။ မိုးသည် သူတို့အတွက် ရင်ခုန်စေခဲ့သလို ငိုချင်းသည်တို့ကိုလည်း ဖန်တီးခဲ့သည်လား။

www.burmeseclassic.com

www.burmeseclassic.com



ရှင်မသေပါနဲ့၊ ကကြိုး ရှင့်ကိုမသေစေချင်ပါဘူး ကိုဆောင်းမင်းဆက်။ ကကြိုးကြောင့် ရှင်မသေပါနဲ့။

ပြေးနေရင်း ဟီးခနဲငိုချကာ ကကြိုး အရူးတစ်ယောက်လို တတွတ်တွတ် ပြောလာနေသည်။

တစ်စောင်းကြီးတိမ်းမှောက်နေသည့်ကားကို လှမ်းမြင်လိုက်ရသည်နှင့် ခပ်ပြင်းပြင်းမောင်းဝင်လာသော ကားတစ်စီးကိုပါ တွေ့ရလေသည်။ ထိုကားက တိမ်းမှောက်နေသည့်ကားဆီ ဦးတည်ဝင်သွားကာ တံ့ခနဲရပ်၏။

ကကြိုး မနားတမ်းပြေးသွားသည်။

အနားရောက်တော့ မြမျိုးမြင့်မာန်ရဲ့အနွယ်တော်တို့လက်ထဲမှာ ကားထဲမှ ဆွဲထုတ်လာသည့်သူ့ပုံစံက ပျော့ဖတ်ခွေခေါက်လျက်။

"ကိုဆောင်းမင်းဆက်"

ကကြိုး အတင်းပြေးဝင်ကာ သူ့မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် ဆွဲယူလိုက်၏။

ထိုစဉ် မိုးစက်တွေ တိခနဲ ရပ်သွားသည်။ ကြီးမားသော ရောင်စုံထီးကြီးက သူတို့အထက်မှာ အုပ်မိုးထားလိုက်ခြင်းသာ။

မိုးစက်တို့ ရပ်သွားသည်နှင့် သူ့မျက်နှာပေါ်သို့ ဦးခေါင်းမှ သွေးတို့ မြင်မကောင်းအောင် ဖြာကျလာသည်။

"လူလေး"

"သား"

"သူ သူ မသေနိုင်ဘူးမို့လားဟင်"

ချင်းချင်းနီနေသော သွေးတို့ကို လက်ကလေးနှစ်ဖက်နဲ့ ပွတ်သုတ်ပစ်ရင်း ကကြိုး သူ့မျက်နှာကို ကယောင်ကတမ်း အုပ်ကိုင်ကာ တဖွဖွမေးနေမိသည်။



"ကိုဆောင်းမင်းဆက် ကကြိုး ရှင့်အနားကို ရောက်နေပြီလေ"

ဒီစကားကိုပဲ ထပ်တလဲလဲ ပြောနေမိ၏။ ဆောင်းမင်းဆက် မျက်ခွံတွေ ရှရှလေးလှုပ်ခတ်လာသည်။

"ဟော သူ ဘဘ သူမသေဘူးသိလား၊ သူ သတိရလာပြီ"

ကကြိုး ဘဘလက်ထဲက သူ့ကိုယ်လုံးကြီးကို ပြောင်းယူ၍ ဝင်ဖွေ့သည်။ တစိမ့်စိမ့် ယိုစိမ့်နေသော သွေးတို့က ကကြိုးလက်ပေါ်မှတစ်ဆင့် ရင်ခွင်ထဲထိ စွန်းထင်းကုန်လေသည်။

"အချိန်ဘာလို့ဆွဲနေတာလဲ ဂိုကြီးထွတ်တင် ကလေးသွေးမလွန်ခင် ဆေးရုံကို"

ဒွေးတော် စကားမဆုံးခင် ဦးမင်းထွတ်တင် လက်ခါပြလျက် မျက်ရည်တွေ ဖြာခနဲကျလာကြ၏။

"သူ့ရဲ့နောက်ဆုံးအချိန်လေးမှာ မိန်းကလေးရဲ့ရင်ခွင်ထဲမှာ ငြိမ်းငြိမ်းချမ်းချမ်း နေပါစေတော့ မယ်စိန်ရယ်"

"အို မဟုတ်ဘူး ကလေးမသေဘူး သား"

ဒွေးတော် အတင်းဆွဲမယ်လွဲမယ်လုပ်တော့ သူတို့အားလုံး တားဆီးကြရသည်။

"ကို ရှင် ရှင် ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ရဘူး သိလား"

မျက်ခွံတွေပေါ်စီးကျတော့မည့် သွေးတို့ကို ကကြိုး လက်ဖဝါးလေးတစ်ဖက်နှင့် နိုင်အောင်သပ်ချပေးကာ ကြည့်နေတဲ့ သူ့မျက်ဝန်းကို စိုးရိမ်တကြီး စိုက်ကြည့်နေမိသည်။

"ကကြိုးသျှင် ကိုယ် ကိုယ်မရှုံးဘူးနော်၊ ကိုယ် သူ့ကိုမရှုံးခဲ့ဘူး"

သူ့ကိုငေးကြည့်၍ ကကြိုးမျက်ရည်တွေ ပိုးမိုးပေါက်ပေါက်ကျလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ကိုယ်မင်းကို မပေးနိုင်ဘူး မင်း ကို သိပ်ချစ် တယ်"

"သူ ရယ်"

"မင်း လက်ရုံးနဲ့လိုက် မသွား ရဘူး"

ဆောင်းမင်းဆက် ကကြိုးလက်ဖဝါးလေးကို အင်အားမဲ့စွာဆုပ်ကိုင်လျက် စကားသံတို့က တဖြည်းဖြည်း ဖျော့တော့တိုးတိမ်လာသည်။

ကကြိုးရဲ့မျက် ျည်စက်တို့ကို သူ့ရဲ့မေးမိုတ်လိုနေပြီဖြစ်သည့် မျက်ဝန်းတို့က တမ်းတမြတ်နိုးစွာ ငေးစိုက်ကြည့်ဆဲ။

"မင်း မင်း ကိုယ့်အတွက်ကျလာတဲ့ မျက်ရည်တွေကို ကိုယ် နောက်ဘဝအထိ သိမ်းသွားမယ်"

"ရှင် စကားတွေ သိပ်မပြောပါနဲ့၊ ဘဘ ဘဘတို့ သူ့ကို ဆေးရုံ ပို့ဖို့ပ မလုပ်ကြဘူးလားဟင်၊ သူ့ကို မကယ်ကြတော့ဘူးလား"

ကကြိုး တအင့်အင့်ရှိုက်၍ ဆောင်းမင်းဆက်အနီးမှာ ပုဆစ်တုပ်ထိုင်လိုက်သည်။

"လူလေး ဘဘကို မင်း ဘာပြောချင်သေးလဲ၊ ဘာမှာချင်သလဲ ဘဘ တစ်ခုခု လုပ်ပေးပါရစေ ကလေးရယ်"

"ဘဘ"

ဦးမင်းထွတ်တင် တရှိုက်ရှိုက်ငိုနေတာကို သူ တားဆီးလိုသည့် မျက်ဝန်းတို့နှင့် စိုက်ကြည့်နေသည်။

"ကျ ကျွန်တော့်ကို ဆောင်းကကြိုးသျှင်မှာ ဂူသွင်း"

သူ တစ်ချက်တွန့်ခနဲဖြစ်ကာ ကကြိုး လက်ကလေးကို ဆုပ်ထားသည့် လက်တစ်ဖက်က ညင်သာစွာ လျှောကျသွားလေသည်။

"ကိုဆောင်းမင်းဆက် ရှင် ရှင် ဘာဖြစ်တာလဲ၊ ရှင် ဘာမှမဖြစ်ရဘူး။ ရှင် ကကြိုးကြောင့် မသေရဘူးနော်၊ ပြန်နိုးလာပါ ကိုဆောင်းမင်းဆက်ရယ်၊ ရှင် ပြန်နိုးလာခဲ့ပါ"



"သား လေး"

"မြစ်ရလေ ကလေးရယ်"

ဆောင်းမင်းဆက်မျက်နှာကို ပြေး၍မွေ့ဖက်ကာ ဒွေးတော် ဝမ်းပမ်းတနည်း ရှိုက်ငိုလေသည်။

ထိုစဉ် မိုးစက်တွေ ဝေါခနဲ သွန်ကျလာကြသည်။

တုန်ခါ၍ အင်အားမဲ့နေသော သူတို့လက်ထဲမှာ ထီးကမနေ့ံတော့ သလို အားကိုးမဲ့စွာ မိုးနဲ့လေကြားမှာ လွင့်၍လွင့်၍ အဝေးကို မျောပါသွား၏။

ကြမ်းတမ်းသော မိုးစက်တို့ကြောင့် သွေးသံရဲရဲရှိခဲ့သော ဆောင်းမင်းဆက်၏မျက်နှာပြင်တစ်ခုလုံး ပြန်လည်၍ သန့်စင်ချောမွေ့သွားသည်။

သူသည် သူမြတ်နိုးသော မစွန့်လွှတ်နိုင်သော ချစ်သူကိုလည်းကောင်း၊ ယုံကြည်ခဲ့သော သူ့အတ္တအဆိပ်တို့ကိုလည်းကောင်း အပြီးတိုင်ကျော်နိုင်းသွားပြီဖြစ်၏။

ဒွေးတော် ငိုရှိုက်နေရာမှ မျက်နှာ ဆတ်ခနဲမော့ကာ ကကြိုးမျက်နှာကို စိမ်းစိမ်းကားကားကြည့်၍

"ညည်း ညည်းကြောင့်"

လက်တစ်ဖက်က အငြိုးကြီးစွာ မြောက်တက်သွားသည်။

တစ်စုံတစ်ယောက်က ဖျတ်ခနဲ တားဆီး၏။

"ဒီလို စိတ်လိုက်မာန်ပါမလုပ်နဲ့ မယ်စိန်၊ မင်း ဒီလိုလုပ်လိုက်လို့"

ဦးမင်းထွတ်တင် ဆောင်းမင်းဆက်၏အလောင်းကို ကြေကွဲစွာ ကြည့်သည်။

"ကလေးက ခွင့်လွှတ်မယ်ထင်သလား။ သူဟာ ကလေးသိပ်ကို မြတ်နိုးတဲ့မိန်းကလေး။ ကလေးအပေါ် သံယောဇဉ်နဲ့ သူပြန်လာတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ခွင်ထဲမှာ လူလေးဟာ စိတ်ချမ်းသာစွာ သေ သေဆုံးခဲ့တယ်''

ဦးမင်းထွတ်တင် မျက်ရည်တွေပြည့်အိုင်လာ၏။

''ပြီးတော့ သူ့မှာ နဂါးလက်စွပ်ရှိနေတယ်၊ ဒါ လူလေး ကိုယ်တိုင် စီစဉ်သွားခဲ့တာ၊ ကာကွယ်ပေးခဲ့တာ၊ တို့ ဒီမိန်းကလေးကို ခွင့်လွှတ်နိုင်အောင် ကြိုးစားရမယ်''

''ဒါ ဒါဟာ အို ကျွန်မ မခံစားနိုင်ဘူး၊ မခံစားနိုင်ဘူး ကိုကြီးထွတ်တင် ဟီး ဟီး''

မိုးက တဖြည်းဖြည်း အင်အားမဲ့သွားသည်။

ကကြိုး အရုပ်ကြိုးပြတ်လေး ထိုင်နေမိဆဲ။ ဒီအချိန်မှာပဲ မလှမ်းမကမ်းမှာ ရောက်လာကြသူတွေက လက်ရုံးနဲ့ရာဇ၊ ကကြိုး ဘာမှမသိ၊ လှည့်လည်းမကြည့်ပါ။ သူမ မျက်ဝန်းတွေက ဆောင်းမင်းဆက်ရဲ့မျက်နှာပေါ်က မခွာ။

မင်းနဲ့ကိုယ့်အတွက် စိတ်ကူးပြီးဆောက်ထားတဲ့ တိုက်ကလေး ပြီးသွားပြီ သိလား။

ခြံကိုရောတိုက်ကိုပါ 'ဆောင်းကကြိုးသျှင်'လို့ ကိုယ်နာမည်ပေးထားတယ်။

အဲဒီတိုက်ကလေးမှာ မင်းရဲ့ချစ်ခြင်းတွေနဲ့ ကိုယ် ငြိမ်းချမ်းစွာအနားယူမယ်။

ဒီလက်စွပ် မင်းကိုယ်ပေါ်မှာရှိနေသရွေ့ မင်းကို မြမျိုးမြင့်မာန်က ကူညီမှာပါ။ ကိုယ့်ကြောင့် မင်းအပေါ် အမြင်မလင်းတာမျိုးရှိခဲ့ရင်လည်း ဒီလက်စွပ်ဟာ ကိုယ့်ကိုယ်စား မင်းကို ကာကွယ်ပေးသွားမှာပါ''

ကကြိုး လက်စွပ်ကို ဖျတ်ခနဲ ငုံ့ကြည့်သည်။

ရှင်ဟာ့ ကကြိုးအတွက်တော့ ဒီလောက်ထိတောင် ထောင့်စေ့



အောင် မြင်ခဲ့ပါလား။

ဒီအဖြစ်မျိုး ဖြစ်လာနိုင်တယ်လို့ ရှင် ကြိုသိလို့လားဟင်။

ဒါတောင် ရှင် ကကြိုးကို မငြိုမငြင် စောင့်ရှောက်ထားခဲ့တယ်။

ကကြိုးအလိုကျ မခူးရက်မစံနိရက် ချစ်ခဲ့နိုင်တယ်။

ပေါက်ခနဲ စွန်းထင်းသွားသည့် မျက်ရည်စက်က နဂါးလက်စွပ်ပေါ် တည့်တည့်ကျလေသည်။

ကကြိုး ပွေ့ပိုက်ထားတဲ့ ဆောင်းမင်းဆက်ရဲ့အလောင်းကို သူတို့ သယ်ယူသွားကြသည်။

ရှင် ကကြိုးကို အဲဒီလောက်ထိချစ်တာတောင် ဟန်ဆောင်တာလို့ ကကြိုး ထင်ခဲ့သေးတာသိလား။ ကကြိုး အဲဒီသောကတွေကိုပိုက်ပြီး ဘာလုပ်ရမလဲ။ ရှင် ဘယ်လိုစီမံခဲ့တာလဲ။ ပြောခဲ့ပါဦး ဆောင်းမင်းဆက်ရယ်။ လက်ရုံးမျက်နှာပျက်ပျက်နှင့် ကကြိုးရှေ့လျှောက်လာသည်။

''ကကြိုး''

သက်မဲ့ရုပ်ကလေးလို ကကြိုး မော့ကြည့်သည်။ လက်ရုံးက ကကြိုးကို လက်မောင်းမှကိုင်၍ အသာဆွဲထူသည်။

''သွားကြမယ်''

''မသွားနဲ့''

ဒွေးတော် ခြေလှမ်းကျဲကျဲနှင့် အနားရောက်လာသည်။

''ဒီမှာ ကကြိုးသျှင် မင်းဟာ သူနဲ့ပတ်သက်ခဲ့ဖူးပေမယ့် ဆောင်းမင်းဆက်ဆိုတဲ့ယောကျ်ားတစ်ယောက်နဲ့ ရက်ပေါင်းများစွာ လက်ထပ်ထားခဲ့ပြီးတဲ့ မိန်းကလေး''

ကကြိုး ခပ်ကြောင်ကြောင်လေး ကြည့်နေဆဲ။

''မင်းတစ်ယောက်တည်းကြောင့် ကိုကြီး မင်းသွင်ခေါင်လည်း

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသွေးရပ်ပြီး ဆုံးသွားပြီ''

''ရှင်''

ချစ်လှစွာသော တစ်ဦးတည်းသောတူလေး၏ ဆိုးရွားတော့မည့် ကံကြမ္မာကို ကြိုသိထားလို့ တားဆီးပါသော်လည်း မရတော့လို့ လွှတ်ပေးလိုက်ရသည့်အခါ ဦးမင်းထွဋ်ခေါင် စိတ်ဆင်းရဲခြင်း ချုံးချုံးကျလျက် အသက်ပါ ပါသွားခဲ့ရသည်။

မျက်စိရှေ့မှာတင် ခွေခေါက်လဲကျသွားသည့်အဖြစ်ကို သူတို့မှာ ငိုချိန်မရ ပူပန်ချိန်မရနှင့် လူစုခွဲကာ ကလေးနောက်ကို လိုက်ခဲ့ကြရသည့် အဖြစ်။

ဒွေးတော် နှုတ်ခမ်းကို နာနာကျည်းကျည်း မဲ့ပစ်လိုက်သည်။

''မင်းကြောင့် လူနှစ်ယောက်သေခဲ့ပြီးပြီ၊ ကိုယ့်ကို ဘဝပျက်ခံပြီး ချစ်တဲ့ယောကျ်ား၊ အလိုလိုက်ခဲ့တဲ့ယောကျ်ားကိုကျတော့ သေစေပြီး တစ်ပါး ယောကျ်ားနဲ့ မင်းက ကြည်နူးပျော်ရွှင်နေဝံ့သလား''

ဒွေးတော်ရဲ့စကားတွေက ကကြိုးတစ်ကိုယ်လုံးကို လျှပ်စစ်နဲ့တို့သလို ကျင်ခနဲ ထုံကျဉ်သွားစေခဲ့သည်။

''ကကြိုး နင်နဲ့ငါက အစကတည်းက လက်ထပ်ထားပြီးတဲ့လူတွေနော်၊ ပြီးတော့ အခု နင့်ကိုငါချစ်လွန်းလို့ အားလုံးအပေါ် စွန့်စားပြီးလာခေါ်တာ ငါ နင့်ကို လုံးဝမထားခဲ့နိုင်ဘူး''

ကကြိုး လက်ရုံးကို ခပ်စူးစူးလေး ပြန်ကြည့်သည်။ ဒွေးတော်က လက်ရုံးကို မုန်းတီးစက်ဆုပ်စွာ စိုက်ကြည့်ကာ မျက်နှာ ဆတ်ခနဲလွှဲသည်။

''အေးလေ မင်းက အစကတည်းက လူလေးကိုမချစ်လို့ ထွက်ပြေးတဲ့သူပဲ၊ အားလုံးရှင်းသွားပြီဆိုတော့ ချစ်သူနဲ့ ရွှေလက်တွဲရုံရှိတော့တာပေါ့''



ဒွေးတော်က ချာခနဲလှည့်ထွက်သွားကာ ကားပေါ်က လက်ကိုင်အိတ်ကိုယူလာသည်။ ကကြိုးနဲ့လက်ရုံးရှေ့မှာ ရပ်၍ ဆွဲထုတ်လိုက်သည့် တစ်စုံတစ်ရာက ဓားမြှောင်တစ်ချောင်း။

လက်ရုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားပေမယ့် ကကြိုးက ဓားကို ကြည့်လျက်နှင့် မမြင်တဲ့လူလို ငိုင်ငေးငေးလေးဖြစ်နေ၏။

''ရော့ ကကြိုးသျှင် မင်း ပြန်လိုက်သွားမယ်ဆိုရင် တို့တွေကိုပါ သတ်ပစ်ခဲ့ပါလားကွယ်''

ဒွေးတော်ကိုကြည့်ရင်း ကကြိုး ငုံ့ကြည့်၍ မလှုပ်မယှက်ရပ်နေဆဲ။

''လုပ်ပါ ကကြိုးသျှင် ကလေးအသက် အသေခံပြီး တားဆီးခဲ့တဲ့ မင်းကို တစ်ယောက်ယောက်နဲ့ ယှဉ်တွဲထွက်သွားတာကို ဒီအတိုင်း လက်ပိုက်ကြည့်နေရမယ့်အစား ငါတို့ သေချင်ပါတယ်''

ဒွေးတော်အသံက သွားကြားထဲက ထွက်လာသည့်အသံလို အံကြိတ်သံကြောင့် အေးစက်ပြတ်တောင်းလျက်ရှိ၏။

ကကြိုး ဒွေးတော်ကို မျက်လုံးပြူးကလေးနှင့် ကြည့်ရင်း မျက်ရည်တွေ ဝေ့တက်လာသည်။

အားလုံး မျှော်လင့်ခဲ့ကြသည့် တစ်ဦးတည်းသောမျိုးဆက်သွေးကို သူမရက်စက်စွာ သေစေခဲ့ပြီဆိုတာ ဘာနဲ့မှ ချေဖျက်လို့မရတော့သည့် အဖြစ်ဆိုးပါ။

အလောင်းကို အလယ်မှာထား၍ တိတ်ဆိတ်စွာ ငိုကြွေးနေကြသော ကားပေါ်ကလူတွေဆီ ကကြိုး လှမ်းကြည့်မိတော့ မျက်ရည်တွေ ပေါက်ခနဲကျလာသည်။ အားလုံးသည် သူမကို သတ်လှဲ့ပါတော့လို့ တိတ်ဆိတ်စွာ လည်စင်းပေးနေသည့်နှယ်။

''နင် ဘာလို့တွေဝေနေတာလဲ ကကြိုး [illegible]ဆန်ဆန်စကား

www.burmeseclassic.com

www.burmeseclassic.com



တွေကို နင် ဘာလို့နားဝင်နေတာလဲ ဟိုမှာ နင့်အဘိုးလည်း အသည်းအသန် ဖြစ်နေတယ်၊ နင့်အဘွားကလည်း တွေ့ချင်နေတာ၊ နင်ပြန်မလိုက်လို့ လုံးဝ မရဘူးနော်''

ဒွေးတော် စကားတစ်ခွန်းမှ ထပ်မဆိုပါ။ စူးစိုက်ကြည့်နေသော မျက်ဝန်းတို့က ကကြိုးရဲ့မျက်ဝန်းဆီမှ မခွာ။ ကကြိုး ကားဆီသို့ လှမ်းကြည့် မိပြန်သည်။

ကကြိုးကို လုံးဝမစွန့်လွှတ်နိုင်ပါဆိုသော ဆောင်းမင်းဆက်ဆိုသည့် လူသားသည် ခုတော့ ပြိုင်ဘက်ကို အရှုံးပေးပြီး အားလုံးရဲ့အလယ်မှာ ငြိမ်သက်စွာရှိနေခဲ့ပြီလား။

မဟုတ်ဘူး သူ ဘယ်တော့မှ အရှုံးပေးမှာမဟုတ်ဘူး။ ကိုယ် ကိုယ် မရှုံးဘူးနော် ကိုယ် မရှုံးခဲ့ဘူး။ မင်း လက်ရုံးနဲ့ပြန်မလိုက်ရဘူး။ သူ့ အသံတွေက ကကြိုးနားထဲမှာ ပဲ့တင်ထပ်ဆဲ။

လက်မောင်းတစ်ဖက်ကို ပိုင်နိုင်စွာဆုပ်ကိုင်လာသူက လက်ရုံး။ ကကြိုး လက်ရုံးကိုလှည့်ကြည့်၍ ဒွေးတော်လက်ထဲကဓားကို ငုံ့ကြည့်ပြန် သည်။

ဒွေးတော် မလှုပ်မယှက်ရပ်နေဆဲ။ လက်ရုံးက အခြေအနေကို အကဲခတ်ကာ ကကြိုးရဲ့ရှေ့မှာ ဝိတ်ရပ်လိုက်၏။

''ကြောက်တတ်တဲ့မိန်းကလေးကို မခြိမ်းခြောက်ပါနဲ့ အန်တီ၊ တကယ်တော့ ဒီကိစ္စမှာ သက်သက်ကြားဝင်ရှုပ်တာ ဆောင်းမင်းဆက်ပါ''

''မင်း တိတ်စမ်းပါ''

ဒွေးတော်က ဓားကို ရုတ်တရက် တန်းခနဲ ထိုးချိန်ပြီးသားဖြစ် သွားသည်။

''မယ်စိန် မယ်စိန်''



တားဆီးသံက ဟိန်းသွားသည်။ ရုတ်တရက် ကွေးသွားသည့် ဒွေးတော်လက်ညှိုးက ငြိမ်သက်စွာတန့်နေသည်။

''မင်းပါးစပ်ထပ်ဟတာနဲ့ ငါထိုးချလိုက်မယ်၊ ထပ်ပြောကြည့်စမ်း''

ခပ်လှမ်းလှမ်းကနေ ကြည့်နေသည့် ရာဇ လှုပ်လှုပ်ရှားရှား ဖြစ် သွားသည်။ ကကြိုး လက်ရုံးကို ကွေ့ရှောင်ထွက်လာသည်။

''ဒွေးတော်''

တိုးတိတ်သောခေါ်သံက နူးညံ့လွန်းနေလျက်

''ကကြိုးမှာ အပြစ်တွေ အများကြီးရှိပါတယ်''

စကားမဆက်နိုင်ဘဲ မျက်ရည်နှစ်စက် လိမ့်ခနဲ ကြွေကျလာပြန် သည်။ မှိုးစို၍ရွှဲကပ်နေကြသော အားလုံးရဲ့အဝတ်အစားတွေကြောင့် မိုးတိတ် သွားပေမယ့် ခပ်ကြမ်းကြမ်းတိုးတိုက်နေတဲ့ လေ၏အတွေ့က ချမ်းစိမ့်တုန်ခိုက် ၍ မသက်သာလှ။

ကကြိုး လက်ကလေးနှစ်ဖက်ကို ခပ်တင်းတင်းပိုက်လိုက်ပြီးမှ ပြန်ဖြေချသည်။ ဒွေးတော်မျက်နှာကို တစ်ချက်ကြည့်၍ ဓားကိုယူ၏။

''သူနဲ့ပတ်သက်တဲ့ ပေးဆပ်မှုတစ်ခုခု ကကြိုး တုံ့ပြန်ပေးဆပ်ချင် ပါတယ်၊ ဒါပေမဲ့ ဒါပေမဲ့ ကကြိုးမှာ အခွင့်အရေးမရှိတော့ပါဘူး''

တင်းမာနေသည့် ဒွေးတော်မျက်နှာ မဲ့မဲ့လေးဖြစ်သွားရှာသည်။ ကလေးများလို ချော့သူရှိမှ ငိုချင်တာမျိုး။

လူလေးရဲ့မျက်နှာကို ပြန်မြင်ကာ ဒေါသထန်နေတဲ့မျက်နှာက မျက်ရည်ပြည့်လျက် ချက်ချင်းညှိုးကျသွားတော့သည်။

ကကြိုး လက်ရုံးဘက်လှည့်သည်။

''ငါ့ကို ခွင့်မလွှတ်ပါနဲ့ လက်ရုံးရယ်၊ တစ်သက်လုံး နာနာလိုက်ပါ၊ သူဟာ ငါ့အတွက်နဲ့ တစ်သက်လုံးရှုံးသွပ်ခဲ့ရှာသူပါ၊ ငါ ငါလေ သူသေသွား

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ငါ့ကို ရှုးသွပ်ခွင့်ပေးပါ''

ကကြိုး ပြောရင်းမှ ဒွေးတော်ရင်ခွင်ထဲကို ဝင်လိုက်သည်။ မျက်ရည် ဖြိုင်ဖြိုင်ကျလျက် ဒွေးတော် မချိတင်ကဲပွေ့ဖက်ထားရှာသည်။

''ဝမ်းသာလိုက်တာ ကလေးရယ်၊ လူလေး သိပ်ချစ်တဲ့ကလေးမို့ လူလေးရဲ့ကိုယ်ပွားလို့ ဒွေးတော်တို့ သတ်မှတ်ပါ့မယ်''

ပြောရင်း တိုး၍ ဖက်ကာ ရှိုက်၍လည်း ငိုသည်။

လူ့လေးရယ် မင်းသိပ်ချစ်တဲ့ မိန်းကလေးလေ သူ မင်းကို ချစ်ပါသတဲ့ကွယ်။ ရင်ထဲမှာ တမ်းတရင်း ဆုံးရှုံးမှုများစွာထဲမှာ တစ်စုံတစ်ခုကိုရယူဖို့ ကြိုတင်စီစဉ်ခဲ့တဲ့အတိုင်း။

''လူလေးနဲ့ပတ်သက်တဲ့ ပေးဆပ်မှုမျိုး မင်း မင်း လူလေးအတွက် တစ်ခုခုလုပ်ပေးနိုင်မှာပါ မင်း တတ်နိုင်မှာပါ''

ဒွေးတော် ဘာကိုပြောမှန်းမသိ။ သိဖို့ ကကြိုး မကြိုးစားပါ။ သူက ကားဆီကိုပြေးသည်။ ကားပေါ်မှာ သူရှိနေသည်။ ကကြိုးရင်ခွင်ထဲမှာ သူ့ကို ပွေ့ပိုက်ထားပါမည်။

''ဆောင်းမင်းဆက် ကကြိုး ရှင့်နားမှာရှိနေရင် ရှင်ကျေနပ်မှာပါနော်''

ပရိသတ်အတွက်
အမြဲတမ်း
ဗျူး

www.burmeseclassic.com